ယောက်ျားများရွာဟာ ကလေးဆိုးကြီးတွေနဲ့ တူတာ အမှန်ဘဲ။
ဆေးရုံမှာကြည့်ပါလား။
သတ္တိချင်းယှဉ်ရင် မိန်းမတွေကို တဝက်မမှီဘူး။





# မောင့်ရွှေမ ပြန်ခွါ

## ကြည်အေး

(၀၄၃)

## မောင့်နမ မြနန္တာ (မောင် ကိုကို နှင့် မြနန္တာ ၁)

၁

"ဟော... လိုနေတဲ့အိမ် လာပြီ" ဟု ဒေါ်ယုယုခင်က ပြော၏။ ဦးသန်းတင့်က အကျင့်ပါနေဟန်ဖြင့် သူ့မယား ပြောသည်ကို ခေါင်းညိတ်လိုက်ပြီး လက်ထဲက ဖဲ ၁၃ ချပ်ကို အသစ် ပြန်စီပြန်လေ၏။

ကိုတင်မောင်က "သူ လာပြီလား၊ သူလား" ဟု အနည်းငယ် တုန်ယင်သော အသံဖြင့် မေး၏။ ပြီးတော့ ဖဲချပ်များကို ပက်လက်စီ၍ စားပွဲပေါ်ချလိုက်ကာ စီးကရက် တစ်လိပ်ကို မီးညှိစပြုလေ၏။

တစ်နေ့လုံး တစ်ခါမျှ မဒေါင်းသေးသော ကိုလှဦးက ခေါင်းယမ်း လိုက်သော်လည်း ပြုံးရယ်ကာ "မျှော်လို့သာပန်းရင့်၊ လမ်းဘယ်မမြင်" ဟု အသံနေ အသံထားဖြင့် ဆိုလိုက်သည်။

ဒေါက်တာ ခင်အေးရီက "ဂျိုကာကို မျှော်တာလား၊ ခုမှ ရောက်လာသူကလေးကို မျှော်တာလား၊ ရွှေဘိုက ရောက်လာမယ့် ရှင့်ယောက္ခမကြီးရဲ့ သမီးကို မျှော်တာလား... ဟင်" ဟု ပြောပြီး သူ့ဝါသနာအတိုင်း တဟားဟား ရယ်ပစ်လိုက်သည်။

ဒေါက်တာ လင်သည် လင်းထင်ကမူ ပျင်းရိမှေးမှိန်သော မျက်လုံးများ ဝင်းလဲ့လာပြီး သက်ပြင်း မသိမသာချကာ "မောင့်နမ မြနန္တာ၊ မောင့်နမ မြနန္တာ" ဟု အသံမထွက်ဘဲ နှုတ်ခမ်းသာ လှုပ်၍ စိတ်တွင်းမှ တသသ ရွတ်ဆိုနေလေ၏။

XXX

မြနန္တာ၏ ဖောက်ဝက်ဂွန်ကားသည် ဆင်ဝင်အောက်မှ ဖြတ်ပြီး သစ်ရိပ် သိုသိပ်သော ကဲ့ကော်တန်း၌ ရပ်နားသံ ကြားရ၏။ ကလစ်ခနဲ တံခါးဖွင့် ဆင်းသံ၊ ဂျပ်ခနဲ ပြန်ပိတ်သံ ကြားရ၏။ ခုံမြင့်ဖိနပ်သံကို ခပ်အုပ်အုပ် ကြားရပြန်ပြီး မြနန္တာ၏ အသံသွဲ့သွဲ့ကို ကြားပြန်သည်။ အိမ်ရှေ့ တံခါးကို သော့ဖွင့်ပေးသော ယုယုခင် တစ်သက်လုံး မွေးလာခဲ့သည့် တင်ကြည်က ပျာပျာသလဲ နှုတ်ဆက်သည်ကို ပြန်ပြီး လိုက်လျောညီထွေ ဖြေတာ ဖြစ်မှာပဲ၊ မြနန္တာက ဒါလေးတွေ ရှိတယ်။ တင်ကြည် ဆိုတာကလည်း ဟိုမိန်းမချော ဝတ်စားပုံကလေးတွေ၊ ပင်တိုင်စံလို ကြော့မော့တဲ့ဟန်ကလေးကို ငေးရင်းက ထမင်းဝတဲ့ ကောင်မစားပဲ။ မိန်းမချင်းတောင် ကြိုက်ချင်သလား မသိ။ ငါ တစ်သက်လုံး ကျွေးလာတဲ့ သူကို မြင်ရင်တောင် သူ တစ်ခါမှ သည်လောက် အူမရွှင်ဖူးဘူး။ ဒေါ်ယုယုခင်သည် သူ့မျက်နှာ ချက်ချင်း အိုစာသည်ထက် အိုစာလာသည်ကို သိ၏။ သူ့မျက်နှာ ကြည်လင်လာအောင် စိတ်ကို အသစ်ပြန်ပြင်သော ဖဲ၌ ပြောင်းလိုက်၏။ တကယ်တော့ ဆရာဝန်ကြီးကတော် မြနန္တာလာမှ သူတို့ဖဲဝိုင်း အိမ်ပြည့်မည် ဖြစ်၏။ သည်တနင်္ဂနွေမှာမှ လူစုရ ခက်လိုက်တာ။ လာနေကျ တရုတ် ကပြား ညီအစ်ကို မလာတာနှင့်ဘဲ ပွဲပျက်ရတော့မလို ဖြစ်သည်။ သူတို့ ညီအစ်ကိုက သည်နေ့မှ သန်လျင်သွားကြသည်တဲ့။

လူပျိုသိုးနစ်ယောက် သီတာစီးလို့ သန်လျင်သွားပြီး ရှင်မွေ့နွန်း ရှာသလား မသိ။ ဒေါ်ယုယုခင် သည် တကယ်ပင် မျက်နှာကြည်လင်လာပြီး အိုစာခြင်း အနည်းငယ် လျော့သွား၏။ တော်သေးရဲ့။ မွန္တလေးကပါလာတဲ့ ကိုလှဦးရဲ့ သူငယ်ချင်း ကိုတင်မောင် တစ်အိမ် ဝင်ပေလို့။ သူက မကစားတာ အနစ် နစ်ဆယ် ကျော်ပြီတဲ့၊ ပန်းချီဆရာတဲ့၊ မြနန္ဒာ နာမည်ကြီးလွန်းလို့၊ မြင်ဖူးကြည့်ဖူးချင်လို့ ဖဲဝိုင်းကို လိုက်လာတာဆိုပဲ။ အဖြစ်သည်းလိုက်တာ။ ယောကျာ်းများ သည်လိုပဲ။ ဒါပေမဲ့ မြနန္ဒာမှာ သူတကာထက် ဘာများ သာတာရှိလို့လဲကွယ်။

ဒေါ်ယုယုခင်သည် လွန်ခဲ့သော အနစ် နစ်ဆယ်ခန့်က မြနန္ဒာကို စ၍ မြင်ဖူးခဲ့သည်ကို သတိရမိလေ၏။ အဲသည်တုန်းက ဒေါ်ယုယုခင်သည် ယခုလို ပေါင် ၁၇၀ ရှိသော ကိုယ်လုံးနှင့် မဟုတ်။ ဆိုးဆေးဖြင့် နီကြန် ကြမ်းကောက်လာသော ဆံပင်နှင့် မဟုတ်။ တကယ်ပါ။ ယုယုခင်တို့လည်း ဖြူဖြူတုတ်တုတ်နှင့် ယောကျာ်းတို့အလယ်မှာ ထည်ခဲ့ဖူးပါသေး၏။ ယုခင်တို့ရဲ့ နှင်းဆီဖူးသဏ္ဍာန် သေးငယ်သော နှုတ်ခမ်းကို သူတကာ စွဲမက်ဖူး ပါသေး၏။ သူရဲ့ ကြီးမားဖွံ့ဖြိုးလှသော ရင်သားများကို တင်းကျပ်သော ဘော်လီဖြင့်ပင် ချုံးနိမ်ခဲ့ရသေး၏။ မြနန္ဒာနှင့် သူ အသက်တူလောက် ရှိမည်ထင်၏။ သို့သော် မြနန္ဒာသည် ဘီအေ နောက်ဆုံးနစ်၌ စာသင်နေစဉ်မှာ သူက တက္ကသိုလ်သို့ သစ်လွင်ကျောင်းသူအဖြစ် ရောက်ခဲ့ရ၏။ အဲဒီတုန်းက ဆယ်တန်း အကြိမ်ကြိမ် ကျခြင်းသည် ခုခေတ်လောက် ခေတ်မစားလှပေမယ့် ယုခင် သုံးခါကျခဲ့သည်။ ပြီးတော့လည်း ဘယ် စာမေးပွဲကိုမျှ တစ်ခါဖြင့် မအောင်တတ်။ စာဖတ်ရတာ ဝါသနာကို မပါဘူး။ သူ့၌ ကျောင်းသူစိတ် မရှိ။ အရပ်သူစိတ်သာ ရှိခဲ့သည် အမှန်ပင်။

ကျောင်းမှာကတည်းက မြနန္ဒာ ကျော်ကြားလှသည်။ တိုင်းမင်းကြီးသမီးဆိုတော့ ကျော်ကြားသင့်သည်ထက် ကျော်ကြားတာ ဖြစ်မှာပဲ။ ဘယ်လောက်များ လှလို့လဲ။ အို… လှတာတော့ လှတာပဲ။ ရခိုင်မဆိုတော့ အသားညိုညို ကုလားဆင်ပေါ့။ သူ့နှုတ်ခမ်းကလည်း ယုခင်တို့ နှုတ်ခမ်းလို မသေးငယ်လှပါဘူး။ ချိုကြည့်ရလျှင် ခုမနက်မှ နီးထပွင့်သစ်လိုက်သည့် နှင်းဆီလို ကျက်သရေ ရှိတယ်ဆိုတာတော့ မငြင်းချင်ပါဘူး။ ဒါပေမဲ့ ယုခင်တို့လို၊ နယ်ကကျောင်းသူများလို မြန်မာဆန်ဆန် ဣန္ဒြေနဲ့ နေတတ်တာတွေ မဟုတ်ပါဘူး။ ယောကျာ်းရဲ့ အဖက်ခံပြီး တွဲကရတဲ့ ပွဲတွေမှာ နာမည်ကြီးတာပဲ မဟုတ်ဘူးလား။

နာမည်ကြီးသော မြနန္ဒာကို ဟိုတုန်းက မနီးစပ်ခဲ့ရပေမယ့် ယခု ဒေါ်ယုယုခင်သည် သစ်တော အရေးပိုင် ဦးသန်းတင့်ကတော်အနေဖြင့် တစ်ဖဲဝိုင်းတည်း တန်းတူ ထိုင်ခဲ့ပါပြီ။

ပြန်တွေ့ကြသော် မြနန္ဒာသည် ယုယုခင်ကို ကျောင်းတုန်းက တစ်ခါမျှ မမြင်ဖူးခဲ့ဆိုတာကို သိရသေးသည်။ "အို… ယုက ကျောင်းရောက်တာ အများကြီး နောက်ကျတာပဲ၊ မြနန္ဒာတို့က အဲဒီတုန်းက စီနီယာ မမတွေပေါ့။ ယုတို့က ကျစ်ဆံမြီး နစ်ဖက်နဲ့ ကလေးစိတ်မပျောက်ဘဲ ကစားလို့ ကောင်းတုန်း" ဟု သူက ငယ်ဟန်ဆောင်လိုက်သေး၏။

ဖြစ်နိုင်လျှင် "ယုက ကောလိပ်ကို အသက် မပြည့်သေးဘဲ ရောက်တာ" လို့များ ပြောလိုက်ချင်သေး၏။ သို့သော် သူ့ယောက်ျားကို သူ နည်းနည်းရှက်သည်။ ပြီးတော့ ကိုလှဦးဆိုတဲ့လူ နောက်က ထောက်လိုက်ရင် ခက်မယ်။ ဒေါက်တာခင်အေးရီနဲ့လည်း တစ်ခန်းတည်း တစ်လလောက် နေခဲ့ဖူးတော့ ခင်အေးရီက ဟောဟောဒိုင်းဒိုင်းနဲ့ ပွင့်လင်းစွာ ရယ်မော ပြောဆိုတတ်သည်။

မြနန္ဒာက ခင်အေးရီလောက် ကိုယ်လုံးကိုယ်ပေါက် မတောင့်ပါဘူးလို့ သူ တစ်ခါက ခုလို ဖဲဝိုင်းမှာ ပြောဖူးသည်။ (နန္ဒာ့ကို ခုလိုပဲ စောင့် နေကြစဉ်ပေါ့။ မြနန္ဒာ ဘယ်လိုလှကြောင်းကို မျက်နှာရှူး ကိုလှဦးတို့၊ တရုတ်ကပြား လူပျိုသိုး ညီအစ်ကိုတို့၊ စိတ်ကူးယဉ် စာရေးဆရာ လင်းထင်တို့၊ အိမ်ကလူတောင် ပါလိုက်သေး။ ဟိမဝန္တာ ချိုးမွမ်းခန်း ကျနေတာပဲ)။ သည်တော့ ခင်အေးရီဆိုတဲ့ ကာယကံရှင်ကပါ ရောပြီး အားလုံး ဝိုင်းရယ် ကြသည်။ တကယ်ပဲ မြနန္ဒာက ဘယ်လောက်ချောလို့လဲ။

တစ်သက်လုံး လိုတရနေလို့ မိုးလင်းကမိုးချုပ် ကိုယ့်ကိုယ်ကိုယ် သနေရတာ တစ်ခုပဲ ပူစရာရှိတဲ့ မိန်းကလေး။ သည်လောက်တော့ ဖြစ်ရမှာပေါ့။ မြနန္ဒာက ခပ်ပိန်ပိန်ပဲ။ ပေါင် ၁၃ဂ ပဲ ရှိတယ်လို့တော့ ပြောတယ်။ အရပ်က ၅ ပေ၊ ၄ လက်မ ဆိုတော့ မြန်မာအနေနဲ့ ရှည်မျောမျောပေါ့။ ရေမှန်မှန်ကူးလို့ ပြေပြေပြစ်ပြစ်တော့ ရှိပါရဲ့။ တို့အကြိုက်ကတော့ ဖြူမှ၊ တုတ်တုတ်ခဲခဲကလေးမှ လှတယ်ထင်တာပဲ။ မြနန္ဒာရဲ့ ဆံပင်ကလည်း ကောက်လှပါတယ်။ မျက်လုံး၊ မျက်ခုံးကလည်း မှောင်လှပါတယ်။ နှာခေါင်းကလည်း ချွန်လှပါတယ်။ ရခိုင် ခေါ်တောစပ်မဘဲ။

သို့ပေမဲ့ သူ့လက်ဝတ်လက်စားတွေကတော့ ပုံနေတာပဲ ဆရာ။ နီလာစုံ၊ ပတ္တမြားစုံ၊ ပုလဲစုံ၊ စိန်စုံအပြင် ရွှေဒင်္ဂါးမတ်စေ့ပြားကလေးတွေ ကို ဆွဲကြိုး လက်ကောက်မှာ စည်းပြီးပတ်တာက အဆန်းပဲ။ ငွေကိုလည်း ကနကမာနဲ့ရောပြီး တစ်ဆင်စာ ပြင်ဝတ်တတ်တော့ အဆန်းပဲ။ ဗိုလ်တော့ အတော်ဆန်တဲ့ မိန်းမ။ တတ်လည်း တတ်နိုင်ပေတာကိုး။ ကလေးကလည်း နှစ်ယောက်တည်း။

ဒေါ်ယုယုခင်သည် ကိုယ်ကို ဆတ်ခနဲ တုံ့လိုက်ပြီး မျက်နှာထား ကို ပြင်ပြန်၍ ရယ်ရွှန်းကာ "ဟော… မဒမ် မြနန္ဒာရော့ပါလား၊ ယုတို့ စောင့်နေတာ ကြာပြီ" ဟု နှုတ်ဆက်လိုက်လေ၏။

ကြည့်ပါဦး။ အခန်းထဲ ဝင်လာပုံက ရော်ရွက်တွေ ကြွေလာသလိုပဲ။ မင်းသမီးဟန်ကလေးနဲ့ လေမှာ လွင့်လာသလိုပဲ။ အောက်က သည်လောက် မြင့်တဲ့ ခုံမြင့်ဖိနပ်စီးပြီး သည်လောက် ပေါ့ပေါ့ပါးပါး ဝင်လာတာ အံ့သြဖို့တော့ ကောင်းတယ်။ ခုခေတ်ကြီးမှာတောင် ရှားနဲလ်ရေမွှေးကို လှိုင်အောင် ဆွတ်တုန်းပဲ။ သူ့လင်က နိုင်ငံခြား ခဏခဏ သွားရတာကိုး။ ဒါပေမဲ့ သူ့လင်က မြနန္ဒာကို အရုပ်ကလေးလို ပြင်ပြီး ဧည့်ခန်းမှာ အလှထားတာပဲ။ ဘာမက်စရာတုန်း။

ဒေါ်ယုယုခင်သည် မျက်နှာထား တင်းမာကာ ရင်ပင် ကော့လာပေ၏။ အိမ်မှာတော့ ကိုတင့်သာ အရုပ်ဖြစ်ရမည်။ ကိုတင့်ကို ငါးကျပ်တန်ကအစ သည်ကပေးမှ ကိုင်ရတာ။ ဘယ်ပွေနိုင်မလဲ။ ယုယုခင်တို့ကို မြနန္ဒာလို ထားလို့ ဘယ်ရမလဲ။ မြနန္ဒာ ယောကျာ်းက နံပါတ် ၂-၃-၄

အပြင် မထင်မပေါ်တွေက မနည်းဘူးတဲ့။ ပြီးတော့ ဟိုတစ်လောက အဆိုတော် ဟိုဟာမတောင် အိမ်ပေါ် ခြောက်လလောက် ခေါ်တင်ထားသေးဆိုပဲ။

"မြ လုံချည်လေးက လှလိုက်တာ" ဟု သူ ဆက်ပြောလိုက်၏။ သူ့၌ စိတ်ငယ်ခြင်း စိုးစဉ်းမရှိတော့ဘဲ မြန်န္တာကို သနားခြင်းပင် ဖြစ်ပေါ်လာလေ၏။ ကလေး မမွေးသော မိမိဘဝကို သူ ကျေနပ်အားရစရာမရှိ တာလည်း မေ့ပျောက်သွားလေ၏။ မြန်န္တကို လှပသည်လို့ ပြောရမှာလည်း သူ ဝန်မလေးသလို ရှိ၏။ စောစောက နာမည်တောင် မခေါ်ချင်ဘဲ ဖဲ တစ်အိမ်လိုလို့သာ ခေါ်လိုက်သည်ကို သူ့ဘာသာ သတိရ၏။

"လှတဲ့သူ ဝတ်လို့ လှတာပေါ့လေ၊ မြ ဝတ်ရင် ဘာမဆို လှရမှာပေါ့ မဟုတ်ဘူးလား ရီ" ဟု ဒေါက်တာခင်အေးရီဘက်သို့ လှည့်ပြောလိုက်သေး၏။

ဒေါက်တာခင်အေးရီသည် သူပြောသည်ကို ကြားဟန်မရှိဘဲ မြန်န္တာ လွှင့်ပါးဝင်ရောက်လာသည်ကို ငေးမောလျက်ရှိသည်ကို တွေ့ရလေ၏။ ပန်းချီဆရာ ကိုတင်မောင်က ပက်လက်လှန်ချထားသော ဖဲချပ်များပေါ် လက်ထောက်ကာ စီးကရက်ကို အားရပါးရ ရှိုက်ရင်း မီးခိုးများကြားမှ မြန်န္တာကို တအံ့တသြ ကြည့်သည်။ "လှရက်ပါပေ့ဗျာ" လို့ သူ ဆိုချင်သလား။ သည့်အပြင် တစ်ခုခု သူဆိုချင်သေးသည်။ ဘာလဲ၊ သူ ဘာဆို ချင်သေးသလဲ။ မြန်န္တာဟာ ဆရာဝန်ကြီးကတော် မဒမ်ရော်ပဲ၊ ဒါမှမဟုတ် ၁၆ နှစ်သား ကောလိပ်ရောက်စ ကျောင်းသားရဲ့ အရွယ်တင်သော အမေပဲ။ သည့်ပြင် ဘာဆိုစရာများ ကျန်သေးသလဲ။ ကိုလှဦးကတော့ မိန်းမမြင်လျှင် တူနဲ့ အိပ်ရာဝင်ချင်တတ်သော သူ့စိတ်ရှိမြဲအတိုင်း တပ်မက်ဟန်နှင့်သာ ကြည့်တတ်သည်။ မြန်န္တာမှာ ကိုလှဦးလိုလူမျိုး တပ်မက်စရာ ဘာရှိသလဲ။ ဘာမှ မရှိလှပါဘူး ထင်သည်။ မြန်န္တာ၏ ရင်သားများသည် ယခု ပေါင် ၁၇၀ ကျော်လာသော ယုယုခင်၏ နို့မတိုက်ဖူးသော ရင်သားများအရွယ် တစ်ဝက်သာ ရှိမည်။ လင်းထင်ကတော့ အများသိကြသည့်အတိုင်း မြန်န္တာကို တစ်သက်လုံး စွဲလမ်းလာသူပီပီ မြန်န္တာကိုမြင်လျှင် လွမ်းအိပ်မက်မက်သည်ပေါ့။ ကြည့်ပါလား။ စောစောက ပျင်းရိပျင်းတွဲဟန်သည် ပျောက်ခဲ့ပြီ။ သူ့မျက်လုံးများ ဝင်းပလှပသည်။ မြန်န္တာကို သူ တကယ် စွဲတုန်းပဲ။ ဟိုကလည်း စွဲစရာ လုပ်တတ်တုန်းပဲ။ ပြုံးလဲ့လဲ့ကလေးနဲ့ပေါ့။ အေးတိ အေးစက်နဲ့ ခုထိ ကိုယ့်ကို တစ်ခွန်းမှ ပြန်မပြောသေးဘူး။ ကိုတင့်ကော... ကိုတင့်ကော၊ သူ့ယောကျာ်းသည် ကုလားထိုင်မှ တစ်ချက်ထကာ မြန်န္တာကို ရွှန်းရွှန်းစားစား တစ်ချက်ကြည့်ပြီး ဆက်မကြည့်ရဲသည့်ပမာ မျက်လွှာ ချကာ ဖဲ ၁၃ ချပ်ကို အသစ်ထပ်၍ စီပြန်လေသည်။

"ကဲ... ကိုတင့် ရှင်ထတော့။ မြန်န္တာ မရောက်သေးလို့ သူ့ တစ်အိမ်ဝင်ခိုင်းထားတာ၊ ဖယ်ပေးလိုက်တော့လေ။ လာ သည်နားလာ။ ကိုယ့် မယားဖဲ ဂျိုကာ နှစ်ကောင်မှ ပါရဲ့လားကြည့်" ဟု ဒေါ်ယုယုခင်သည် ရွှန်းပြက်ပြက်ကလေး ပြောပြန်လေ၏။

သို့သော် ဘယ်သူမျှ ဖဲဝိုင်းကိစ္စ ရုတ်တရက် မလှုပ်ရှားကြသေးဘဲ ရှိလေ၏။

ဒေါက်တာခင်အေးရီသာ ခဏနေမှ ဒေါ်ယုယုခင်ဘက် လှည့်လာပြီး "ဘာဆေးစားလို့များ သည်လောက် နုနုနယ်နယ်ကလေး ဖြစ်နေရတယ် ဆိုတာ မသိတော့ပါဘူး။ သူ ဘယ်တော့မှ မအိုတော့ဘူးလား" ဟု မတိုးမကျယ် ပြောလေ၏။

"အဖြူနဲ့ ခရမ်းခွဲ ပန်းရောင်နကလေး တွဲဝတ်ထားပုံကိုလည်း ကြည့်ပါဦး။ ပုလဲ ဆွဲကြိုးကလေးနဲ့ ဟပ်လို့၊ ရီလည်း အဲဒီလို ဝတ်ကြည့်ဦးမယ်။ ဘယ်လို ထွက်လာမလဲ မသိဘူး။ ဟား... ဟား... ဟား" ဟု ခပ်ကျယ်ကျယ် ရယ်မောပြန်လေ၏။

ဒေါ်ယုယုခင်သည် သူ့ဖဲကို စားပွဲပေါ် ဖုတ်ခနဲ ပစ်ချလိုက်လေ၏။

"ကဲ... မြနန္ဒာ ဝင်လာတာနဲ့ ထမင်းမေ့ ဟင်းမေ့ မေ့ကုန်ကြပြီ။ ဟို... ပန်းချီဆရာကလည်း ဖဲတစ်ထွေလုံး ပက်လက်လှန်ပြီး ချထားတော့ ဘယ်လိုလုပ် သည်ဝိုင်း ကစားလို့ ရတော့မလဲ။ ကောင်းတယ် ကိုတင့် ထွက်...ထွက်။ နစ်အိမ်ကစားရတာ အားကြီးနာတယ်။ ရှင် သည်လာခဲ့။ ဟောဟိုက ထိုင်ခုံ သည်ဆွဲလာခဲ့။ ပြီးတော့ ကျုပ်ကို ဘေးတိုက်ကြည့်ပြီး မိုက်ခေါက်ထူသလေး၊ မေးနစ်ထပ်ပြူသလေးနဲ့ မကဲ့ရဲ့နဲ့ဦးနော်" ဟု ပြောပြီး၊ "ကဲ... ကိုကိုငမ်းတို့ရဲ့ မြနန္ဒာကို ထိုင်ခွင့်ပေးကြဦးမှပေါ့ရှင့်၊ ဟောဒီ ဒေါက်တာကရော ကိုယ့်ယောက်ျား ကိုယ်နိုင်အောင် မထိန်းတော့ဘူးလား" ဟု ကျယ်ကျယ်ကြီး ပြောချလိုက်လေ၏။

ကြည့်လေ။ ဝုန်းခနဲ ငနဲသားလေးယောက် ထလိုက်ကြတာ သခင်မ ဘုရင်မ ဝင်လာတာကျနေတာပဲ။ ကိုယ့်လူတောင် ရောယောင်လို့ ပါသေးတယ်။ ယောကျာ်းများ အပေါ်ယံ တယ်မက်တာပဲ။ (မြနန္ဒာဟာ ငါ့လို ယောကျာ်းကို ထမင်းကောင်း ဟင်းကောင်း ချက်ကျွေးမယ် ထင်သလား။ သူ့ ပန်းရောင်လက်သည်းချွန်ကလေးတွေ အရောင်မှိန်မှာ ကြောက်လွန်းလို့။ ပြီးတော့ သားကို ကောလိပ်ကျောင်းမှာ ဘော်ဒါထား၊ သမီးငယ်ကလေး နာနီလက် အပ်ပြီး အပျိုလုပ်နေတာပဲ။ ကားတစ်စင်းနဲ့ လည်နေတာပဲ။ အပျိုလုပ်နေတဲ့ ယမင်းရုပ်ကလေးကို အဖိုးတန်နေလိုက်ကြတာ။ ပန်းချီဆရာက ကုလားထိုင် အတင်းထိုးပေးတယ်။ စာရေးဆရာက စီးကရက် တည်တယ်။ မြနန္ဒာ စီးကရက်ကို မီးခိုးထောင်းထောင်းထပါရော။ မြနန္ဒာ ခေါင်းတစ်ချက်ညိတ်ခေါ်ရင် အကုန်ထလိုက်မယ့် လူချည်းပဲနော်။ တစ်ချက်မှ နောက်လှည့်ကြည့်မယ့်သူ မပါဘူး။ ငတင့်ရောပေါ့။ သူက သာဆိုးသေး။ သည်မိန်းမ အုပ်နိုင်ချုပ်နိုင်လွန်းလို့ မတော်လှန်ရဲလို့ နေရတာ။)

ဒါပေမဲ့ အလုပြင်ပြီး ကားတစ်စီးနဲ့ လည်နေတတ်တဲ့ မြနန္ဒာဟာ လှတာကလွဲလို့ ဘာများ အဖိုးတန်လွန်းလို့ပါလိမ့်။ သူ့ကို ပါတီတကာမှာ မြင်ရပါရဲ့။ သူ့ယောကျာ်းနဲ့ တစ်ကွဲတစ်ပြားစီပဲ။ လာတုန်း အတူလာပြီး ပြန်တော့မှ အတူပြန်ကြတာပဲ။ မြနန္ဒာနားမှာ နိုင်ငံခြားသားတွေကလည်း အုံလို့။ ဟိုတလောက သူ့မောင်ဝမ်းကွဲဆိုတဲ့ ရခိုင်အင်္ဂလိပ် ကပြားလေးနဲ့ တတွဲတွဲပဲ။ တို့တော့

ကြည့်ရတာ မသက်ာလှဘူး။ ကောင်လေးကို နိုင်လိုက်တာဆိုတာလည်း ခိုင်းသည့်ကျွန် ထွန်သည့်နွားပဲ။ ခု သည်ကောင်လေး ဘယ်ရောက်နေပြီလဲ။

ဒေါ်ယုယုခင်သည် သူ့မျက်နှာ အိုစာဦးမှာ ကြောက်ပြန်သည်နှင့် ထိုအတွေးမျှင်ကို မနည်း ဖြတ်ရလေ၏။ သူ့ရှေ့မှာ မိုးကျနတ်မယ်လို ထင်ပေါ်ကျော်စောနေသော မြနန္ဒာအား မနစ်လိုစိတ်ကိုတော့ ချိုးနှိမ်လို့မရ။ ယောက်ျားတွေကိုလည်း စိတ်ဆိုးသည်နှင့် ဘေးက လင်သည် ဦးသန်းတင့်၏ ကျောကုန်းကို အုန်းခနဲ ထုကာ "ကဲ... အားလုံး အသင့်ဖြစ်ကြပါပြီလားရှင်။ ကျွန်မတို့ ဖဲဝိုင်း စဖို့ အချိန်တော်လောက်ပါပြီနော်" ဟု ပြောလိုက်လေ၏။

တဟားဟား ရယ်တတ်သော၊ ဘယ်လို မိန်းမစားမှန်းလည်း မသိသော၊ သားဖွားဆေးရုံမှာ အချိန်ကုန်ပြီး လင်သည် စာရေးဆရာကို လွှတ်ထားတတ်သော၊ မြနန္ဒာကို စွဲလမ်းစိတ် မပြေသူကို ယူသော ဒေါက်တာ ခင်အေးရီက မိမိကို လှည့်ကြည့်ကာ ပခုံးကို အသာကိုင်ပြီး "သူ့ကုသိုလ်နဲ့သူ ဖြစ်တာပဲ ယုရယ်" ဟု ပြောကာ တဟားဟား ရယ်လိုက်ပြန်ရာ၊ ဒေါ်ယုယုခင်ပင် တဟင်းဟင်းနှင့် အတင်းဖျင်းညှစ်လို့ ရယ်ရချေသေးသည်။

XXX

မြနန္ဒာသည် တကယ် ကုသိုလ်ကောင်းသော မိန်းကလေးပါပဲဟု ဒေါက်တာခင်အေးရီ တွေးမိလေ၏။ မိန်းမဟူသည် ချောမောလှပမှ သို့မဟုတ် ပညာဉာဏ် ကြီးမားမှ သို့မဟုတ် ဖွဲ့မျှသာတည်း။ အကြမ်းဖျင်း ပြောရလျှင် မြနန္ဒာသည် မိန်းမလှဖြစ်၍၊ မိမိ ဒေါက်တာခင်အေးရီက မိန်းမပညာရှိဖြစ်ကာ၊ ယုယုခင်သည် ဖွဲ့မျှသည်တည်း။ ဒေါက်တာခင်အေးရီ သည် ထိုစိတ်ကူးကို ပြက်လုံးကောင်းလို အောက်မေ့ကာ တဟားဟား ရယ်မိပြန်သည်။ ဘာကိုမဆို သူ ရယ်စရာရှာ၍ မြင်တတ်သည်မှာလည်း ကုသိုလ်တစ်မျိုးပင်။

( မြနန္ဒာကို မနစ်လိုစရာ သူ့၌မရှိ။ မြနန္ဒာ၏အလှသည် ရှားပါး၍ အပြစ်ရှာရ မလွယ်သော ပြည့်စုံကျနခြင်း ရှိလေသည်။ ကြည်နူးစေသော၊ စိတ်ချမ်းသာစေသော၊ နှစ်လိုဖွယ်သော အလှပင်။ မြနန္ဒာ၏ အတွင်းသဏ္ဍာန် တစ်ခုခုကလည်း ရုပ်ရည်အလှနောက်၌ လျှို့ဝှက်ခိုအောင်းကာ စွဲမက်ဖွယ် ကောင်းစေသည်။ ထိုလျှို့ဝှက်ခြင်းသည် ဝမ်းနည်းခြင်းလား။ တရားရှိခြင်းလား၊ ဖြူးဖြောင့်ခြင်းလား၊ တစ်ခုခုပဲ။ ခင်အေးရီ မသိ။ သိနိုင်အောင် ခင်မင်ရင်းနှီး ပေါင်းသင်းခွင့် မရခဲ့။ ထိုလျှို့ဝှက်ခြင်းကြောင့်ပင် အရပြော တစ်ထောက်သာ လှသော အလှမျှ မဟုတ်ဘဲ အသက်အရွယ်ရလာလေလေ ရင့်ကျက်ပြီး ကျက်သရေ ရှိလေလေ၊ အရောင်အဝါ တောက်ပလေလေ ဖြစ်တာ အမှန်ပင်။ မြနန္ဒာသည် ဆံပင်များ ဖွေးဖွေးဖြူတောင် တစ်မျိုးတော့ လှနေဦးမည် ထင်သည်။ ခုလည်း အသက်လေးဆယ် ပြည့်လုပြည့်ခင် ရှိမည်။ သူ့ကို ကြည့်ရသူအား အသက်အရွယ်ကို သတိမရစေသော ဂရု မထားစေသော အဆင်းနှင့် ပြည့်စုံသည်။ )

ကုသိုလ်ကောင်းသည်လို့ ဆိုချင်တာ တစ်ခုကလည်း မြနန္ဒာသည် မျိုးနှင့်ရိုးနှင့် ချမ်းသာ ကြွယ်ဝလှခြင်းပင်။ ပိုက်ဆံ၏ ဖန်တီးချက်ဖြင့် ဘီအေ အောင်ခဲ့သူ။ အင်္ဂလန်၊ အမေရိကန်၊ ဥရောပနှင့် ဂျပန်ကို လှည့်လည်ခဲ့သူ။ အင်္ဂလိပ်၊ ပြင်သစ်နှင့် ဂျာမန် သုံးဘာသာကို ကျွမ်းကျင်သူ။ ညစာစားပွဲများကို အထက်တန်းကျကျ တည်ခင်းတတ်သူ မြနန္ဒာ ဖြစ်ရပြန်၏။ သူ့ ယောကျာ်း ဆရာဝန်ကြီး ဖြစ်ခြင်းကလည်း မြနန္ဒာ၏ သရဖူမှ တဖျပ်ဖျပ် လက်သော နီလာကျောက်မျက် ဖြစ်ပါပေသည်။ မြနန္ဒာကို ဘဝက အခွင့်ကောင်း များစွာပေးလိုက်သည်။

သို့ပေမဲ့ ခင်အေးရီသည် မနစ်လိုမဖြစ်။ မြနန္ဒာနှင့် နေရာချင်း လဲလိုစိတ် မရှိ။ ခင်အေးရီသည်လည်း အားထားစရာ ပညာပါရမီ ပါခဲ့သည်။ ၂၃ နှစ်မှာ ဘယ်သူ ဆရာဝန် အောင်ခဲ့ပါသလဲ။ ၂၇ နှစ်မှာ သားဖွားမီးယပ်သမားတော်ကြီး ဖြစ်ခဲ့ပါသလဲ။ ဆေးရုံအလုပ်တစ်ဖက်ဖြင့်ပင် ဂျာမနီ၊ ပြင်သစ်စာကို သင်ဖြစ်ကာ မြနန္ဒာလိုပင် ကျွမ်းကျင်ရုံမက ဆေးကျမ်းစာများပင် ဖတ်လျက်ရှိသေး၏။ မြနန္ဒာက သေးသွယ်ရှည်လျား၍ ချွန်ထက်သော လက်သည်း ပန်းရောင်ကလေးများက တပြောင်ပြောင် တလက်လက်နှင့် ပီယာနိုတီးသောအခါ ဒေါက်တာခင်အေးရီသည် လက်သည်း ငုံးတိတိ။ လက်စွပ်ပင်၊ နာရီပင် မရှိ။ ဝက်မှင်ဘီးနှင့် ဆပ်ပြာနှင့် ရေနွေး နှင့် အထပ်ထပ် ငါးမိနစ်တိတိ တိုက်ဆေးသဖြင့် နီရဲနေသော လက်များ၊ လက်အိတ်စွပ်ထားသော လက်များဖြင့် ဆေးရုံမှာ ပေါင်းပြုတ်ထားသဖြင့် ပိုးမွှားကင်းသော ကိရိယာများကို ကိုင်ကာ မမွေးနိုင်သော ကိုယ်ဝန်ဆောင် ဗိုက်ကိုခွဲ၍ ကလေးအရှင်ကို ထုတ်ခဲ့သည်။ ကင်ဆာဖြစ်စ သားအိမ်ကို ထုတ်ခဲ့သည်။ သူ့တစ်ကိုယ်လုံး ဖုံးအုပ်ထားသဖြင့် မျက်လုံးနှစ်စုံသာ ပေါ်သော်လည်း ထိုမျက်လုံးတို့သည် စိတ်အားထက်သန်ခြင်းဖြင့် ဝင်းဝင်း တောက်လျက်ရှိသည်။ ခင်အေးရီသည် ပီယာနို မတီးချင်လို့ မတီးခြင်းသာ ဖြစ်သည်ဟု ထင်သည်။ သူ့လက်များသည် ပဉ္စလက်တန်ခိုး ရှိသလို အမျိုးမျိုး တတ်နိုင်တာ အမှန်ပင်။

မြနန္ဒာကို မနစ်လိုစရာ မရှိ။

တကယ်တော့ မြနန္ဒာကို တကယ်ပင် နစ်လိုမိသေးသည်။ မြနန္ဒာ မိန်းမလှ၏ အေးဆေးတည်ငြိမ်သော၊ မိန်းမ "ဖွဲ" တို့ မနာလိုခြင်း ရိုက်ခတ်လို့ မရသော အထက်တန်းကျဟန်ကို ခင်အေးရီ သဘောကျလေသည်။ ပြောခဲ့သည့်အတိုင်းပင် မြနန္ဒာ၏ ပြင်ပရုပ် ချောမောလှပခြင်းကို ခင်အေးရီ စူးစမ်းလို့ မရသေးသော (အားလပ်သည့် တစ်နေ့မှာတော့ ရအောင် စူးစမ်းဦးမည်။) ထူးခြားသော အတွင်းသဏ္ဍာန်က ထည်ဝါစေသည်။ မာနကြီးတယ်လို့တော့ မဆိုလိုက်ပါနှင့်။ ခင်အေးရီသည် ခင်အေးရီသာ မဖြစ်လျှင် မြနန္ဒာသာ ဖြစ်ချင်ပါသည်။

တစ်ခုတော့ ရှိသည်။ ခင်အေးရီသည် အနည်းငယ် တုတ်ခိုင်လွန်းသည်။ ဆေးရုံ၌ ပင်ပန်းအိပ်ပျက်လှသဖြင့် အစားပြန်အိပ်ခြင်း၊ ပို၍ စားသောက်ခြင်းတို့ကြောင့်ပဲလား။ ငယ်ငယ်ကတည်းက ရေကူး လမ်းလျှောက် မှန်ခဲ့လို့လား မသိ။ ဒါမှမဟုတ် ပျော်ပျော်နေတတ်သော

ဘိုးအေနှင့်ပင် တူလေသလားမသိ။ တဟားဟားဖြင့် ရယ်မောလွယ်သော ဒေါက်တာ ခင်အေးရီသည် အင်မတန်မှ ကျစ်လျစ်တောင့်တင်းလှသည်။ ခုမနက်တိုင်း အင်းလျားတစ်ပတ် ပတ်ဆဲပင်။ သူ့ယောကျာ်း လင်းထင်နှင့် တွဲသွားလျှင် သူက အစ်မကြီးနှင့် တူနေတတ်သည်။ မကြာခဏလည်း အမေးခံရသည်။ မိတ်ဆွေများက နောက်ပြောင်တတ်သည်။ သူသည် လင်းထက်ထက်လည်း ငါးလခန့် အသက်ကြီးတာ အမှန်ပင်။

လင်းထင်နှင့် ဘယ်သူမှ သဘောမတူဘဲ ဖွတ်အဓမ္မ လက်ထပ်ခဲ့သည်။ လင်းက ဘီအေသာ အောင်သော စာရေးဆရာ။ မိဘအမွေကို ရသဖြင့် အေးအေးထိုင်စားနေသော အလုပ်မရှိ။ ဒါထက် အလုပ်မလုပ်သော ယောကျာ်း။

လင်းနဲ့ လက်ထပ်ကြတဲ့နေ့ကများ သိပ်ရယ်ဖို့ကောင်းတာပဲ။ ဟား... ဟား။ ကိုယ်က ဆေးရုံက ညတာဝန်ကအပြန် အိပ်ပျက်နေသဖြင့် မျက်တွင်း ဟောက်ပက်နှင့် ရေ ကမန်းကတန်းချိုး၊ အဝတ်အစား ခပ်ပြောင်ပြောင် လက်လက်ဝတ်ပြီး ကိုယ့်အော်စတင်ကလေး မောင်းပြီး လင်းကို ရှာရတယ်။ လင်းက သူ ငှားနေမြဲ အခန်းကျဉ်းကလေးထဲမှာ စီးကရက်ပြာတွေ ပွလို့။ လင်းကို ရေချိုးခိုင်းတာ မချိုးဘူး။ အင်္ကျီလဲခိုင်းတော့လည်း ပေကပ်ကပ်။ ဘန်ကောက်ပုဆိုးတော့ ရှောရှောရှူရှူ ကောက်ဝတ်ပြီး နှစ်ယောက်သား ရုံးကိုပြေးကြတယ်။ သူ့သူငယ်ချင်း ကိုတင်မောင်ကြည်ရယ်၊ ကိုညွန့်ရွှေရယ်က ရုံးမှာ စောင့်ကြလို့။ ကိုယ့်အပေါင်းအသင်း ဒေါက်တာ မျိုးခင်ရယ်။ ဒေါက်တာ ကြည်နွဲ့ဦးရယ်ကလည်း ရုံးမှာစောင့်ကြလို့။ ကိုယ်က နည်းနည်း ရှက်လို့ အသက် ငါးလလျှော့ပြောလိုက်မှ လက်ထပ်စာချုပ်ထဲမှာ လင်းနဲ့ သက်တူရွယ်တူ ဖြစ်သွားတယ်။ အဲဒီည လင်းရဲ့ စားပွဲကို ကိုယ်ရှင်းတော့ "မောင့်နမ မြနန္ဒာ" ဆိုပြီး သူ ကဗျာတွေ စပ်ထားတာ အမယ်လေး တစ်ထပ်ကြီးပဲ။ ပထမတော့ (ရှက်ပါရဲ့) မနာလိုမခံချိန့် မျက်ရည်တွေ ဘာတွေကျ။ သူ့ကို ထုနက်ပြီး ကဗျာတွေ ဆုတ်ပစ်တာပေါ့။ အထပ်လိုက်ကြီး ဆွဲဆုတ်တော့ မစုတ်ဘူး ဆရာရေ။ ဒါနဲ့ စာလုံးလေးတစ်လုံး လှတာတွေ့လို့ ကောက်ဖတ်တော့ တော်တော်ကောင်းတဲ့ ကဗျာတွေ။ နမြောစရာကြီးဆိုပြီး ကိုကပဲ သိမ်းရသေးတယ်။ ပြီးတော့ ကိုယ်ဘာသာကိုယ် ရယ်ချင်ပြီး ကြံဖူးရဲ့လားကွယ်တို့ဆိုပြီး တဟားဟား ရယ်ရတာပဲ။ ဘယ်တတ်နိုင်မလဲ။

နောက်ငါးနှစ်လောက်ကြာမှ ကြည်နွဲ့ဦးနှင့် ကိုမျိုးခင်တို့ စထရင်းမှာ ကြီးကြီးကျယ်ကျယ် လက်ထပ်ကြလေသည်။

အဲဒီမှာမှ မြနန္ဒာကို ပထမဆုံး မြင်ဖူးသည်။

မြနန္ဒာ နာမည်ကြီးလှပေမယ့် ခင်အေးရီသည် ကောလိပ်၌ ထင်ပေါ် ကျော်ကြားတာတွေကို ဂရုမစိုက်သဖြင့် တစ်ကြောင်း၊ သူကိုယ်နှိုက်က ရွှေတံဆိပ်ဆုရပြီး ပညာဘက်မှာ ကျော်ကြားသလို စာမပြတ် ကျက်မှတ်ရသည်မို့ တစ်ကြောင်း၊ သူလို စာသာကျက်တတ်သော ကျောင်းသူနှင့် မြနန္ဒာတို့

မင်းမူစိုးမိုးသော ပါတီပွဲသဘင်များ မအပ်စပ်သည်က တစ်ကြောင်းကြောင့် မြနန္ဒာကို ကျောင်းမှာ မမြင်ဖူးခဲ့ချေ။ ပြီးတော့ ယူနီဗာစီတီမှာ ၂ နှစ်သာ နေရပြီး လမ်းတော် ဆေးကျောင်းသို့ ပြောင်းခဲ့ကာ ဂျူဗလီဟောနားက ဆင်ပဆင်ဟိုတယ်မှာ နေလာရသည်သာ။ မြနန္ဒာကို မတွေ့နိုင် ပြန်ချေ။ ပြီးတော့ မြနန္ဒာက နေ့ကျောင်းသူ ဖြစ်သည်။

ကြည်နွဲ့ဦးတို့ မင်္ဂလာဆောင်ကို မီအောင် ဆေးရုံမှ ပြေးရပြန်တော့ ခင်အေးရီ လက်များသည် သားဖွားဆေးရုံနံ့ တော်တော်နံနေသေးသည်။ စင်အောင် မဆေးခဲ့ရ။ မေ့ပြီး ရေမွှေး မဆွတ်ခဲ့မိပြန်သဖြင့် သူ့ပတ်ဝန်းကျင်က မမချောတို့ သူ့ကို လှည့်ကြည့်ကာ နှာခေါင်းရှုံ့ကြတာ မှတ်မိသေးသည်။

(ယခုလည်း အိမ်သို့ ပြန်လာလျှင် သားအငယ်ဆုံးကလေးသည် "မေမေ့အနံ့ ရတယ်ဟေ့၊ မေမေ ပြန်လာပြီ မဟုတ်လား" ဟု အော်ကာ မေမေ ဖေဖေ အခန်းထဲသို့ ပြေးဝင်လာမြဲပင်။ သားငယ်ကလေးသည် အင်မတန် နှာခေါင်းပါးသည်။ စံပယ်ပန်းကို ကြိုက်တတ်သည်။ သူ့အဖေလို ကဗျာဆရာဖြစ်မည် ထင်သည်။ သီချင်း ကြိုက်လိုက်တာလည်း သူမတူ။ စကားမပြောတတ်ခင်က သီချင်းသွားကို မေမေ ထည့်၍ အစအဆုံး မှန်အောင် ဆိုလေသည်။)

ကြည်နွဲ့ဦးတို့ မင်္ဂလာဆောင်ကို မြနန္ဒာသည် ယခု ဖဲဝိုင်းသို့ လာသလိုပင် အဖြူနှင့် ခရမ်းပန်းနရောင်ကလေးဝတ်ကာ ပုလဲနှင့်ငွေ တွဲဝတ်လာသည်။ အဲဒီခေတ်တုန်းက ထဘီအဖြူရိုတ်ဆိုတာ မင်္ဂလာသတိုးသမီးတောင် ဝတ်ရမှန်း မသိသေးတဲ့ ခေတ်ပေါ့။ မြနန္ဒာက ပိုးပျော့အဖြူမှာ ငွေပွင့်များခြယ်သည့် ထဘီနှင့် လဲ့လဲ့လေးသာ အရောင်တင်သည်။ ပန်းနု အင်္ကျီလက်ရှည်နှင့် ပဝါမခြုံပေ။ သူ့အမူအယာအတိုင်း လေမှာ လွင့်ပါး ကြွေလျောလာသည့် နှင်းဆီပွင့်ဖတ်ကလေးလို ဝင်လာလိုက်တာ လူတကာ ငေးလို့နေရသည်။ အဲသည်တုန်းက သူ့ယောကျာ်း ဆရာ ပါမလာချေ။

ဆရာလား၊ ဆရာကတော့ အများသိကြသည့်အတိုင်း သည်လောက် အဖိုးတန်အလှကလေးကို ရအောင်ယူ၊ ဧည့်ခန်းမှာ ထားပြီး ခပ်ထထ ကျောင်းသူကလေးတွေ၊ နာ့စ်မလေးတွေ ကားပေါ်တင်ကာ တစီစီ နေမြဲ။

ကျောင်းတုန်းက ဆရာ့ဝါသနာကို ကြောက်၍ ဆရာ့ စာသင်ချိန်မှာ ခင်အေးရီတို့တတွေ တော်တော် သတိနှင့်နေခဲ့ကြသည်ကို သတိရပြန်၏။

သည်တစ်ချက်နှင့်ပင် မြနန္ဒာကို သူမ နှစ်လိုဖွယ်လုံးလုံး မရှိလို့ ဆိုနိုင်ပြန်ပါသည်။ (လောက၌ ဘယ်လိုပင် ဘာမဆို ပြည့်စုံသည်ဖြစ်စေ လင်၏အချစ်ကို မခံရသော မိန်းမကို ဘယ်သူ မနာလို ရှိနိုင်မည်လဲ။)

လင်းက မြနန္ဒာကို ခုထိ မောင့်နမ မြနန္ဒာလို့ လွမ်းချင်လည်း လွမ်းပါစေပေ့ါ။ ကဗျာညဏ်ဝင်ချင်လို့သာပါပဲ။ လင်းက တစ်ခါ တစ်ခါ ကလေးလိုပဲ ယောကျာ်းများစွာဟာ ကလေးဆိုးကြီးတွေနဲ့ တူတာ အမှန်ပဲ။ ဆေးရုံမှာ ကြည့်ပါလား။ သတ္တိချင်းယှဉ်ရင် မိန်းမတွေကို တစ်ဝက် မမီဘူး။ ဆေးထိုးတာကလေးလောက်တောင် အပ်နဲ့မရွယ်ခင်က ယောကျာ်းတွေ နာကြ၊ အော်ကြ။ ဆေးရုံကြီးမှာ လုပ်တုန်းက ယောကျာ်းတစ်ယောက်များ အကြောက်လွန်ပြီး တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေလို့ ထုံဆေးပေး ပြီးမှ ခွဲမဖြစ်လို့ မေ့ဆေးပေးပြီးမှ လိပ်ခေါင်းခွဲရတာ ကြုံဖူးသေးတယ်။ မိန်းမထဲမှာ တစ်ခါမျှ မဖြစ်ဖူးဘူး။ လင်ယူဝံ့တာ၊ ကလေးတွေ မွေးဝံ့တာ နည်းနည်းသတ္တိမှ မဟုတ်တာ။

လင်းက မြနန္ဒာကို တကယ် ချစ်ဖူးရင်လည်း ချစ်ဖူးမှာပေ့ါ။ ဒါပေမဲ့ အဝေးက ငေးမျှော်ချစ်ခဲ့တာ ဘယ်လောက် စွဲလမ်းနိုင်မှာလဲ။ ဟုတ်ပါတယ်။ သူတို့ သိကျွမ်းကြဖူးသေးတယ်တဲ့။ မမြနန္ဒာရဲ့ မောင်လေး လင်းထင်ပေ့ါ။ သူ့ထက် လေးနှစ်လောက် ငယ်တယ်တဲ့။ အိုင်အေ အောက်တန်း ကျောင်းသားသစ်ကလေးကို ခိုင်းလို့ကောင်းတဲ့ ဇာတ်လမ်းပေ့ါ။ လင်းက ပြောတယ်။ တစ်ခါတိတိပဲ ဘိုင်စကုပ် နှစ်ယောက်အတူတူ ကြည့်ဖူးပါတယ်တဲ့။ ဒါလည်း အမှတ်မထင် ပြောမိတဲ့ မြနန္ဒာရဲ့စကားကို သူက အတင်းကတိတည်ခိုင်းလို့ ကြည့်ကြရတာလေ။ ပြီးတော့ လင်း အိုင်အေ အထက်တန်းလည်း တက်တော့ ကြီးပွားသွားလိုက်တာ မြနန္ဒာ လည်း လင်ယူပါလေရော။ ဟား… ဟား။

အချစ်ဆိုတာ လင်မယားမှာသာ ရှိတာပါ။

မနေ့ကပဲ တစ်အိမ်လုံး အင်းလျား ရေကူးသွားကြတယ်။ ကလေး ငါးယောက်ကို ကားနဲ့အပြည့် တင်လို့ပေ့ါ။ သူတို့အားလုံး ရှေ့ကသွားကြတော့ ကလေးတို့အဖေ လင်းနဲ့ ကလေးတတွေကို နောက်ကနေ ကြည့်ရင်း လင်းဟာ ဘယ်တော့မှ ငါ့လက်က မလွတ်နိုင်ဘူးလို့ စဉ်းစားမိတယ်။ ကိုယ်တစ်ယောက်တည်း နောက်က ဖြည်းဖြည်းလိုက်လာတယ်။ သူတို့နဲ့ အတော်ဝေးဝေးမှာကျန်ခဲ့တော့ ငယ်ငယ်ကလို လွတ်လပ်တဲ့စိတ် ပြန်ပေါ်လာတယ်။ လင်နဲ့သားနဲ့ ဘဝက အလုမ်းကွာသွားပြန်သလိုပဲ။ ဟုတ်တယ်။ လူတွေဟာ တစ်ယောက်ချင်းပဲ မွေးဖွားလာတာကို ဘယ်လိုလုပ်ပြီး အမြဲ လုံးဝ အမြဲတမ်းနော်။ အမြဲတမ်း မေ့နိုင်မှာလဲ။ အဲဒီအချိန်မှာ လူရွယ် နှစ်ယောက်က တူရူက လျှောက်လာပြန်တယ်။ တစ်ယောက်က တယ် တောင့်ပါလားလို့ ပြောသွားတယ်။ တစ်ယောက်က ဆိုဖီယာလိုရင်ကြီးလိုပဲတဲ့လေ။ ငယ်ငယ်ကလိုသာဆိုရင်တော့ ဟားပစ်လိုက်မှာပဲ။ ခုတောင် လင်း မကြိုက်မှာစိုးလို့ ဟားလိုက်ချင်သေးတယ်။ ဒါပေမဲ့ သားအငယ်ဆုံးလေးက ပြန်လှည့်လာပြီး လမ်းတစ်ဝက်က စောင့်တယ်။ လင်းကလည်း လှည့်ကြည့်ပြီး ရပ်စောင့်နေပြန်ပြီ။ အနားရောက်တော့ ဘာပြောလဲ သိလား။

"ရှီ့ သားကလေ သူ့အမေကို သိပ်နမြောတာ" တဲ့။

"ဘာဖြစ်လို့"

"ခုန ကောင်းလေးနစ်ကောင် တွေ့တော့၊ အဖေ ဟိုမှ မေမေ တစ်ယောက်တည်းတဲ့။ ဒါနဲ့ ကိုယ်က ဘာဖြစ်လဲကွလို့ ပြောတော့၊ အို... ရေထဲ မြှုးထောင်ထားတော့ သွားကြည့်ဦးမယ်ဆိုပြီး ရီ့ဆီကို ပြန်ပြေး လာတာ"

"လင်းကတော့ မနမြောဘူးပေါ့လေ"

"ပေါ်တာမ" လို့ ဆိုပြီး သွားပေမယ့် လင်းဟာ ကိုယ့်ကို ဘယ်တော့မှ ရေကူးအဝတ် ဝတ်ခွင့်မပေးခဲ့ဘူး။ ငယ်ငယ်က ရေကူးရင် အမြဲ ဆွင်းမင်းစုနဲ့ ကူးတာ။ ခု ထဘီရင်လျားကြီး တပြုတ်ပြုတ်နဲ့ မကူးချင်တော့ပါဘူး။

"ခါးတုတ်ကြီးနဲ့ လှပါဘူး" လို့လည်း မခံချင်အောင် ပြောသေးတယ်။

ထိုခဏ၌ ဒေါက်တာခင်အေးရီသည် သူ့လင် လင်းထင်၏ မျက်နှာကို ကြည့်လို့မဝအောင် ကြည့်နေမိပြန်သည်။ လင်းရဲ့ ပျော့ပျောင်းညိုမှောင်သော ဆံပင်ကို အကြိမ်ကြိမ် ဖွကစားခဲ့သည်မှာ နှစ်ပေါင်း ၁၆ နှစ် ရှိလေပြီ။ အင်္ဂလန်သို့ စာသွားသင်စဉ်ကသာ ၂ နှစ်မျှ ခွဲခဲ့ကြဖူးသည်။ လင်းက အေးဆေးသူ၊ ခင်အေးရီက ချစ်ခင်မှုရာ ပြတတ်သူ၊ ဖျတ်လတ်သွက်လက်သူ ဖြစ်သည်။ လင်းကို သူက အလျင် စ နမ်းမြဲ။ လင်းရဲ့လက်ကို သူက အလျင် ဆုပ်ကိုင်မြဲ။ တစ်ဖက်လှည့် အိပ်တတ်သော လင်းရဲ့ကျောကုန်းကြီးကို သူက ဖက်၍ မျက်နှာအပ်ကာ အိပ်တတ်သည်။ ပူနွေးသော နွေရာသီညများမှာတော့ လင်းသည် သူ့ကို အသာတွန်းဖယ်ကာ "မအိုက်ဘူးလား ရီ" ရဲ့လို့ မေးတတ်သည်။ ခင်အေးရီက ဘာမျှမပြောဘဲ "သွား" လို့သာ ခပ်ကျယ်ကျယ်ဆိုပြီး ဆောင့်အောင့်တွန်းပစ်လိုက်လျှင်တော့ လင်းသည် ညှင်သာစွာ ရယ်မောကာ သူ့မိန်းမကို ပွေ့ဖက်ရမှန်း၊ ချော့မော့ရမှန်း သိတတ်လာပြန်သည်။

သည်တော့လည်း ခင်အေးရီသည် ချက်ချင်း စိတ်ပြေကာ လင်းက သိပ်အိုက်တတ်တာ၊ ပြီးတော့ သိပ်အေးအေးဆေးဆေး နေတတ်တာ၊ မတိုက်ဆိုင်ခဲ့လို့ သို့မဟုတ်ရင် ဘုန်းကြီးဖြစ်မယ့် လူစားမျိုးပဲဟု တွေးတတ်လေသည်။ ပန်ကာ ထဖွင့်တတ်သည်။

တစ်ခါတစ်ရံ သီချင်စိတ်သက်သက်နှင့် "လင်း တကယ် ပြောစမ်းပါ။ ရီ့အပြင် တကယ် ချစ်ခဲ့ဖူးတဲ့သူ မရှိဘူးလား" လို့ မေးတတ်သည်။ "သုတေသန လုပ်ချင်လို့ပါ" လို့ အတည် ပြောတတ်သည်။

လင်းက ရယ်ပြုံးကာသာ နေတတ်သော်လည်း မျက်နှာ မကြည်လင်လှလို့ ထင်ရသည်။

"ပြောလေ... ပြောလေ၊ ကဲ... ဥပမာ မြန်နန္ဒာကို ချစ်ဖူးတယ် မဟုတ်လား"

"ရီက ပေါ်တာမပဲ" လို့သာ ပြောသည်။

"စကား မလွှဲနဲ့"

"မဟုတ်တာ၊ မချစ်ဖူးပါဘူး။ ရီ့ကိုသာ တစ်မိုးအောက် တစ်ယောက် ထင်၊ ရီကလွဲလို့ ဘယ်သူမှ မမြင်"

"သိပ်ညာတာပဲ၊ လင်း မြန္နွာကို အရမ်းပစ်ကြိုက်နေတာ ဟိုးဟိုး ကျော်လို့။ သည်လို ညာလို့ရမှာလား"

"သားကြီးတောင် ၁၆ နှစ် ပြည့်တော့မယ် ရီရဲ့၊ ဒါတွေ ပြောနေစရာလား"

"ဒါဖြင့်ရင် မြန္နွာ နာမည်ကို အိပ်ရင်း ဘာဖြစ်လို့ ခဏခဏ ယောင်ရတာလဲ"

ခင်အေးရီက တကယ်တော့ နောက်ပြောင်လိုက်ခြင်းသာဖြစ်ပြီး လင်း ကမူ ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေတော့သည်။ တော်တော်နှင့် အသံ ထွက်မလာ။ နှုတ်ခမ်းကိုသာ မကြာခဏ ပြင်သေးသည်။ ပြီးမှ "ရီ တော်တော် နောက်တာပဲ" လို့ ပြောလေသည်။

ခင်အေးရီက သည်အခါမျိုးမှာသာ တဒင်္ဂလောက် မြန္နွာကို မလိုလား မနှစ်သက် ဖြစ်ရသည်။ သို့သော် ကြာရှည်မခံပါ။ ခင်အေးရီ ကိုယ်နှိုက်က စိတ်သဘော ကောင်းမြတ်ရာ၌ ကျော်ကြားသူပင်။ မေ့ပျောက် လွယ်သူပင်။ (သူသည် လူနာကို ပိုက်ဆံအတွက် တစ်ခါမျှ မကုသဖူးဘူး။ ဆေးကုသခဟူ၍ စာရင်း မပို့ဖူးဘူး။ ဆရာဝန်ကြီး ဖြစ်သော်လည်း ဆေးရုံ ၌ အလုပ်သင် ဆရာဝန်များနှင့် ရောဂါအောက်ခြေသိမ်းကိစ္စကအစ ပါတတ်သည်။ သူ့ကို လူနာများက ချစ်ခင်သည်။ သူ ပိုက်ဆံမလိုချင်သောကြောင့် လာကန်တော့သော ပစ္စည်းများသည် အိမ်မှာ စုပုံနေသည်။ ငယ်ငယ်က ငြင်းဆန်မြဲ။ သို့သော် စေတနာကို မတားဆီးလိုတော့သဖြင့် ယခု လက်ခံကာ ရသမျှ ပစ္စည်းကို ဝေငှစွန့်ကြဲပစ်တတ်သည်။ တစ်ခါမှ နေ့ဖို့ညစာ ဟူ၍ သိမ်းမထားခဲ့ချေ။)

ပြီးတော့ လင်းဟာ မြန္နွာကြောင့် ရင်ခုန်ရမှ ကဗျာ စပ်နိုင်မယ်၊ ဝတ္ထု ရေးနိုင်မယ်ဆိုရင် စပ်ပါစေ၊ ရေးပါစေပေါ့။ လူတို့သည် ဝက်သက် ပေါက်တတ်သည်။ ကျောက်ဖြူ ပေါက်တတ်သည်။ အဆင်မသင့်လျှင် အမာရွတ်ကလေးတွေ ထင်တတ်သည်။ အင်မတန် ကံဆိုးလျှင် အသက်တောင် ဆုံးနိုင်သေး။ သို့ပေမယ့် စာရေးဆရာ၊ ကဗျာဆရာ လင်းထင်သည် ဒေါက်တာခင်အေးရီနှင့် ၁၆ နှစ်မျှကြာအောင် ပေါင်းသင်းနေထိုင်ခဲ့သည် မှာသာ အဓိကပင်။ သူတို့မှာ သားသမီး ငါးယောက်က အိမ်နှင့်အပြည့်ပင်။ သားအကြီးဆုံးက မအေနှင့် တူသည်မို့ ထွားထွားကျိုင်းကျိုင်းနှင့်။ ရေကူး ဝါသနာကြီးလှသည်။ သမီး သုံးယောက်က ကြားသီး ခေါ်ရမလား၊ ဖအေလို ငြိမ်းချမ်းအေးဆေးကြပြီး မအေလို စာတော်ကြသည်။ ဂျာမန်စာ သင်ကြသည်။ ဆရာဝန် လုပ်ကြမည်တဲ့။ သားအငယ်ဆုံးကတော့ ကဗျာ ဆရာပဲ။ နာမည်ကိုက လင်းက ရွေးလိုက်တာ။ မြလင်းထွေးတဲ့လေ။

သားငယ် မြလင်းထွေးက စံပယ်ပန်းကြိုက်သည်။ ကဗျာ ကျက်တတ်သည်။ သီချင်းဆိုတတ်သည်။ ဝတ္ထု ဖတ်တတ်သည်။ ကြပ်ကလေးကို အကြိုက်ဆုံး ဆိုပါလား။ အိပ်ရာထဲ လှိမ့်ကာ ကြပ်ကလေးဝတ္ထု ဖတ်ပြီး တခစ်ခစ် ရယ်နေတတ်သည်။ ပြီးတော့ ကြပ်ကလေးဆီ စာရေးဦးမည်တဲ့။ မြလင်းထွေး ရေးထားသည်မှာ "ဦးဦး ကြပ်ကလေးခင်ဗျား" တဲ့။ "ဦးဦးရဲ့ ဝတ္ထုတွေကို သားအလွန်ကြိုက်ပါသည်" တဲ့။ စာရေးဆရာထဲမှာ "ဦးဦးလောက် ဘယ်သူမှ မကောင်းပါဘူး" တဲ့။ "ဦးဦး ကာတွန်းကော မဆွဲဘူးလား" တဲ့။ "ဒါပေမယ့် ကဗျာဆရာတွေထဲမှာတော့ သားသားရဲ့ ဖေဖေလောက် ဘယ်သူမှ တော်မယ် မဟုတ်ပါဘူး" တဲ့။ "သားသား သိတာပေါ့တဲ့" ။ "မဂ္ဂဇင်းတိုက်တွေကိုသာ မပို့တာ။ ဖေဖေက ကလေးဖတ်ဖို့ ကဗျာလည်း ရေးတာပဲ" တဲ့။ မြလင်းထွေးက သူ့အဖေ ပေးထားတဲ့ ကဗျာတစ်ပုဒ်တောင် ကြပ်ကလေး ဖတ်ဖို့တဲ့။ ခပ်ကြွားကြွားကူးထည့်ပေးလိုက်သေးတယ်။

ရှေးရှေးတုန်းက ဥမ္မာမြ

သီဝိမင်းတောင် ရူးအောင်လှ။

အရူးကုမရခင် ရှင်ဘုရင်

တံတားလေးဆေးရုံ သူဝင်ရင်၊

ဆင်ဖြူစီးလို့ ဝင်သလား

မြင်းဖြူစီးလို့ ဝင်သလား

မြလင်းမောင် တစ်နေ့လုံး

ဆင်ခြင်တွေးဆ မဆုံးတယ်

ခွေနှံးလှသဗျား... တဲ့။

ပတ္တလားတီးသင်တာ တစ်နှစ်ရှိသေးသည်။ ကျကျနန တီးနိုင်လေပြီ။

စန္ဒရား မဝယ်နိုင်၍ ပတ္တလား ဝယ်ရသည်။ ဟိုတလောက သူငယ်ချင်းကြည်နွဲ့ဦးက အသစ်စက်စက် စန္ဒရားရောင်းမည်တဲ့။ တစ်သောင်း ငါးထောင်ဆိုတော့ ဘယ်ဝယ်နိုင်ပါ့မလဲ။ လူတွေကလည်း အထင်ကြီးလိုက် ကြတာ။ စိန်လက်ကောက် ဝယ်ပါတဲ့၊ ဒေါ်ထူးစိန်က ပြောတယ်။ စိန်ကလေးတွေ ပထမတန်းပဲတဲ့။ လေးသောင်းတည်းပါတဲ့။ လေးသောင်း မတတ်နိုင်ပါဘူးဆိုတော့ ရယ်သေးတယ်။ ခုနေတဲ့ ခြံနဲ့တိုက်တောင် လင်းရဲ့အမေက ဝယ်ပေးသွားတာ။ ခြံကျယ်အောင် ကပ်နေတဲ့ မြေတစ်ကွက် ထပ်ဝယ်တာ ကြွေးတောင် ငါးထောင်လောက် ကျန်သေးတယ်။

ပိုက်ဆံကလည်း ကလေးတွေကို ကျွေးတာနဲ့ ကိုယ့်ဆေးစာအုပ်ဖိုး၊ လင်းရဲ့ ဝတ္ထု စာအုပ်ဖိုးနဲ့ ကုန်တာပဲ။

မြလင်းထွေး ပတ္တလားတီးတော့ မေမေ သီချင်း ဆိုပေးပါတဲ့။ မေမေက ဘယ်တော့မှ သီချင်းတစ်ပုဒ်ဆုံးအောင် မရဘူးဆိုတော့ လင်းက ထလာပြီး သားအဖ ဆိုကြတီးကြသတဲ့လေ။ သမီးသုံးယောက်က ကျောင်းမှာ တတ်လာတဲ့ ယိုးဒယားအက ဝင်ကရင် ကကြတယ်။ သားကြီးကတောင် အီလက်ထရစ်ဂီတာ ဝယ်ပေးပါ ဖြစ်လာပြန်ပြီ။

(ကဲ၊ ရီတို့ရဲ့ ပျော်စရာ အိမ်ထောင်မှာ မြန်န္တာ ဘာတစ်နေရာ ရနိုင်သလဲ။ ဆုံးပါးကျေပျောက်သွားတဲ့ အိပ်မက်ကလေးပါ။ မြူငွေ့ကလေးပါ။ သည်အိပ်မက် မြူငွေ့လေးဟာ တစ်ခါတစ်ခါ လွမ်းလေပင့်လို့ ပျံ့လွင့် လာလည်း ဘာရုပ်သဏ္ဍာန်မှ ဖြစ်လာမယ် မဟုတ်ပါဘူး။ လင်းကတော့ စားပွဲမှာ ထိုင်မိမှာပေါ့။ မနက်စောစော သပိတ်လွယ်ငှက်ကလေး ထပြီး ကလယ်ကုလား စကားများဆိုသလို ဆူနေတဲ့အခါ လင်း စားပွဲမှာ ထိုင်မိ မှာပေါ့။ ရီစိုက်တဲ့ ထင်းရှူးတန်းကြားက လရောင်ဖြာယှက်ပြီး ကျလာတော့ အိပ်ရာခေါင်းရင်း မှန်တရုတ်ကပ်ပေါ် တရုတ်ပန်းချီသဏ္ဍာန် ပေါ်လွင် လာရင် လင်း စားပွဲမှာ ထိုင်မိမှာပေါ့။ မငြူစူသင့်ပါဘူး။)

ယုယုခင်ကိုတော့ သနားပါတယ်။ ပင်ပန်းလိုက်တာ သားသမီး မရလို့ အချည်းအနှီး ဖြစ်နေတဲ့ အားလပ်လစ်ဟင်းနေတဲ့ သူ့ဘဝတစ်ဝက်ဟာ သူတစ်ပါးကို အပြစ်ရှာကြည့်နေတာနဲ့ ဆုံးပါးတော့တာပဲ။ ဘဝ တစ်စိတ်ကတော့ မုသာဝါဒပြောခြင်းနဲ့ ကုန်ရတယ်။ ကျန်တစ်စိတ်ကတော့ အိပ်ခြင်းစားခြင်းပေါ့။ ဟား… ဟား… ဟား… ဟား…။

မြန်န္တာကို သူ မနာလိုတာကတော့လည်း တားဆီးနိုင်ကောင်းတဲ့ တရားဓမ္မ မဟုတ်ပါဘူး ထင်ပါရဲ့နော်။ ဘာ့ကြောင့်လဲဆိုတော့ မြန်န္တာဟာ နှင်းဆီပွင့်လိုပဲ လှနေတာကိုး။ တားဆီးလို့မှ မရဘဲ။ အညစ်အကြေး အတိ ပြည့်တဲ့ လူဆိုတဲ့ သတ္တဝါကလည်း သည်လောက်လှဖို့တော့ မသင့်ဘဲကွယ်။

လှလိုက်တဲ့ မြန်န္တာ။

"ဘာဆေးစားလို့များ သည်လောက် နုနုနယ်နယ်ကလေး ဖြစ်နေတယ် ဆိုတာ မသိတော့ပါဘူး " ဟု ခင်အေးရီသည် အံ့သြစွာ ပြောလိုက်၏။ ယုယုခင်က မကြားသလို လုပ်နေသေး၏။ သူ ဘယ်တော့မှ မအိုတော့ ဘူးလား။ အဖြူနဲ့ ခရုခွံ ပန်းရောင်နုကလေး တွဲဝတ်ထားပုံကလည်း ကြည့်ပါဦး၊ ပုလဲဆွဲကြိုးကလေးနဲ့ ဟပ်လို့၊ ဆေးရုံတွင် ပေရေစမြဲမို့ ပါတိတ် လုံချည်ရင့်ရင့်သာ ဝတ်လေ့ရှိတာကို သတိရမိ၏။ မိမိ၏ ၅ ပေ ၅ လက်မခွဲ အရပ်အမောင်း၊ ပေါင်ချိန် ၁၄၅ ကို သတိရမိ၏။ မျက်မှန်ကိုင်းနက်နှင့် ဆိုပြန်တော့ "ရီလည်း အဲဒီလို ဝတ်ကြည့်ဦးမယ်၊ ဘာရုပ် ထွက်လာမလဲ မသိဘူး။ ဟား… ဟား… ဟား… ဟား"

သို့ပေမည့် ယောကျာ်းလေးယောက် ဝုန်းခနဲ ထကြွတာကတော့ ရယ်စရာပဲ။ ပန်းချီဆရာ ကိုတင်မောင်ကတော့ အမြဲ ယဉ်ကျေးဖွယ်ရာသူမို့ သူ့ကုလားထိုင် ထိုးပေးတယ်။ ယုယုခင်ရဲ့ မောင်တော် မိန်းမဝါသနာကို မယားကြောက်လို့ ချိုးနှိမ်နေရသူ သူငယ်ချင်း သဘောကောင်းကြီး ကိုသန်းတင့်ကတော့ ခဏထ၊ ပြန်ထိုင် တစ်ချက်ငမ်းပြီး မျက်လွှာချလိုက် ရတော့တာပဲ။

မိန်းမနစ်ယောက်နဲ့ သူဌေးလေး ကိုလှဦးကတော့ သိပ်အရှက်ရှိတာမှ မဟုတ်တာ။ လင်းက စီးကရက်ဘူး လှမ်းပေးတော့ မြနန္ဒာ တစ်လိပ် ဆွဲယူလိုက်ကတည်းက ရွှေမီးခြစ်နဲ့ အသင့်စောင့်တာပဲ။ ပန်ကာလေကြောင့် မြနန္ဒာက ဘယ်လက်ခုပ်ကလေးနဲ့ အုပ်လိုက်တော့ ကိုလှဦး လက်ပေါ်နား ရတာပေါ့။ ကိုယ်တော်မြတ်က အခွင့်ကောင်းယူပြီး အနားပိုကပ်လို့ မီးဆက် ညှိနေလိုက်တာ စီးကရက်တစ်ဝက် လောင်တော့မယ်။ ဟား... ဟား။

လင်း။ လင်းကတော့ ကဗျာစပ်ချင်တဲ့ မျက်လုံး တလက်လက်နဲ့ ပေါ့ကွယ်။ သူက ကဗျာဆရာပဲ ရင်ခုန်ရမှာပေါ့။

ယုယုခင်ရဲ့ မျက်နှာပဲ အရုပ်ဆိုးနေတာ။ မြနန္ဒာကို တွေ့လိုက်ရင် ပိုအရုပ်ဆိုးလာတယ်။ ပါးစပ်ကလည်း ဘာတွေ ပြောမှန်းမသိပါဘူးကွယ်။ ခပ်ရိုင်းရိုင်းပဲ။ အပေါစား သိပ်ဆန်တာပဲ။ ကိုသန်းတင့် အတော်ရှော်တဲ့ လူပဲ။ သို့သော် ခင်အေးရီဟာ ယုယုခင်နေရမှာ ရောက်နေလျှင် ၊ သို့သော် ခင်အေးရီဟာ ဘယ်တော့မှ ယုယုခင်နေရာ မရောက်ပါဘူး။ သနားတော့ သနားပါတယ်။

"သူ့ကုသိုလ်နဲ့သူ ဖြစ်တာပဲ ယုရယ်" ဟု သူသည် ယုယုခင်၏ ပခုံးကို ကိုင်ပြီး ပြောလိုက်ကာ၊ ရယ်မောချင်တာ အမှန်မို့ ရယ်မောလိုက် ရ၏။ ယုယုခင်ကလည်း မနေသာတော့ပြီမို့ အဟင်းဟင်းဖြင့် အတင်း ဖျစ်ညှစ်ရယ်ပြန်လေသည်။

မြနန္ဒာက လင်းရဲ့ မျက်လုံးလက်လက်ကို လှမ်းကြည့်ပြီး အပြုံး လဲ့လဲ့ကို ပြုံးသည်။ လင်းကလည်း လောကမှာ တစ်ပါးသူတို့ မရှိတော့သည့်သဖွယ် မြနန္ဒာကို မျက်လုံးများ ပိုမိုဝင်းလက်ကာ လှမ်းကြည့်လို့ အပြုံးလဲ့လဲ့ကို ပြုံးပြန်သည်။

ဒေါက်တာခင်အေးရီသည် ရင်တွင်း၌ အနည်းငယ် ပူပင်ကာ အသံ မထွက်သော်လည်း စိတ်ထဲက ခေါ်လိုက်၏။ လင်း... လင်း။ ထိုအခါ ကိုသန်းတင့်က ခင်အေးရီ ခေါ်သံကို ကြားသည့်သဖွယ် ဖျတ်ခနဲ လှည့် ကြည့်လေသည်။

xxx

ဦးသန်းတင့်သည် သူ့ဖဲ၌ ဂျိုကာနှစ်ကောင် ပါသော်လည်း နှစ်တွဲထက် ပိုမဖြစ်သည်ကို စိတ်ပျက်ပြီး အမျိုးမျိုး စီကြည့်သော်လည်း ဘာမျှ မတိုးတက်။ လေးလုံးတစ်ထွေ ရဖို့တောင် ကြားဖဲတစ်လုံး ကောက်ရမှ ဖြစ်မည်။ သို့သော် သူ့ဖဲတက်တတ်သည်မို့ ပူစရာ မရှိ။ သူ ဖဲနိုင်လေ့ ရှိသည်။

မြန္မာ လာပြီဆိုတော့ သူ ဖယ်ပေးရတော့သည်။ သူ့မိန်းမ ယုယုခင်ကတော့ ဘယ်တော့မှ ဖယ်ပေးမည် မဟုတ်။ နစ်အိမ် ကစားပြန်တော့လည်း ရှုံးတတ်သည်တဲ့။ သူသည် မယားဘေးမှ ထိုင်ကာ မယားဖဲကို မြှောက်ပင့်ပြောပြီးသာ နေရတတ်သည်။ သို့ပေမဲ့ မြန္မာသည် တစ်ပတ်မှာ တနင်္ဂနွေတစ်နေ့သာ ကစား၍ ထိုတစ်နေ့မှာလည်း ညနေ ၅ နာရီမှသာ လာပြီး ၉ နာရီထိုးသည်နှင့် ပြန်တတ်သည်။ သည်နေ့ တရုတ်ကပြား လူပျိုသိုးညီအစ်ကိုလည်း မလာလေတော့ အိမ်မစေ့သည်နှင့် ဝင်၍ တစ်နေ့လုံး ကစားရသည်။ မြန္မာ ပြန်သွားလျှင် ၉ နာရီမှ နာရီပြန် တစ်ချက် နစ်ချက်ထိ ကစားရဦးမည်။ ခုလို ဖဲကောင်းတုန်း လင်သည်ကို ကစားခွင့် မပေးသည်မှာ တော်တော်မိုက်မဲသည့် အကွက်ပဲဟု မယားသည် ယုယုခင်ကို ပြုံစူမိသည်။

ယုယုခင်က၊ မယားအဆီတုံးကို သူ လက်ထပ်ခဲ့တုန်းက ယခုလို စားဖို့၊ အိပ်ဖို့၊ လင်ကိုစိုးမိုးဖို့၊ သူတကာ အတင်းကို ပြောဖို့သာသိပြီး ကလေးတစ်ယောက်တောင် ဖြစ်အောင် မမွေးနိုင်သည့် မယားကို ယူခဲ့မိသည်လို့ သူ မထင်မှတ်ခဲ့။

အဲဒီတုန်းက သွက်လက်ဖျတ်လတ်တာ၊ စကားများများ ပြောတတ်တာ၊ ပြည့်ပြည့်ဖောင်းဖောင်း ရှိတာကိုတော့ သူ နစ်သက်သားပင်။ သူ တကယ် နစ်သက်သည်မှာ ယောက္ခမက လက်ဖွဲ့သော ထပ်ပျံတော့မည့် ဟန်ရှိသည့် ချက်ဗလက်ကားသာ ဖြစ်သည်။ လက်ဝတ်လက်စားကလည်း ပါဦးမည်ဆိုတော့ တိုက်တစ်လုံး ပါသလောက် မကြိုက်သော်လည်း ဘယ် တတ်နိုင်မလဲ။ သူသည် ရောမ ကားကြီးထဲတွင် ကလေးအပြည့်တင်ဖို့ လည်း စိတ်ကူးရှိလေသည်။ သူသည် ကလေးချစ်တတ်သည်။ သူ့မိဘက ကလေး ဆယ့်တစ်ယောက် မွေးခဲ့ပြီး ကလေးများလို့ တစ်ကြောင်း နွမ်းပါးတာမှန်သော်လည်း ပျော်ရွှင်စွာ ကြီးပြင်းခဲ့သည်ကို သတိရမိ၏။ သို့သော် ယုယုခင်သည် တစ်ခါမှ ကိုယ်ဝန်မဆောင်ခဲ့ဖူးချေ။ "သန်းတင့်ရဲ့ အပြစ်လည်း မဟုတ်ဘူး" လို့ သူငယ်ချင်း တစ်မြို့တည်းသူ ခင်အေးရီက စစ်ဆေးပြောပြခဲ့သည်။

ခင်အေးရီကို ယူခဲ့ရရင်တောင် အကောင်းသား။

သို့သော် ခင်အေးရီသည် အတန်းထဲတွင် နောက်ဆုံးက အောင်တတ်သူ။ သေးကွေးပျော့ညက် ရှက်တတ်သူ။ သန်းတင့်လေးကို ခေါင်း ပုတ်တတ်။ ဗိုကေမွှေတတ်သည့် သူငယ်ချင်းမျှသာပဲ။

ဘာမျှ စိတ်မဥပါဒ်တတ်။

တက္ကသိုလ်မှာ အခွင့်အရေးများစွာရှိပေမယ့် သူသည် ချစ်ဖို့ကောင်းသော မယားကို ရှာရမှန်းမသိခဲ့။ တွေဝေမိုက်မားခဲ့လှ၏။ စာကလည်း ကြိုးစားရသည်နှင့် ခင်အေးရီ အဆိုအရ "စာ တယ်မဖျင်း" တော့ဘဲ ဘီအက်စ်စီအောင်ကာ ယုယုခင် မိဘ အစွမ်းဖြင့် အင်္ဂလန်တောင် အမ် အက်စ်စီ သွားယူလိုက်သေး၏။ အင်္ဂလန်မှာ စာမေးပွဲ ခဏခဏကျသော်လည်း သူ လွတ်လပ်ပျော်ရွှင်စွာ နေရသည်ကို တွေးမိပျော်ရသေး၏။ လက်နိုပ်စက်စာရေးမ များစွာကို

ညစာထမင်း ကျွေးတတ်လာ၏။ တစ်လ ပေါင်တစ်ရာ့ငါးဆယ်မျှ ယုယုခင်ပို့သော ငွေတောင် မလောက်တော့ချေ။ ယုယုခင်သည် မိဘ မသိအောင် စိန်နားကပ်တောင် ပေါင်ရသည်တဲ့။

ပြန်လာတော့ ယုယုခင်သည် သတင်းကြားနင့်လေပြီ။ သို့သော် ဦးသန်းတင့်ကို သစ်တော အရေးပိုင် မြန်မြန်ဖြစ်အောင် စိန်လက်ကောက် ထပ်ပေါင်လိုက်သေး၏။ ရန်တော့ ဖြစ်ကြ၏။ ငါ့ကြောင့် နင်လူဖြစ်လာ ပြီးတော့ဟု ကြမ်းကြမ်းတမ်းတမ်း ပြောတတ်၏။ ဟုတ်သလား သူမသိ။ လူမဖြစ်ရသေးခင် ယုယုခင်နှင့် ယူမိလို့လား မသိ။

ဦးသန်းတင့်သည် မညာတာချင်တော့ဘူးဆိုလျှင်တော့ "ကလေးလည်း မမွေးဘဲနဲ့" ဟုသာ ဆိုလိုက်ရန် ရှိလေသည်။ "အဆီပိတ်နေတာပဲ" ဟု ဆိုလိုက်ရန် ရှိလေသည်။ ဆိုမြဲပင်။ ယခုတစ်လောကတော့ သူ တစ်မျိုးနိုင်တတ်ပြန်သည်။

"မြနန္ဒာ ဝတ်ပုံ၊ စားပုံလေးများ အတုယူပါဦးကွာ"

"မြနန္ဒာက သိပ်လှတာပဲ။ တို့မိန်းမ တောင်ပို့မကြီးနဲ့တော့ မယှဉ်ဝံ့အောင်ပါပဲ" ဟု အိပ်ရာထဲကျလျှင် မိန်းမ မခံချင်အောင် ပြောတတ်၏။ တကယ်တော့ မြနန္ဒာကို သိပ်လှသည် သူ မထင်ချေ။ ရခိုင်သူဆိုတော့ ခပ်ညိုညိုပေါ့။ ကုလားဆင်ပေါ့။ သူ့နှုတ်ခမ်းက ကျနသေသပ်ပေမယ့် ကိုယ့်မိန်းမနှုတ်ခမ်းလို မသေးငယ်လှပါဘူး။ မျက်ခုံး၊ မျက်လုံးကလည်း ထင်ရှားလွန်းလှပါတယ်။ နှာခေါင်းက ချွန်လှပါတယ်။ မေးက မြဲမြံလွန်း လှပါတယ်။

"ရှင်… မြနန္ဒာအကြောင်း သည်လောက်ပြောနေတာ တကယ်များ ကြိုက်နေတာလား" ဟုတော့ ယုက ရန်စွာလေ့ရှိသည်။ စစ်ဆေးတတ်သည်။

"မြနန္ဒာကများ ခေါင်းညိတ်ခေါ်ရင် ရှင်… ဝေါက်ခနဲ ထပါသွား မှာပဲနော်" ဟု စစ်ဆေးတတ်သည်။

"ဒါပေါ့ကွ"

ယုယုခင်သည် သူ့ကို တအုန်းအုန်းထုမြဲ။

သူက တဟားဟား ရယ်ရင်း "စိတ်မဆိုးပါနဲ့ကွာ၊ မြနန္ဒာလို ရွှေမင်းသမီးလေးမျိုးက ခေါင်းညိတ်ခေါ်တာ ဘယ်သူ ငြင်းနိုင်ပါ့မလဲ။ မင်း ခေါင်းညိတ်ခေါ်တာတောင် ငါ လိုက်လာတာပဲ"

တအုန်းအုန်း ထုပြန်၏။

"နာတယ်ကွ ယုရ၊ ဒါပေမဲ့ မြနန္ဒာအကြောင်းတော့ မပြောကြပါနဲ့ စို့ကွာ။ သူ့ခမျာ သနားပါတယ်။ လင်နဲ့သားနဲ့ဟာ ဇာရဲကြီးတတ်တယ်။ မပြစ်မှားကောင်းဘူး။ ငါ့မှာလည်း မယားနဲ့ပါ။ သားမရှိတာ တစ်ခုပဲ"

ယုယုခင်သည် သူ့ကို မထုတော့ချေ။ တိတ်ဆိတ်နေကြ၏။

သူကပဲ စပြောမိပြန်သည်။ "မြန်န္တာဟာ တကယ်တော့ လင်နဲ့ ယုံနိုင်စရာ မရှိဘူး။ ကလေးနစ်ယောက် အမေဆိုတာလည်း ယုံနိုင်စရာ မရှိဘူး။ လုတာထက် တစ်မျိုးကျက်သရေရှိတာ ကုသိုလ်ကောင်းတာလို့ ဆိုရမယ်"

"လုတာထက် ပိုက်ဆံရှိတာ၊ ဝတ်နိုင်စားနိုင်တာ၊ ငြိမ်းငြိမ်းချမ်းချမ်း နေရတာပါတော်"

"မင်းကော ဘာပူစရာရှိလို့လဲ၊ စားပြီးအိပ်၊ အိပ်ပြီးစား၊ ပြီးတော့ ဖဲရိုက်"

"သူကတော့ မရိုက်တဲ့အတိုင်း"

"မင်းက ငါ့မှ အိမ်ပြင်ထွက်ခွင့် မပေးဘဲကိုးကွ၊ မင်းဖဲရိုက်ကျန်ခဲ့ပါလား။ ငါ ဘာတစ်အိမ်မှ ဝင်မလုဘူး။ တစ်ပတ်ကို ငွေတစ်ရာသာပေး။ များများ မဟုတ်ဘူး။ ငါ့လခချည်း တစ်လ တစ်ထောင့်နစ်ရာ ရနေတာ သဒ္ဓါဖို့ ကောင်းတယ်။ စနေနေ့ ထွက်မယ်။ တနင်္လာနေ့ မနက် ပြန်ခဲ့မယ်။ တကယ်ပြောတာ"

ယုယုခင်သည် သည်တစ်ခါတော့ ဘာမပြော ညာမပြောနှင့် ငိုယို လိုက်သည်။

လင်မယားဆိုတာ တစ်ယောက်ကို တစ်ယောက် ဘယ်လိုပဲ ညာညာ သိကြတာပါပဲ။ ငါဟာ ယုယုခင်ကို မစုံမက်တာ။ သီတင်းပတ် အားလပ်ချိန်မှာတောင် လွတ်ရာကို သွားချင်တာ သူ သိတာပါပဲ။ မချစ်တာတော့ လည်း မဟုတ်ဘူး။

ယု ကိုယ်စိတ်ဆင်းရဲမယ်ဆိုရင် လောကမှာ အပူဆုံးလူဟာ ငါပဲ ဖြစ်မှာပဲ။ ဒါပေမဲ့ စိုးမိုးလွန်းတာ မကြိုက်လို့လား။ နစ်နစ်ကာကာ ချစ်တယ် ဆိုတာ မသိရဘဲ ယူခဲ့လို့လား။ ပြီးတော့ ငါဟာလူပဲ။ ယောကျ်ားပဲ၊ လက်သပ်မွေးထားတဲ့ ခွေးကလေး ကြောင်ကလေးမှ မဟုတ်တာ။

"ရှင့်ကို မြန်န္တာနဲ့ တစ်လလောက် ပေးစားထားချင်တယ်။ ရှင် ခုလို အခန့်သား စံစားပြီးများ နေရမယ် ထင်လား"

"မိန်းမယူတယ်ဆိုတာ ကိုယ်က ချစ်ချင်တာလည်း ပါသေးတာ ပေါ့" ဟု သူ ပြောလိုက်မည်ပြင်ပြီး မပြောတော့ချေ။

"အကောင်းဆုံးကတော့ မိန်းမ မယူတာပါပဲ" ဟု သူ ပြောဖြစ်အောင် ပြောလိုက်သည်။

မြန်န္တာ သူတို့ဖဲဝိုင်း တစ်ပတ်တစ်ခါ လာသည်ကိုတော့ သူ မျှော် တတ်သည်။ မြန်န္တာလာလျှင် စိတ်ဝင်စားဖွယ်တွေကို သူ တွေ့ရသည်။ လင်းထင်နှင့် ဆက်ဆံပုံလေးတွေကို သူ အကဲခတ်တတ်သည်။ ယုသည် "မြူနေတဲ့ မိန်းမပဲ" ဟု ရက်ရက်စက်စက် ပြောလေသည်။

ဦးသန်းတင့်ကမူ သည်လို မထင်ချေ။ မြနန္ဒာမှာ အချစ်စိတ်ဆိုတာ မရှိဘူးလို့သာ သူ ထင်သည်။ နှင်းဆီပန်းပွင့်လို လှသည်။ မွေးရနံ့ကို ပတ်ဝန်းကျင်မရွေး ထုံပျံ့သည်။ လရောင် ကြယ်ရောင်လို ရေမြေတောတောင်မရွေး ယှက်ဖြာ ဖြန့်ဖြူးလိုက်သည်။ မြနန္ဒာနှင့် အတူနေရမှာ ပျင်းစရာကြီးနေမှာပဲ။ အပြုံးက အေးစက်စက်၊ စကား မပွင့်တပွင့်၊ အသံ မထွက်တထွက်နဲ့၊ အင်္ဂလိပ် လိုချည်း ပြောနေတာများတော့လည်း တယ်ရင်းနှီးလို့မရ။ သူ ပြောတဲ့ အင်္ဂလိပ်စကားက သိမ်မွေ့လှတယ်။ လင်းထင် တစ်ယောက်၊ အဲ... ခင်အေးရီ တစ်ယောက်ပဲ အပြိုင် ပြောနိုင်တယ်။ လူပျိုသိုး တရုတ်ကပြား ညီအစ်ကိုကလည်း အမေရိကန်သားဂိုက်နဲ့ အမေရိကန်သံ သာ ပေါက်ကြတာ။ မြနန္ဒာကျတော့ ငေးနေကြရပြီး နားမလည်တစ်ချက် လည်တစ်ချက်ပဲ။ သိသားပဲ။

ခု ကြည့်ပါလား။ ဝင်လာပုံက ဇာခန်းဆီး လွင့်လာသလိုပဲ။ နွဲ့တာလည်း မဟုတ်။

ခုထိ စကားတစ်လုံးမှ မပြောသေးဘူး။ တလဲ့လဲ့ပဲ ပြုံးနေတော့တာပဲ။ အိမ်က မယားကတော့ ကြက်မလိုပဲ၊ ကက်ကက် ကက်ကက်နဲ့ နေတာပဲ။ ကိုတင်မောင်ကတော့ ထုံးစံအတိုင်း ပန်းချီဆရာမျက်စိနဲ့ ကြည့်နေတာပဲ။ မြနန္ဒာပုံ သူ ဆွဲချင်ဟန်တူတယ်။ သူက လူ့မျက်နှာတွေကို ဆွဲလေ့ရှိတဲ့လူ။ မျက်တောင် မခတ်ဘူး။ လှဦးက အသားယူနေတုန်း၊ မြနန္ဒာနား ထပ်တိုးကပ်လို့ ကိုယ်ငွေ့ရှူနေတုန်း။ လင်းထင်နဲ့ မြနန္ဒာ စိတ်ကူးထဲက တခြားကမ္ဘာမှာ အတူရောက်နေတာပေါ့။

သိပြီ။ မြနန္ဒာဟာ သည်မှာ ရှိပေမယ့် ဘယ်တော့မှ သည်မှာ မနေဘူး။ သူ့စိတ်ဟာ သူ ရောက်နေတဲ့ နေရာမှာ မရှိဘူး။ တခြား တစ်နေရာမှာ။ အဲဒီကို လင်းထင်က လိုက်သွားပြီလေ။

ထိုခဏ လင်းထင်၏ မယား ခင်အေးရီက သူ့ကို တစ်ခုခုပြောလိုက် သည်လို့ သူထင်ကာ ဖျတ်ခနဲ လှည့်ကြည့်မိသော်လည်း ဘာမျှ ပြောသည် မဟုတ်ချေ။

မဆီမဆိုင် သူငယ်ငယ်က ခင်အေးရီနှင့် အားလုံး ကလေးတစ်သိုက် ညနေ နေဝင်ရီတရောမှာ တူတူပုန်းတမ်း ကစားကြသည်ကို သတိရလိုက် ၏။ သူတို့ ကစားကြပြီး လူပြန်စုသော် ခင်အေးရီ ပျောက်နေသည်။ ဒါနှင့် သူတို့အားလုံး ရှာကြသည်။ ရှာလို့မတွေ့။ နောက်တော့လည်း မိုးကြိုးပစ်၍ အခေါင်းကြီးဖြစ်နေကာ ရွက်သစ်ပြန်ထွက်နေသည့် ညောင်ပင် ခေါင်းမှာ သွားတွေ့သည်။ ခင်အေးရီက တဟားဟား ရယ်နေကာ “နင် ဖြတ်သွားတာ ငါတွေ့သားပဲ။ ငါ ခေါ်တာလည်း နင် မကြားဘူး” ဟု ပြောသည်။ သူ မှတ်မိသမျှ အဲဒီညောင်ပင်ခေါင်းမှာ သူ ရှာမိသည်။ ခင်အေးရီကို မတွေ့။

လူကြီးများက ဆူသည်။ “အဲဒါ နတ်ဝှက်တာ သိလား။ နေဝင် ရီတရောကို တူတူပုန်းတမ်း မကစားရဘူး” တဲ့။ ခင်အေးရီကတော့ သတ္တိကောင်းသည့်နေရာမှာ ကျော်ကြားလေတော့ “ဟုတ်လား၊ နတ်ဝှက်တာလား။ သည်လိုဆိုရင် တူတူပုန်းတိုင်း ငါ့ကို နတ်ဝှက်ပါစေဟယ်၊ သည်တော့မှ ငါ လုံမယ်၊ ဘယ်တော့မှ မမိဘူး၊ ဘယ်လောက်ကောင်းလဲ” ဟု ပြန်ပြောလေသည်။

"မိရီ နင် ငါ့ကို ခေါ်လား" ဟု မေးလိုက်သေး၏။

"ဘာကိစ္စ ခေါ်ရမှာလဲ"

ထိုနောက် ဦးသန်းတင့်နှင့် ဒေါက်တာခင်အေးရီတို့သည် နင်နှင့် ငါနှင့် ပြောရတာ ရှက်သလို ရယ်မောလိုက်ကြသည်။ ခင်အေးရီသည် ယုယုခင်နှင့် သူ လက်ထပ်သည်ကို နည်းနည်းမှ မကြိုက်ခဲ့ချေ။ အပြင်းအထန် ဝေဖန်ခဲ့သည်။ နှစ်များစွာ ကွဲကွာနေခဲ့ပြီးမှ လင်းထင် ဖဲရိုက်ချင် သည်မို့ ပြန်ပေါင်းသင်းမိကြခြင်း ဖြစ်သည်။ ဆေးရုံနှင့် အလုပ်များနေကြ ပြီး အားသည့် တနင်္ဂနွေနေ့များမှာ လင်းထင်က ဖဲဝိုင်းရောက်နေပြန်တော့ လင်နှင့်နေရအောင် ဖဲဝိုင်းလိုက်ရသည့် သားဖွားမီးယပ်သမားတော်ကြီးပေ့ါ။ လင်းထင်ကတော့ မြနန္ဒာ လာတတ်လို့ လာခြင်းပါပဲ။ သို့မဟုတ် မြနန္ဒာကကော လင်းထင် လာတတ်လို့ လာခြင်းလေလား။

သူတို့နှစ်ယောက်ကတော့ တစ်ခန်းလုံး ဘယ်သူမျှ မရှိသည့်ပမာ တစ်ယောက်ကိုတစ်ယောက် ပြုံးကြည့်နေကြတာပါပဲ။

ငယ်ကြတော့တာလည်း မဟုတ်ပါဘူး။ သုံးဆယ် ကောင်းကောင်း ကျော်လို့ လေးဆယ်ဝင်တဲ့အပိုင်းပေ့ါ။ ကိုယ်တို့က ခင်အေးရီ လင်မယားထက် သုံးနှစ်လောက်ကြီးတယ်။ မြနန္ဒာနဲ့ ကိုယ်နဲ့ တစ်နှစ်တည်း တက္ကသိုလ် ရောက်တာပဲ။ အိမ်ထောင်ကျကြတာလည်း ၁၅ နှစ်လောက်တော့ ရှိကြပြီ၊ သူများကလေးတွေပဲ လမ်းသရဲ ဖြစ်ကြပြီ။ လမ်းသရဲ ဖြစ်မယ်ဆိုရင်တော့ ယုယု ကလေးမမွေးတာဘဲ ကောင်းပါတယ်။

သို့ပေမဲ့ ကိုယ့်ကိုယ်ကိုယ်တော့ ကြီးလာပြီလို့ မထင်ကြပါဘူး။ ဖဲရိုက်ကောင်းတုန်း၊ အရက်သောက်ကောင်းတုန်း၊ မိန်းမချောချောမြင်ရင် ငမ်းကောင်းတုန်းပဲ။ "မဟုတ်ဘူးလား ယု" ဟု စိတ်ထဲက မယားကို မေးလိုက်၏။

xxx

ကိုလှဦးသည် စီးကရက်ကို ကြည့်နေသည် မဟုတ်။

မြနန္ဒာ၏ စိမ်းလန်းပြတ်သားသော မျက်ခုံးမွေးအောက် ကော့ဖြူး မည်းနက်ထူထပ်လှသော မျက်တောင်များ အနည်းငယ် လှုပ်ရှားနေသည်ကို သူကြည့်နေသည်။ မျက်လွှာချလိုက်သဖြင့် တင်းမို့လာသော မျက်ခွံအောက်မှ မျက်လုံးသဏ္ဍာန် ပေါ်လာဟန်ကို သူ ကြည့်နေသည်။ နောက်ပေါ်လွင်ရုံမက အဖျားကော့ချင်သော နှာတံကို သူကြည့်နေသည်။ သည်နှာတံ အဖျားကော့ပုံမျိုးသည် စိတ်အလိုလိုက်တတ်ဟန်၊ စိတ်လက်မာန်ပါ လုပ်တတ်ဟန်၊ အတွင်းစိတ်ကို ပြသည်လို့ သူ မှတ်ချက် ချနေသည်။ သူ သဘောကျသည်။ ထို့နောက် စိုပြေသော ပန်းဖျော့ရောင်ဆိုးသည့် ပိပြားသပ်ရပ်သော နှုတ်ခမ်းများကို သူ ကြည့်နေသည်။

မျက်ခွံမို့မို့ နှစ်ဖက်ကို တစ်ချက်စီ သူ နမ်းချင်သည်။ ရဲရဲတောက်၍ ပြာပင်တည်နေပြီဖြစ်သော စီးကရက်ကို အသာယူဖယ်ပစ်ပြီး လှပကော့ပြုံးသော နှုတ်ခမ်းတစ်စုံကို သူနမ်းချင်သည်။ ပြီးတော့ မြနန္ဒာရဲ့ အဖျားကော့ချင်သည့် နာတံကို လျှာဖျားနှင့် တို့ ကစားရလျှင် ဘယ်လိုတုံ့ပြန်မလဲလို့ သူ စဉ်းစားနေသည်။

ကြည့်စမ်းပါဦး၊ နားရွက်ကလေးကအစ လှလိုက်တာ၊ နားရွက်ဖျားမှာ နားကပ်လဲ မပန်ဘူး၊ ပျော့ပျောင်းပြီး ပန်းသွေးကို ကြွလို့၊ နားရွက်ဖျားကို အသာကလေးကိုက်လိုက်ရလျှင် မြနန္ဒာ တွန့်လိမ်ငြင်းဆန်မည်လား။ နားရွက်တွင်းကို လျှာနဲ့ တို့ ကစားတော့ ခစ်ကနဲရယ်လို့ ပါးပြင် သည်ဘက် လှည့်လာပြီး နှုတ်ခမ်းများကို ပေးအပ်မယ်လား။

မိန်းမလိုက်စားတတ်သော ကိုလှဦး၏လက်ပေါ်တွင် တင်လာသည့် မြနန္ဒာ၏ လက်ခုပ်ကလေးသည် နွေးလှသည်။ ရွှေမီးခြစ်ကို ပစ်ချပြီး ထိုလက်ကလေးကို ဆုပ်ကိုင်လိုက်ချင်သည်။ သည်လိုဆိုလျှင် ရှည်သွယ်သော လက်များနှင့် ကော့ချွန်သော ပန်းရောင်လက်သည်းရှည်များသည် သူ့ လက်ဖဝါးများထဲမှာ ကွေးငုံ့နေမည်လား၊ သူ့ လက်ဖါးကို စူးနှစ်မည်လား။

မြနန္ဒာကို သူချစ်ကြိုက်လှ၏။

မိန်းမဆိုလျှင် သူချစ်ကြိုက်ချင်လှ၏။ ဘယ်မိန်းမမဆို သူ့ အဖို့ ဆန့်ကျင်ဖက်လိင် မျှသာဖြစ်ကာ တပ်မက်ဖို့ သာ သူစိတ်ကူးသည်။ သူ ရမ္မက်ကြီးမားသည်ကိုလည်း ဝမ်းနည်းစရာလားဟု တွေးတော၏။ သတ္တလောက ဖန်ဆင်းသော လိင်နှစ်ရပ်သည် တခုကိုတခု တပ်မက်သည်မှာ သဘာဝကျလှသည်။ နည်းနည်းနှင့် များများ ကွာချင်ကွာမည်လေ။ ဒါတောင် သံသယများစွာ ဝင်သည်။ လူတို့ သည် ဟန်ဆောင်နေကြတာကို ချီးမွမ်းဘွယ်လို့ပင် ထင်ကြသေးသည်။ ရယ်စရာပင်၊ ကိုလှဦးကတော့ ဟန်မဆောင်ချင်ပါ။

အရက်ကို ရီဝေဝေကလေး ရှိုက်ရုံ၊ သူငယ်ချင်းအပေါင်းအသင်းနှင့် စကားကောင်းရုံလောက်သာ သူ စုံမက်၏။ အရက် လွန်ကြူးသူများ ဝိုင်းမှာတော့ သူသည် သူလိုချင်သည်ထက် ပိုလျှံလာလျှင် ရှုန်ပိန်ကိုပင် သူတကာမမြင်အောင် ဧည့်ခန်းထောင့်မှ ပန်းစိုက်အိုးထဲ သွန်တတ်လေသည်။ လောင်းကစားလျှင် ရှုံးမည်ကို နမြောတတ်၏။ သေနတ်ပစ်ထွက်ပါ၏။ တောရွာတရွာ၌ အိပ်၍တွေ့ ကရာ မိန်းမရှာမြဲ။ အညာမှ ဆီစက်များသို့ တလတခေါက်သွားရ၏။ ကုလီမလေးများနှင့်ရောမြဲ။ မိန်းမနှစ်ယောက် တစ်ပြိုင်ထဲ ယူထား၏။ သားနှင့် သမီးနှင့် အိမ်နှစ်အိမ်ကူးကာနေ၏။ သို့သော် 'ကိုယ့်ချစ်တတ်တဲ့ ဂါသနာတော့ မထိကြနဲ့နော်' ဟု သူတင်းတင်းကြပ်ကြပ်ကြေညာမြဲ။ သူယူထားသော မိန်းမတို့ သည် ပညာမတတ်၊

အိမ်ထောင်သာထိန်း၍ ကလေးသာမွေးတတ်ကာ သူ့ ကိုတော်လှန်ပုံ့ကြသည်မဟုတ်။ သူ့ စီးပွားရေး သူသာကိုင်၍ မယားများကို အိမ်နှင့် ကားနှင့် လခ လုံလောက်စွာ ပေးထားသည်။ တော်ပြီပင်။

ကိုယ့်ချစ်တဲ့ ဂါသနာတော့ မထိကြနဲ့ ပေါ့…။

သူ့ရဲ့ သဘောကောင်းပုံ၊ ရက်ရောပုံတွေကြောင့် အပေါင်းအသင်းများကလည်း သူ့ ကို ခင်မင် နှစ်လိုကြသည်။ ယော်ကျားချင်းချင်း မိန်းမ အသစ်အဆန်းတွေ့ လျှင် သတင်းပေးကြ၏။

ပိုက်ဆံရှင်ပြန်တော့ သူလိုချင်တာကိုရမြဲ။

ပိုက်ဆံရှင်ပုံချချင်း တူတာတောင် သူများမရတာ ရဘို့ ခက်တာကို သူရတတ်သည်။

ဥပမာ- တလောက သတင်းရတဲ့ မားဂရက်ဆိုပါတော့။

မားဂရက်၏ အဆက်အပေါက်ကို သူမကြိုက်လှ၊ ငယ်ငယ်က မယ်ဗမာပြိုင်ပွဲများ ဝင်ခဲ့ဘူးသလားမသိ။ မြင့်မားထွားကျိုင်းလှသည့် ဒေါက်တာခင်အေးရီတို့ တောင် မားဂရက်နှင့် ယှဉ်လိုက်လျှင် သေးငယ်နနယ်လို့ ကျန်ရစ်သည်။ သိပြီ၊ သိပြီ ဘိုင်စကုတ်မင်းသမီး အနီတာအိဂ်ဘတ်နဲ့ ဆိုက်ချင်းခပ်ဆင်ဆင်ပဲ၊ နဲတဲ့ အတိုင်းအတာတွေ မဟုတ်။ ခါးတုတ် ဗိုက်ပူတာတစ်ခုဘဲ။ မျက်နှာကတော့ ကရင်စပ်သလား၊ တရုပ်စပ်သလားမသိ။ မလှပ၊ မျက်စိမှေးသည်။ နှာခေါင်းပြားသည်။ မေးရိုးကားသည်။ မားဂရက်သည် တခုလပ်ဖြစ်သည်။ စိန်နဲ့ ၊ရွှေနဲ့ ၊ အိမ်နဲ့၊ ကားနဲ့ ဘဲ။ လင်နဲ့ ကွဲတုန်းက ရလိုက်တာတွေကို မပျောက်ပျက်အောင် ထိန်းလို့ နေသည်။ အလုပ်တော့ မရှိ၊ ကားတစင်းနှင့် တစ်ယောက်တည်း မန္တလေးတို့ ရှမ်းပြည်တို့ တက်လို့ နေသည်။ ဗလတွင်မက သတ္တိပါကောင်းသည့် မိန်းမ။

'မားဂရက်အသား ခင်ဗျား မစားဘူးသေးပါဘူး' ဟု အရက်ဝိုင်း တဝိုင်းမှာ စကား စ မိလေ၏၊ ဘယ်သူပါလိမ့် ပြောတာ၊ ကိုသန်းတင့်လားမသိ၊ လူပျိုသိုး ကပြားညီအကိုတယောက်ယောက်ကလား မသိ။

'ကောင်းလား' ဟု သူမေးပြီး ဟဲကနဲ ရယ်ပစ်လိုက်သည်။ စိတ်မဝင်စားသလိုလို၊ ဝင်စားသလိုလို။

'လင်နဲ့ ကွဲတာ မကြာသေးဘူးဗျ၊ ခင်ဗျားဗလနဲ့ တော့ မဖြစ်ပါဘူး၊ တချက်လှဲ့ ရှိမှာ'

သူတို့ အားလုံးညစ်ညမ်းသော အတွေးတခုကို ပြိုင်တူတွေးကြပြီး တယောက်နှင့် တယောက် အစင်းသိကြကာ ရယ်လို့ မဆုံးအောင် ရယ်လိုက်သေး၏။

'ရပါတယ်ဗျာ' ဟု သူကပြောပြီး ချက်ချင်းစိတ်ဝင်စားလာ၏။

'ပိုက်ဆံ သိပ်ပေးရလား' ဟု မေးလိုက်ရ၏။

'ပေးတော့ ပေးရတာပေါ့၊ မေးမှမေးတတ်တယ်၊ ဒါပေမဲ့ သူ့စိတ်က သဘောကျမှ ရတာဆရာရေ့၊ ဟိုတနင်္ဂနွေနေ့က ကိုတင်ဂင်း သိတယ်မှုတ်လား၊ အဲ··· ကိုတင်ဂင်းက ထမင်းစားခေါ်ပြီး ဘာမဟုတ်တာ သွားစမိတယ် မသိဘူးဗျို့၊ တချက်ထဲ နရင်းအုပ်ချလိုက်တာ ကိုယ့်လူကို ခွေကနဲ ကျသွားတာဘဲ၊ ကိုတင်ဂင်းက မားဂရက် တစိတ်လောက်ရှိတာ။ အကိုင်တတ်မှဗျ '

'သဘောကျတယ်ဗျို့ .....ခင်ဗျားနဲ့ သိလား၊ မနက်ဖြန်ည ထမင်းကျွေးရအောင်'

'သိတာပေါ့၊ ခုတလောတော့ မဆုံမိကြဘူး၊ ကျုပ်မိန်းမ သိသွားလို့ အိမ်မီးလောင်နေတာနဲ့ မလှုပ်ပံ့သေးဘူး'

နောက်တစ်နေ့ညကတော့ တွေ့ကြ၏။ 'ဒါက ကိုလှဦးတဲ့၊ ဆီစက်လေးလုံးပိုင်ရှင်ပေါ့ဗျာ၊ ရှမ်းပြည်မှာ ဂျုံလဲစိုက်တယ်၊ ဘိန်းလဲစိုက်တယ်' ဟု ခပ်နောက်နောက် မိတ်ဆက်ပေးခြင်းခံရ၏။

'အလကား မားဂရက်၊ ကျွန်တော့်ကို အဖမ်းခံရအောင် လုပ်နေတာ' ဟု ရင်းရင်းနှီးနှီး သွေးတိုးစမ်းကြည့်လိုက်၏။ မိန်းမ က ခပ်တည်တည်ပင် ဘာမှမပြောချေ။

'အေးဗျာ၊ ပြင်ပြောပါ့မယ်၊ အောက်ပြည်ကို ဆီပုံးပို့တယ်၊ ရွှေချောင်းချတယ်'

သည်တော့လဲ မိန်းမက ရယ်မော၏။

သူတို့စားသောက်ပြီးကြသော် ကိုလှဦးသည် မားဂရက်ကို ဘယ်လိုကိုင်ရမည်ဆိုတာ စဉ်းစားပြီးပြီ။ ထို့ကြောင့်ဘာမျှ စိတ်ကူးမရှိသလိုပင်၊ ဆီဈေးအကြောင်းပြော၏။ ဘိန်းနှင့် ရွှေခိုးချပုံတွေ ပြော၏။ ပေလီမှာ လသာလျှင် ပျော်စရာကောင်းပုံတွေ ပြော၏။ ကျိုက်ထီးရိုးဘုရား သွားလည်တာတွေ ပြော၏။

ည၌ ၁၀-နာရီခွဲမှ စကားဖြတ်ကာ 'ကဲ ..... သွားစို့' ဟုသာ တလုံးထဲ ပြောလိုက်၏။

'ဘာလဲ' ဟု မားဂရက်က ခပ်တည်တည်ပင် မေးပြန်သည်။ ကိုလှဦးက 'အိမ်ငှားထားတယ် ' ဟု ပြောကာ ခြံနံပါတ်ကို ပြောလိုက်ရာ မိန်းမက ဘာမပြော ညာမပြော ထလိုက်လာပါလေရော။

သူ့မိတ်ဆွေက နောက်တော့ လက်ဖျားခါ၍ မဆုံးပေ။ 'ဟုတ်လဲ ဟုတ်တဲ့လူဗျာ၊ ဂုဏ်ပြုပွဲ ကျင်းပအုံးမှ' လို့ ချီးမွမ်းသည်။ 'ပိုက်ဆံတောင် မကုန်လိုက်ဘူးမှတ်တယ်' ဟု စစ်ဆေးသည်။

'ဘယ်ကုန်မလဲ' ဟု ကိုလှဦး ပြောလိုက်သော်လည်း စင်စစ် မားဂရက်၏ အလျားတစ်တောင်၊ အနံတပေခန့်ရှိသော အဖိုးတန် ရားမွှိုင်းသားရေ ပိုက်ဆံအိတ်ထဲ သူ ငွေ ၂၀ဝ-

ထည့်သော် အထဲ၌ ငွေစက္ကူများ အထပ်လိုက် ရှိနှင့်နေသည်ကိုတွေ့ ကာ အားနာ ရှက်ရွံ့ ပြီး နောက်ထပ် ၁၈၇- ထည့်လိုက်ရလေသည်။

မားဂရက် အိပ်ပျော်နေသည်ကို လှည့်ကြည့်ပြီး ထွက်လာသည်အထိ သူ့ စိတ်၌ ခင်မင်စိတ်ကလေးတောင် မရှိဘဲ၊ ပြောင်စပ်စပ်နှင့် ဆလု တချက်ရိုက်ပြီးသော ထွက်ခွာလာသည်။ ဟတ္တနီမ။ ကိုယ့်ကားနှင့်ကို လာကြသည်မို့ လိုက်ပို့ စရာမလို။ နီးလျှင် သူ့ ဖာသာ ပြန်လိမ့်မည်။

နောက်ထပ် မားဂရက်နှင့် မတွေ့ တော့။ အမှတ်တရတော့ ရှိပါသည်။

xxx

မားဂရက်ညီမ ပညာရေးဌာနက မာဂျရီနှင့်တွေ့ လိုက်သေး၏။ ခပ်ကြာကြာ တွဲလိုက်သေး၏။ မာဂျရီ ဘယ်လို အကပ်ကောင်းပြီးမှန်းမသိ၊ နိုင်ငံခြားပါသွားမှ ကွဲကွာသွားကြသည်။ မာဂျရီက ညီမအငယ်ဆုံး နှောင်းမွေးကလေးမို့ တဲ့။ အတိုင်းအထွာတွေ ကောင်းသော်လည်း အရပ်ပုသည်။ နှစ်မြိုက်စရာ ကောင်းသည်။ ချစ်ကြိုက်လို့ ရသည်။ အိမ်နှင့်ယာနှင့် ထားမည်ပင် စိတ်ကူးသည်။ သို့ သော် မာဂျရီက အပျိုပင်။ ယောက်ကျားကောင်းကောင်းယူချင်သည်။ စထရင်းမှာ လက်ထပ်ချင်သည်တဲ့။ ထိုင်မသိမ်းထမီ ဂတ်ချင်သည်တဲ့။

မြန်နန္ဒာကတော့ သည်ဟာမတွေနဲ့ မယှဉ်ထိုက်သည်မှာ မှန်သော်လည်း ကိုလှဦးက ချစ်ကြိုက်ချင်စိတ်ပေါ် ပုံမှာ တူတူပင်တည်း။ ဟိုဟာမတွေကို တပ်မက်ပုံမှာ နေ့ညမရွေး ဆိတ်ကွယ်ရာသို့ ခေါ်ပြီး တိုက်ရိုက် ကိစ္စပြီးချင်ခြင်းဖြစ်သည်။ မြန်နန္ဒာကိုတော့ သူ ယုယချင်သည်။ ပွေ့ ဖက်ချင်သည်။ နမ်းရှုပ်ချင်သည်။ မြတ်နိုးချင်သည်။ သမီးရည်းစားလို အဖိုးထားချင်သည်။ နောက်ဆုံးတော့လဲ တခုထဲသော ဘူတာသို့ ဆိုက်ချင်သည်ပင်။ သို့ ပေမဲ့ အေးမြလှတဲ့၊ ညရိပ်ညိုမှောင်တဲ့ မြန်နန္ဒာရဲ့ မျက်လုံးများသည် သူ့ ကို ပူလောင်ခြင်းမှ ငြိမ်းချမ်းစေတာ အမှန်ပင်။ မပြစ်မှားသင့်ပါဘူးနော်လို့ တောင်းပန်နေသလို ထင်သည်။ ပိရိကျနသော နှတ်ခမ်းများသည် သည့်ထက် ထူထဲဖောင်းကြွလိုက်လျှင် ကိုလှဦးသည် သူ့ ကာမဂုဏ်စိတ်အတွက် အားနာစရာ ကင်းပမည်။ ဘယ်လောက်ကောင်းမလဲ။ သို့ပေမည့် မြန်နန္ဒာ၏နှုတ်ခမ်းများသည် သပ်ယပ်လွန်းလှသည်။ ကိုလှဦး၌ မြန်နန္ဒာ၏ အဖျားကော့သော နှာတံကလေးကိုသာ အားကိုးစရာ ရှိလေသည်။

တခါတရံတော့လဲ ယခုတလော သူ့ စိတ်ကို မြန်နန္ဒာက အတော်ပင် စိုးမိုးတာကို မခံချင်ဘဲ ရှိလေသည်။ မိန်းမများစွာကို တွေ့ ကြုံလာခဲ့သော၊ မိန်းမဆိုတာကို တန်ဘိုးထားလေ့ မရှိသော ဆန့် ကျင်ဘက်လိင်ဆိုလျှင် အရှိအသေကင်းသော လှဦးပါကွဲ့ ။ မြန်နန္ဒာကို သူ့ စိတ်ကူးထဲမှ အဂတ်အစား ချွတ်ကြည့်သည်။ ပီပီသသ မပေါ် လွင်ပေ။ ပေါ် လွင်သမျှမှာလည်း ပန်းချီဆရာ ကိုတင်မောင်၏ ဧည့်ခန်းမှ လုံးတီးမိန်းမ ပုံများလို လှပမှုန်ရီခြင်းသာ သတိထားမိလေသည်။ သူ့ ၌

ညစ်ညမ်းစိတ်အတန်ပျောက်သည်။ ကာမဂုဏ်စိတ်ကတော့ တခြားပေါ့၊ မတူပါဘူး။ မြနန္ဒာ အပေါ် ညစ်ညမ်းလို့ မရ။ မြနန္ဒာ၏ လည်တိုင်ကျော့ကို သူ့ စိတ်ကူးနှင့် မျက်နှာအပ်ကြည့်ဆဲ၊ သူ့ လက်များသည် မြနန္ဒာ၏ ခပ်ရှရှ ထုံးနှောင်သော၊ သိပ်ပြီး မပွယောင်းသော ဆံပင်ထုကို ဖြေလျှော့လိုက်လိုစိတ်သာ ရှိလေသည်။

တခါ မြနန္ဒာသည် ဖဲပိုင်းကို သမီးငယ်ကလေး ခေါ်လာသည်။ ကတိပျက်မည်စိုးလို့ လာခြင်းဖြစ်သည်တဲ့။ ခဏဘဲ ထိုင်ပြီး တောင်းပန်ကာ ပြန်သွားသည်။ သူတို့ သားအမိ ရုပ်ရှင်သွားကြည့်ကြမည်တဲ့။ ဘဲလေးအကသာများ၍ လူကြည့်မများသော ရုပ်ရှင်မို့ ၃ ရက်နှင့်သာ ရုပ်သိမ်းသွားမည်ဆိုတော့ ရုပ်ရှင်နောက်ဆုံးနေ့ဖြစ်မည့် တနင်္ဂနွေနေ့ ကို ရုပ်ရှင်ကြည့်ရပါမည်တဲ့။ အဲသည်တကြိမ်က ကိုလှဦး အနည်းငယ်နှောင်တရလိုက်သည်။ မြနန္ဒာကို တောင်းပန်ချင်သည်။ အားနာလှသည်။ မြနန္ဒာသည် ကားတစီးနှင့်လည်နေသော၊ မိန်းမပွေသော ဆရာဂုန်ကြီးကတော်မျှသာ မဟုတ်ဘဲ၊ သမီးကလေးအတွက် ဖဲပိုင်းဖျက်၍ ရုပ်ရှင်ပြသော သားသည်အမေဆိုတာ သတိရသည်။ ကြုံကြုံဖန်ဖန် ရင်များပင် ခုန်ခဲ့သည်။ သားအမိနှစ်ယောက် လက်တွဲ၍ ထွက်သွားပုံကို စွဲကျန်ရစ်သည်။ သမီးကလေးက မြသီတာ ဆိုလား၊ မြသီတာလေးက ဂါဝန်အဖြူကားကားကလေးနှင့် သူ့ အမေကို ခေါင်းကလေးစောင်းလို့ မော့ကြည့်ကာ တတွတ်တွတ်ပြောကာ ထွက်သွားသည်။ သမီးလေး မျက်နှာမှာ မအေ့ကို အင်မတန်တွယ်တာချစ်ခင်ဟန်ကို မြင်လိုက်သည်။ နာနီ့ ကို အမေ့ထက် ခင်တွယ်သည့်ကလေးမျိုး မဟုတ်ချေ။ သူတို့ ညှော်ခန်းဆင်ဝင်မှ ထွက်ခွာကွယ်ပျောက်စမှာ မြသီတာကလေး၏ ကြောင်လည်ပင်းမှ ခြူကလေး လှုပ်လိုက်သလို တခစ်ခစ် လှစ်ခနဲ ရယ်မောသံကို ကြားလိုက်ရလေသည်။

ဘာပဲဖြစ်ဖြစ်….မြနန္ဒာကို စွဲမက်တာကိုတော့ ချိုးနှိမ်လို့ မရ။ အခုလို နီးနီးကပ်ကပ် စီးကရက်မီးညှိပေးရတုန်းမှာ အနားက မခွာချင်ပေ။ သူသည် လူပျိုလူရွယ်လေးလို ကြေနပ်နေသည်။(တစ်သက်လုံး လူပျို လူရွယ်လေးလို နေလာတာတော့ အမှန်ပါဘဲ။) ခပ်သင်းသင်း ရေမွှေးနံ့ ကလေးလို ရှူရှိုက်နေသည်။ သစ်ခွပန်းနံ့ လား၊ ဇီဇဝါပန်းနံ့ လား။ အိမ်က မယားသည်တွေ ကိုလည်း မပေးချင်၊ သမီးအကြီးဆုံးကိုလည်း အပျိုမလုပ်စေချင်သေးသဖြင့် သည်တိုင်း သိမ်းထားရသော သူ ဂယ်ထားသည့် တပေခန့် ရှည်သည့် ပြင်သစ်ရေမွှေးပုလင်းကြီးကို သတိရ၏။ မြနန္ဒာကို ပေးချင်၏။ ဘယ်လိုပေးရပါ့မလဲ။

တခါတုန်းက ဂျပန်ကုန်သည်တစ်ယောက်က ထောင်ကျနေသော စော်ဘွား၏ မယားချောကလေးကို လိုချင်နေတာ သတိရ၏။ စော်ဘွားကတော်လေးသည် အင်မတန်ဗိုလ်ဆန်သည်ကို ရနိုင်သည်ဟု ဂျပန်က အထင်မှားနေဟန်တူသည်။ အရက်မူးမူးနှင့် ငါးရာပေးမယ်၊ တထောင်ပေးမယ်၊ အို-ထောင့်ငါးရာ ပေးမယ်ဟု ဈေးချက်ခြင်း မြှင့်ပေးသည်ကို အိမ်လည်ရင်း ကြားခဲ့ရ၏။ ထိုဂျပန်သည် စော်ဘွားကတော်နှင့်ခင်သော ကုန်သည်မြန်မာမကို

ပဒေသာကပွဲကြည့်ရင်း ငွေခုနစ်ရာ ပစ်ပေးသွားသည်၊ ကုန်သည်မြန်မာမက ထပ်ပြီးတောင်းသေး၏။ ပေးသေးသလားမသိ။ ပွဲကြည့်သောအခါ စော်ဘွားကတော်လေးကို နားလှည့်ပါးလှည့်နှင့် ဖိတ်ခေါ်လာမည်ထင်သည်။ ဂျပန်များနှင့် အတူတူ တွဲထိုင်ခိုင်းမလားမသိ၊ ထိုမြန်မာမသည် သိန်းငါးဆယ်ခန့် ချမ်းသာသည်လို့ နောက်တော့ သိရကာ ကိုလှဦးကပင် အံ့သြလိုက်လေသည်။

သို့ ပေမည့် ယခုတော့ သူလည်း မြနန္ဒာကို သဒ္ဓါချင်လှသည်။ ရှိသမျှစည်းစိမ် ပုံပေးချင်ချင်ပါရဲ့ ။ မြနန္ဒာကလွဲလျှင် ဖွဲနှင့်စကွဲ ထင်နိုင်ပါရဲ့ ။ ဟား⋯..ဟား⋯⋯။ စိတ်ကူးယဉ်သင်းတဲ့ လှဦးပါတကား။

ဟုတ်သည်။ အေးစက်မယ်ထင်ရတဲ့ မြနန္ဒာရဲ့ လက်ဖျားများက ပူနွေးသားဘဲ။ ထင်တာထက်လဲ ပျော့ပျောင်းလှတယ်။ နှစ်ယောက်တည်းသာ ဆိတ်ကွယ်ရာမှာဆိုလျှင် ငွေ့ ဖက်လိုက်မိတော့မည်။

ထိုခဏ၌ မြနန္ဒာ၏ မျက်တောင်ကော့များသည် တုန်ရီလှုပ်ရှားလာပြီး မျက်လွှာပင့်အတင်မှာ မျက်ခွံမို့ မို့ များနှင့် ကပ်နေကြ၏။ ညို့ မှောင်အေးဆေးသော မျက်လုံးများ ကြည်လဲ့နေသည်ကို တွေ့ ရပြန်၏။ မိမိကိုဖောက်ထွင်းမြင်သလို ခက်ထန်သလိုထင်ပြီး မလုံမလဲစိတ် ဂင်လာ၏။ သူကလေးရဲ့ နှုတ်ခမ်းများကတော့ ပြုံးတော့မြဲပင်။ ကလက်ချင်ဟန်ကိုရှာ၏။ မတွေ့ ။ အနည်းငယ် ရှိသေစိတ်ဂင်လာပြီး ဆထက်တန်ဘိုး လိုချင်လာပြန်သည်။ သူ သတိရသော် မြနန္ဒာ၏ နွေးထွေးသော လက်ခုပ်ကလေးသည် သူ့ လက်ပေါ်တွင် မရှိတော့ဘဲ သူ မီးညှိပေးနေသော စီးကရက်သည် ရဲရဲညီကာ ပြာပင်တည်နေလေပြီ။

ဦးသန်းတင့်၏မယားသည် ကျောင်းနေဘက် သူငယ်ချင်း ယုယုခင်က - ကိုကိုငမ်းတို့ ရဲ့ ....- အစချီကာ ပြောလိုက်သံကို မသဲမကွဲ ကြားရ၏။ တော်တော်သရမ်းတဲ့ ဟာမကြီး⋯.။ ကျိန်ဆဲပစ်လိုက်သည်။

အိပ်မက် မက်လေ့ မရှိသော ကိုလှဦး၏ မလှတလှ အိပ်မက်သည် အလန့် တကြား ပျက်ပြားလေပြီ။

xxx

သို့သော် လင်းထင်ကတော့ အိပ်မက် အမြဲမက်တတ်သည်။

မြနန္ဒာနှင့် ပတ်သက်သော အိပ်မက်များသည် အမြဲလှပ၍ ဝမ်းနည်းဖွယ် အတိရှိသည်။ ဆုံးရှုံးခြင်းကို ပြတတ်သည်။ အိပ်မက်ထဲတွင် မြနန္ဒာသည် အသက်ရှင်နေလျှင် ဖမ်းလို့ မမိဘဲ ရှိတတ်ပြီး၊ လက်မောင်းတွင်း ရောက်လာလျှင်တော့ သေလုဆဲ သို့မဟုတ် သေပြီးစ

ဖြစ်နေတတ်သည်။ မြနန္ဒာ၏ ရှားနဲလ်ရေမွှေးနံ့များ လှိုင်နေတတ်သည်။ နင်းဆီပွင့်များ အိပ်မက်ကားချပ်၏ ဘောင်ပတ်လည်တွင် မယုံနိုင်အောင် ထောင်သောင်းနှင့်ချီ၍ ပွင့်နေတတ်သည်။ သည်လောက်များပြား၍ ထူးဆန်းသော နင်းဆီ ခရမ်းရောင်များ၊ ချော့ကလက်ရောင်များ၊ နင်းဆီပြာများကို တွေ့ရပြီ။ ထို့ကြောင့်ပင် အိပ်မက်ထဲမှာလည်း အိပ်မက်မှန်း သိနေတတ်သည်။

သို့သော် ခေါင်းမာသော လင်းထင်သည် သူ့စိတ်ကို သူ ချုပ်တည်း၍ အိပ်မက်မှန်း သိသော အသိကိုဖျောက်ကာ ဆက်လက်၍ မက်သည့် အခါ မက်ပြီး နိုးသည့်အခါ နိုးတတ်သည်။

ထိုအခါ သူ့ကျောဘက်၌ အိပ်ပျော်နေသည်ဖြစ်သော ခင်အေးရီ ကြားမည် မကြားမည်ကို သိပ်မပူပင်ဘဲ "မောင့်နမ မြနန္ဒာ" ဟု နှုတ်မှ ညည်းညူလေ့ရှိလေ၏။

မြနန္ဒာနှင့် လင်းထင်တို့သည် တော်တော် ခင်မင်ခဲ့ကြဖူးသည်။ အဲဒီတုန်းက မြနန္ဒာသည် ယခုထက် အနည်းငယ် ပိုမိုနုနယ်ပြီး ပါးပြင်များ အလိုလို နီနေတတ်သည်ကို သတိရ၏။ အသက် ၂၃ နှစ်အရွယ် မြနန္ဒာက ကိုယ့်ထက် ၄-၅ နှစ်ခန့် ကြီးလေတော့ လင်းထင်ကို မလေးစားလောက်ဘူး ထင်လေသလားမသိ။ ရင်းရင်းနှီးနှီး အတူတွဲလို့ သွားလာခဲ့ကြသည်။ အင်းလျားသို့ သွားကြ၏။ အသားညှပ်ပေါင်မုန့်များ၊ ပန်းသီး၊ နင်းသီး၊ စပျစ်သီးများကို မြနန္ဒာက ယူလာပြီး စားကြ၏။ တစ်မျိုးတည်းသော အယူအဆကို နှစ်ယောက် ပြိုင်တူပြောမိပြီး ရယ်မောကြရ၏။ (မြနန္ဒာ စိတ်ကူးနေသော သီချင်းကို သူ ညည်းမိလျက်သား ရှိတတ်၏။) ဝတ္ထုစာအုပ် ၃ - ၄ အုပ်ကို တစ်ပြိုင်နက် ဟိုကူးသည်သန်း ဖတ်လေ့ရှိပုံက အစ တူတတ်၏။ မောင်နမနှင့် တော်တော်တူသည်။ အမြွှာပူးနှင့် တော်တော် တူသည်။ တစ်ယောက်နှင့် တစ်ယောက် ငြင်းခုံရတယ်လို့ မရှိ။ တမင် အလျှော့ပေးနေရတာလည်း မဟုတ်။ ငြင်းခုံစရာ မပေါ်ဘဲ သဘောချင်း ညီနေတတ်ကြသည်။

သို့သော် လင်းထင်သည် ရေမကူးတတ်ချေ။

"နန္ဒာ သင်ပေးပါလား" ဟု စဖူး၏။

မြနန္ဒာက သိပ်ကိုသဘောကျသွားသည့်ပမာ ခေါင်းနောက်ပစ်၍ ရယ်ကာ "အို... နန္ဒာ သူ့ရှေ့မှာ ရေမကူးချင်ပါဘူး၊ ရှက်တယ်" ဟု ပြောလေသည်။

"မောင်လေးပဲဗျာ"

"ဟင့်အင်း"

"တခြားသူတွေ ရှေ့တော့ ကူးတယ်"

"မကူးပါဘူး၊ သူကလည်း ယောကျ်ားတွေရှေ့မှာ ဘယ်တော့မှ မကူးဘူး။ မိန်းမချင်းလည်း ရှက်တာပဲ"

ဒါနှင့် လှေ ခဏခဏ လှော်ကြရ၏။ လင်းထင်က ပဲ့မကိုင်တတ် ပြန်ချေ။ မြနန္ဒာသည် ကမ်းနှင့် မနီးမဝေးမှာသာ လှော်ချင်သည်။ မြနန္ဒာက ပဲ့ကိုင်သည်မို့ လင်းထင်က ဘယ်လို အားကြိုးလို့လှော်လည်း လှေသည် ကမ်းဘက်သို့ ဝေ့ဝိုက်လာတတ်သည်။

"ကျွန်တော့်ကို ပဲ့ကိုင် သင်ပေးပါလား"

"ဘာလုပ်မှာလဲ၊ သူကလည်း"

"ကျွန်တော် ပဲ့ကိုင်တတ်ရင် ဟိုအဝေးကြီး ရေလယ်ကို ရောက်အောင် သွားချင်လို့"

"ရေလည်း မကူးတတ်ဘဲနဲ့၊ မှောက်ရင် ဘယ့်နှယ်လုပ်မလဲ"

"နန္ဒာက ဆယ်မှာပေါ့"

"ဘယ် ဆယ်နိုင်မှာလဲ"

"အဲဒီတော့လည်း နစ်ပစ်လိုက်မှာပေါ့ဗျာ"

မြနန္ဒာသည် ပဲ့ကိုင်တော့ သင်ပေးသည်။ တကယ်တော့လည်း လင်းထင်တစ်ယောက်တည်း လှေတစ်စင်းနှင့် ယက်ကန်ယက်ကန် လုပ်နေဖန်များလို့ တတ်တာထင်ပါရဲ့။ သူ တတ်ပေမယ့် မတတ်ချင်ယောင်ဆောင် နေသေးသည်။ မြနန္ဒာနှင့် လှေပဲ့မှာ ကျပ်ကျပ်တည်းတည်း ပူးကပ်ထိုင်ရတာကို မက်မောကာနေသည်။

နောက်တော့ မြနန္ဒာသည် ရိပ်မိသွားပြီး လှေဦးမှာ သွားထိုင်နေတော့လေရာ၊ လင်းထင်သည် ခုမှအကွက်ဆိုက်ပြီး ဟိုးအဝေးကြီး ရေပြင်သို့ ဦးတည်လှော်ပြန်တော့သည်။ မြနန္ဒာသည် တစ်စုံတစ်ရာ ပြောမလိုလိုဖြင့် မပြောတော့ဘဲ ပြုံးနေကျ အပြုံးလှဲ့လှဲ့သာ ပျောက်ပျက်သွားပြီး ငေးမော နေလေသည်။

မြနန္ဒာနှင့် ခင်မင်ရသော ထိုတစ်နှစ်လုံးပင် သူတို့ နှစ်ယောက် သည် စနေ၊ တနင်္ဂနွေမှအပ ဗုဒ္ဓဟူးနေ့ တစ်ချိန်သာ ရှိသဖြင့် မြနန္ဒာ ကျောင်းမလာသောနေ့မှအပ မနက်ခင်းတိုင်း တွေ့ကြသည်။ နံနက် စာသင်ချိန်ကို နှစ်ယောက်လုံး မတိုင်ပင်ဘဲ လစ်ကြသည်။ မြနန္ဒာ ဘီအေ နောက်ဆုံးနှစ်၊ လင်းထင်က အိုင်အေ ပထမနှစ်၊ ကျောင်းသားသစ်။

"နန္ဒာ ဘီအေ အောင်ရင် ကျောင်းထွက်သွားတော့မှာပဲနော်" ဟု သူ ပူပင်ခဲ့ရသည်။

"ဒါပေါ့"

"ကျောင်းထွက်ပြီး ဘာလုပ်မယ် စိတ်ကူးလဲ"

"အိမ်မှာနေရုံပေါ့၊ နန္ဒာ့ပါပါက အလုပ် လုပ်စေမှာ မဟုတ်ဘူး။ စာသင်တာ အလှသင်တာ"

"အလှသင်တာ၊ ဆန်းလှချည်လား"

"ဟုတ်တယ်၊ အလှသင်တာ"

"နန္ဒာ ကျူတာဖြစ်ဖြစ် လုပ်ပါလား။ အင်္ဂလိပ်စာဌာနမှာဖြစ်ဖြစ်၊ သမိုင်းဌာနမှာဖြစ်ဖြစ်၊ ကျွန်တော့် ဆရာမပေါ့"

"နန္ဒာ အလုပ် မလုပ်ချင်ပါဘူး၊ ကျောင်းကိုတော့ လာနေချင်သားပဲ"

"ကျွန်တော့်ကိုလည်း တွေ့ချင်သားပဲပေါ့နော်" ဟု မြနန္ဒာ၏ ပေါ့ရွှတ်ရွှတ်လေသံကို စိတ်ထဲကနာသွားကာ မေးမိလျှင်

"တွေ့ချင်သားပဲ"

"ကျွန်တော်ကတော့" ဟု တံတွေးမျိုပြီးမှ...

"သိပ်ကို တွေ့ချင်နေတာပဲ၊ အမြဲ တွေ့ချင်နေတာပဲ"

"အိမ်လာလည်ပေါ့၊ သူကလည်း"

"မဝံ့ပါဘူးဗျာ၊ နန္ဒာအိမ်ကြီးက နန်းတော်ကြီးလို ထည်ဝါပါဘိသနဲ့။ ရဲတိုက်လိုလည်း လုံခြုံပါဘိသနဲ့၊ သော့ခလောက်ကြီးက လက်တစ်ဝါးလောက်နဲ့။ ဒရဝမ်လည်းစောင့်၊ ခွေးသုံးကောင်လည်းစောင့်"

မြနန္ဒာသည် ရယ်မောပြန်ကာ…

"ကြည့်စမ်း၊ ကြည့်စမ်း။ သူ ဘယ်လိုလုပ်သိလဲ။ အိမ်ရှေ့ရောက်ဖူးတယ်ပေါ့လေ၊ ဒါနဲ့များ မနေ့က အိမ်နံပါတ်၊ လမ်းနံပါတ်တွေ မေးလို့"

"အိမ်ရှေ့ ရောက်ဖူးတယ်လေ၊ အိမ်နံပါတ် မကြည့်မိဘူး။ အိမ် နံပါတ် မေးမိတော့လည်း လမ်းနာမည် မမေးရင် ဘယ်တော့ကောင်းမှာလဲ။ မကောင်းတတ်လို့ မေးရတာ"

တကယ်တော့ သူ ညာလိုက်ခြင်းပင်။ မြနန္ဒာနှင့် သိသိမှတ်မှတ် မနက်တိုင်း အင်းလျားသို့ ရောက်ခဲ့ကြသော်လည်း မောင့်နမ မသိအောင် ခပ်လှမ်းလှမ်းက တကောက်ကောက် လိုက်ခဲ့သည်မှာ များလှလေပြီ။ မြနန္ဒာ၏ ကားဒရိုင်ဘာနှင့် ပေါင်းရ၏။ အိမ်က ရသမျှငွေနှင့် ဖို့ရ၏။ ပြီးတော့ သည်ညနေ မြနန္ဒာနှင့် သူ့ပါပါ၊ မာမာတို့ ဘယ်ရုပ်ရှင်သွားလိမ့်မည်ဆိုတာ သတင်းယူရ၏။ ရုံရှေ့က စောင့်ရ၏။ မောင့်နမ မမြင်အောင် ပုန်းရှောင်ရပြန်ပြီး မီးငြိမ်းမှဝင်ကာ မြနန္ဒာမျက်နှာ တစ်ခြမ်းမျှ

မြင်ရသော ခပ်စောင်းစောင်း နောက်မကျတကျခုံက ထိုင်၍ ကြည့်ရ၏။ အလင်းရောင် များသော အက၊ အခုန်ကားများကို သူတို့ ကြည့်တတ်ရာ မှောင်ရီရီတွင် ဝင်းပသော မြနန္ဒာ၏ မျက်နှာကို ဝမ်းသာအားရ ကြည့်ရတတ်သည်။

စနေ၊ တနင်္ဂနွေများမှာ မြနန္ဒာတို့သည် လူအတော်အသင့်ကို ဧည့်ခံတတ်ပြန်၏။ အိမ်ရှေ့တွင် ကားတန်းကြီး စီနေတတ်သည်။ ဧည့်ခန်းက ဓာတ်ပြားဖွင့်သံ၊ စကားပြောသံ၊ ရယ်မောသံများကို နားစွင့်ရ၏။ ပီယာနို တီးသံကြားလျှင် မြနန္ဒာကို မှန်းဆမြင်ရ၏။ ဇာခန်းဆီးနား လာရပ်သည်ကို တစ်ခါတစ်ရံ ရေးရေးမြင်ရ၏။ မကြာခဏပင် ဧည့်သည်များ ပြန်သည်အထိ သူ့ခြံဝမှာ ရစ်ဝဲကာ ဒရဝမ်နှင့် စကားပြောနေတတ်သည်။ မြနန္ဒာအခန်း မီးငြိမ်းသွားမှ ပြန်လာရသည်။

သူကလေး နွမ်းနယ်နေရှာမလား။

မှန်ရှေ့မှာ သူ့ညိုမောင်းထူထဲသော ဆံပင်များကို ဖြေလျှော့သည့် အခါ ပြုံးရွှင်ကျေနပ်မည်လား။

ဧည့်သည်များထဲမှာ ယောကျာ်းငယ် ဘယ်နယောက် ပါသည်လဲ။

သည်လိုအချိန်မျိုးမှာ လင်းထင်ကို သတိရနိုင်ပါ့မည်လား။

တဖြည်းဖြည်းတော့လည်း သူ့ရစ်ဝဲသီဝေ့ပုံများကို မြနန္ဒာ သိရပြန်သည်။

"သူ... ဘာဖြစ်လို့ သည်လို လုပ်တာလဲ" ဟု စိတ်ညစ်ညူးဟန်ဖြင့် မေးသည်။

"မသိပါဘူး နန္ဒာရယ်" ဟု ဖြေမိပြီး သည့်ထက်ကောင်းသော၊ ပွင့်လင်းသော အဖြေကို မဖြေမိသည့်အတွက် နောင်တရ၏။ ပြောဦးမည်၊ အမှီပြောဦးမည် စိတ်ကူးရင်း စိတ်ကူးရင်း နောက်ကျသွားကာ မပြောလိုက်ရတော့ချေ။

"နန္ဒာ့ကို ချစ်တဲ့သူ၊ လိုချင်တဲ့သူတွေတော့ သိပ်ပေါတာပဲနော်" ဟု မရဲတရဲ စမိလျှင် "ဒါတွေ ပြောမနေစမ်းပါနဲ့ကွယ်" ဟု တားတတ်သည်။

"ဘာဖြစ်လို့လဲ"

"မပြောပါနဲ့ဆို"

"စိတ်တော့မဆိုးပါနဲ့ နန္ဒာရယ်၊ ဘာဖြစ်လို့လဲ။ ချစ်တဲ့သူတွေ ပေါတော့ ရွေးစရာများတာပေါ့၊ မကောင်းဘူးလား။ နန္ဒာ တကယ်သဘောကျနိုင်မယ့်လူ ရှာနိုင်တာပေါ့"

မြန္နန္ဒာက စိတ်ညစ်ညူးဟန်ဖြင့် ခေါင်းယမ်းကာ နေခဲ့သည်။ ပြီးမှ "နန္ဒာ့မှာ စေ့စပ်ပြီးသား၊ အစ်ကိုနစ်ဝမ်းကွဲပဲ။ ပါပါ မာမာတို့ ထုံးစံပဲ။ ချစ်တဲ့သူတွေပေါ်တာက ပင်လယ်ရေလိုပဲ၊ သုံးလို့ မရဘူး။ သက်သက်မဲ့ ဖြုန်းတီးပစ်တာပဲ၊ နမြောစရာကြီး" ဟု အစီအစဉ်မရှိ ပြောသေးသည်။

"မချစ်ဘဲယူရမှာ မကြောက်ဘူးလား"

"ကြောက်တယ်"

"ချစ်မှယူပေါ့ နန္ဒာရဲ့"

"ချစ်တဲ့သူလည်း မတွေ့သေးပါဘူး"

"တကယ်လား" ဆိုကာ သူ ဝမ်းနည်းသွားခဲ့သည်။

သူတို့သည် တိတ်ဆိတ်နေကြပြီး လင်းထင်က မကျေမနပ် ပြောမိသေးသည်မှာ…

"အချစ်ခံရတာ များတော့လည်း မဆန်းလှဘူးပေါ့နော်။ ဘယ်သူ့ အချစ်မှ ထူးပြီး အဖိုးတန်မယ် မဟုတ်ဘူးပေါ့"

မြန္နန္ဒာသည် လင်းထင်ကို ဖျတ်ခနဲ ကြည့်သည်။ ခါတိုင်း အေးဆေး ငြိမ်သက်သော အမူအယာ ပျောက်သွားပြီး ဖျတ်လတ်သွက်လက်လာကာ အပျိုဖျန်းကလေးလို မျက်နှာများပင် နီလာသည်။ ပြီးတော့ ခေါင်းတစ်ချက် ငုံ့လိုက်ရာ တစ်ပတ်လျှိုထုံးထားသဖြင့် ဆံမြိတ်ညိုသည် ပခုံးပေါ် သို့ ပုံ့ဝဲ ဖြာသွန်းကျလာလေသည်။

"ဘယ်သူ့ အချစ်လဲ"

လင်းထင်သည် ဆံမြိတ်ညိုကိုသာ ငေးကြည့်ကာ ခပ်လေးလေးပင် "မသိဘူးလေ" ဟု ဖြေမိလေသည်။

ကဲ… ဘယ်လောက်များ ရှုးမိုက်တဲ့ သူငယ်ပါလိမ့်မယ်။ ကျွန်တော့် အချစ်ပေါ့လို့ ဘာဖြစ်လို့ မပြောမိပါလိမ့်။ မောင့်အချစ်ပေါ့… မောင့်နမ မြန္နန္ဒာရဲ့လို့ ဘာဖြစ်လို့များ မပြောမိပါလိမ့်။ သူသည် အင်မတန် ငယ်ရွယ် နုံအသည်။ အဲဒီတုန်းက သူ ၁၇ နှစ်မျှသာပဲ ရှိသေးသည်။ မုဆိုးမအမေ နှင့် နေလာလို့များ မကြီးရင့်လေသလား။ အဖေကို မမြင်ဖူးလိုက်သည့် သားမို့ နုံအလေသလား။ သူ စိတ်အားငယ်ရအောင် သူတို့သည် ဆင်းရဲ နွမ်းပါးလှတာလည်း မဟုတ်။ အမေ့လုပ်ငန်းက နှစ်စဉ်ရငွေသည် သူ ဖြုန်းတတ်၊ သုံးတတ်၊ လည်ပတ်တတ်လျှင် သူဌေးသားကလေးနီးပါးမျှ နေနိုင်လောက်အောင်တော့ လုံလောက်မည်။ ဒါမှမဟုတ် အမေ့တစ်ဦးတည်းသော သားပီပီ အိမ်မှာနေသည် များကာ စာအုပ်နှင့်၊ ပတ္တလားနှင့်၊ စောင်းကောက်နှင့် ဆိုကာ၊ တီးကာ၊ ကဗျာစပ်ကာ၊ ဝတ္ထုရေးကာ နေခဲ့ရလို့ လက်တွေ့မှာ မသွက်လက်တာ ဖြစ်မည်။ ပြီးတော့ မြန္နန္ဒာနှင့် တွေ့သည်အထိ

ဆယ်တန်းကျောင်းတွင် ဆယ်နှစ်ကျော် နေခဲ့ရမှာ တစ်ခါမျှ ရည်းစား မထားဖူးခဲ့ချေ။ သူ့အပေါင်းအသင်းများသည် ဘကြီးကမွေးသော လိမ္မာလှသည့် အစ်ကိုဝမ်းကွဲ နှင့် အစ်မဝမ်းကွဲများသာ ဖြစ်လေသည်။ အမေက "သားသားလေး" ဟု ခေါ်လျှင် သူတို့က "လင်းထင်လေး" လို့၊ "မောင်မောင်လေး" လို့၊ "ညီညီလေး" လို့ ခေါ်ကြတယ်။ သူကလည်း အမေ့တွင်မက အစ်ကို အစ်မနှင့် ဘကြီးတို့ကို ခေါင်းခွေကာ နေခဲ့တတ်သည်မှာ ယခုထိပင်။

တစ်နေ့တော့ မြနန္ဒာ "ဟေ့... သူက ကဗျာဆရာ၊ စာရေးဆရာ ဆို" လို့ မေးလေသည်။ သူတို့ ခင်မင်လာပြီး သုံးလေးလ အကြာလောက်မှာ ထင်သည်။

"ဘယ်သူ ပြောလဲ" ဟုသာ ဖြေလိုက်ရာ...

"ကြည့်စမ်း၊ နန္ဒာကိုတော့ မပြောဘူး။ သည်လောက် နေ့တိုင်းတွေ့နေပြီး"

"ဘာပြောရမှာလဲ နန္ဒာရဲ့၊ နန္ဒာ မဖတ်မိဘူးလား"

"ဟင့်အင်း၊ မြန်မာလို ရေးတာလား"

"ဒါပေါ့"

"အို"

"ဘာအိုလဲ"

"နန္ဒာက မြန်မာစာမှ မဖတ်တာ"

"ဟောဗျ" ဟု လင်းထင်က ဆိုခဲ့သည်။

"သူကလည်း" ဟုသာ ဆိုမြဲဆိုသည်။ မြနန္ဒာသည် ဝေခွဲမရဟန်နှင့် ကြည့်နေလေသည်။

"ရှုမဝတို့၊ မြဝတီတို့၊ တာရာတို့ မဖတ်ဖူးဘူးလား"

"တစ်ခါမှ မဖတ်ဖူးဘူး။ မဂ္ဂဇင်းလား၊ ဂျာနယ်လား"

"တော်ပါသေးရဲ့။ မြန်မာစကား တတ်လို့" ဟုသာ သူက ပြောလိုက်လျှင် မြနန္ဒာက အရိုးခံဖြင့် "ဟုတ်တယ်၊ သူ မသိဘူးလား၊ ကျောင်းမှာကလွဲလို့ အိမ်မှာ မြန်မာလိုလည်း ဘယ်တော့မှ မပြောဘူး"

မြနန္ဒာက ထိုအယူအဆကို ခမ့်ကြားရသည့်သဖွယ် မျက်လုံးကြီးများ ပြူးကာ နားထောင်နေပြီး "နန္ဒာတို့က ဗုဒ္ဓဘာသာပါပဲ" ဟု ပြောသည်။

"အစ်ကိုဝမ်းကွဲတွေ ရှင်ပြုတုန်းက နန္ဒာလည်း နားထွင်းရတယ်၊ နားသရတယ်၊ နားပေါက် မဖောက်ဘူးလေ။ ထိုင်မသိမ်း ထဘီ အလှ ဝတ်ပြီး ညှပ်ပန်ရတဲ့ နားကပ်ကလေး ပန်ပေးတာပေါ့။ ပါပါ ဂျပန်က ဝယ်လာတဲ့ ပုလဲကြိုး အရှည်ကြီးလည်း ရတယ်။ သိပ်လှတာပဲ။ ဒါနဲ့ ထတောင် ကသေးတယ် "

"ငယ်ငယ်တုန်းကလား"

"နန္ဒာ ငါးနှစ်အရွယ်လောက်ကပေါ့။ အို… အဲ့ဒီတုန်းက သူတောင် မမွေးသေးဘူးနော်"

သူက ဘာမျှ မပြောဘဲ နေနိုင်သည်။

"သူ ဘယ်လို ကဗျာတွေရေးလဲ ပြောပြစမ်းပါဦး။ နန္ဒာလည်း မဖတ်ရဘူးလား"

"ကျွန်တော်ရေးတာက သိပ်မဆန်းပါဘူး။ စိတ်ကူးယဉ်ပါပဲ" ဟု သူက အနည်းငယ် ရှက်ရှက်ဖြင့် အချိန်ဆွဲနေလိုက်သေး၏။

"နေပေါင်း ရာထောင် ဝင်လို့ လပေါင်း ရာထောင် ထွက်ခဲ့တာတို့၊ လိပ်ပြာကလေး နန္ဒာ့ပခုံးပေါ် လာနားတဲ့အခါ၊ နန္ဒာ့ဆံပင်ထဲ သစ်ရွက်တွေ ကြွေပြီး ငြိလာတဲ့အခါ မောင်က လွှတ်လိုက်တယ်ဆိုတာ သိစေချင်တာပေါ့"

သည်တစ်ခါပဲ သူသည် လွှတ်ခနဲ "မောင်" လို့ သူ့ဘာသာ ပြောခဲ့မိသည်။ သူ မျက်နှာနီလာဆဲ။ မြနန္ဒာက သတိပင် မထားမိလေသလားမသိ။ အမှုမဲ့လိုပင်။

"ကဗျာလေးတွေက လှမှာပေါ့နော်" ဟုသာ ပြောသည်။

"မသိဘူးလေ၊ ဖတ်ကြည့်ပေါ့။ ဖတ်တတ်ရဲ့လား မြန်မာလို"

"အောင်မာ… မကဲစမ်းပါနဲ့။ သည်လောက် မဟုတ်ပါဘူး။ ပါပါက သိပ်ဗိုလ်ဆန်လို့သာ။ ပြီးတော့ အင်္ဂလန်မှာ ၁၂ နှစ်လောက် နေလာခဲ့တာ။ မာမာဘက်ကလည်း အဘိုးက ဂျာမန်စပ်ဆိုတော့ ဂျာမန်လို တစ်သက်လုံး သင်နေရတာနဲ့ မြန်မာစာ မဖတ်ရတော့ဘူး။ ခုလည်း ပြင်သစ်စာ သင်နေ ရပြီ၊ ပါပါက ငယ်ငယ်ကတည်းက အင်္ဂလန်မှာ ကျောင်းထားပေးချင်တာ။ စစ်ဖြစ်သွားလို့တဲ့" ဟု ရှက်ကိုးရှက်ကန်း ပြောသည်။

"အင်္ဂလန်သွားနေရင် ကျွန်တော်နဲ့ တွေ့ရသိရမှာ မဟုတ်ဘူးနော်"

"ဒါပေါ့၊ မကောင်းဘူးလား"

"သိပ်ကောင်းမှာပဲ" ဟု သူက စိတ်ပါလက်ပါ ပြောလိုက်ရာ မြနန္ဒာသည် စိတ်တော်တော်ဆိုးကာ ကျောင်းဆောင်ဘက်သို့ ထပြန်သည်ကို ကမန်းကတန်း လိုက်ခဲ့ရသေး၏။

အဲသည်တုန်းက သူတို့သည် စကား တစ်လုံးမှတော့ မပြောနိုင်ကြ။ လင်းထင်သည် ရင်များလည်း ဒိတ်ဒိတ် ခုန်သည်။ ရင်ထဲမှာ ဟာသည်။ ရယ်လည်း ရယ်ချင်သည်။ မြနန္ဒာ ခု တလော စိတ်ခဏခဏ ဆိုးသည်လို့ သူ သတိရသည်။ သူကသာ နွဲ့ချင် တာပဲဟု စဉ်းစားသည်။ လင်းထင်သည် ခေါင်းနှင့် ခွေ့ရဖို့ လမ်းမမြင်။

မြနန္ဒာသည် မိန်းကလေးများ နားရာအခန်းသို့ ဝင်သွားလျှင်တော့ သူ မတတ်နိုင်တော့ဘဲ စိတ်ညစ်လာပြီး အိမ်သို့သာ ပြန်လာခဲ့လေသည်။ အမေကတောင် မေးသေးသည်။ "သား၊ သား နေမကောင်းဘူးလား" ဟု ပူပင်လာသည်။ တကယ်တော့ သူသည် ကိုယ်မပူချေ။ မြနန္ဒာနှင့် အင်းလျားကန် သစ်ပင်ခြေရင်းတွင် ထိုင်ကြစဉ်က နေပူထဲ သူရောက်နေသည်။ မြနန္ဒာက ရွှေ့နိုင်းပြီး နောက်တော့ မေ့သွားကြသည်။

သူတို့နှစ်ယောက်သည် သီချင်း၊ ဂီတကိုလည်း အတူချစ်ကြသည်။ ကာလပေါ် ကျော်ကြားသော သီချင်းများကို တစ်ယောက်နှင့်တစ်ယောက် ဆိုနိုင်းကြ၏။ လင်းထင်က ဆိုရတာ များသည်။ မြနန္ဒာက ရက်တတ်သည်။ ပြီးတော့ မျှော်လင့်သည့်အတိုင်းပင် မြနန္ဒာ ရသော သီချင်းများမှာ အင်္ဂလိပ်သီချင်းများဖြစ်၍ ပီယာနိုတီးလျှင် ရှေးသီချင်း တီးသည်ဆိုသည်မှာ အင်္ဂလိပ် ရှေးသီချင်းများသာ ဖြစ်သည်ဆိုတာ သိရပေ၏။

"အီတာလျှံ ဘုန်းကြီးဆီက သင်တာ" ဟု ပြောပြသေးသည်။

"နောက် နန္ဒာ ၁၅ နှစ် သမီးလောက်ရောက်တော့ ဖာသာဂျီအို ဗာနီက ရန်ကုန်ကျောင်းအုပ်ဖြစ်ပြီး ပြောင်းရတယ်။ ပါပါက ပီယာနိုတီး သင်တာ ပျက်မှာစိုးလို့ဆိုပြီး အဲဒီနှစ်ပဲ နန္ဒာတို့အိမ်ကို ဆောက်တာပေါ့။ မက်ထရစ်လည်း ဖြေရတော့မယ်ဆိုပြီးပေါ့"

ကြီးကျယ်ခန်းနားပါပေသည်။

သိပါသည်။ အဲသည်ကတည်းက သိလိုက်သည်။ မြနန္ဒာနှင့် လင်းထင်တို့သည် တစ်ကမ္ဘာဆီက လာသည်။ တစ်ကမ္ဘာဆီမှာ နေကြသည်ဆိုတာ။ မြနန္ဒာလို သူ အင်္ဂလိပ်စကား သွက်သွက် မပြောတတ်။ မြနန္ဒာလို ကြီးကျယ်ခမ်းနားစွာ မနေတတ်။ မနေချင်။ မြနန္ဒာ ကြိုက်တတ်သော ဘောင်းဘီရှည်နှင့် နက်ကတိုင်လည်း သူတစ်ခါမှ မဝတ်ဆင်ခဲ့စဖူး။

"အပေါ်က ရှပ်ဝတ်ပြီး အောက်က လုံချည်ဝတ်တော့ ကြည့်ရဆိုးတာပေါ့။ အပေါ်က ကျကျနန ဝတ်ပြီး အဖျားရှူးသွားတာနဲ့ သိပ်တူတာပဲ။ ပြီးတော့ လုံချည်ဝတ်တော့ မိန်းမနဲ့ တူနေတယ်။ မတူဘူးလား။ ကြည့်နေ ကျနေလို့သာ သတိမရကြတာ။ မဟုတ်ဘူးလား။ ပါပါဆို ဘယ်တော့မှ လုံချည်မဝတ်ဘူး။ လက်ဆောင်ရတဲ့ ဘန်ကောက်ပုဆိုးတွေဆို မာမာကလည်း ဘန်ကောက်မကြိုက်တော့ ကုရှင်အစွပ်ပဲ ချုပ်ပစ်လိုက်ရော" ဟု မြနန္ဒာက ပြောဖူး၏။

"နန္ဒာနဲ့ ပေးစားမယ့် အစ်ကိုဝမ်းကွဲကလည်း ဘောင်းဘီနဲ့ နက်ကတိုင်နဲ့ပေါ့နော်"

"သူကလည်း" ဟုသာ ပြောကာ မြနန္ဒာသည် မရွှင်မလန်း ရယ်သည်။

"သူက ခု ရန်ကုန်မှာလား၊ ကျောင်းသားလား၊ အလုပ်လုပ်နေပြီလား"

"အမေရိကမှာ၊ ဆရာဝန်ပဲ"

မြနန္ဒာနှင့် မဆုံစည်းခဲ့ရလျှင် ကောင်းမှာဟု သူ မကြာခဏ တွေးခဲ့သည်။ သို့သော် မြနန္ဒာကို နာမည်ကြားစက နာမည်ကို ချစ်ချင်သည်။ လှပုံ၊ ချမ်းသာပုံ၊ ဗိုလ်ဆန်ပုံ၊ ဆွေမျိုးကြီးကျယ်ခမ်းနားပုံ ကြားရပြန်တော့လည်း ချစ်ချင်တုန်းပဲ။ မမြင်ဖူးခင်က ချစ်တယ်ဆိုတာ ၁၇ နှစ်သား ဘဝမှာတော့ ဖြစ်နိုင်နေတာပဲ။ တစ်ညမှာ ည မာရ်နတ် သွေးဆောင်ရာသို့ လိုက်မိမှားသည်ထင့်။ ကရင်သူငယ်ချင်းတစ်ယောက်ဖိတ်သည့် ပုဂံဆောင် ညစာစားပွဲသို့ ရောက်ခဲ့ရာမှ မြနန္ဒာနှင့် တစ်စားပွဲတည်း ထိုင်မိလျက်သား ရှိရ၏။ နာမည်ကြီးလှသည့် အရှိန်အဝါ ခံ့ညားလှသည့် မြနန္ဒာကို ဘေးပတ်လည်မှ စားပွဲများက ငေးမောရစ်သီဆဲ။ သူက အမှတ်တမဲ့ မြနန္ဒာ ဘေးစားပွဲတွင် မြနန္ဒာနှင့် ကပ်လို့ထိုင်မိသည်။ မြနန္ဒာ စားပွဲတွင် ပါမောက္ခ တစ်ဦးနှင့် ကျောင်းသားကြီးတစ်ဦးသာ ထိုင်သည်ကို သူ မသိခဲ့။ ကျောင်းသားသစ် ပွဲခင်း မဝင်ဖူးသူဆိုတော့ ခပ်ကြောင်ကြောင်ဖြင့် ကုလားထိုင်လွတ်သည်ကိုသာမြင်၍ ဝင်ထိုင်မိခြင်းပင်။

မြနန္ဒာသည် ငွေပြာနုရောင် ခပ်မှုန်မှုန်လက်သော အဝတ်အစားများ ဝတ်ထားသည်ကို တွေ့ရ၏။ အဲသည်ခေတ်က ဝတ်စားဟန်အတိုင်း သူ ကလေးရဲ့ ခေါင်းမှာ ဖဲပြားချည်သော်လည်း ဖဲပြားသည် သေးငယ်မျှင်နု၍ လေလွှင့်သဖြင့် လွင့်လာသော တိမ်တစ်စလို ချစ်ဖွယ်ကလေး ရှိသည်။

ပါမောက္ခနှင့် ကျောင်းသားကြီးက သူ့ကို အဖက်မလုပ်။ မြနန္ဒာကိုပဲ အရေးပေးနေကြသည်။

လင်းထင်ကတော့ သူ့ရင်ကို ထိတ်စေကာ ပွဲလယ်တင့်လှသော အလှမယ်ကို အခွင့်ရတိုင်း ခိုးပြီးကြည့်ကာ ထပြေးချင်လည်း မပြေးတတ်။ သူငယ်ချင်း ကရင်ကျောင်းသားကလည်း ဘယ်ရောက်နေသည် မသိ။ လာမိတာ မှားပြီလို့ နားရွက်များ ထူပူနေဆဲ။

"ကိုယ့်နာမည်က မြနန္ဒာပါ။ ယူကော" လို့ အလှမယ်က မိတ်ဖွဲ့သည်။

မြနန္ဒာက သနားညှာတာတတ်တာပေါ့။ ပါမောက္ခတို့က ငြူစူနေဆဲ၊ လင်းထင်က ရင်ထဲတွင် သေနတ်ပစ်သည်လောက် မြည်မည်ထင်ကာ တစ်ကမ္ဘာလုံးက သူ့ရင်ခုန်သံကိုကြားမှာ ကြောက်နေလေ၏။

"ကျွန်တော် လင်းထင်ပါ"

အနည်းငယ် စိတ်ဝင်စားလာပြီး...

"ဩော်... စာရေးတယ် မဟုတ်လား" ဟု ပြောသည်။

အဲဒီတုန်း မြနန္ဒာဟာ သူ့ကို မညှာတာလိုက်ရင် ကောင်းမှာ။ ခုတော့ ဘေးက ပါမောက္ခနှင့် ကျောင်းသားကြီးကို ဂရုမစိုက်တော့ဘဲ လင်းထင်နှင့်သာ ရယ်မောပြောဆိုနေသည်။ သူများတွေ တွဲကကြပြန်တော့ မြနန္ဒာကပင် စပြီး "သွားကရအောင်" လို့ ခေါ်သည်။ ဘုရင်မဆိုတော့ အရင်စပြီး ခေါ်ရတဲ့ ထုံးစံ ရှိတာပေါ့နော်။ လင်းထင်က "ကျွန်တော် မကတတ်ဘူး" ဆိုပဲ။ သူကလေးက ထနင့်ပြီ။ သူတို့သည် တကယ်တော့ မကခဲ့ပေ။ မြနန္ဒာကသာ တစ်ချက် နှစ်ချက် ခြေကစားလိုက်ပြီး ကသူတွေ ကြားထဲမှ ဖြတ်လာကာ သူတို့သည် လသာဆောင်ဘက် တောင်ထန်းပင် ပန်းအိုးများကြား ရောက်နေကြသည်။

"ဘယ်သူနဲ့မှ မကချင်လို့ သူ့ကို အတာချပြီး ခေါ်လာတာ" ဟု ကလေးသဖွယ် ပြောကာ ရယ်သေး၏။

"ကျွန်တော် ကတတ်နေရင်ကော" ဟု လင်းထင်က စကားသွက်လိုက်ရာ...

"ယူ မကတတ်ပါဘူး၊ ကြည့်ရင် သိတာပေါ့၊ စိတ်မဆိုးနဲ့ဦး၊ ကရတဲ့ပွဲတွေမှာ ယူ့ကိုမှ မတွေ့ဖူးဘူးလို့ ပြောတာ"

"ကျွန်တော်က သည်နှစ်မှ ရောက်တာ"

"ဟုတ်လား၊ နန္ဒာက နောက်ဆုံးနှစ် ကျောင်းသူကြီးပဲ။ ယူ့ကို စောင့်ရှောက်ရမှာပေါ့နော်"

"ဒါပေါ့" ဟု စိတ်ရောမာန်ပါ ပြောမိသည်။

"ဘာ ဘာသာ ယူလဲ"

"မမ ယူတဲ့ ဘာသာပဲ"

"မမတဲ့၊ မခေါ်ပါနဲ့၊ နန္ဒာပဲ ခေါ်ပါ။ ပြီးတော့ နန္ဒာ ဘယ်ဘာသာ ယူတယ်ဆိုတာ သိလို့လား"

"နာမည်ကြီးပဲဗျာ၊ အတန်းချည်း တက်နေရလို့ လိုက်မကြည့်အားသေးလို့ မတွေ့ဖူးတာ။ မမ... အဲ နန္ဒာ့အကြောင်းတော့ အများကြီး သိနေတာပဲ"

"နန္ဒာ့အကြောင်း ဘယ်သူမှ မသိပါဘူး၊ မဖြစ်နိုင်ပါဘူး" ဟု သူကလေးက ငြင်းဆိုသည်။ ပြီးတော့ "ဘာဖြစ်လို့ အတန်းတွေ တက်နေတာလဲ၊ နန္ဒာဆို မနက်ပိုင်း ဘယ်တော့မှ မတက်ဘူး။ မနက်ပိုင်းက အင်္ဂလိပ်စာပဲ သင်တာပဲ။ မလိုပါဘူး"

"ကျွန်တော်လည်း ရိုတ်စပီးယား ပြဇာတ်သင်တဲ့အတန်းပဲ တက်ချင်တယ်။ တခြား ဘယ်အတန်းမှ မတက်ချင်ဘူး"

"ညနေပိုင်းကတော့ ကိုယ်ယူတဲ့ ဘာသာတွေ သင်တာဆိုတော့ တက်ရမှာပေါ့။ မနက်ပိုင်း မတက်နဲ့ပေါ့"

"ဒါဖြင့် ဘာလုပ်နေရမှာလဲ"

မြနန္ဒာ ညင်သာစွာ ရယ်မောသည်။ "နန္ဒာတော့ အင်းလျားကန်မှာ သွားထိုင်နေတာပဲ။ ဝတ္ထု ဖတ်နေတာပဲ၊ သစ်ရိပ်လည်း ကောင်းတယ်၊ သူများတွေ မသိအောင် ဘယ်သူမှ မပြောဘဲနဲ့ သွားထိုင်နေတာပဲ"

"ခု ကျွန်တော် သိသွားပြီဆိုတော့ တစ်ယောက်တည်း နေလို့ ဘယ်ရတော့မလဲ။ ကျွန်တော် လာမှာပေါ့" သူ အရက်မသောက်ဘဲ မူးနေသည်။ ရဲတင်းနေသည်။

"ခါတိုင်းတော့ အဲဒီလို လိုက်လာတဲ့သူတွေတော့ သိပ်စိတ်ဆိုး ပစ်လိုက်တယ်"

"ကျွန်တော့်ကိုရော"

"မောင်လေးပဲ" ဟုသာ ပြောကာ ညင်သာစွာ ရယ်ပြန်သည်။

ဟုတ်ပါသည်။ သူ့ကို အဆိပ်မရှိဘူး ထင်လို့သာ ရောနှောခြင်း ဖြစ်သည်။ ကျေးတောသား နတ်သမီးလှည့်ဖြားသလိုပေါ့။ အို... သည်လိုလည်း မဆိုချင်ပါ။ မြနန္ဒာသည် သူ့အပေါ်မှာ၊ ဘယ်သူ့အပေါ်မှာမဆို ရိုးဖြောင့်ခဲ့သည်။ မြနန္ဒာမှာ စေ့စပ်သူရှိပြီး အချစ်ကိစ္စများ မြနန္ဒာသဘောဖြင့် ဘာမျှ မလုပ်နိုင်ဆိုတာ လူတိုင်း အသိပင်။ လင်းထင်ကသာ မြနန္ဒာ နှုတ်ကထွက်မှ ယုံမည်ကြံကာ သည်အကြောင်းကို စိတ်ထဲ မထည့်ချေ။

သို့သော် တစ်သက်လုံး အမေ့ "သားသား" အဖြစ် ကြီးပြင်းလာပြီး အဲဒီတုန်းက ၁၇ နှစ်သာ ရှိသေးသည့် လင်းထင်သည် ဘယ်လို ကြီးကျယ်သော စာအုပ်များကို ဖတ်နေသည်ဖြစ်စေ၊ လူရေမလည်သည်မှာတော့ အမှန်ပင်။ သူ မြနန္ဒာကို စွဲလမ်းတသ နေလျက်က ဘယ်လို စကားဖြင့် သွေးဆောင်မည်။ ဘယ်လို ပေါင်းသင်းရအောင် ကြံမည်လို့ အစီအစဉ် မရှိ။ သတိ မရ။ မောင့်နမ လှမျက်နှာကိုသာ တစိမ့်စိမ့်ကြည့်လို့ နေချင်သည်။ လက်ဖျားပခုံးကလေးကိုမှ တို့ထိဆုပ်ကိုင်ဖို့ စိတ်မကူး။ သူ စိတ် အင်မတန် လှုပ်ရှားရင်တော့ မြနန္ဒာနှင့် ပူးကပ်ထိုင်ကာ မြနန္ဒာ၏ မွှေးသင်းသော ဆံနွယ်များ လေအဝှေ့မှာ သူ့မျက်နာပေါ် လွင့်ပါလာသည်ကို ကြက်သီးချမ်းမြ နမ်းရသည်။

ပြီးတော့ တစ်နေ့တစ်နေ့ ကဗျာစပ်ပြီးသာ နေတတ်လေတော့သည်။

မောင့်လွမ်းဖက်သို့

နံနက်စောသီ၊ နှင်းရီညို့မှုန်

သစ်ဆုံနသစ်၊ ပုရစ်ငုံလဲ့

ရွက်နွဲ့ကြားမှ

စကားတွတ်တီ၊ ငှက်တေးသီလျှင်

ပီပြင်လှသော မအုံ့ညြိနှင့်

မောင့်တောအုပ်က လွတ်လိုက်သည်။

လှဝင့်ဝါရွက်

နန္ဒာနမ၊ ကိုယ်တည်းညဦး

ပပငွေရည်၊ မြခြည်လက်ရွှန်း

ပက်သွန်းယိုကျ၊ ပြတင်းဝ၌

နင်းထပက်ဖျန်း၊ မှုန်ခိုးသန်းလျှင်

ချမ်းမြလွန်းသည်၊ လွမ်းခက်မည်လို့

တန့်ဆည်ခန်းဆီး၊ ဇာမြီးဖြာခက်

မကာရက်နှင့်

ပင့်သက်ငွေလွင့်၊ မောင့်လွှင့်သည်ပင်။

နေရှိန်ဝင်းဝင်း၊ နှေ့ကြည်လင်းမူ

ဖန်ဆင်းလိုက်သော၊ နင်းဆီတော၌

မက်မောရိပ်သာ

မောင်လာချင်လည်း၊ လာခက်ခဲ၏

လက်တွဲသိမ်းပွေ့၊ ကြင်မွေ့ခေါ်ငင်

မက်မောခင်မည်၊ မထင်ဝံ့စား

စကားမသွက်၊ ဖွင့်ဟခက်ခဲ့

မြေအက်ကြားမှ၊ မြက်ပွင့်မှုသာ

နမတစ်နေ့ မေ့ရစ်မည်။

... ဆိုတာမျိုးတွေပေါ့။

မြနန္ဒာနှင့် ဘယ်လိုစ၍ ဘယ်လိုဆုံးသော ဇာတ်လမ်းဆိုတာ နာမည် တပ်ရ ခက်လှပါသည်။ ဘယ်လိုမှ မစဘဲ၊ ဘယ်လိုမှလည်း မဆုံးသော ဇာတ်လမ်းဆိုတာကို မရှိထိုက်ပါဘူးလို့ ပြောရရင် ပိုမှန်မလား။

မြနန္ဒာသည် မြန်မာမဂ္ဂဇင်းများကို ဖတ်လာပြီး လင်းထင်၏ ကဗျာလေးများကိုပင် နောက်ပြောင် ကိုးကားတတ်လာသည်။ ပြီးတော့...

"သူ ဂျာမနီလို တတ်ရင် သိပ်ကောင်းမှာပဲ။ ဂျာမန် ကဗျာတွေ သိကောင်းတာပဲ" လို့ ခပ်ညည်းညည်း ပြောတတ်၏။

"နန္ဒာ သင်ပေးပါလား"

"တကယ်လား။ အကြာကြီး သင်ရမှာ"

"တစ်သက်လုံးလား" ဟု သူက ထုံးစံအတိုင်း မထိတထိပဲ စလိုက်သည်။

"အိမ် ဆိုတဲ့ ကဗျာလေးတစ်ပုဒ်ကို ခဏခဏ ဆိုမိတယ်။ ဟေလဒါလင်းရဲ့ ကဗျာပဲ" ဟု ဂျာမန်လို ရွတ်လိုက်သေးသည်။ ပြီးတော့ မြန်မာလို ပြန်ပြောသည်။

"လှေသမားဟာ

ဟို့ အဝေးက ကျွန်းတွေမှာ

ကောက်သိမ်းပြီးတော့

သူ့အိမ်...

ငြိမ်းချမ်းတဲ့ သူ့မြစ်ချောင်းထံ

ပြန်လာခဲ့တယ်။

ကိုယ်လည်း အိမ်ပြန်ချင်ပါရဲ့

ဒါပေမဲ့ ကိုယ့်မှာ

ဘာများ ရိတ်သိမ်းစရာ ရှိပါသလဲ။

ဒုက္ခခံစားခြင်းသာ ရိတ်သိမ်းစရာ ရှိခဲ့တယ်။

မိတ်ဆွေ… မြစ်ကမ်းနဖူးရယ်

သင်ဟာ

ကိုယ့်ကို မွေးမြူကြီးပြင်းစေခဲ့တယ်။

အချစ်ရဲ့ ဝေဒနာကိုရော

သက်သာရာရအောင်

သင် မတတ်နိုင်ဘူးလား။

အို… ကိုယ့်ကလေးဘဝရဲ့

တောအုပ်များ

ကိုယ်အိမ်ပြန်လာရင်

ငြိမ်းချမ်းခြင်းကို

တစ်ဖန်ပေးနိုင်ပါဦးမလား” တဲ့။

လင်းထင်ကတော့ ရင်ခုန်လာပြန်သည်ကို ထိန်းသိမ်းရင်း…

“မြန်မာစာ ဂုဏ်ထူးယူရင်တောင် ရတယ်။ လက်ရှိ ပါမောက္ခကို ဖြုတ်လိုက်ရင်ပြောတာ။ သူက အသစ်အဆန်းကို မကြိုက်ဘူးတဲ့။ စာရေးမတစ်ယောက်တောင် လေချွန်မိလို့ အလုပ်ဖြုတ်ပစ်ဆိုလား ” ဟု ပြောလိုက်ရာ…

မြနန္ဒာသည် မရယ်ပြုံးဘဲ ရှစ်ကြောင်းမျှသာရှိသော ဂျာမန်ကဗျာကို အစအဆုံး ပြန်ရွတ်ပြန်သည်။

သိပ်ပျော်မှာပဲ။ သည်လိုသာ တစ်သက်လုံး နေရရင် သိပ်ပျော်မှာပဲ။ တစ်ယောက်တစ်လှည့် နွဲ့မှီပြီးတော့ပေါ့။ သူကလေးသာ သူ့ ပါပါ မာမာတို့အိမ်မှာ မမွေးဘဲ တို့အိမ်မှာ မွေးရင် ဘယ်လောက် ကောင်း မလဲ။ မောင့်နှမ မြနန္ဒာပေါ့။

အင်းလျားတစ်ဝိုက်မှာ နေ့စဉ်လိုလို ခင်မင်တွေ့ဆုံနေကြဆဲ။ မိုးရာသီ ပြင်းထန်လာသည်။ ကားနဲ့ ကျောင်းတက်သူမို့ ထင်ရဲ့။ မြနန္ဒာမှာ ထီး မပါချေ။ ကားပေါ်မှအဆင်း ဒရိုင်ဘာ ကုလားကြီးက ထီးနှင့် လိုက်မိုး ပို့သည်။ မြနန္ဒာကို သစ်ရွက်အောက်က မိုးပေါက်များ စိုကာ နဖူး၊ နားထင်မှာ ဆံယဉ်များ ကပ်ငြိလျက် တွေ့ရတတ်သည်။

"ပြီးတော့ နန္ဒာက ထီးလည်း မကြိုက်ဘူး" လို့ ပြောချေသေး။

"ထီးပဲ၊ ကြိုက်လို့ဆောင်းတာ ကျနေတာပဲ။ ကလေးမလေးကလည်း" ဟု သူကဆိုလျှင်-

"ငရဲကြီးမယ်နော်၊ မမက ခြောက်နှစ်တောင် ကြီးတာ"

ပြီးတော့ သူတို့သည် နေ့လယ်စာ ကြုံရာဝယ်စားလျှင်စား၊ မစားလျှင် မြန်နန္ဒာ၏ ပေါင်မုန့်၊ ပန်းသီးများကို စားကာ လင်းထင်၏ ထီးကောက် တစ်လက်တည်းကို နှစ်ယောက်တွဲဆောင်းကာ ပြန်လာကြ၏။ ကလေး များသဖွယ် သူတို့ အပြစ်ကင်းစင်သည်မို့ ဘာမျှလည်း ထူးထူးထွေထွေ မတွေးမိကြ။ ကျောင်းသူ ကျောင်းသား အများကတော့ သူတို့နှစ်ယောက်ကို အသိအမှတ် ပြုလေပြီ။

မိုးရွာလွန်း၍ နေစရာ မရှိလျှင် ယုဒသန်ကောလိပ် ဘုရားရှိခိုး ကျောင်းမှာ ခိုဝင်ကြသည်။ အကြော်ဆိုင်မှာ ထိုင်ကြသည်။ လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြသည်။ သူတကာ့ မျက်စိမှာ ဘယ်လိုမြင်မည်ကို စဉ်းစား မိခြင်းလည်း မရှု၊ ကြောက်ရွံ့ခြင်းလည်း မရှိ။

လင်းထင်ကတော့ ထိုတဒင်္ဂကိုသာ မက်မက်ပြီး ထိုတဒင်္ဂရဲ့ အပြင်ကကိစ္စများကို မစဉ်းစားမိ။ နေ့ရောညဥ့်ပါ မြန်နန္ဒာနောက် လိုက်ဖန်များ၍ အမေဆိုပြောလျှင် အမေ့ရင်ခွင် ခေါင်းနှင့်ခွေကာ၊ စာတစ်ဖက် ကျက်ချင် ယောင်ဆောင်ကာ ကဗျာများစွာသာ ရေးခဲ့သည်။ ကဗျာကိုတော့ သူ အဆုံးသတ်တတ်သားပင်။

xxx

တိမ်ထုမီးခိုး

မည်းညှို့းပြိုလိုမ့်၊ မြေထိနိမ့်ခဲ့

ငြိမ့်လွဲလှုပ်ခါ၊ စိန်ပန်းလွှာပွင့်

ကြွေဖြာကျလျော၊ ပန်းကော်ဇောနီ

စီးမျောလမ်းသွယ်၊ စံပယ်နွယ်ချို

ကိုက်ငုံသစ်သီး၊ ဥသြညည်းခဲ့

အနီးကလေး၊ ကမ်းနဘေး၌

ပွေ့ထွေးယုယ၊ မောင့်နှမကို

ဆံစကပ်ငြိ၊ မိုးပေါက်ထိလို့

ညှံ့အိနာကျင်၊ အေးစက်ထင်မိ

ပြို့ပြင်မည်လား၊ ယုံမှားတစ်ဝက်

ရှက်လည်းရှက်ရှက်၊ အကြောက်ဖက်မိ

လည်ယှက်တုံ့တင်၊ ငှက်တို့တွင်မှ

ကြင်မက်ခွင့်ရေး၊ လွယ်ကူသေး၏။

ငေးမောတစ၊ အလှ၏ကျွန်

ချစ်ဝန်လေးဖိ၊ တွယ်ငြိမလွတ်

မပြေးတတ်ပြီ

ယုံမှတ်သဘော၊ သူလိုက်လျောက

ချောနုရွရွ၊ မွေးညှင်းမြစိမ်း

ပန်းကြွသွေးဆင်၊ ပါးပြင်ကြာပွင့်

နမ်းတစ်ရာမွှေး၊ ခဏလေးနှင့်

တစ်ရေးတစ်ရေး၊ နွေးအောင်ထွေးမည့်

စိတ်မေးခွန်းသာ မေးတတ်သည်။

xxx

နံ့နက်ရောင်နီ၊ ဝေးသေးစွ

သပိတ်လွယ် နက်ထည်ငှက်ကလေး

သီချင်းဘယ်သူ သင်ပေးပါသလဲ

လူကလေးရေ ထထ

သူငယ်ချင်း အထွေးရေ ထထနဲ့

မရမက နှိုးတတ်သည်...

ကြည်သင်မြ

ဝကွက် ဂယက်ပလုံစီနဲ့

ပလီ တီတာလို့

ယာပြင် တောင်ညိုအကြား

တောအုပ်လယ် ဖြတ်သွားတဲ့

ချောင်းငယ် မြောင်းငယ်ရဲ့စကား

ငွေရည်ငွေစက် အလားပါပဲ

ဘယ်ဇော်ဂျီ သူယောင်သင်ကြားပါလိမ့်

နားဝ လွင်စည်...

ပန်းနှင့် လိပ်ပြာ

အများ မကြားသာသတဲ့

စကားထာ တစ်ဖြာလှလိမ့်မယ်

မြပြာ တိမ်လိပ်တို့

တရိပ်ရိပ် လွင့်ပါးညိုးညံ့

ကောင်းကင် တေးသံပေါ့

ကြယ်ခြံရံ အခွံ လခြမ်း

စိန်ပျောင်းသွယ် နဂါးငွေ့တန်းမှာလည်း

ဆန်းပြားပဋ္ဌင် ရှိပေလိမ့်

ထင်စားမိ တလည်လည်

လွန်မိသည် ချစ်ကြွေး၊

နမကပြုံးသော်လည်း

မျက်ခုံးမျက်တောင်ကော့

ညွတ်ကြော့တုန်ရီလို့

မျက်လွှာသီသီပင့်

နှုတ်ခမ်းက မပွင့်တပွင့်နဲ့

စိတ်ထင့်ရုံ လက်တစ်ကမ်းမှာမို့

ရင်ခုန်သံ ကာရန်ဖမ်းနိုင်ဘု

အလှမ်းမမီရက်ပြီလား

ရူးခဲ့သည့် ကံ့ကော်ငွေရွက်

နမကေသီ ညိုညက်မှာ

ပန်ဆင်ရာ ပန်တော်ဆက်ချင်ရဲ့လို့တောင်မှ

တစ်ခွန်း ကဗျာမဖက်ပေမဲ့

အလင်္ကာ သညာပျက်ခဲ့တယ်

ပြောခက်ပြီလေး။ ။

xxx

သူ့ကဗျာများ တစ်ဝက်တစ်ပျက်ရော၊ ပြီးပြီးသားရော၊ မဂ္ဂဇင်းသို့ မပို့ရသေးတာရော၊ ပို့ပြီးသားရော တစ်ထပ်ကြီး ရလာကာ ဖိုင်တွဲနှင့် တွဲထားဖို့ စိတ်ကူးလည်း အိပ်ရာအောက်နှင့် စားပွဲခုံ အံဆွဲ၌သာ ပြန့်ကျဲခဲ့ပြီး တချို့ ပျောက်ဆုံးကုန်သည်။ မြန်န္တာနှင့် မပျက်မကွက် တစ်ပတ်မှာ သုံးလေးရက် မှန်မှန်တွေ့ကြပြီး စာမေးပွဲဖြေချိန် ရောက်လာ၏။ ကျောင်းပိတ်လိုက်၏။ မြန်န္တာ ရခိုင် အလည်သွား၏။ လက်ထပ်သည် ကြားလိုက်၏။ ပြန်မတွေ့ ရတော့ချေ။

သူ့အစ်ကိုဝမ်းကွဲက ခဏပြန်လာပြီး မြန်န္တာနှင့် ခပ်ကျဉ်းကျဉ်း လက်ထပ်ကာ အမေရိကသို့ ခေါ်သွားသည်ဆိုတာ နောက် သိရသည်။

မောင့်နှမမြနန္ဒာနှင့် နေ့စဉ် တွေ့မြင်နေရလျက်က ညပိုင်းတောင် တကောက်ကောက် လိုက်ခဲ့သော လင်းထင်သည် လုံးဝ ကွဲကွာတော့ ဘယ်လိုနေရသည်ဆိုတာ ပြန်မတွေးချင်တော့။ မေ့ပစ်လိုက်ပြီ။ လူ့ဘဝမှာ အကြိမ်များစွာ သေကြရ၏။ အကြိမ်တိုင်းပင် အသစ် မွေးဖွားခဲ့သည်။ မြနန္ဒာနှင့် တွေ့ဆုံပြီး ကွဲကွာရသည့် အဖြစ်တွင် တစ်ခါ သေလိုက်ရပြီး အသစ်မွေးဖွားခြင်းတစ်ရပ် ဖြစ်ခဲ့သည်။ မြနန္ဒာကို မေ့ပစ်လိုက်၏။ သတင်း နားမထောင်တော့။ အိပ်မက်အဖြစ်တော့ လာနှောက်သေး၏။ မြနန္ဒာသည် အင်းလျားရေစပ်မှာ မိုးရေဥများ၊ နဖူးနားထင်စပ်မှာ စိုနေဟန် မက်၏။ သို့သော် အသက် မရှိ။ သို့သော် သေလုမြောပါး ခွေပျော့နေသည်။ နှင်းဆီပန်း အပြာများ၊ ချောကလက်များ၊ လိမ္မော်ရောင်များ ထောင်သောင်း မက ဝေဆိုင်းနေသည်။ အိပ်မက်မှန်း သိသာလှသည်။ အိပ်မက်ထဲတွင် မြနန္ဒာနှင့် ဘယ်တော့မျှ စကား မပြောရချေ။

အမေ စိတ်ချမ်းသာအောင် သူ ကျောင်းဆက်နေလိုက်၏။ အရက်သောက်လည်း မသင်ခဲ့။ ဘီအေအောင်ပြီး အလုပ်တော့ မလုပ်ချင်တော့ပေ။ စီးပွားရေးလုပ်ငန်းကို ရောင်းလိုက်ကာ အင်းလျားနားမှာပဲ တိုက်တစ်လုံး ဝယ်ကာ ငှားစားရ၏။ (ခင်အေးရီနှင့် ရတော့ ထိုအိမ်မှာပင် နေသည်။ သားသမီးများတော့ အိမ်ကျယ်မှ မြေကြီးရှိမှ ကောင်းသည်။) စာရေး စာဖတ်ခြင်းဖြင့်သာ မွေ့လျော်ကာ နေလေသည်။

တစ်ခါ အူအတက်ရောင်သဖြင့် ဆေးရုံတက်ရ၏။ အလုပ်သင် ဆရာဝန်ဖြစ်စ ဒေါက်တာခင်အေးရီနှင့်တွေ့ပြီး သုံးလမျှတွဲကာ လက်ထပ်လိုက်သည်။ သုံးလမှာ ခင်အေးရီက ဆေးရုံတာဝန် များလှသည်နှင့် တစ်ပတ်မှာ တစ်ရက်ခွဲမျှသာ တွေ့ရသည်။ ပြီးတော့ သူသည် မပူပင် တတ်တော့ချေ။

ချိန်းထားသော နေ့များမှာတော့ သူ အိပ်ပျော်နေလျှင် ငှားနေသော အခန်းကျဉ်းကလေးသို့ ခင်အေးရီက ကားမောင်းကာ လာတတ်သည်။ အမေဆုံးပြီဖြစ်၍ သူသည် အခန်းကလေးတစ်ခု ငှားကာ ထမင်းချိုင့် မှာစားကာ နေသည်။ ခင်အေးရီသည် ရေနံဆီမီးဖို ဝယ်လာ၏။ ဒန်အိုး၊ ဒန်ခွက် ဝယ်လာ၏။ ပန်းကန်၊ ဖန်ခွက် ဝယ်လာ၏။ သောက်ရေအိုး တည်၏။ အားသည့်နေ့မှာ လာပြီး ချက်ပြုတ် စားသောက်ကြသည်။ ကောင်းကောင်းမွန်မွန် စားရသည်။

ခင်အေးရီသည် တော်တော် ချစ်စရာကောင်းသည်။ မျက်နှာရုပ်ရည် သန့်ရှင်းကြည်လင်၏။ မျက်နှာကို ဆေးခြယ်လေ့ မရှိ။ ကျန်းမာခြင်းဖြင့် ဝင်းဝင်းပကာ နေသည်။ ဆေးရုံမှာ အလုပ် အင်မတန် လုပ်၍ ညတာဝန် ကျလျှင် အိပ်ချိန်မရအောင် မနိမကပ် လုပ်ကိုင်တာ တွေ့ရ၏။ ခင်အေးရီ သည် အခွဲအစိတ်လည်း ဝါသနာ ပါသေးသည်တဲ့။ ခွဲစိတ်ပါရဂူ ဖြစ်ချင်သည်တဲ့။ သို့သော် မိန်းမဖြစ်သည်ဆိုတာနှင့် သားဖွားမီးယပ်ရောဂါဘက် လိုက်ရသည်။ သူ့ကို ခွဲစိတ်ပါရဂူ ဖြစ်ခွင့်မပေးချေ။ ခင်အေးရီက မကျေနပ်လှသော်လည်း လင်းထင်နှင့် လက်ထပ်ပြီး လေးလမှာ အင်္ဂလန်သို့သွား၍ စာသင်ရသည်။ ရွှေတံဆိပ်နှင့် ဆုတွေ ဘာတွေ ရသည်။ လင်းထင်သည်

မယားသည်ကို ချီးမွမ်းအံ့သြ၍သာ နေရတော့သည်။ သူကတော့ မလှုပ်မရှက်နေတတ်သည်။ သွေးမြင်လျှင် မူးချင်သည်။ တကယ် မူးတာပေါ့။ ဟုတ်သားပဲ။ ဆေးရုံတက်တုန်းက အကြောဆေး လာထိုးတာ ပြွန်ထဲ သွေးတန်ပြီး ဝင်လာတာလည်း မြင်လိုက်ရော မူးသွားလိုက်တာ ရှူဆေးတွေ ဘာတွေ လာပေးကြရသည်။ အဲသည်တုန်းကပေါ့ ခင်အေးရီက သူ့ကို လာကြည့်ပြီး တဟားဟား ရယ်ပစ်လိုက်သည်။ သူတော်တော် မခံချင်။

"သည်လိုပါပဲ။ ကျွန်တော့် ကဗျာတွေ ဖတ်ရရင်လည်း ခင်ဗျား မူးလဲမှာပဲ" ဟု သူ ပြောခဲ့မိသည်။

သည်တော့မှ ခင်အေးရီသည် မြန်နန္ဒာနှင့် ကျော်ကြားခဲ့သော ကဗျာ ဆရာ လင်းထင်မှန်း သူ့ကို သိသွားပြီး တောင်းပန်သည်။ ညတာဝန်မှ ခဏအားလျှင် စကား လာပြောတတ်သည်။ သူ့ကို တော်တော် ဂရုစိုက်သည်။ ဒါနဲ့ ငြိကြတော့ပေါ့လေ။

သို့သော် ခင်အေးရီနှင့် လက်ထပ်သည့်အခါမှာ သူသည် မလည်မဝယ် ၁၇ နှစ်သား မဟုတ်တော့။ ကြီးရင့်ခဲ့ပြီလို့ ထင်သည်။ ၂၄ နှစ် ခန့်ရှိပြီ။ ခင်အေးရီထက် ၅ လခန့် ငယ်သည်။ ညားစက မယားသည် ခင်အေးရီရဲ့ လက်မောင်းပေါ် ခေါင်းအုံး အိပ်တတ်သည်။ နောက်တော့ ကျောပေး အိပ်တတ်သည်။ ဘာလိုလိုနှင့် ၁၆ နှစ်မျှ ကြာခဲ့လေပြီ။

သားသမီး ငါးယောက်နှင့် တစ်အိမ်လုံး ပြည့်ခဲ့ပြီး သားကြီးက မအေတူ ထွားထွား။ ရေကူးသည်။ အလေးမသည်။ သီချင်း ဖြစ်အောင် မဆိုတတ်။ သူ့အမေလိုပဲ။ အသံကို နားမလည်။ သည်လောက် သီချင်း ကဗျာ ဝါသနာပါ၍ ပတ္တလား၊ စောင်းနှင့် မွေ့လျော်သူ၏ သားသည် သီချင်း ဖြစ်အောင် မဆိုတတ်သည်ကို စိတ်ပျက်ခဲ့ဖူးသည်။ ဒါနဲ့တောင် အီလက်ထရစ်ဂီတာ လိုချင်သည်တဲ့။ ဝယ်တော့ ပေးရဦးမည်။ ငယ်ငယ်က ဆိုလျှင် လင်ကတီး မယားကဆိုသည့် အိမ်ထောင်မျိုး စိတ်ကူးခဲ့မြဲ။ မြန်နန္ဒာနှင့်ဆိုရင်တော့ ဖြစ်တာပေါ့။ သားဖွားမီးယပ် သမားတော်ကြီး ဒေါက်တာခင်အေးရီကတော့ သီချင်းဖြစ်အောင် မဆိုတတ်ချေ။ သူတို့ သားအမိနှစ်ယောက်သည် သီချင်းဆိုလျှင် သည်အသံကနေ ဟိုအသံရောက်ပြီး၊ ရယ်ချင်လို့သာ ရယ်ရသည်။ စိတ်ညစ်ညစ်နားကလောလှသည်။ သမီးသုံးယောက်က သီချင်း ဆိုတတ်သည်။ ပတ္တလား တီးကြ၏။ သို့သော် စာတော်ကြပြီး မျှော်လင့်ချက် ကြီးမားကြသည်။ အမေ့လို ဆရာဝန်လုပ်မည်တဲ့။ အမြတ်မယူသော ဆေးရုံ ဖွင့်မည်တဲ့။ အမေကတော့ ဂျာမန်စာ သွားသင်ပြီး ပြန်လာလျှင် သမီးသုံးယောက်ကို တစ်ဖန် သင်ပြန်၏။ ပြီးတော့ သားအမိလေးယောက် လျှာသွက်အာသွက်ဖြင့် စာကျက်ကြမြဲ။ အငယ်ဆုံးကတော့ အဖေ့သားပင်။ မြန်နန္ဒာနှင့်ရလျှင် မြလင်းထွေးလို ကလေးမျိုး မွေးမှာပဲဟု သူ စဉ်းစားတတ်ပြီ။ မြလင်းထွေးက စံပယ်ပန်း ကြိုက် သည်။ နှင်းဆီပန်း ကြိုက်သည်။ ကဗျာ ကျက်တတ်သည်။ ယခု ပတ္တလား တီးလေပြီ။ သီချင်းဆိုတတ်သည်။ သီချင်းဆိုလျှင် ပီပြင်လိုက်သည့်အသံ။

မြလင်းထွေးဖို့ ကလေးကဗျာ စပ်ရသည်။

မြန်န္တာကို ရည်မှန်းသည့် ကဗျာများဖြင့် ကျော်ကြားခဲ့သော လင်းထင်သည် ကလေးကဗျာ စပ်သည်ဆိုတော့ အများက ရယ်ကြသည်။ ဒါတောင် သူတို့ မသိသေးလို့။ ကလေးဖတ်ဖို့ ဝတ္ထုများစွာကို သူ ရေးဦးမည်။ အနောက်နိုင်ငံ၌ ကလေးစာပေကို လေးလေးစားစား သဘောထားပြီး ရေးကြတာ မသိကြဘူးလား။ စီအက်စ်လူးဝစ်ရဲ့ နားနီယားနိုင်ငံအကြောင်း ခုနစ်အုပ်တွဲစာအုပ်ကို ဘာသာပြန်ဦးမည်။

တစ်ခါတစ်ခါတော့လည်း အချစ်ဆိုတာ လင်မယားမှာသာ ရှိတာပါဟု ရီ ပြောသလိုပင် တွေးမိသည်။ မြန်န္တာက အိပ်မက်မျှသာတည်း။ မြန်န္တာရဲ့ လက်ဖျားလေးကိုမှ သူ မဆုပ်ကိုင်စဖူး။ ရီနှင့်တော့ အံ့သြဖွယ်ရာ အရင်းနှီးဘဝကို ရောက်ခဲ့သည်။ သားသမီး ပွားစီးခဲ့သည်။ အိမ်ထောင် ဆိုသည်မှာ ရုပ်သဏ္ဍာန်ကသာ စိုးမိုးတာများသည် ထင်၏။ လူ့ဘဝ အရင်းခံဟာ ရုပ်ပဲလို့ သိပ္ပံပညာရှင် မယားသည် ရီက ပြောတာ မှန်နိုင်၏။ ရီက လူ့ဘဝနှင့် မကွယ်မဝှက် ရင်းနှီးရသောသူ ဖြစ်၏။ သူသာ သွေးကို မြင်လျှင် မူးချင်သည်။ ရီက ဖျတ်လတ်သည်။ အမြဲ လှုပ်ရှားနေသည်။ သူက ထိုင်းမှိုင်းသည်။ တွေဝေငေးမောနေချင်သည်။ ရီက တဟားဟား ရယ်စရာအကွက်များကို မြင်သည်။ သူက စိတ်ဝေဒနာ ခံစားချက် ပြင်းထန် တတ်သည်။

သို့ပေမဲ့ မြန်န္တာနှင့် သူဟာ ဆင်တူသော လိပ်ပြာနှစ်ကောင်ဖြစ်လျှင်၊ ရီနှင့် သူက ပန်းနှင့် လိပ်ပြာဖြစ်ကာ ပို၍ လိုက်ဖက်သော အပြန်အလှန် အကျိုးပြုသော အတွဲဖြစ်သည်လို့ ဆိုရမလားမသိ။ သဘောဖြူလှသည့် ရီနှင့် အိမ်ထောင်ပြုရတာ အင်မတန် ကံကောင်းသည်လို့ ဆိုရမလား မသိ။ အေးလေ ရီနှင့်ရတော့လည်း သည်လိုပဲ တွေးတော့မှာပဲ။ တကယ်တော့လည်း လူ့ဘဝဆိုတာ မတော်တဆ ဖြစ်ပျက်ခြင်းများနှင့်သာ အတိ ပြည့်၍ အစီအစဉ် အကွက်ချထားခြင်း မရှိ။ ဆန်ကောထဲ ဆီးဖြူသီးထည့် လိုမ့်တော့ ပူးမိသည့် ဆီးဖြူသီးကပူးမိ၊ ကွဲကွာသည့် ဆီးဖြူသီးက ကွဲကွာတာမျိုးလို့ ပြောချင်တော့သည်။

သို့ပေမဲ့ အစကပြန်ပြီး စိတ်ကြိုက်ပြင်လို့ရမည်ဆိုလျှင် လင်းထင် ပြင်ချင်သည်လား။ ရှင်းရှင်းပြောရလျှင် မြန်န္တာနှင့် အင်းလျားမှာ ပြန်တွေ့ရာကစပြီး လင်းထင်ကလည်း ဇက်ရဲလက်ရဲ၊ မြန်န္တာကလည်း သတ္တိခဲမို့ နောက်ဆုံး၌ အတူတကွ အသက်ထက်ဆုံး ပေါင်းသင်းကြရလေသတည်း ဆိုတာမျိုး ဖြစ်လို့ရလျှင် ဖြစ်ချင်သလား။ သားသမီး ငါးယောက်ဟာ ရုပ်တစ်မျိုး ဖြစ်နေသည်။ ဝါသနာတစ်မျိုး ဖြစ်နေသည်။ အမူအရာတစ်မျိုး ဖြစ်နေသည်။ မြလင်းထွေးလေးတောင် မြလင်းထွေး အစစ်တော့ မဖြစ်နိုင်ပြီ။ လင်းထင် လိုလားနိုင်သည်လား။

သည်တော့ ကဗျာစပ်ရမှ နေနိုင်သူမို့ ကဗျာ စပ်ရမည်။ တစ်ကိုယ်ကောင်းကြံသူလို့ ဆိုချင်သလား။ ကဗျာစပ်ဖို့သာ ကြံရသည်။ ကဗျာစပ်လို့ ကောင်းလှသည်။

မောင့်ဥယျာဉ် ခြံတောင်ပို့တွေမို့မထင့်

နွဲ့နှင်းဆီ ညှိုးခွေညို့လေတော့

မီးရှို့လို့ ပြာတိုက်လိုက်သည်...

သစ်စိမ်းချိုး

မီးခိုးတအူအူနဲ့

မျက်ရည်ပူ ဆူတော့

ငြူစူမိသည်...

ရေစင်ဖျန်းလိုက်မှ

ပြာနှမ်းမှောင်နက်တဲ့

မြေညက်ညက်ညီညီ

မြေဆီနှစ် သစ်ရှာဆဲ၊

မောင် မထင်မှတ်ပါဘဲ

ပွင့်ဖတ်ငွေလွှာနှင့်

သစ်ခွပြာရဲရင့်

ဘယ်နတ်မောင် ဆောင်ပင့်လို့

သစ်ငုတ်တို ခိုတွယ်ပွင့်ပါလိမ့်။

မောင့်ဥယျာဉ် သရေတင့်ပါဘိ

နမ်းဆင့်ပိုကဲ။ ။

ဖြန်းခနဲပင် နယ်ကပြောင်းလာသည့် ဦးသန်းတင့်တို့အိမ်က ဖဲဝိုင်းမှာ တနင်္ဂနွေနေ့တိုင်း မှန်မှန် လာမိလျက်သားရှိသည်။ ယုယုခင်ကလည်း နောက်ပြောင်လှပြီ။ လူတွေဟာ သိပ်ရိုင်းတာပဲလို့ ထင်သည်။ သူနှင့် မြနန္ဒာကို ပြောကြဦးမည်။ သည်တော့ ဖဲရိုက်လေ့မရှိဘဲ ခုမှရိုက်တဲ့ ဝါသနာကိုလည်း ဖြတ်ရမည်။ မြနန္ဒာကို တစ်ပတ်တစ်ခါ သုံးနာရီခန့် တွေ့ဆုံရတာကို စုံမက်နေသေး၏။ တစ်ခါလောက် ဟိုတုန်းကလို ထွေရာ လေးပါး စကားပြောချင်သေး၏။ အင်းလျားကန်ဘေးဆိုလျှင် ပိုကောင်းသည်ပေါ့။ သို့ပေမည့် ဘဝခြားခဲ့ပြီ။

မောင့်နမ မြနန္ဒာသည် ဘယ်လို လှပနုပျိုသေးလဲ။ ယခင်က မြနန္ဒာ မဟုတ်တော့ပြီ။ သူ့အပြုံးသည် လန်းဆန်းသော နှင်းဆီရဲ့ အလှမျိုး မဆောင်တော့။ ကြီးရင့် သည်းခံတာ ပါသည်။ ဘဝကို သည်းခံခဲ့သော မိန်းမ၏ အပြုံး၊ မိန်းမပွေသော ဆရာဝန်ကြီးကတော်၏ အပြုံး၊ သတ္တိရှိတတ်လာပြီဆိုတာ ပြသော အပြုံးသာ ဖြစ်သည်။ ကိုလှဦးလို မျက်နှာရှုံးကိုလည်း မြနန္ဒာ သည်းခံလို့ ပြုံးမြဲပြုံးလိမ့်မည်။

ဖဲဝိုင်းသို့ လာတိုင်း ဘေးကအမြဲပါသော ရီက တဟားဟား ရယ်မောဆဲ။ လင်းထင်သည် တစ်ချက် တစ်ချက် မြနန္ဒာကို ငေးမောမိကာ နှစ်ယောက်သား မျက်လုံးချင်း ဆုံလျှင်တော့ သူတို့ရဲ့ အပြုံးတို့သည် လမ်းခုလတ်တွင် တိုက်မိကာ ပြိုင်တူ တောင်းပန်မိကြမည်လို့ သူ ကြံကြံ ဖန်ဖန် တွေးတတ်သည်။

တစ်ခါတုန်းက မောင့်နမ မြနန္ဒာ။ ခုလည်း မပြစ်မှားရက်ပါဘူး။ လွမ်းဖွယ် အိပ်မက်မက်စေသော၊ ကဗျာစပ်စေသော မောင့်နမ မြနန္ဒာ၊ ကဗျာစပ်ခွင့် ရင်ခုန်ခွင့် ရသည့်အတွက် ကျေးဇူးတင်ပါသည်။

ဘယ့်ကြောင့်ဆိုလျှင် ၁၆ နှစ်မျှ ပေါင်းခဲ့ပြီးဖြစ်သော မယားသည် ဆိုသည်က ဘယ်လိုလုပ်ပြီး ယောကျ်ားတစ်ယောက်ကို ရင်ခုန်စေနိုင်တော့မည်လဲ။ ပြီးတော့ ခင်အေးရီဆိုသည်က လှုပ်ရှားအသက်ဝင်၍ အင်အား ရှိသူဖြစ်လေသည်။ စိတ်ကူးယဉ်ဖွယ် ပန်းပွင့်ပမာ မိန်းမစားမျိုး မဟုတ်။ လင်းထင် မမြင်ဝံ့သော သွေးကို သူက ချစ်သည်တဲ့။ သေလုမြောပါး လူနာကို သွေးသွင်းရတာ၊ အသက် ဆက်ရတာ ဘယ်လောက် ပျော်စရာ၊ အားရစရာ ကောင်းသလဲတဲ့။ သွေးပုလင်းများကို ချစ်သည်တဲ့။

မြနန္ဒာရဲ့ အပြုံးကတော့ လဲ့နေတာပဲကွယ်။ ခုတလော ကဗျာ စပ်ချင်ပြန်သည်။ သို့ပေမည့် ယုယုခင်က "ကိုကိုငမ်းတို့ရဲ့" အစချီသော ကြမ်းတမ်းသည့် အသံကို ကြားလိုက်၏။ နားမလည်လိုက်၊ နားထဲ ပူလောင် လှ၏။ စိတ်ကူးပျက်သွား၏။ သူ့ရဲ့ လွမ်းဆွတ်ဖွယ်လှသော အိပ်မက်သည်လည်း အလန့်တကြား ပျက်ပြယ်လေပြီ။

xxx

ပန်းချီဆရာ ကိုတင်မောင်ကမူ မြနန္ဒာကို မြင်မြင်ချင်း ရင်တွင်းမှ အေးသွားသည်။

သူ၏ တုန်ယင်သော လက်များသည် ငြိမ်သက်နေပြီး သူသည် စောစောက စိတ်လှုပ်ရှားမှုကို ထိန်းရင်း စီးကရက်တစ်လိပ် ကမန်းကတန်း ညှိလိုက်ရသော်လည်း မြနန္ဒာ ဝင်ဝင်လာချင်း ဒိတ်ခနဲ ဖြစ်မည့်အစား နှလုံးငြိမ်သွားသည်။ မြနန္ဒာသည် သူမျှော်လင့်ထားသော ပုံသဏ္ဌာန်နှင့် ညီသည်။ သူ လှသည်လို့ ခေါ်ချင်သော အလှကို ဆောင်သည်။ သူ ထင်မြင်သည်ထက် ပို၍ မာနကြီးမားကာ၊

သို့သော် ထိုမာနသည် ပျက်ပြယ် ဆဲ။ နှစ်မကြာခင် လုံး၀ ပျက်ပြယ်၍ သိမ်မွေ့ခြင်း သက်သက်မျှသာ ကျန်မည်ဟု သိရသော မျက်နှာ အမူအရာ ရှိသည်ကို ရိပ်မိရ၏။ မြနန္ဒာ၏ မျက်နှာကို သူ ကူးဆွဲချင်သည်။

မြနန္ဒာ၏ ပုံကိုကူးဆွဲလျှင် "ဘ၀ကိုခင်သူ" လို့ အမည်ပေးမည်။ ပန်းချီကားက မျက်နှာသည် လှပ၍ ထိုအလှသည်ပင် ဘ၀ကို ခင်မင်ရခြင်း အကြောင်းရင်းတစ်ခု ဖြစ်သည်။ ထိုမျက်နှာသည် အရာရာကို အနုစိတ်မြင်တတ်၍ ဝေဒနာကို ထက်မြက်စွာ ခံစားတတ်သော အဓိပ္ပာယ် ရှိသောအလှ ဖြစ်သည်။ ညို့မှောင်သော မျက်လုံးများက စကားပြောသည်။ ပြုံးဟန်က တစ်ဖက်သားကို ထိခိုက်သည်။ တစ်ခါ ကြည့်ရုံမြင်ရုံနှင့် ပြီးရသော မျက်နှာ မဟုတ်။ အတွင်းသဏ္ဌာန်ကို စိတ်ဝင်စားစေ၊ စေ့ငုချင် စိတ်ပေါက်စေသော မျက်နှာပင်။ မြနန္ဒာဆိုသော မိန်းကလေးသည် အရိုက် နာ၍ ပဲ့လွင့်ကျနေသော အိုးပမာ ဘ၀ကို သည်းခံခဲ့ပြီ။ သို့သော် သတ္တိ ရှိသူမို့ ဘ၀ကို အခင်အမင် မလျော့။ တစ်မျိုးတောင် တိုးလို့ ခင်နိုင်သေး၏။ စွန့်လွှတ်ဖို့ ဝန်မလေးသော ခင်မင်နည်းမျိုးပင်။ ဒါသည်သာ အမှန်တရားဖြစ်သည်။ ထိုအမှန်တရားကို မြင်ခဲ့သော မျက်နှာသည် လှပသော မျက်နှာပင် ဖြစ်သည်မှာတော့ အံ့သြစရာလေလား။ သို့မဟုတ် အလှသည် အမှန်တရားပင် ဖြစ်သည်ဆိုတာ ဒါကိုပင် ဆိုလိုလေသလား။

သူက နေရာပေးလိုက်သည်ကို မြနန္ဒာသည် "ကျေးဇူး" ဟုသာ တိုးတိတ်စွာဆိုကာ ထိုင်သည်။ သူနှင့် မျက်လုံးချင်း အတန်ကြာ ဆုံသေး၏။ တစ်ယောက်ကို တစ်ယောက် ငယ်သူငယ်ချင်းများ ပြန်တွေ့သလို မှတ်မိသိရှိကြ၏။ တစ်ခါ မမြင်ဖူးခဲ့သော်လည်း ယုံကြည်နိုင်၏။ တစ်ယောက် နှင့် တစ်ယောက် ဖုံးအုပ်ကွယ်ဝှက်စရာ မလိုသောသူများလည်း ဖြစ်ကြ၏။ လိမ်လည်လှည့်ဖြားဖို့ရာဆိုသည်မှာ မကြံစည်စကောင်း။ ထို့ကြောင့် လွတ်လပ်၏။ ပေါ့ပါး၏။ ပျော်ရွှင်ဖွယ်ကောင်းလှ၏။ မြနန္ဒာနှင့် သူ မိတ်ဆွေကောင်းများ ဖြစ်ကြသည်။

သူက မြနန္ဒာကို လူတစ်ယောက်ဟုသာ မြင်၏။ မိန်းမတစ်ယောက်ကို လူတစ်ယောက်ဟု မြင်ဖို့ရာ သူ ခဲယဉ်းသည် မဟုတ်။ သူ၌ တရားမျှတသော စိတ်သာ ရှိ၏။ သူသည် လူပျိုကြီးဖြစ်၍ ငယ်ဖြူ ဘုန်းကြီးကဲ့သို့ သန့်ရှင်းစွာ နေလာ၏။ ဘ၀၌ မိမိတစ်ယောက်နှင့်ပင် ပြည့်စုံ လုံလောက်ခဲ့၏။ လူတို့ ပြင်းထန်စွာ မက်မောကြသော ကာမဂုဏ် ဥစ္စာ ဟူသမျှကို သူ့ခြေမှ မြေမှုန့်မျှသာ သဘောထား၏။ မြနန္ဒာနှင့် သူ ဆက်ဆံ ရာ၌ လိင်ဆိုသော စကားကို မေ့ထားနိုင်လိမ့်မည်။ ထို့ကြောင့်ပင် မြနန္ဒာ၏ ပုံတူများ ဆွဲပြီးလျှင် အိပ်ရာခေါင်းရင်း၌ စီတန်းချိတ်ဆွဲနိုင်မည်။ သာမန် လူအပေါင်းတို့ စော်ကားခြင်းမှ ကင်းလွတ်ရန် ဖဲလိုက်ကာဖြူဖြင့်တော့ ဖုံးအုပ်ထားမည်။ တစ်ကိုယ်ကောင်းဆန်လို၍တော့ မဟုတ်။ ထို့ပြင် သူ ပထမဆုံး ရေးဆွဲမည့် မြနန္ဒာ၏ ရင်ခွင်၌ လက်ဝါးတိုင်မှ ချခဲ့ပြီး ဖြစ်သော၊ အသက်စွန့်သော ခရစ်တော်၏ ရုပ်ခန္ဓာသည် ခွေပျော့နေလိမ့်မည်။ အဆုံးစွန်သော ဒုက္ခဝေဒနာ တည်ရာ သခင်ယေရှု၏ မိခင်အဖြစ် မြနန္ဒာကို သူ အရင်ဆုံး ဆွဲမည်။

ထိုအခါ မိတ်ဆွေများကရော၊ သူစိမ်းတစ်ရံစာများကရော သူ့ကို မေးကြဦးမည်။ ခရစ်ယာန်လား၊ ဗုဒ္ဓဘာသာ မဟုတ်ဘူးလား။ သူ အဖြေ ပေးရန် မလိုပါ။ သူ့၌ အဖြေ မရှိ။ အကြောင်းမူကား သူသည် ထိုမေးခွန်း ကို သူ့ဘာသာ တစ်ခါမျှ မမေးခဲ့ဖူးသောကြောင့်ပင်။ ဘဝ၌ ထိုမေးခွန်း မတည်ရှိ။

ဘေးပတ်လည်ကို ကြည့်လိုက်၏။ လူအားလုံးပင် မြနန္ဒာကို ငေးမောကြ၏။ နိမ့်ကျသေးသူ တစ်ယောက်စ နှစ်ယောက်စကမူ ပြုံးစူ လိမ့်မည်။ စော်ကားချင်မည်။ သာမန်လူတို့က မြနန္ဒာကို နည်းအမျိုးမျိုး ဖြင့် တပ်မက်မောကြမည်။ လင်းထင်ကိုတော့ သူ ခွင့်လွှတ်မည်။ သို့သော် တစ်ယောက်မကျန်ပင် မြနန္ဒာ ဘယ်သူလဲဆိုတာ သိကြမည် မဟုတ်။ မိမိတစ်ယောက်သာ သိသည်။ မြနန္ဒာကိုယ်နှိုက်ပင် မိမိလောက် သိမြင် ပါမည်လားဟု သံသယ ဝင်ဆဲ။ မြနန္ဒာသည် သူ့ကို ကော့ဖြူးသော မျက်တောင်များလှန်၍ ညို့မှောင်အေးဆေးသော မျက်လုံးများဖြင့် အသိ အမှတ်ပြုဟန် ကြည့်ပြန်ရာ သူတို့ ထပ်တွေ့ကြရမည်ကို ကတိပေးလိုက်သည်။ သူသည် ဘဝတစ်ရပ်ကို ပန်းချီကားတစ်ချပ်အဖြစ် ဆွဲရတော့မည်။ လူဖြစ်ရသည်မှာ ဘယ်လောက် ပျော်စရာ ကောင်းပါလိမ့်။ တစ်ယောက်ယောက်ကို ကျေးဇူးတင်ချင်လေ၏။ ဒါနှင့်ပဲ ဘုရားဆိုတာ ပေါ်ပေါက် လာရသည်ထင်၏။

xxx

(ကြည်အေး)

မှတ်ချက် - ဒုတိယအကြိမ် (ပန်းရွှေပြည်စာအုပ်တိုက် )၊ တတိယအကြိမ် (Comet Books)၊ စတုတ္ထအကြိမ် (စိတ်ကူးချိုချိုစာအုပ်တိုက်) များမှ ပြန်လည်ပုံနှိပ်ထုတ်ဝေရာတွင် စာပေစိစစ်ရေးကြောင့်ဖြတ်တောက်ခံရသည့် စာသားများကို မူရင်း ပထမအကြိမ်အတိုင်းပြန်လည်ရှာဖွေထည့်သွင်းထားပါသည် ။

[ကျေးဇူးစကား X မောင် ကိုကို နှင့် မြနန္ဒာ အတွက် အလုပ်များသည့်ကြားက အားထုတ်ပေးခဲ့ကြသော မစန္ဒာလှိုင် မြတ်သူဇ္ဇာ ညို တို့အား အထူး ကျေးဇူးတင်ရှိပါသည်။]

## မြန္မာ ပြောချင်သေးသည်။ (မောင် ကိုကို နှင့် မြန္မာ ၂)

၂

မြန္မာသည် ကားတံခါးကို သော့ခတ်ပြီး ရုတ်တရက် မလှုပ်ရှားသေးဘဲ အဖြူနှင့် လိမ္မော် စပ်ထားသော စက္ကူပုန်းရုံ ဂင်းထိန်နေသည်ကို နှစ်လိုစွာ ငေးမောနေလိုက်သေး၏။ သိပ်လှတာပဲ၊ သိပ်လှတာပဲ၊ လောကမှာ လူ နည်းနည်းကလေးနဲ့ ပန်းတွေ အများကြီးရှိရင် သိပ်ကောင်းမှာပဲ၊ သိပ်အေးချမ်းမှာပဲဟု တွေးလိုက်မိသေး၏။ ရောက်နှင့်နေသော ကားများကို ကြည့်လျှင် ဖဲဝိုင်းမှာ လူစုံပြီဆိုတာကို သိရသည်။ လူစုံလေပြီ။ မြန္မာကို စောင့်ရင်း ကစားနှင့်ကြမည်။ ကိစ္စမရှိ မြန္မာက ခြောက်နာရီမှာလာ၍ ကိုးနာရီမှာ ပြန်သူဖြစ်သည်။ တနင်္ဂနွေနေ့များမှာ ဖဲဝိုင်းကို မှန်မှန်လာသော်လည်း အားထားရသော ဝိုင်းသားမဟုတ်။ ဖဲဝိုင်းကို လာ သော်လည်း ဖဲရိုက်ချင်သည်မဟုတ်။

ဖဲမရိုက်ချင်ဘဲ ဘာကြောင့် လာရသည်ဆိုတာကို ပြောရလျှင် အရှည်ကြီး ပြောရမည်။ တနင်္ဂနွေနေ့ ၆ နာရီနှင့် ၉ နာရီ ကြားမှာ အိမ်မှာ မနေချင်လို့ ဆိုရုံနှင့် ပြီးမည် မဟုတ်။ ပြီးတော့ မြန္မာကို အပြစ်တင်ကြလိမ့်ဦးမည်။ ကိစ္စမရှိ။ အဘယ့်ကြောင့်ဆိုသော် မြန္မာသည် စွပ်စွဲသမျှကို ရှင်းလင်းရန် လူ့ဘဝသို့ လာရောက်ခဲ့သည် မဟုတ်။ မနာလိုသော စိတ်ထားများကို ချော့မော့ ဖျောင်းဖျရန် လာရောက်ခဲ့သည် မဟုတ်။ ပြီးတော့ စွပ်စွဲစကားနှင့် ချော့မော့ ဖျောင်းဖျရန်ဆိုတာကိုလည်း မြန္မာက သတိတရ ရှိလှသည်မဟုတ်။ ညအိပ်ရာဝင် ခြေမှန်မှန် ဆေးရသည်က အရသာ ရှိသေးသည်ပင်။ ထိုသို့ မာန ထားခဲ့ဖူးသည်။ ယခုလို အသက်ကြီးရင့် လာလျှင်တော့ ထိုမာနသည် လျော့ပါးသွားပြီး မာနကင်းသော အမှတ်တမဲ့ နေလိုက်ခြင်းက ပိုလို့ပင် စိတ်လက်ပေါ့ပါးစေသေးသည်။ မထိခိုက်နိုင်သေးသည်။ လွတ်လပ်ခဲ့သည်။

ဒါကြောင့်ပဲ "ဆန်းဒေးညနေဆို အိမ်မှာမနေချင်လို့ ဖဲလာရိုက်ရတာ။ ဂါသနာပါလို့ မဟုတ်ပါဘူး" ဟု သူ အေးအေးဆေးဆေး ပြောတတ်သည်။ ပြီးတော့ မျက်ခုံးပင့်၍ ကြည့်ကြသူတို့ကို မြန္မာ၏ ကျော်ကြားသော အပြုံးဖြင့်သာ အဖြေ ဆက်လက်ပေးလိုက်သည်။

တနင်္ဂနွေနေ့ ညနေများမှာ မာမာ သော်လည်းကောင်း၊ ပါးပါ သော်လည်းကောင်း၊ နှစ်ယောက်စလုံး သော်လည်းကောင်း အိမ်သို့ ထမင်းလာစားသည်။ သူတို့ရဲ့ တူသမက် မြန္မာရဲ့ အစ်ကိုလင်ကို ကောင်းချီးပေးဖို့ ထင်သည်။ လာကြမြဲဖြစ်သည်။ တစ်နေ့လုံး မြန္မာက ညနေထမင်းပွဲအတွက် စီမံပြင်ဆင်ရသည်။ နိုင်ငံခြားသား သံအမတ်ကြီးများကို ဖိတ်ကြား ကျွေးမွေးခဲ့ရသည်နှင့် မခြား။ တစ်အိမ်လုံး တနင်္ဂနွေနေ့တိုင်း မွှမ်းမံပြင်ဆင်သည်။ နှင်းဆီပန်း ရနံ့များ ကြိုင်လှိုင်စေသည်။ ရာသီအလိုက် သစ်ခွ၊ သဇင်၊ နှင်းပန်း၊ သစ္စာပန်း တို့ဖြင့် အလှဖြည့်ဦးမည်။ ဧည့်ခန်း ပန်းအိုး

ကောင်းစွာ စိုက်နိုင်ဖို့ နောက်ခံ သစ်ရွက်ကို တောဖြစ်အောင် စိုက်ခဲ့သည်။ ကြမ်းပြင်၊ ကော်ဇော၊ ခန်းဆီးရှိ လိုက်ကာကို သရသည်။ အိမ်ရှိ အိမ်ဖော် ဒါဇင်ဂက်သည် စနေနေ့ညကတည်းက ကြိုတင် လုပ်ကိုင်လေ့ ရှိကြသည်။ မြနန္ဒာကမူ မနက်မိုးလင်းမှ အလုပ် စချင်သည်။ မာမာ၊ ပါပါ နှင့် ကိုကို တို့ရဲ့ ဇာတ်ရည် ဂနေအောင် တိုက်ထားသော တနင်္ဂနွေနေ့ည ထမင်းစားပွဲ ဇာတ်ထုပ်၌ ပါဂင် ကပြဖို့ရာ သူ အိပ်ရာက ထချင်တဲ့ အချိန်မှ ထမည်လို့တော့ မြနန္ဒာက ဆုံးဖြတ်ထားလေသည်။

ကြည့်ပါဦး။ အိမ်ထောင်သက် အနှစ် ၂၇ အတွင်းမှာ လန်ဒန်၊ ပါရီ နှင့် မြူးနစ်တို့မှာ လှည့်လည်ခဲ့သည့် အိမ်ထောင်ဦး ရှစ်နှစ်မှအပ ရန်ကုန်ပြန်ရောက်သည့် ၁၂ နှစ်မျှ ကာလပတ်လုံး မာမာ နှင့် ပါပါသည် တနင်္ဂနွေနေ့တိုင်း အိမ်မှာ ထမင်းလာစားကြသည်။ ဟုတ်ပါသည်။ နွေကျောင်းပိတ်ရက် သုံးလမှာတော့ မြနန္ဒာသည် သားနှင့် သမီးကို ခေါ်ကာ ရှမ်းပြည်နယ်သို့ တက်မြဲ၊ လွတ်ကင်းမြဲပေါ့။

တနင်္ဂနွေနေ့ ည ၈ နာရီမှာ ထမင်းပွဲ စ မြဲ။

“ဒါပေမယ့် ပါပါ” လို့ မြနန္ဒာ သူ့ဖခင်နှင့် တွေ့လျှင် နွဲ့မြဲ အကျင့်ပါကာ ခေါင်းကို ငဲ့ပြီး နွဲ့၍ “နန္ဒာက တနင်္ဂနွေနေ့ညဆို ဂအောင် မစားဘူး။ ဟင်းရည်နဲ့ ပေါင်မုန့်ပဲ စားမှာ”

ပါပါ သိပါသည်။ မာမာ သိပါသည်။ ကိုကိုက အသိဆုံးပေါ့။ သူတို့ ထုံးစံအတိုင်း မသိချင်ယောင်ဆောင်ကြပြီး...

“ကောင်းသားပဲ သမီး”

“ကောင်းတာပေါ့ သမီး”

“ကောင်းတာပေါ့ ဒါလင်”

... လို့ တစ်ပြိုင်တည်း ထောက်ခံကြမည်။ ပြီးတော့ မြနန္ဒာက ထမင်းစားပွဲပြီးမှာ ကိုးနာရီ ဆယ်မိနစ်မှာ ကော်ဖီပိုင်းသို့ ဂင်ပါရစေလို့ တောင်းပန်မည်။ သူစိမ်းတွေ မဟုတ်လေတော့ ခေါင်းညိတ်ကြပြန်သည်။ မြနန္ဒာသည် ဦးသန်းတင့် အိမ်ဖဲပိုင်းမှ ကိုးနာရီ တိတိ ထပြန်လာလျှင် အိမ်သို့ ကိုးနာရီ ဆယ်မိနစ်တိတိမှာ ရောက်သည်။ ဧည့်ခန်း၌ လင်သည်နှင့် ဧည့်သည်အဖြစ်ရောက်နေသော မိဘတို့၏ ကော်ဖီပိုင်းကို သူ ဂင်မည်။ ပြီးတော့ သူတို့ မကြိုက်သော ဖဲပိုင်းအကြောင်းကို ရယ်မောကာ ပြောပြမည်။ ယခုတစ်လော ငယ်ငယ်က ခင်ခဲ့ဖူးသော၊ နန္ဒာကို ချစ်ခဲ့ဖူးသော လင်းဆိုတဲ့ ကောင်လေးနဲ့ ဖဲပိုင်းမှာ အံ့သြစရာ ပြန်တွေ့ရတာတောင် ပြောနေရပြန်သည်။ သိပ်ပြောလို့ ကောင်းတာပဲ။ ဘာပဲဖြစ်ဖြစ် ယခုမှ အပြင်က ပြန်ရောက်လာသည့် အိမ်ရှင်မ ဂင်လာသော ကော်ဖီပိုင်းသည် စိုပြည်လာမည်ပင်။ ကောလိပ်ရောက်ပြီဖြစ်သည့် သားပင် ဘော်ဒါဆောင်မှ ပြန်ရောက်နေလျှင် ထမင်းစားပွဲသို့ တစ်ချက်တစ်ချက် ဂင်လေပြီ။ သမီးငယ်လေးလည်း တစ်ညတလေ နိုးလို့ နိုင်လွန်ဇာ ညဂတ်အကျီလေး ဖားလျားနဲ့ အထိန်း လက်ထဲက ရုန်းကန်ပြေးဆင်းလာမည်။

ထိုအခါမျိုးမှာ မြနန္ဒာသည် မျက်ရည်များ ဝေ့လည်ကာ သူတကာ မမြင်အောင် သမီးလေး ဆံပင်ရှည်ထဲ မျက်နှာဝှက်ပြီး နမ်းရှုပ်ရင်း၊ နမ်းရှုပ်ဟန်လည်း ဆောင်ရင်း ပူနွေးသော သမီးလေးခေါင်း၌ မျက်ရည်စများ သုတ်ရတတ်သည်။

နန္ဒာ့ သမီးအိမ်ကို နောက် အနှစ် နှစ်ဆယ်လောက်မှာ ထမင်းသွားစားတဲ့အခါ သမီးလေး မြသီတာဟာ နန္ဒာ့လို ထမင်းပွဲပြီးမှ ဖဲဝိုင်းက ပြန်မလာစေရဘူးဟု သူ့ကိုယ်သူ ကတိပေးမြဲ ဖြစ်၏။

သူ့မျက်နှာကို ကလေးခေါင်းမှ ခွာလိုက်သည့် အခါတွင်မူ အပြုံးမပျက်သည်ကို မာမာ၊ ပါပါ နှင့် ကိုကိုတို့ တွေ့ရလိမ့်မည်။ မြနန္ဒာ အပြုံး မပျက်သည်မှာ ခွင့်မလွှတ်နိုင်ခြင်း၏ အထိမ်းအမှတ်ဖြစ်သည်။ တစ်ခါတစ်ခါတော့လည်း သူတို့ သုံးယောက်ရှေ့မှာ ကျကျနန ငိုလို့များ ရလျှင် ငိုချလိုက်ချင်ပါရဲ့။ ဘယ်တော့မှတော့ မဖြစ်နိုင်တော့ပါဘူး။ အနှစ် နှစ်ဆယ် ကြာခဲ့ပြီ။ ငိုလို့ရခဲ့သည့် တစ်နေ့မှာ သူ ခွင့်လွှတ်နိုင်လိမ့်မည်လို့ ထင်ခဲ့ဖူးသည်။ ယခုတော့ သိပြီ။ တစ်နေ့တခြား သူ့ အပြုံးဟာ တည်မြဲလာပြီး သမီးလေး ပြေးဆင်းလာတာကိုပင် အပြုံးမပျက်ဖြင့် " သမီး အိပ်ချိန်ကြီးမှာ ဘာလို့ ဆင်းလာတာလဲ။ နီးရင်လည်း မေမေ တက်ခဲ့မှာပေါ့။ နာနီ့ကို ခေါ်ခိုင်းလိုက်ရောပေါ့။ သားကော စာကျက်နေဖို့ မကောင်းဘူးလား" လို့ ပြောနိုင်လာပြန်သည်။

မာမာက တစ်စုံတစ်ခု ပြောမည်ပြုပြီး မပြော။ ပါပါက စည်းကမ်းကြီးချင်ဟန်နှင့် ခေါင်းယမ်းမည်။ ကိုကိုကတော့ သူ့သမီးကို ချစ်မြဲမို့ လာပါဦး သမီးရဲ့၊ ဖေဖေ့ဆီလည်း လာပါဦး" လို့ ခေါ်မည်။ လက်ဆန့်တန်းလိုက်မည်။

စိတ်မချုပ်တည်းနိုင်သည့် အခါမျိုးမှာ မြနန္ဒာသည် ကလေးကိုကောက်ချီကာ အိမ်ပေါ်တက်လာပြီး ကလေး သိပ်နေတတ်တော့သည်။ ပြန်တော့မည့် မာမာ၊ ပါပါက အိမ်ပေါ်တက် နှုတ်ဆက်ရသည်။ ကိုကိုက အိပ်ရာဝင်ခါနီး လာနှုတ်ဆက်ရသည်။ သူတို့ လင်မယားသည် တစ်ယောက်တစ်ခန်း အိပ်ခဲ့ကြသည်မှာ သမီးလေး မွေးပြီးကတည်းက ဖြစ်သည်။ ၄ နှစ်ရှိပြီ။

"နန္ဒာ သိပ်ရိုင်းတာပဲနော်" ဟု မြနန္ဒာ မကြာခဏ တွေးတတ်ပေမည့် ဘယ်တတ်နိုင်မလဲ။ နန္ဒာက မေ့ပျောက်ဖို့ ခဲယဉ်း၏။ နာကြည်းတတ်၏။

သူတို့ သုံးယောက်ဟာ မြနန္ဒာကို မသိနားမလည်တဲ့အရွယ်မှာ ညာချပြီး နန္ဒာရဲ့ ဘဝကို ခြေမွပစ်ခဲ့ကြတယ်ဟု တစ်သက်လုံး တွေးတောခဲ့၏။ ဘယ်ခွင့်လွှတ်နိုင်မလဲ။ လိမ္မာဖို့ရာသာ သင်ကြားခဲ့ရသည့် မြနန္ဒာက ရယ်မောပျော်ရွှင်စွာ နေလိုက်ချင်သည်။ မြနန္ဒာက ပြုံးရုံသာပြုံးပြီး အပြုံးမပျက်ဘူးဆိုတာကိုသာ တစ်ဆင့်ပြတတ်လာရပြီး ယခုအထိ မိဘနှင့် လင်သည်တို့က အဖွဲ့မပျက် စည်းလုံးနေကြသည်ကို မြင်ရကာ မခံနိုင်သည့် အခါများမှာတော့ ရိုင်းတတ်လာတာ အမှန်ပဲ။ ဘယ်သူ့ အပြစ်လဲ။

ပါပါကတော့ ပြောသည်။ သမီးမြနန္ဒာကို ဘယ်လောက်မြတ်နိုးခဲ့သလဲကွယ်လို့၊ ဘယ်လောက် ပြုစုပျိုးထောင်ခဲ့သလဲကွယ်လို့၊ ဘယ်လောက် အထက်တန်းကျစေခဲ့သလဲကွယ်လို့၊ မင်းမျိုးမင်းနွယ်တမျှပါပဲလို့။

x x x

ပါပါကတော့ သမီးမြနန္ဒာ မမွေးခင်ကတည်းက အားလုံးစီစဉ်ခဲ့သည်ပင်။ ပါပါက အစီအစဉ်ကြီးသူ ဖြစ်သည်။ သူက တစ်ဦးတည်းသော ကလေးကိုသာ လိုချင်သည်။ ထို့ကြောင့် မြနန္ဒာသည် ညီအစ်ကို မောင်နှမ မရှိ ဖြစ်ခဲ့သည်။

မှတ်မိသေး၏။ (မြနန္ဒာက အင်မတန် မှတ်မိတတ်သည်။ ကိုယ့်ကိုယ်ကိုယ် နှစ်နှစ် သုံးနှစ်ရွယ်လောက်ထိ တစ်ချက် တစ်ချက် ပြန်မှတ်မိနေသည်။) မြနန္ဒာက အိမ်လာလည်သော ဧည့်သည်၏ ကလေးကို ချစ်နေပြီး မေမေ့ကို ပူဆာသည်။

"မာမာ့ ဗိုက်ထဲမှာ မောင်မောင်လေး မွေးပါဦး၊ မောင်မောင်လေး မွေးပါဦး" ဆိုတော့ မာမာက "ညည်း ပါပါကို ပြော" တဲ့။

ပါပ့ါကိုပူဆာပြန်တော့ ပြုံးရယ်ခဲသော ပါပါသည် အနည်းငယ်ပြုံးပြီး "ဘာလုပ်ဖို့လဲ နန္ဒာရဲ့၊ တစ်ယောက်တည်းဆိုတော့ မကောင်းဘူးလား။ မာမာ၊ ပါပါတို့လည်း တစ်ယောက်တည်း အပိုင်ရတာပေါ့။ အရုပ်တွေလည်း တစ်ယောက်တည်း အပိုင်ရတာပေါ့။ မဟုတ်ဘူးလား။ မောင်လေးရှိရင် ဝေယူရမှာ။ နန္ဒာ့မှာ လျော့သွားမှာပေါ့"

"ဟင့်အင်း၊ နန္ဒာ တစ်ယောက်တည်း အပိုင် မလိုချင်ပါဘူး။ မောင်လေးကို ဝေပေးမှာပေါ့" ဟု ပြောခဲ့သည်။

မြနန္ဒာသည် မောင်လေးကို မရခဲ့ချေ။ ပါပါ အားကြီး နမြောသည်လို့ သူ ထင်ခဲ့သည်။ ရန်လုပ်ခဲ့သည်။ သူနည်းနည်းကြီးလာတော့ ဧည့်သည်များရှေ့မှာ သည်အကြောင်း ပြောပြီး လူကြီးတွေ ရယ်ကြပြန်တော့ ရှက်လည်းရှက်၊ ကိုယ့်ကိုယ်ကိုယ်လည်း မှားတယ် ထင်ခဲ့ပြန်သည်။

မြနန္ဒာ ငယ်ငယ်က မွေးဖူးသော ကြောင်ကလေးကို နမ်းမှုကြောင့် ပါပါက ကြောင်ကို လွှတ်ပစ်ခိုင်းတာ မှတ်မိသေး၏။ ကြောင်ကလေးကို ခပ်ဝေးဝေးသို့ သွားပစ်လည်း နေ့စဉ် ပြန်လာသည်။ မြနန္ဒာ ဆီးကြို နမ်းရှုပ်မြဲ။

နောက်တော့ ပြန်မလာတော့ချေ။ ထမင်းချက် ကုလားကြီးက ပါပါ သေနတ်ဖြင့် ပစ်သတ်လိုက်သည်လို့ ပြောသည်။ မာမာက " ဟုတ်မယ် မထင်ပါဘူး" ဟုသာ ပြောသည်။ ပါပ့ါကို မမေးရဲချေ။ မြနန္ဒာ တစ်လ နှစ်လလောက် ငိုရသည်။ အလွယ်တကူဖြင့် မေ့ပျောက်လို့ မရချေ။ အစေခံ တန်းလျားက ကလေး တစ်ယောက်နှင့် အဖော်ပြုမိလို့ အဆိုခံရပြန်သည်။ ပြီးတော့ ပါပါက

သေနတ်နှင့် ပစ်သတ်လိုက်မှာ ကြောက်၍ အဆက်ဖြတ်လိုက်သည်။ မာမာက ရယ်မောသေးသည်။ မာမာက ပါပါရဲ့ ဘက်တော်သား ဖြစ်သည်။

မြနန္ဒာ အရုပ်ကလေးလို အဖိုးတန်အဂတ်ဖြင့် ဆင်ပြင်ကြတာတော့ ကျေးဇူးတင်ရမည်ဆိုပါတော့။ ဖိနပ်နဲ့ ဦးထုပ်က အစ အင်္ဂလန်က မှာပေးတာတွေ အမှန်ပါပဲ။ မြနန္ဒာ မွေးနေ့များဟာ ကြီးကျယ်ခမ်းနားလှသော အိမ်၏ ပွဲတော်များ ဖြစ်ကြသည်။ ဆွေမျိုးမိတ်သင်္ဂဟများ လာကြသည်။ မြနန္ဒာကို လှတာတစ်ခုနဲ့ပဲ ချီးမွမ်းမဆုံးကြ။ ဘာလုပ်လုပ် တင့်တယ်နေသည်။ လက်ဆောင် များစွာရ၏။ သို့ပေမယ့် ချစ်ခင်တတ်သော၊ နုလုံးနွေး ပူသော မြနန္ဒာအဖို့ သက်မဲ့ ပစ္စည်းများစွာသာ ရလေသည်။ မြနန္ဒာက ကြက်တူရွေးကလေးဖြစ်စေ၊ ယုန်ကောင်ကလေးဖြစ်စေ လိုချင်သည်။ မရ။ သက်ရှိ သတ္တဝါနှင့် နီးစပ်တာဆို၍ မြနန္ဒာ ၁၀ နှစ်သမီးမှာ ရဖူးသည့် ဆူးမပါသော ဆင်စွယ်ရောင် နှင်းဆီပွင့်များ ပွင့်သည့် ပန်းအိုးတစ်အိုးသာ ဖြစ်လေသည်။ ထိုပန်းအိုးကို အိမ်ခန်းပြတင်းဂမှာ ထားသည်။ အသန့်အပြန့် ကြိုက်သည့် မာမာ့ကြောင့် ဂရန်တာသို့ ရွှေပြန်သည်။ ရေလောင်းလျှင် အောက်က ဇလုံခံပြီး လောင်းရသည်။ ခိုင်းစေရာလူတွေ ကိုင်တွယ်မှာကို မခံနိုင်အောင် တမြတ်တနိုး ယုယမွေးမြူခဲ့သည်။ အဲသည် ပန်းအိုးကို ကိုယ်တိုင် နေ့တိုင် မ ရသည့်အတွက် လက်ကလေးများ နာတာ၊ ပခုံးများ တောင့်တာ မှတ်မိသေး၏။ နှင်းဆီပင်သည် ၃၊ ၄ နှစ်ကြာတော့ သေသွားသည်။ အိုလို့ ထင်ပါရဲ့။

မြနန္ဒာ ကျောင်းနေလျှင် ပီယာနို သင်ရသည်။ ဂျာမန်စာ သင်ရသည်။ လက်တင်တောင် သင်ခိုင်းသေးသည်။ ရေကူး သင်ရသည်။ ဘက်မင်တန် ရိုက်ရသည်။ တင်းနစ်ရိုက်စေချင်သေးသည်။ ပိုက်ဆံချမ်းသာမှ လုပ်နိုင်သော အလုပ်မှန်သမျှ လုပ်ရပါ၏။ မာမာက မိန်းမပီသဖို့၊ လင်ယူလျှင် အသင့်ဖြစ်ဖို့ သင်ပြန်၏။ အိမ်ထောင် စီမံခြင်းသည် မြနန္ဒာအဖို့ အရေးကြီးသော ပညာ ဖြစ်ရပြန်၏။ သို့ပေမယ့် ခက်သည်မှာ မြနန္ဒာက လက်ဖြင့် ပိုင်ပိုင်နိုင်နိုင် လုပ်ရသော အလုပ်ကို လုပ်ချင်ခြင်းပင်။ သိုးမွေးထိုးချင်သည်။ ဟင်းအိုးပြင်ချင်သည်။ ခြံထဲ ဆင်းပြီး ပန်းအိုးထဲက မြေကြီးကို ခက်ရင်းဖြင့် ဆွချင်သည်။ မာမာက "သမီးလက်တွေ ကြမ်းကုန်မှာပေါ့" ဟု ပြော၏။ ၁၂ နှစ် သမီးကတည်းက လက်သည်း၊ ခြေသည်း အရှည်ထားရသည်။ နာနီ့ လက်မှ လွတ်လျှင် အပျိုထိန်း ဒေါ်ဦးသာက မြနန္ဒာ၏ လက်ချောင်းကလေးများကို လှပသန့်ရှင်းရုံမက မွှေးကြိုင်နေအောင် ကရင်အလှဆီဖြင့် မကြာခဏ လိမ်းပေးမြဲ။ ပန်းနုရောင်ဖြင့် အပတ်စဉ် အရောင်တင်ရ၏။

မြနန္ဒာကို ပညာသင်ပါ၏။ "သမီး ဘာလုပ်ချင်သလဲ၊ ဘာဖြစ်ချင်သလဲ" ဟု တစ်ခါမျှ မမေး။ သမီးကျောင်းဆရာမ လုပ်ချင်လို့ မရ။ ဆရာဂန် ဖြစ်ချင်လို့ မရ။ မြနန္ဒာသည် လင်ယူ၍ အိမ်ကို အုပ်ချုပ်ကာ၊ ပီယာနို တီးပြီး ဧည့်သည်ကို ညစာ ကျွေးတတ်ဖို့သာ စီမံခဲ့ကြသည်။ မြနန္ဒာ ယူရမည့် လင်ကိုလည်း ငယ်ငယ်ကလေးကပင် ရွေးခဲ့ကြလေပြီ။

မြနန္ဒာ ဆယ့်ကိုးနှစ်အရွယ်မှာ မက်ထရစ်အောင်ပြီးပြီးချင်း လင်ပေးစားဖို့ ကြံကြသည်။ မနည်း

ငိုယိုတောင်းပန်၍ ကောလိပ်သို့ ဆက်လာခွင့်ရသည်။ "ကောလိပ်က နန္ဒာ့ကို ဘာမှ ထူးပြီး သင်ပေးနိုင်မှာလဲ" ဟု ပါပါက ပြော၏။ ဟုတ်ပါသည်၊ ဘွဲ့ရရုံပဲ။ အလုပ် လုပ်စားမည့်သူလည်း မဟုတ်လေတော့ မလိုပါချေ။ အိမ်မှာ ဆရာမနှင့် ပြင်သစ်စာ သင်နေရပြီ ဖြစ်သော၊ အင်္ဂလိပ်စကားကို မွေးကတည်းက မိဘနှင့် ပြောခဲ့သော၊ ဂျာမန်စာကို ကျောင်းနေကတည်းက ဘုန်းကြီးနှင့် သင်ခဲ့သော မြနန္ဒာအဖို့ ကောလိပ်ပညာ များစွာ မလိုပါချေ။ (မြနန္ဒာ စာကျက်ရသည် မရှိဘဲ အောင်မြဲ၊ ကောလိပ်မှာ သင်သည့် စာအုပ်များကို ဆယ့်လေးနှစ် အရွယ်က ကျေအောင် ဖတ်ခဲ့ပြီး)။ သို့ပေမယ့် "ဂုဏ်ရှိတာပေါ့ ပါပါရဲ့" ဟု သူ နွဲ့လိုက်သည်ကို ယုံကြည်ကာ ပါပါက ကောလိပ်ကျောင်း တက်စေခဲ့သည်။

အဲသည်မှာ လင်းနဲ့ တွေ့တာပေါ့။

ကောလိပ်ကျောင်းမှာ လေးနှစ် နေခဲ့ရစဉ် မြနန္ဒာသည် ပါတီ မှန်မှန်တက်ဖို့ အိမ်က အားပေး၏။ ဖိတ်စာကို မငြင်းရသော သဘောကို မာမာက သင်ပေးခဲ့၏။ ဖီးလိမ်းဂတ်စား၍ ယဉ်ကျေးဖွယ်ရာ စကား ပြောရသည်မှာ ဘဂ၏ အဓိက ကိစ္စလို့ ယူဆစေ၏။ မြနန္ဒာ ကျော်စောခဲ့သည်။ သို့သော် မြနန္ဒာနှင့် ပါပါဘက်က တူတစ်ဂမ်းကွဲကို ကောလိပ်ရောက်မည့် နှစ်မှာပဲ စေ့စပ်ကြောင်း ကြေညာလိုက်သည်။ အကြီးအကျယ် ဧည့်ခံကျွေးမွေးလိုက်သည်။ သို့သော် ကိုကိုလည်း ခဏမျှသာ နေနိုင်ပြီး အမေရိကသို့ စာသင်သွားလေသည်။ ဘာပဲဖြစ်ဖြစ် မြနန္ဒာသည် ခုမှတွေ့မြင်ဖူးသော ရွယ်တူယောကျ်ားများကို စိတ်ကူးဆန်းကြယ်ပင် ကူးနိုင်တော့သည် မဟုတ်ချေ။

လင်းနဲ့တွေ့တော့လည်း တစ်မျိုးပါပဲ။

xxx

တက္ကသိုလ်မှာ နောက်ဆုံး နေရမည့် နှစ်ဦးမှာ လင်းနဲ့ တွေ့ကြသည်။ ပါတီတက်လေ့ရှိသည့် မြနန္ဒာနှင့် လင် တွေ့ရပုံကတော့ ဆန်းဆန်းပဲ။ လင်းက ငယ်ငယ်၊ ရုက်ကိုးရုက်ကန်း။ ပွဲလမ်းသဘင်မှာ အန်းနေတတ်သည့် လူစားမျိုး။ မြနန္ဒာ တစ်စုံတစ်ယောက်နှင့် ကနေတုန်း ယောကျ်ားဖော်ကို ပခုံးတို့ပြီး ဂင်ကချင်သည့် လူစားမျိုး မဟုတ်။ နိုင်ငံရေးသမားလိုလို လုံချည်တိုတိုနှင့် (ဘန်ကောက်တော့ ဂတ်သားပဲ) တိုက်ပုံ အင်္ကျီနှင့်။ ဥရောပ ဂတ်စုံကို တစ်သက်လုံး ဂတ်တတ်သည့် လူမျိုးမဟုတ်။ အင်္ဂလိပ်စကား ပြောသည့် လူစားမျိုး မဟုတ်။ မြနန္ဒာအဖို့ လူဆန်းတစ်ယောက် ဖြစ်လေသည်။

ဘယ်လိုမှန်းလဲ မသိ။ မြန်ဆန်စွာ ရင်းနှီးသွားကြသည်။ မြနန္ဒာက အိမ်က မသိအောင် လုပ်တတ်နေသော၊ အတန်း မတက်ဘဲ အင်းလျားကန်ဘေး သွားထိုင်နေတတ်သော အကျင့်ကို ပြောမိသည်။ တကယ်တော့ ဘယ်သူမှ မြနန္ဒာသည်လို လုပ်နေတာ မသိ။ ကားနှင့် ကုလားဒရိုင်ဘာသည် မိန်းကလေးများ နားနေခန်းရှေ့မှာ စောင့်ဆဲ။ မြနန္ဒာက အတန်း တက်မလိုနှင့် ဘေးပေါက်မှ သုတ်သုတ် ထွက်ခွာ၍ ဘွဲ့နှင်းသဘင်ဘက် ခြံစည်းရိုးပေါက်မှ ငုံ့လျှိုးကာ

အင်းလျားလမ်းသို့ လစ်ထွက်ခဲ့မြဲ။ သူငယ်ချင်းများကိုတော့ မုန့်သွားစားနေသည်လို့ သူ ပြောတတ်သည်။ ခုမှပဲ လွတ်လပ်စွာ တစ်ယောက်တည်း နေရသည်ကို ကြိုက်၍ လုပ်မိခြင်း။ လှောင်အိမ်က ခဏ လွတ်လာပြီး မြူးထူးနေသည့် ငှက်ကလေးလို ပျော်ရွှင်လှသည်။ အတောင်ကို ညှပ်ထားပြန်တော့ အဝေးသို့ ပျံသန်း မတတ်နိုင်ပါ။ ရေစပ်မှာပဲ ထိုင်သည်။ လှေတစ်ယောက်တည်း လှော်ကာ လူကင်းသော ဟိုတစ်ဖက်ကမ်း၌ ထိုင်ရသည်။ အဲသည်တုန်းက ကျောင်းသားများကလည်း ခုလောက် မများသေး။ အင်းလျားကန်၌ လူ မစည်သေး။ နန္ဒာသည် ကြောက်ရလန့်ရမှန်း မသိ။ အန္တရာယ် ရှိသည်၊ မရှိသည်လည်း မတွေးမိဘဲ ခွင့်ရတိုင်း မနက်ပိုင်းမှာ အင်းလျားကန်နှင့် မိတ်ဖြစ်လျက်နေသည်။

မကြာခင်ပဲ လင်းက သူ့ဘေးသို့ ရောက်လာသည်။

လင်းကို တခြား ယောကျ်ားများနှင့် မတူဘူးလို့ သူ ထင်ခဲ့၏။ လင်းက ငေးမောပါ၏။ သို့ပေမည့် ရိုင်းစိုင်းသော အကြည့်မျိုး မဟုတ်။ အိပ်မက်ထဲမှာလို အေးဆေးသည်။ လှပသည်။ မှုန်ဝါးသည်။ ဘာမှ တကယ် ဖြစ်နေတယ် မထင်ရ။ ပြီးတော့ နန္ဒာ့ မောင်လေးပဲ ဖြစ်လိုက်ပါတော့ဟု သူ မကြာခဏ တွေးတတ်လေ၏။

လင်းနှင့် စကား ပြောရသည်မှာ သိပ်ပျော်စရာ ကောင်းသည်။ တစ်ခါမှ မငြင်းခုံကြရ။ ပါးစပ်က မပြောဘဲနဲ့ တစ်မျိုးတည်း အတူတွေးက အတူ လုပ်ကိုင်နေတတ်ကြသည်။

ဥပမာ…

အဲသည်တုန်းက မိုးကဖွဲဖွဲလေးပဲ။ တကယ် မှုန်မှုန်သာသာလေး ရွာနေသည်။ ပါးပြင်ကို ထိလို့ထိမှန်း မသိ။ ဆံပင် စိုလို့မှ စိုမှန်းမသိ။ သည်အရွယ်ကျမှ (ဘီအေ နောက်ဆုံးနှစ်မှ၊ ယောကျ်ား ယူရမယ့်နှစ်မှ) အိမ်က မသိအောင် ရေပြင်နှင့် သစ်ပင်သာ ရှိသော အင်းလျားကန်ဘေးသို့ တစ်ယောက်တည်း လွတ်ကျွတ်လာတတ်ပြီး၊ မိုးရေထဲ ထွက်ခွင့်ရသည့် မြနန္ဒာကတော့ မိုးမိတာကိုပဲ ပျော်နေတယ်။ ထီးမပါတာကိုဘဲ ပျော်နေတယ်။ (တကယ်တော့ နန္ဒာ့မှာ ထီး မရှိ။ နန္ဒာတို့ သုံးယောက်လုံးမှာ ထီးမရှိ။) လင်းကလည်း ပျော်နေတယ်။ သူကတော့ ထီးကိုင်တတ်တယ်။ ထီးက မည်းမည်းကြီးပေ့ါ။ ထီးက အရုပ်ဆိုးဆိုး အကြီးကြီးပဲ။ ကုပ်လည်း ကုပ်တယ်။ ဒါပေမယ့် မိုးလုံတယ်။ သူက ထီးမဖွင့်ဘူး။ နန္ဒာ ထီးမဆောင်းချင်မှန်း သိလို့ပေ့ါ။

အရွက်သိပ်တဲ့ သရက်ပင်အောက်မှာ ထိုင်နေကြရင်း နန္ဒာရဲ့ ညာဘက် နားရွက်အောက်က အမာရွတ်ကလေးကို ဘာဖြစ်တာလဲလို့ မေးတယ် ထင်တာပဲ။ လင်းက မေးလိုက်တယ် ထင်တာပဲ။ စိတ်ထဲကတော့ ကြားမိတာပဲ။ ဒါနဲ့ " အို… နန္ဒာ ငယ်ငယ်က ကားမှောက်တုန်းက ရတဲ့ အနာရွတ်ပါ" လို့ ပြောလိုက်တယ်။ လင်းကတော့ သနားသလိုနဲ့ "နာမှာပဲနော်" တဲ့။

နောက် သုံးမိနစ်လောက်ကြာမှ လင်းက အလန့်တကြား...

"နေပါဦး။ ကျွန်တော် မေးတဲ့စကားကို ဘယ်လိုလုပ် သိတာလဲ။ နန္ဒာ့ကို မေးတောင် မမေးရသေးဘူး။ ဘယ်လိုလုပ် သိတာလဲ" လို့ ဆိုလိုက်တော့ နန္ဒာလည်း လန့်သွားပြီး...

"အို... တကယ် မမေးဘူးလား၊ မေးပါတယ်။ နန္ဒာကြားလို့ ပြောတာပေ့ါ" ဆိုပြီး၊ နောက်တော့လည်း နှစ်ယောက်လုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရင်း ခပ်ရှက်ရှက်ဖြင့် ရယ်နေကြရတာပဲ။

လင်းနဲ့ နန္ဒာက တစ်ယောက်ကို တစ်ယောက် အဲသည်လောက် ရင်းနှီးတာ။

အိပ်မက်တောင် ဆင်ဆင်မက်ဖူးတာ။

လင်းက ပြောတယ်။ အိပ်မက်ထဲမှာ နှင်းဆီပန်တွေ၊ လိမ္မော်တို့၊ အပြာတို့၊ ချောကလက်ရောင်တို့ ဗေလှိုင်အောင် ပွင့်တယ်တဲ့။ နန္ဒာက နှင်းဆီပန်းတွေကြားမှာမေ့မြောနေသလို အသက် မရှိသလိုဘဲတဲ့။ လင်း မပြောပြခင်တကည်းကပဲ နန္ဒာကလည်း နှင်းဆီပန်း အရောင်ဆန်းဆန်းတွေကို မက်ထားတာ။ နန္ဒာ့ အိပ်မက်မှာတော့ လင်းက သေခါနီးလို့တဲ့ မေ့မြောနေတာပါ။ ပြီးတော့ နန္ဒာက ငိုနေတယ်။ သူ့ အိပ်မက်ထဲမှာ သူ ငိုသလားလို့ မေးချင်ရက်နဲ့ မမေးထွက်ခဲ့ဘူး။ မေးခဲ့ရင် ကောင်းမှာ။ မေးခဲ့ရင် နန္ဒာ့ ဘဝမှာ ပါပါ အစီအစဉ်ထဲ မပါတဲ့ တစ်ခုခုဖြစ်လိုက်ဦးမလား မသိဘူးနော်။

ဒါပေမယ့် လင်းကလည်း မပြောဘူး။ သူ့မှာ ပြောစရာ ရှိသေးတယ် ဆိုတာ နန္ဒာ သိပါတယ်။ သူကတော့ မပြောဘူး။ နန္ဒာကလည်း မမေးဘူး။ မာနမဟုတ်ပါဘူး။ မပြောချင်တာကို မမေးသင့်ဘူး ထင်လို့ပါ။ မရေရာတာကိုလည်း မစုံမက်လို့ပါ။ ပြီးတော့ လေ့လော့်နေကြတာပဲ။

လင်းက နန္ဒာ့ကိုတော့ သိပ်ဆိုးချင်တာပဲ။ ကလေးဆိုးကြီးလိုပဲ။ စိတ်ကူးလည်း သိပ်ယဉ်တာပဲ။ သူက ကဗျာဆရာတဲ့။ နန္ဒာကလည်း ကဗျာကြိုက်တော့ သူ့ မြန်မာကဗျာတွေ လိုက်ဖတ်ရတာပေ့ါ။ ပထမတော့ နားမလည်ပါဘူး။ မြန်မာစာကို ဖတ်လေ့ မရှိတော့ သိပ်မနားမလည်ပါဘူး။ ဖတ်ဖန်များတော့လည်း သဘောပေါက်လာတယ်။ မြန်မာကဗျာလေးတွေကို ချစ်လာတယ်။ မြန်မာစာ ယူတဲ့ သူငယ်ချင်း မိန်းကလေးတွေကိုတောင် ကပ်ရတယ်။ သူတို့ကတော့ ပြောင်တာပေ့ါ။ လင်းနဲ့ နန္ဒာ့ကိုပဲ ပေးစားနေကြတော့တာပဲ။

သူ... သူ ကတော့ ကဗျာပဲ စပ်ပြီး နန္ဒာ့ကို ပြတတ်တယ်။

မောင်နှင့်တွေ့လျှင်

ချမ်းမြေ့ပျော်လည်း၊ သူ ဂမ်းနည်းပြန်

မသဲမကွဲ၊ နှစ်ယောက်တည်းပင်

မိုးဖွဲနည်က်၊ ဆံနွယ်ခက်ကြား

တစ်စက်တစ်စက်၊ လျောသက်တွယ်ခို

ညို့ညို့လွဲ့မှောင်၊ ကော့မျက်တောင်မှ

ဖွေ့ယောင်သီဂဲ၊ မျက်ရည်ပဲလား

မသဲမကွဲ၊ မိုးရေပဲလား

ဆိုရဲခက်ခက်၊ မမေးရက်လို့

ပင့်သက်ပူနွေး၊ မှိုင်မောငေးဆဲ

နွဲ့ထွေးနမ၊ ပြုံးအေးမြတော့

နောင်တနောက်ကျ ရပြန်သည်။

နန္ဒာက ဘာပြောရမည်လဲ၊ နန္ဒာက ရင်ခုန်သည်ကို ထိန်း၍၊ အသံလည်း မတုန်အောင် ကြိုးစား၍ နှစ်သက်ဖူး၊ ကျက်ဖူးသော ဂျာမန်ကဗျာများကို ရွတ်ပြရပြန်သည်။

လင်းက "ကျွန်တော့်ကို ဂျာမန်လို သင်ပေးပါလား" လို့ ပြောပြန်တော့ နန္ဒာက ရယ်မောမိပြီး…

"အကြာကြီး သင်ရမှာ၊ သူကလည်း"

"တစ်သက်လုံးပေ့ါ" လို့ သူက မထိတထိ စတတ်သေးတော့ အဲသည်တုန်းက အသက် ၂၃ နှစ်ရွယ်။ ကိုကိုနဲ့ပဲ ယူရတော့မည့် မြန်န္ဒာသည် တကယ်တော့ လောကကိစ္စ ဘာမှ နားလည်သည် မဟုတ်သဖြင့် မျက်နှာနီနီဖြင့်သာ ပြုံးနေရပြန်သည်။

"သူ တကယ် သင်ချင်တာလား" လို့ တောင် မမေးတတ်ပါဘူး။ သူ … သူကတော့ ကဗျာစပ်နေရရင် ကျေနပ်နေနိုင်တဲ့ သူပေ့ါနော်။ သူ့ကဗျာတစ်ပုဒ် နန္ဒာ ရပါသေးတယ်။

ပြတင်းဂမှ

ညနေငှက်ပြာ၊ မောင်နံ့လာပြီး

ယုက်ဖြာလွန့်လူး၊ ထင်ရှူးရွက်ကြား

စကားတိုးတီး၊ ပြောမပြီးဘူး

နှုတ်သီးတေ့ဆက်၊ လည်ချင်းယှက်ဆဲ

တစ်ရက် တစ်ရက်၊ လှည့်စားခက်ခဲ့

ချစ်သက်ကျွမ်းဝင်၊ နေလိုက်ချင်လည်း

သခင်နမ၊ နှင်းဆီမြပွင့်

အလှပျက်မည်၊ စိုးနှောင့်သည်ကြောင့်

နှုတ်ခြည်မလွန်၊ မောင့်တာဝန်ပင်

မပန်ဆင်ရက်၊ မတပ်မက်ရဲ

သစ်ရွက်ကြွေတော၊ အင်းလျားကြော၌

မမောပန်းသော၊ ရေပြင်လျောစီး

လှေမျောတက်မှဲ့၊ လည်ချင်းနွဲ့မှီ

တစ်လှည့်စီမွေး၊ လက်ချင်းထွေးဆုပ်

ငှက်တေးချိုပျား၊ ပန်းစကားကို

ပြောကြားမဆုံး၊ နှစ်ယောက်လုံးပဲ

အပြုံးလှယ်ကြ၊ ရယ်မောကြဖြင့်

တစ်ဘဝမျှ နေချင်သည်။

သည့်နောက်တော့ သူတို့ နှစ်ယောက်သည် အင်းလျားကန်ဘေး၌ ကဗျာ ဖတ်ရုံ မဟုတ်တော့ဘဲ ဘူးသီးကြော်ဆိုင်၊ ကြံရည်ဆိုင်များမှာ ထိုင်လာကြသည်။ မြန္မာရဲ့ နေ့လယ်စာ ခြင်းတောင်းသည် ကားထဲမှာ အရာမယွင်း နေခဲ့သည်။ ပန်းသီး၊ စပျစ်သီးများ ပါလာရင်တော့ စားဖြစ်ကြသည်။

မိုး သိပ်ပြီးသည်းသည့် အခါမျိုးမှာတော့ မြန္မာသည် ပျော်ရွှင်လျက်က မိုးခိုချင်လာပြီး ဂျပ်ဆင် ဘုရားရှိခိုးကျောင်းဝသို့ ပြေးဝင်လာတတ်သည်။ လင်က သူ့ ထီးကောက်ကြီး ဖွင့်လျက်သား

တလွင့်လွင့်ဖြင့် အပြေးကလေး လိုက်တတ်သည်။ ပြီးတော့ သူတို့သည် အပူအပင် မရှိသည့် ကလေးသူငယ်များသဖွယ် ရယ်ပြီးရင် ရယ်ရင်း ရှိကြပြန်လေတော့သည်။

သူဌေးမျိုးလည်းဖြစ်ပြန်၊ တိုင်းမင်းကြီးသမီးလည်းဖြစ်ပြန်၊ အလှမှာလည်း စာဖွဲ့ရပြန်သည့် မြန်န္တာနှင့် ငယ်ရွယ်သော၊ လောကီ မဆန်သော ကျောင်းသားသစ် ကဗျာဆရာ လင်းထင်တို့ တွဲဖက်မိဟန်သည် တက္ကသိုလ်၌ သတင်းလျှံ၍ မဆုံး။

မြန်န္တာက ရက်ပေမည့် သည်လို အလျင်က မလုပ်ဖူးတာတွေ လုပ်ရတာကို သဘောကျလို့နေ၏။ ကမာရွတ်ထိပ်အထိ လမ်းလျှောက်လာပြီး အပြန်ကျတော့ တိုးတိုးဖွေ့ဖွေ့ဖြင့် ဘတ်စကား တက်စီးရတာတွေ၊ ထမင်းသုပ်သည် အဒေါ်ကြီးက သူတို့ကို မြင်လျှင် "ဟော သမီးနဲ့သား လာပြီ" လို့ နှုတ်ဆက်တတ်တာတွေ၊ စံရိပ်ငြိမ်ဘက်ကို ထွက်ကြတော့ စံပယ်ရုံက စံပယ်ဖူး လေး ငါးဖူးကို လင်းက ခိုးခူးပေးတတ်တာတွေ။

ဆိုးနွဲ့ချင်တဲ့ လင်းက တစ်ခါ ရုပ်ရှင် အတူကြည့်ဖို့ ပူဆာသည်။ နန္တာကလည်း ရုတ်ခနဲ ဖြစ်ပေါ်သော စိတ်ဖြင့် ခေါင်းညိတ်လိုက်သည်။ သူတို့သည် ရုပ်ရှင်ကြော်ငြာတော့ သေသေချာချာ မကြည့်ဘဲ နီးရာ ရုပ်ရှင်ရုံသို့ ဝင်လိုက်ကြရာ တစ်ဇာတ်လုံး လက်ပွေ့ထိုးနေသော လက်ပွေ့သမား၏ ဇာတ်ထုပ် ဖြစ်နေပါလေတော့သည်။ ရုပ်ရှင်လည်း ပြီးရော ဟမောလိုက်တာ၊ ကြည့်ရတာ" လို့ ပြိုင်တူ ဆိုကြပြီး ရယ်မောရ၏။ မှတ်မိတာပေါ့၊ အဲသည် တစ်ခဏမှာ မိုးတွေ ညို့မှောင်မည်းပိန်းလာပြီး ရွာချတာ။ လင်းရဲ့ လက်ချောင်းများ တုန်ယင်နေသည်ကို မြင်ရ၏။

လင်းက "ရှုပ်ပါတယ် နန္တာရယ်။ နောင်တစ်ရုံ ဆက်ကြည့်ရအောင်" တဲ့။

နန္တာက ထိတ်လန့်နေသည်။ ညနေ ၄ နာရီ မထိုးသေးပေမည့် မီးတွေ ထွန်းလာပြီး ညလို မှောင်လာတော့ ရင်ထဲ တဒိန်းဒိန်း မြည်အောင် ကြောက်လန့်နေသည်။

"ဟင့်အင်း၊ သူကလည်း မိုးချုပ်သွားမှာပေါ့၊ ၆ နာရီခွဲမှ ပြီးမှာမဟုတ်လား"

"မိုးတွေ လေတွေကလည်း အရမ်းပဲ။ တော်တော်နဲ့ တိတ်မှာ မဟုတ်ဘူး။ နန္တာ့ကိုလည်း မိုးတွေ ပက်ကုန်ပြီ၊ သည်နားတိုး"

သူတို့ ခဏ စောင့်နေကြပြီး မိုးက ထပ်သည်းလာပြန်သည်။

"မထူးပါဘူး၊ ရုံထဲ ဝင်နေတာကမှ နွေးဦးမယ်။ ဘယ်ကားဖြစ်ဖြစ် ဝင်ကြည့်ရအောင် နန္တာရယ်"

မြန်န္တာသည် မိဘ မပါဘဲ ညနေစောင်းတောင် အပြင် မထွက်ဖူးသော ဓလေ့ကြောင့် ချွေးပြန်အောင် ကြောက်နေသည်။ ဟန်လုပ်၍ ဖုံးကွယ် နေသည်။ ရုပ်ရှင်တစ်ပွဲ ထပ်ကြည့်နေလိုက်လျှင် သူ့ဘဝ တစ်မျိုးတစ်ဖုံ ဖြစ်သွားမည်လို့ ထင်သည်။ မိုးချုပ်သွား၍ အိမ်မပြန်ပွဲဘဲ  လင် နောက်လိုက်ရသည့်

ဇာတ်လမ်း တစ်ခုကို သတိရနေပြန်သည်။ ပြီးတော့ လင်းနှင့် နန္ဒာက သူငယ်ချင်း မောင်နှမမျှသာ မဟုတ်ဘူးလား။ သူတို့သည် အိမ်အကြောင်း၊ ကလေးအကြောင်း၊ ပိုက်ဆံအကြောင်း၊ အလုပ်အကြောင်း ပြောခဲ့ဖူးသည် မဟုတ်။

ထိုတစ်ခဏ အတွင်းမှာ ကံကြမ္မာသည် မိုးကို ဖြုန်းခနဲ တိတ်စေလိုက်ပြီး သူတို့နှစ်ယောက် ကျောင်းကို ပြန်လာကြသည်။ မိန်းကလေးများ နားနေ အခန်းရှေ့၌ ပါပါနှင့် မာမာသည် အိမ်က ကားတစ်စီးဖြင့် ရောက်လာပြီး စောင့်နေသည်။ ကန္တြွေမပျက်ပင် မြနန္ဒာ့ကို အိမ်သို့ ကြိုသွားကြသည်။

လင်းကို သူတို့ မြင်လိုက်လေသလားတော့ မသိ။ လင်းကတော့ ကော်ရစ်ဒါ အကွေ့က တစ်ခါတည်း လှည့်ပြီး "ပြန်မယ်နော်" ဟု တစ်လုံးသာ ပြောနိုင်ပြီး ထွက်သွားခဲ့သည်။ အိမ်ရောက်တော့ ၅ နာရီခွဲလေပြီ။

အဲသည်တုန်းက ရုပ်ရှင် နောက်တစ်ပွဲ ဆက်ကြည့်လိုက်လျှင် ဘာဖြစ်မလဲလို့တော့ မြနန္ဒာက မကြာခဏ တွေးမိလေသည်။

မကြာခင်မှာ ပါပါက စကားစလာသည်။

"သမီးအတွက် ပါပါတို့ စီမံထားတာတွေ သတိရတယ် မဟုတ်လား" ဟု စလာသည်။

"ဟုတ်ကဲ့ ပါပါ" ဟု ဟုတ်ကဲ့ လိုက်နေကျမို့ အလွယ်တကူ ထွက်မိသည်။

"တစ်ခါမှလည်း သမီး ဘယ်သူနဲ့မှ ခင်ခင်မင်မင် မဖြစ်ခဲ့ဘဲနဲ့ သမီးရယ်" ဟု မာမာက ပြောပြန်သည်။

"ခုလည်း သမီး ဘာမှ မဖြစ်ပါဘူး မာမာ"

"ဟုတ်ပါ့မလား မြနန္ဒာ" ဟု ပါပါက အသံမာမာဖြင့် မေးလျှင် မြနန္ဒာသည် နာကြည်းသွားပြီး "ဟုတ်ပါတယ်" ဟု ပြောရမည်ကို ဂမ်းနည်း စိတ်ဆိုးလျက် ရှိသည်။

"သူငယ်လေးက မြန်မာပဲ" ဟု မာမာက စစ်ဆေးပြန်၏။

"ကျောင်းသားလား၊ ဘယ်အတန်းကလဲ၊ ဘယ်သူ့သားလဲ"

"ဘယ်သူ့သားလဲတော့ မမေးမိပါဘူး။ သူ့မှာ အဖေလည်း မရှိပါဘူး။ သူက ကဗျာစပ်တယ်။ နန္ဒာလည်း ဂါသနာပါလို့ သိကြတာပဲ။ ပါတီတစ်ခုမှာ။ နန္ဒာ့ထက်လည်း ငယ်တာပဲ။ ၃၊ ၄ နှစ် ငယ်မှာ၊ ဟိုနေ့ကလည်း ဘင်တန်ရှေ့မှာ အကြော်သွားစားကြရင်း မိုးမိနေလို့ စောင့်နေရတာ"

ပါပါနှင့် မာမာကို ပထမဆုံးအကြိမ် ဂမ်းသာအားရ လိမ်ပြောလိုက်သည်။ ရှေ့လျှောက် မေးဦးမည်ဆိုလျှင် ဂတ္တုတစ်ပုဒ်ဖြစ်အောင်ကို လိမ်လိုက်ဦးမည်။ မြနန္ဒာသည် ပါပါနှင့် မာမာ့ကို ပထမဆုံးအကြိမ်ပဲ စိတ်ဆိုးလျက် ရှိပြန်သည်။ နန္ဒာ့မှာ ဘာအခွင့်အရေးမှ မရှိပါကလားဟု စတင်

တွေးတောခဲ့ပြီး နန္ဒာ၏ ဘဂကို သူတို့ သဘောကျ၊ ကာယကံရှင်ကို လူရယ်တို့မှ အရေးမထားဘဲ ဖန်တီးနေကြပါသည်လားလို့ စတင် သဘောပေါက်ခဲ့ပြီ။ အဲသည်တုန်းကတော့ မသိတတ်သေးသည်မို့ ဘယ်လိုငြင်းဆန်ရမည်၊ ပုန်ကန်ရမည်ဆိုတာ သတိမရ။ မစဉ်းစားတတ်။ ငြင်းဆန် ပုန်ကန်ကောင်းသည်လို့ပင် မသိခဲ့။

သည်လိုဖြင့် စာမေးပွဲ နီးလာ၏။ စာကျက်ကြရ၏။ အင်းလျားရေစပ်သို့ လင်းနှင့် ဆက်လက်ရောက်မြဲ။ လေ့လျှော်ကြမြဲ။ ဟိုတစ်ဖက်ကမ်းသို့ ရေမကူးတတ်သော လင်းက လျှော်မြဲ။ သူ သိပ်ဆိုးတာ မိုက်တာပဲ။ ပါပါကဆို ရေမကူးတတ်ရင် ရေနား မသွားရဘူးတဲ့။ ဆုံးမမြဲ။

တက္ကသိုလ်တစ်ပိုက်မှာ နှင်းတွေမှုန်လာပြီ။ စာမေးပွဲ ဖြေလိုက်ကြရ၏။ လင်းက ကျောင်းပိတ်ရက် ဘယ်လို တွေ့နိုင်ကြမလဲ ဆိုတာသာ ပြောနိုင်သည်။ ပါပါတို့ စီမံလေသမျှမှာ မြနန္ဒာကို သိစေသမျှသာ၊ သိစေချင်သော အချိန်ကျမှသာ သိရသည်။ ရခိုင်က ပြန်လာတော့ စာရေးလိုက်မယ်လို့သာ ဂန်ခံနိုင်၏။ လင်းရဲ့ လိပ်စာကို အလွတ်ကျက်၏။ စာမေးပွဲ ဖြေဆဲ ခဏတစ်ဖြုတ်မျှသာ တွေ့ကြပြီး ခွဲခွာကြရ၏။

ရခိုင်က ပြန်လာသော် မြနန္ဒာသည် ကိုကို့မယား ဖြစ်ခဲ့ပြီ။ နဂို ရည်ရွယ်သလို မဟုတ်ဘဲ ရခိုင်တွင်ပင် အကျဉ်းချုံး၍ လက်ထပ်ပေးလိုက်၏။ ကိုကို ပြန်လာတာတောင် လက်ထပ်ခါနီးမှ သိလိုက်ရ၏။ ပြီးတော့ ကိုကိုနှင့် လိုက်သွားရမည်တဲ့။ ကိုကိုက အင်္ဂလန်သို့ ကူးပြောင်းပြီး ဘွဲ့ယူဦးမည်။

လင်းကို စာမရေးလိုက်တော့ချေ။ ဘာလုပ်မှာလဲ။ လင်းထင်ဆိုတဲ့ လေး၊ ငါး၊ ခြောက်လ ခင်မင်လိုက်ရတဲ့ ကျောင်းသားသစ်ကလေးဟာ မြနန္ဒာ ကောလိပ် ကျောင်းသူဘဝရဲ့ ချစ်ချင်သူတို့ ပိုင်းပိုင်းလည်နေသည့် အကြားက လှပ လွမ်းဆွတ်ဖွယ်ကောင်းသော ကဗျာတစ်ပုဒ်မျှသာ ဖြစ်ည်။ အိပ်မက်မုန်း သီသာလှသော ချောကလက်ရောင်၊ အပြာရောင် နှင်းဆီပွင့်သည် အိပ်မက် တစ်ပိုဒ်မျှသာ ဖြစ်သည်။ ဘာမှ မည်မည်ရရ ရှိခဲ့သည် မဟုတ်၊ ကဗျာ ရွတ်ကြသည်။ ရောက်တတ်ရာရာ ပြောကြသည်။ လေ့လျှော်ကြသည်။ အကြော် စားကြသည်။ မိုး ခဏ ခဏ မိကြသည်။ အတူနေရသမျှ ပျော်ရွှင်လှသည်။ ဒါပဲ။

xxx

သို့သော် အိပ်မက် မဟုတ်သော၊ ကဗျာမဟုတ်သော၊ ကိုကိုနှင့် လက်ထပ်ရသော ဘဂဦးမှာတော့ ညတိုင်း မြနန္ဒာ အိပ်ဆေးသောက်ပြီးမှ အိပ်ရာ ဝင်နိုင်သည်။ (မြနန္ဒာ ရှန်ပိန်သောက်၍ မူးမှ အိပ်ရာဝင်နိုင်သည်။)

ဂမ်းနည်းစရာလည်းကောင်း၊ ရယ်စရာလည်းကောင်းပြီး၊ တစ်နည်းအားဖြင့်တော့လည်း ပျော်စရာ သို့မဟုတ် ရယ်စရာပါ ကောင်းသည့် အိမ်ထောင်ဦး ညများပါပဲ။

လန်ဒန်မသွားခင် ရန်ကုန်မှာ လေးလမျှ နေကြ၏။ နေ့စဉ် ဈေးဝယ်ထွက်ကြ၏။ ရုပ်ရှင်ကြည့်ကြ၏။ အိမ်လည်ကြ၏။ ညဦးပိုင်းမှာ ညစာကို အပြင်၌ စားပြီး ကိုယ့်အပေါင်းအသင်းသာ သန့်သန့်ရှိသော ကပွဲများ၌ တစ်နာရီခန့် ကကြ၏။ ကိုကိုက သိပ်မနာလို ဖြစ်တတ်သည်။ တစ်ချိန်လုံး ညားခါစ မယားလေးနှင့် တွဲကချင်သည်။ ပခုံးလာတို့သူ ဘယ်လောက် ခင်မင် ဘယ်သူကိုမျှ ဖယ်မပေး။ မြနန္ဒာ မကြာခဏ အားနာရကာ "အိမ်ပြန်ပါစို့ ကိုကိုရယ်။ အိမ်မှာ ဓာတ်ပြားဖွင့်ပြီးပဲ နှစ်ယောက်တည်း ကရအောင်" ဟု စိတ်ညစ်ညူးသလို ပြောလျှင် လွယ်လင့်တကူ သဘောတူ၏။ အိမ်ကြီး တစ်လုံးလုံးမှာ သူတို့နှစ်ယောက်သာ ရှိသည်။ ပါပါ၊ မာမာတို့က ဟန်းနီးမွန်းအတွက် ရှောင်ဖယ်ပေးသည့်သဖွယ် ရခိုင်မှာ နေရစ်တာ သုံးလ ကြာဦးမည်။ လန်ဒန်သို့ သွားခါနီးမှ ဆင်းလာကြလိမ့်မည်။ (ပါပါ အငြိမ်းစားယူသည်။ သမီးကို လင်ပေးစားပြီးပြီဖြစ်၍ သူ့ဘဝ လုပ်စရာ မကျန်တော့ပြီ။) ပြီးတော့ မနာလိုတတ်သော ကိုကိုက ညနေစောင်းနေလျှင် ခိုင်းစရာ အိမ်ဖော်များပင် အိမ်မှာ မနေကြစေရ။

အစကတော့ တစ်ခါမှ တစ်နာရီပြည့်အောင် စကားထိုင်မပြောဖူးသူနှင့် ဘယ်လို ပေါင်းသင်းရပါမည်လဲဟု စဉ်းစား၍မရ။ လက်ထပ်ခါနီး နှစ်ပတ်လောက်ပဲ ယှဉ်တွဲ သွားလာရ၏။ ဖိတ်ကြားကျွေးမွေးသည်ကို နှစ်ယောက်တည်း ထွက်၍ စားသောက်ကြရ၏။

ကိုကိုက စကားပြော ကောင်း၏။ ကိုကိုရဲ့ အင်္ဂလိပ်စကား အသုံးအနှုန်းများက ဆန်းပြား၏။ အမူအယာက ယဉ်ကျေးသိမ်မွေ့၏။ မိန်းမကို အရေးပေးသော အလေ့ရှိ၏။ ကားတံခါးကို မြနန္ဒာ ဘယ်တော့မှ ဖွင့်မဆင်းရ။ ပဂါနှင့် အပေါ်ရုံ အင်္ကျီများကို ခြုံပေးတတ်၏။ သိမ်းသွားတတ်၏။ မဆိုးပါဘူးဟု အောက်မေ့လာသည်ကို မထစ်မငေါ့ မျက်နှာမနီဘဲ ပြန်ပြောနိုင်လာ၏။ ပြီးတော့ လက်ထပ်ရသည်။

သို့သော် လက်ထပ်သောနေ့၊ ညစာစားပွဲမှာ မြနန္ဒာသည် တမင် ကြိုတင် ကြံစည်တာ သက်သက် မဟုတ်သော်လည်း သည်ည သူ လူမှန်း သူမှန်း မသိအောင် မူးပစ်လိုက်ချင်သည် နေလိုက်ချင်သည်လို့ စိတ်ကူးနေ၏။ ညစာစားပွဲများစွာ မာမာနှင့် ဧည့်ခံဖူးသူမို့ စပျစ်ရည်နှင့် အကျွမ်းဝင်ခဲ့ပေမည့် မြနန္ဒာသည် ယဉ်ကျေးဖွယ်ရာသာ နှုတ်ခမ်းနှင့် ဖန်ခွက် ထိခဲ့သူ ဖြစ်သည်။ ယခုတော့ သူသည် စားစရာ တစ်ခန်းပြီး တစ်ခန်း ချလာဆဲ။ ဝိုင်နီကိုလဲ ကုန်အောင် သောက်၏။ ဝိုင်ဖြူကိုလဲ ကုန်အောင် သောက်၏။ ဧည့်သည်များနှင့် စကားလှည့်လည် ပြောရပြန်တော့ ပေးအပ်လာသော ကိုကို့ လက်မောင်းကို လက်တစ်ဖက်က တွဲရင်း လက်တဖက်က ရှန်ပိန်ခွက်ကိုမချဘဲ ထပ်ဖြည့်သမျှကို မငြင်းမဆန် လက်ခံ လျက်ရှိခဲ့သည်။

ကိုကိုကပင် ပြောရသည်။ -ဒါလင် မူးနေတော့မယ်-

"ဟဲ… ဟဲ… မူးနေပြီကိုကိုရဲ့" လို့ သူသည် မျက်ရည် လည်နေလျက်က ရယ်ပြီးရင်း ရယ်ချင်ရင်း

ဖြစ်နေကာ ကိုကို့ကို မျက်နှာ ရဲရဲ ကြည့်ပုံခဲ့သည်။ ထို့နောက်တော့ သူတို့ အားလုံး ကကြပြန်သည်။ နန္ဒာသည် မူးနေကာ ကိုကို ဦးဆောင်ခေါ်ရာသို့ အကွက်ကျအောင် လမ်းလျှောက်၍ လိုက်လျက်နေသည်။ သိပ်ရယ်စရာ ကောင်းတာပဲ။ နောက်တော့ ကိုကိုက လသာဆောင်ဘက် ခေါ်လာပြီး "မကချင်တော့လို့ ဒါလင့်ကို ညာခေါ်လာတာ" လို့ ပြောကာ တောင်ထန်းပင်ကြားမှာ နန္ဒာ့ကို နမ်းသည်။ မြနန္ဒာက သက်ပြင်းများ ရှိုက်ကာ မျက်ရည်လည်လာသည်။ ငိုချင်လာသည်။ တစ်ခါတုန်းက၊ ဟိုးရှေးသရော အခါ တစ်ပါးတုန်းက သည်လိုပဲ။ နန္ဒာက ဘယ်သူ့ကိုလည်း မသိ။ လသာဆောင်ကို ညာခေါ်လာဖူးတာပေါ့။ အဲ့သည်တုန်းကတော့ တောင်ထန်းပင်တွေကြားမှာ ဘယ်သူက ဘယ်သူ့ကိုမှ မနမ်းပါဘူး။ စကားတွေပဲ ပြောနေတာပဲ။ နမ်းစရာလည်း အကြောင်း မရှိတာ။ မြနန္ဒာသည် စိတ်ကူးနှင့် စကား မကွဲပြားဘဲ ကိုကို့ကို ဗလုံးဗထွေး ဘာတွေ ပြောမှန်းမသိ ပြောသည်။ "သိပ် ဂမ်းနည်းစရာကောင်းတာပဲ ကိုကိုရဲ့" လို့ ထပ်တလဲလဲ ပြောမိတာတော့ မှတ်မိသေး၏။ ကိုကိုကတော့၊ လည်ပတ်သော ကိုကိုကတော့ သတို့သမီးရဲ့ လက်ထပ်သောနေ့မှာ စိတ်အာရုံ ထွေပြားခြင်း တစ်မျိုးလို့ ယူဆဟန်တူပြီး သဘောကျလို့ ရယ်မောနေတော့သည်။

မြနန္ဒာကတော့ ရန်ကုန်မှာ နေကြသည့် လေးလစလုံး ညတိုင်းပင် ခပ်မူးမူး ဖြစ်နေသည်။ ပါပါ၊ မာမာတို့ ရခိုင်မှ ပြန်လာပြီး တစ်လနီးပါးမျှ အတူနေရဆဲမှာတောင် ဟန်မဆောင်နိုင်။ ညစဉ် သူ ရှုန်ပိန်ပုလင်းကို အိမ်ပေါ် အိပ်ခန်းသို့ သယ်ပြီး မူးနေသည်။ ပထမတော့ ပါပါ မာမာတို့ သည် ကိုကိုဘို့ သယ်သည်ကို ထင်ကြသည်။ နောက်တော့ မူးသူမှာ သူတို့သမီး ဖြစ်နေသည်ကို တွေ့တော့ ပါပါ၊ မာမာတို့ရဲ့ မျက်နှာထား ဖြစ်သွားပုံက သိပ် သိပ်ကို ရယ်စရာကောင်းတာပဲ။ ဓာတ်ပုံရိုက်ထားဖို့ ကောင်းတယ်။

ရန်ကုန်မှာ နေသမျှ ညစဉ် သူ မေ့မေ့လျော့လျော့ နေချင်သည်။ သတိ ပျက်ပြယ်လို့ နေချင်သည်။ သူ ဖတ်နေကျ ဂျာမန် ကဗျာစာအုပ်များ၊ ပြင်သစ် အချစ်ဝတ္ထုများကို မမြင်ရသော အောက်ထပ် စာကြည့်ခန်းသို့ ပို့လိုက်သည်။ နဂိုက အပျိုခန်း။ ခုတော့ မင်္ဂလာခန်း ဖြစ်နေသည့် အိမ်၏ ညာဘက် အဆောင်တွင်းမှာ နှင်းဆီပန်းစိုက် အိုးများသာ ပြင်ဆင် ထားပြီး အားတိုင်း ဓာတ်ပြားဖွင့်လို့ နေသည်။ အောက်ထပ် မဆင်းမိ။ ညစာ ထမင်းစားရုံသာ ဆင်းသည်။ နံနက်ပိုင်း ကိုကိုက လန်ဒန်သွားဖို့အရေး ဆေးရုံသို့ ပြေးရ၊ ရုံးပေါင်းစုံသို့ ပြေးရနှင့်မို့ မြနန္ဒာ တစ်ယောက်တည်း ကျန်ခဲ့လျှင် အခန်းထဲ စားစရာ ပို့ခိုင်းပြီး ပြတင်းက ငေးမောရင်း စား၏။ ပီယာနိုခုံ၌ ထိုင်မိလျှင် သီချင်းဖြစ်အောင် တီးလိုစိတ် မရှိ။ လက်များ လေလွင့်ပြီး အသံလျှောက်စမ်းလျှင် ကြေကွဲ ဂမ်းနည်းသံများသာ ထွက်ပေါ်လာလေ၏။ မာမာက ဖျောင်းဖျသလို ပြော၏။

"အိမ်ထောင်ပြုတယ်ဆိုတာ လူ့ရဲ့ တာဝန်ဝတ္တရား တစ်ခုကို ဆောင်ရွက်တာ မဟုတ်ဘူးလား သမီး။ စဉ်းစားချင့်ချိန် လုပ်ရတဲ့ အလုပ်ပဲ။ စိတ်လိုက်မာန်ပါ ဘယ်လို လုပ်လို့ရမလဲ။

မာမာက ပြောပြန်၏။

"လူ့ဘဝမှာ အိမ်ထောင်ကိစ္စဆိုတာ အရေးအကြီးဆုံးပဲ။ အိမ်ထောင်ကိစ္စမှာ အကောင်းဆုံးချည်းဖြစ်အောင် မိဘ ဆွေမျိုးအားလုံး ဝိုင်းဝန်း လုပ်ရတယ်။ သားသမီးများက လိမ္မာနာခံရတယ်။ ရှေ့လျှောက် သမီး လိမ္မာနာခံစရာတွေ ရှိသေးတယ်။ သမီး ခုလို မသိတတ်တဲ့ ကလေးလို လုပ်နေလို့ ဘယ်ဖြစ်မလဲ။ လင်နဲ့မယား သည်းခံတဲ့ ပညာကို သမီး သင်ရဦးမယ်"

မာမာက ပြောပြန်၏။

"သမီးကို ကိုကို့လက်ထဲ လွှဲလိုက်ပြီ။ ကိုကို့ကို သမီး ရိုသေရမယ်။ နာခံရမယ်။ သည်းခံရမယ်။ သည့်လင်ပဲ အဖေ အမေလို့ မှတ်လာရမယ်"

မြန္နာက ခေါင်းတစ်ချက်မော့ကာ ဖြေလျော့သဖြင့် ခွေပျော့ညိုမောင်းသော ဆံပင်များကို ခါပစ်ပြီး "တော်သေးတာပေါ့ မာမာ။ ချစ်ရမယ်လို့ မစီမံလိုက်တာ။ အဲ့ဒီစိတ်က စီမံပေးလို့မှ မရတာနော်။ ပြောစကား နားထောင်တတ်တဲ့ စိတ်မှ မဟုတ်တာ"

မာမာက ပြုံးပြီး " သမီး နန္ဒာက သိပ်လှတာပဲ။ ဆံပင်ကအစ လှတာ။ ခေါင်းမမာစမ်းပါနဲ့ကွယ်။ အလှ ပျက်တတ်တယ်" ဟုသာ ပြောသည်။

xxx

လန်ဒန်ရောက်၍ နေသားကျသွားလျှင်တော့ မြန္နာသည် ညအိပ်ရာဝင် ရှန်ပိန်မူးအောင် သောက်ဖို့ မလိုတော့ချေ။ သူသည် ကလေး ရတော့မည်ဆိုတာကို ကြက်သီးချမ်းမြ သိရ၏။ ဘဝအသစ်တစ်ခု သူ့ကို မှီ၍ စတင်ပြီဆိုတာကို အံ့ဩမဆုံးနိုင်အောင် ဖြစ်နေမိ၏။ သူ့ခန္ဓာထဲမှာ သူနှင့်တူသော သတ္တဝါလေး တစ်ခု ဖြစ်ပေါ်နေပြီတဲ့။ ဘယ်နေရာက ဖြစ်ပါလိမ့်။ မျက်စိဖြင့် ကြည့်လို့ မမြင်နိုင်သေးပေမယ့် မိခင်ရဲ့ ရင်၌ လှုပ်ရှားလေပြီ။ မြန္နာသည် ကိုကို့ကိုပါ နှစ်လိုလာသည်။ ချစ်ချင်လာသည်။ ဘဝကို နှစ်ယောက်ဝေငှယူရတော့မည်လို့ သဘောပေါက်လာသည်။

ကိုကို။ ပြီးတော့ ကိုကိုနှင့် နန္ဒာတို့က ဖြစ်တဲ့ကလေးတို့သာ အရေးကြီးလာသည်။ ကျန်သမျှအားလုံးတို့သည် ချောက်ချားသော အိပ်မက်မျှသာဖြစ်သည်။ မြန္နာ အရူးထခဲ့တာပေါ့။ မငယ်လှသော်လည်း မသိနားမလည်တာ များခဲ့တာပေါ့။ ယခုတော့ ယခုမှ မြန္နာ၏ဘဝ တကယ် စတင်သည်။ အသစ် မွေးဖွားသည်။

ထို့ကြောင့် ၇ နာရီအမီ သွားရမည့် လင်သည် ကိုကို စားဖို့ရန် မြန္နာ စောစော ထတတ်လာ၏။ နံနက်စာ စားသွားဖို့ နွားနို့ ကျိုရ၏။ ကြက်ဥနှင့် ဝက်ပေါင်ခြောက် ကြော်ရ၏။ ပေါင်မုန့်ကင်ကာ ထောပတ်သုတ်ရ၏။ ကိုကိုကြိုက်ရာ ရွေးစားနိုင်ရန် ပြောင်းဖူးလှော်ထုပ် စက္ကူဘူး ၃၊ ၄ မျိုး ဝယ်ထား၏။ ပြီးတော့ ကိုကိုနှင့်အတူ စားသောက်ရင်း လင်သည်မျက်နှာကို တစိမ့်စိမ့်ကြည့်တတ်လာသည်။ ကိုကို့ကို ပိုင်စိုးပိုင်နင်း ပြောတတ်လာသည်။ မနာလိုတတ်လာသည်။

ကိုကို တစ်ယောက်တည်း စာကျက်နေသည်ကို မနှောင့်ယှက်မိရန် မနည်း ချုပ်တည်းရသည်။ စိတ်ဆိုချင်သည်ကို တရားဖြင့် ဖြေရသည်။ ပြီးတော့ ကိုယ့်ကိုယ်ကိုယ် မယုံနိုင်။ သို့ပေသည့် အဖိုအမ အတူတွဲ နေထိုင်ခြင်းဆိုတာ အံ့သြဖွယ်ကောင်းအောင် လူ့ဘဝကို ပြောင်းလဲစေလိုက်သည် ထင်သည်။ ဒါမှမဟုတ် မြန္မာက မိန်းမ ဖြစ်လို့လား မသိ။ ပြီးတော့ အတွေ့အကြုံ အင်မတန် နည်းလှတဲ့ မိန်းကလေး။ မမြင်ဘူးလို့လား မှူးမြစ် ထင်တယ်ဆိုဆို အချစ်ဆိုတာ လင်နဲ့မယားမှာသာ ရှိနိုင်တာပါဟု တွေးတောစ ပြုလာသည်။

လန်ဒန်မှာ နေကြတာ သုံးနှစ်အချိန်မှာ မြန္မာ အပျော်ရွှင်ဆုံးလို့ ဆိုရမလား။ ပါပါ၊ မာမာ တို့လက်က လွတ်လာပြီး ကိုကိုနှင့် သွားလာ လည်ပတ်ရတာတွေ ပျော်စရာကောင်းတာ အမှန်ပဲ။ မြန္မာ လူကြီးဖြစ်လာသော နှစ်များပါပဲ။ ရန်ကုန်မှာလို၊ ခိုင်းစရာ လူတွေ အလယ်မှာလို ငေးမောနေလို့ မရ။ ဘာမဆို သာမန် ဆင်းရဲသားများလို ကိုယ်တိုင် လုပ်ရ၏။ နံနက်စာ နှစ်ယောက်စာ ချက်ရ၏။ နေ့လယ်စာတော့ ကိုကိုက ဆေးရုံမှာ စားသည်မို့ မြန္မာသည် ကိုယ့်ဖို့သာ စီမံရ၏။ တစ်ယောက်တည်းဆိုတော့ သိပ်ဒုက္ခ မခံတော့ဘဲ သစ်သီးများ စားလိုက်၊ ချော့ကလက် စားလိုက်၊ ကိတ်မုန့် စားလိုက်ဖြင့် နေသည်။ မြန်မာ ထမင်းဟင်းကို သူ မစုံမက်။ ညနေကျတော့ ထွက်ဂယ်စားကြတာ များ၏။

(မာမာ၊ ပါပါတို့က အစိုးရထံက လဲရသမျှငွေကို အစဉ်ပို့နေ၏။ ကိုကိုကလည်း ဆေးရုံက အနည်းအကျဉ်းရ၏။)

သူတို့ ကပွဲ သွားကြ၏။ ဆောင်းဦးပေါက်တိုင်း ပွဲကြည့်ကြ၏။ မြန္မာ ပြဇာတ်နှင့် ဂီတပွဲရုံများကို မလွတ်တမ်း ကြည့်သည်။ ကိုကို လိုက်မပို့နိုင်လျှင်တောင် တစ်ယောက်တည်း သွားတတ်လာတတ်ပြီမို့ မလွတ်တမ်း သွားခဲ့သည်။ ပီယာနို တီးသည် ပွဲများဆိုလျှင် တမက်မောမော နားထောင်ရသည်။ ပြီးတော့ ပီယာနိုတစ်လုံး ဂယ်လိုက်ပြီး ပြန်လည်လေ့ကျင့်ရသည်။

သားဦးကို မွေးဖွားတော့ တော်တော် ခက်တာပေါ့။ သားကို ၁၀ ရက် စောမွေးတာမို့ ကိုကိုလည်း မရှိ။ ကိုကိုက အဲသည်တုန်းက ပါရီကို သူငယ်ချင်း အပေါင်းအသင်းများနှင့် ခဏ ခဏ သွားတတ်သည်။

မြန္မာ လိုက်ချင်တာကို အတင်း ထားခဲ့တတ်သည်။ စိတ်ကောက်လျှင် ရယ်မော၍ ခံသည်။ မြန္မာကတော့ အဲ့သည်တုန်းက လောကီရေး၌ မသိ နားမလည်။ ကလေးသဖွယ်မျှသို့ ဘာမျှ မရိပ်မိ။ လင်ကို ချစ်ပြီး သားကို ချစ်ဖို့လောက်သာ သိသည်။ လင်နှင့် သားကလွဲ၍ အားလုံးကို မေ့ဖို့လောက်သာ သိသည်။

သားဦးကို ဗိုက်ခွဲ မွေးရမလိုတောင် ဖြစ်လေသည်။ ပြီးတော့ မေ့ဆေးပေးပြီး ညှပ်ဆွဲ မွေးကြရ၏။ မြန္မာ မျက်နှာကို မေ့ဆေးပေးမယ်လို့ အုပ်ဆောင်းဖြင့် အုပ်တာကို ရုန်းဖယ်လို့ချည်းနေမိ၏။ အနာ သက်သာအောင် ဆေး လာလာထိုးပေးထားသဖြင့် လူမှန်းလည်း မသိတသိ ဖြစ်နေပြီး၊

ဝေဒနာသာရှိသည့် အိပ်မက် မက်နေသလို ခံစားရ၏။ ဓာတ်မှန်လည်း ခဏ ခဏ ရိုက်နေရသည်။ ဓာတ်မှန် ခဏလေး ရိုက်ဖို့ အငြိမ်နေနိုင်။ တွန့်လိမ်လူးလိမ့်နေရ၏။ ရိုက်သူကို ရိုက်ခါနီးတိုင်း ရိုက်လို့မရဖြစ်နေသဖြင့် အားနာပြီး ဘာတွေ ပြောမှန်းမသိ၊ တောင်းပန်ပြီးလည်း နေမိသည်။ အဲသည့် အင်္ဂလိပ်ကလေးက သေးသေးသွယ်သွယ်ကလေး။ မြနန္ဒာလောက်တောင် အရပ်မရှည်ဘူး ထင်သည်။ အသက် ၂၀ လောက်ပဲ ရှိမည်။ မိန်းမလျာကလေးလိုပဲ။ သဘောကတော့ အင်မတန် ကောင်းပုံပဲ။ သူက မြနန္ဒာ သနားနေသည်။

"ရေမွှာ ဖောက်ပစ်လိုက်တော့မယ်" လို့ ဆရာဂန်ပြောသံ ကြားလိုက်၏။ မျက်နှာကို လာအုပ်သော မေ့ဆေးရည် ဆွတ်ဖျန်းသည့် အုပ်ဆောင်းကို မွှန်းလှသဖြင့် မျက်နှာ ဟိုလှည့်သည်လှည့်ဖြင့် ရှောင်ဖယ်ဆဲ။ လက်က အကြောကို လာစမ်းကြ၏။ ပြီးတော့ ဆေးထိုးလိုက်၏။ ခဏချင်းပင် မြနန္ဒာ၏ လက်များသည် ပြုတ်ကျသွားသလို အစိုးမရဖြစ်ပြီး မေ့လျော့သွားခဲ့၏။

တစ်ချက်နိုးလာတော့ ဆရာဂန်သည် မြနန္ဒာ၏ ခြေရင်းမှာ ကျကျနန ထိုင်ပြီး ချုပ်လုပ်နေသည်။ ကပ်ကြေးသံ၊ ညှပ်သံ ကြားလိုက်သေး၏။ ဆရာဂန်၏ အဂတ်ဖြူများကြားမှ (အဲသည်တုန်းက ခွဲစိတ်ကုသသော ဆရာဂန်တို့သည် ယခုလို အစိမ်း မဂတ်ကြသေး။) မျက်လုံး နှစ်လုံးသာ ပေါ်သည်ကို သတိပြုမိ၏။ ကိုကို့ကို သတိမရချေ။ လောကမှာ မြနန္ဒာ တစ်ယောက်တည်းသာ ရှိသည် ထင်လေသည်။ သားလေးကို နည်းနည်း သတိရ၏။ ပြီးတော့ ပြန်လည် မေ့သွားပြန်၏။ မကြာခဏ သေဆုံးပြီး အသစ် မွေးဖွားနေပြန်၏။

တစ်ခါ နိုးလာပြန်တော့ မြနန္ဒာသည် ဆေးရုံခန်းထဲ ပြန်ရောက်နေသည်။ သားကလေးသည် ဘေးက ပုခက်ကလေးထဲမှာ ဇာအုပ်ထားသည့်ကြားက ခြေကလေးဖြင့် လှမ်းကန်နေဟန်၊ တလှုပ်လှုပ်ဖြင့်နေသည်။ ချက်ချင်းပင် ဆရာဂန် ရောက်လာပြီး ကလေးကို ကောက်ချီပြီး မြှောက်ပြသည်။ ဆရာဂန့် ကိုယ်မှာ သွေးစသွေးနများ ပေရေလျက် ရှိသေး၏။ ဆရာဂန့် မျက်နှာမှာ သွေးစက်ကလေးများ ခြောက်နေသည်ကို မြင်လိုက်ရ၏။ ဆရာဂန်သည် ကိုကို၏ သူငယ်ချင်းလို နေသော ဆရာပေါက်စဖြစ်သည်တဲ့။ သူက "ကိုကိုဟာ အင်မတန် ကံကောင်းတဲ့ သူပါ" လို့ ချီးမွမ်းလေသည်။ သည်လို သဘောကောင်းတဲ့ မယားနဲ့၊ အမေတူ လှပတဲ့ကလေးကို ရလို့တဲ့။

အဲသည်တုန်းက စိတ်အထင့်သား။ ဘာဖြစ်လို့ မြနန္ဒာဟာ သဘောကောင်းတဲ့ မယား ဖြစ်ရပါလိမ့်။ သဘောကောင်းသူလို့ ထင်ခဲ့သည်။ ကိုကို့ကို ပါနီမြို့မှ လေယာဉ်ပျံဖြင့် ချက်ချင်းပြန်ခဲ့ပါလို့ သံကြိုးမရိုက်ချင်တာကို ဆိုလိုတာလား။

ဆရာဂန်ကလည်း မြနန္ဒာကို သနားနေသည်။

တကယ်တော့ သနားစရာဆိုတာ မြနန္ဒာမှာ မရှိပါလို့ ထင်ခဲ့သည်။ ဝေဒနာ ပိုမို ခံစားရလို့ သနားကြတာလို့ ထင်ခဲ့သည်။ တကယ်တော့ မြနန္ဒာသည် ကိုယ့်ကိုယ်ကိုယ် သည်လောက်

သတ္တိကောင်းမည်လို့ မထင်ခဲ့။ ကလေး မွေးရမှာ၊ နာကျင်ရမှာကို သူအမြဲ ကြောက်ခဲ့၏။ (ငယ်ငယ်တုန်းက ကျောင်းမှာ ဘယ်သူနှင့်မျှ ရန်မဖြစ်ရဲ။ မသတ်ပုတ်ဖူး။ သူငယ်ချင်းစွာစွာများကို မုန့်ပေး၊ ပိုက်ဆံပေး၊ ခဲတံ၊ စာအုပ် ပေးပြီး ပေါင်းခဲ့ရ၏။) ကလေးမွေးရလျှင် တကယ့် အချိန်မှာ သူသည် ငိုယို နေမိမည်လို့ ထင်၏။ ယခုတော့ လေး၊ ငါးရက်မျှ မမွေးနိုင်ခင် သူသည် မျက်စိ မဖွင့်နိုင်၊ အစားအစာ မစားနိုင်။ လောကဌ် ရှိသမျှကို မေ့လျော့၍ ဝေဒနာ အာရုံသာ ပြင်းစွာထင်ဆဲ။ တစ်ချက်မျှ မည်းညည်းညူ မအော်ဟစ်မိ။ ပါပါတို့ စီမံရာကို ခေါင်းငုံ့ခဲ့သလို၊ ဘဂဏ ပေးသော ဒဏ်ရာကိုလည်း ခေါင်းငုံ့ခံတတ်တာ ဖြစ်ပါလိမ့်မည် ကိုကို။ လက်ဆွဲထားစရာ ကိုကိုလည်း မရှိ။

လူ့ဘဂဌ် တစ်ချက်မျှ ကောင်းကောင်း နေဖူးပြန်ပြီလေ။

ထိုအချိန် အနားမှာ ကိုကို မရှိ။ တိုက်ပွဲ၌ ဆရာဂန်ကိုသာ အားကိုးခဲ့ရ၏။ ရင်းနှီးသော အဖော်ဖြစ်ခဲ့ရ၏။ လင်သည်ဖြစ်ရုံမက ဆရာဂန်ပါ ဖြစ်သော ကိုကိုက မယား ကလေးမွေးစဉ် အနားမှာ မရှိနိုင်အောင် ပါရီမြို့၌ ဘယ်လို အလုပ် များနေသည်ဆိုတာတော့ နောက် သုံး၊ လေးနှစ်မှာမှ ပြန်လည် ရိပ်မိရ၏။ အဲသည်လောက် မသိနားမလည်လိုက်သည့် မြန္နှာပါ။

မသိနားမလည်သေးသည့် မြန္နှာသည် ကိုကို့ကို သံကြိုးရိုက် အကြောင်းကြားရာ၌ အေးအေးဆေးဆေးမှ ပြန်လာဖို့၊ အလျင်မလိုဖို့ ပြောလိုက်သေး၏။ သို့သော် ကိုကိုက ချက်ချင်းပြန်လာ၏။ သစ်ခွပန်းရောင်စုံ တစ်ပွေ့ကြီးနှင့် ဝင်လာ၏။ မြန္နှာက နှင်းဆီကို ပိုကြိုက်သည်။ အလှမှာရော၊ ရနံ့မှာရော နှင်းဆီကို ဘယ်ပန်းမှ မသာနိုင်ဘူး ထင်သည်။ ကိုကိုက သစ်ခွပန်းများက ပိုဈေးကြီးသည်လို့ ဆိုသည်။

သို့ပေမည့် သည်နောက်တော့ ကိုကိုသည် နှင်းဆီရော၊ သစ်ခွရောမဂယ်လာတော့ချေ။

မြန္နှာက သားဦးကလေးနှင့် ရှုးနေသည်။ ကလေးနှင့် ပြိုင်ပြီး လောကကို အသစ်မြင်သည်။ အသစ် မွေးဖွားသည်။ အသစ် ကြီးထွားသည်။ ကလေးကောင်းကောင်း လမ်းမလျှောက်နိုင်ခင် နှစ်နှစ်ကျော် သုံးနှစ်လောက် အိမ်မှာပဲ ကုပ်နေသည်။ လက်တွန်းလှည်းကလေးဖြင့် လမ်းထိပ်လောက်ထွက်တာပဲ ရှိမည်။ ကိုကိုက ညစာ အပြင်ထွက်စားမြဲ စားကာ မြန္နှာကလည်း လင်ကို ယခင်ကလောက် ဂရုမစိုက်နိုင်တော့။ မအားတော့ဘဲ သားဦးကလေးနှင့် ရှုးနေသည်။

အဲ့ဒါ နန္ဒာ မိုက်တာလားမသိ။ ကလေး ကြည့်မည့်သူကို တစ်နာရီ ၃ သျှီလင်လောက် ပေးကြည့်ခိုင်းပြီး ကိုကိုနဲ့ ထွက်လည်မြဲ လည်ခဲ့ဖို့ကောင်းသလား မသိ။

သို့သော် ကလေး သုံးနှစ်သားအရွယ်လောက် အပြင်ခေါ်နိုင်တဲ့အချိန်လည်း ရောက်ရော ကိုကိုသည် မြန္နှာတို့ သားအမိကို အချိန်များစွာ မပေးနိုင်တော့ချေ။ သူ့မှာ ဆေးရုံ အလုပ်ရှိသည်တဲ့။ စာတတ်ဖက် ကျက်ရမည်။ ကျောင်းတက်ရမည်တဲ့။ ညတာဂန်တွေကလည်း များလှပါဘိ။ အဲ့သည်တုန်းကတော့

ကိုကိုဆိုတဲ့လူဟာ မယားနဲ့ သားကလေးကို အိမ်ခန်းတစ်ခုမှာ ထားခဲ့ပြီး ယောက္ခမပို့တဲ့ ပိုက်ဆံနဲ့ ပညာသင်ရင်း သူနာပြုမကလေးတွေ၊ လက်နှိပ်စက် စာရေးမကလေးတွေကို ညစာကျွေးပြီး သူတို့ရဲ့ အိပ်ခန်းမှာ စံမြန်းနေတာ မြနန္ဒာက မသိခဲ့။

ချစ်ကြိုက်ပြီး ယူခဲ့ရတဲ့ လင်သာ သည်လိုလုပ်ရင် သိပ်စိတ်နာမှာပဲဟု မြနန္ဒာက အစဉ်တွေးတတ်၏။ ချစ်ကြိုက်ပြီး ယူခဲ့တဲ့ လင်ကတော့ သည်လို လုပ်မှာလား မသိ။ ချစ်ကြိုက်ပြီးမှ ယူဖူးတဲ့လင်မှ မရှိတာ ဘယ်သိနိုင်မလဲ။ ပြီးတော့ ကိုကို့ကို ချစ်ချင်လာတုန်း၊ အချစ် မကျွံခင်တုန်း သိလိုက်ရတာ တော်ပါသေးရဲ့။ ခုတောင် ဝိုလည်း ဝိုချင်၊ ရယ်လည်း ရယ်ချင်နဲ့ တစ်မျိုးကြီးပါ မာမာရယ်။

မာမာတို့ကို လှမ်းပြီး တိုင်တောလိုက်တော့ စာရှည်ကြီး ပြန်ရလေသည်။ မာမာ့ အဆိုအရ ယောကျ်ားဆိုတာ အရက်၊ လောင်းကစားနဲ့ မိန်းမ ဆိုတာ တစ်ခုမဟုတ် တစ်ခု ဝါသနာ ပါတတ်တယ်တဲ့။ ကောင်းပါပြီ။ မိန်းမ ဆိုတာကော။ အရက်၊ လောင်းကစားနဲ့ ယောကျ်ားဝါသနာပါလို့ မရဘူးလားဟု နာနာကြည်းကြည်း တွေးတောမိ၏။ မာမာရဲ့ ယောကျ်ားသာလျှင် အမိက၊ ဘဂ၏ဘုရား ဆိုတဲ့ ဇာတ်တော်ထဲမှာတော့ နန္ဒာက စိဋ္ဌမာန ဖြစ်နေမှာပေါ့နော်။ နန္ဒာက ကိုကိုရဲ့ အဆာင်အယောင်မျှသာ၊ အလှထားသည့် ပစ္စည်းတစ်ရပ်မျှသာ။ ဒါ့ကြောင့် ပြောရက်တာပေါ့။ လူကို သက်မဲ့ ပစ္စည်းကျနေတာပဲ။ ပါပါတို့ လက်က ကိုကို့ လက်ကို လွှဲပေးလိုက်ပြီတဲ့။ အရက်၊ လောင်းကစားနှင့် မိန်းမဆိုတာကိုလည်း လူ့လောကရဲ့ တန်ဆာ မင်္ဂလာသုတ်ကျနေတာပဲ။ လူတောထဲ ထည့်ပြောနေလိုက်တာ။

ကိုကိုနှင့် မကြာခဏ ရန်ဖြစ်ကြသည်။ မိန်းမတကာနှင့် အိပ်လာသော ကိုကို့ကို ရွံရှာလှ၏။ ရှုန်ပိန်မူးပြီးတောင်မှ လက်မခံနိုင်တော့။ မြနန္ဒာကို မာမာကသာမက လောကီကိစ္စ လူပါးဝကြကုန်သော လူအများကတော့ ပြင်းထန်လှချည်ကလားလို့ ထင်အားမည်။ ကိုကို အခန်းတွင်း ဝင်လာလျှင် မြနန္ဒာသည် ကလေးကို ကောက်ချီ၍ ဧည့်ခန်း ဆိုဖာပေါ်မှာ အိပ်သည်။

"ကိုကိုဟာ မိန်းမ လိုက်စားသူသာ ဖြစ်ပါတယ်နော်။ မုဒိမ်းကောင်တော့ မဟုတ်ပါဘူးနော်" လို့ ပြောတော့ မြနန္ဒာဟာ ရုပ်ကလေးနဲ့ မလိုက်အောင် ရက်စက်ဆိုးရွားလှသည်တဲ့။

မြနန္ဒာသည် သားကလေးကို လက်တွဲ၍ ရာသီဥတု သာယာသည့် နွေရာသီမှာ လန်ဒန်မြို့လယ်က ပန်းခြံမှာ သွားထိုင်နေတတ်၏။ ရေသူမကျောက်ရုပ်များမှ ရေပန်း ဖြာကျသည့် သက်တံ သာယာလှသည်ကို ကလေးကို ပြပြီး အပြုံးမပျက် နေခဲ့၏။ ခိုများ ခေါင်းနှင့် ပခုံးပေါ် ပျံဝဲကျလာသည်ကို ကလေးနှင့် အတူ မျက်နှာ၊ နာခေါင်း လက်ဝါးဖြင့် အုပ်၍ ခံယူခဲ့၏။

ပစ်ကယ်ဒီလီဘက် နီယွန်းမီးချောင်းရောင်စုံတွေ လင်းလိုက်မှိန်လိုက် အောက်မှာ လမ်းလျှောက်ကြ၏။ သားလေး၏ မျက်နှာ နီလိုက်စိမ်းလိုက် ရှိသည်ကို ကြည့်မဝရှိ၏။ ဆိုဟိုဘက်သွား၍ ရုပ်ရှင်ကြည့်ကြ၏။ "ဆွပ်ပြုတ် ဝယ်စားကြ၏။ သားလေးက လူကြီးပမာ အဖော်ရလှသည်။

"သားနဲ့ မေမေ နှစ်ယောက်တည်းလည်း နေလို့ရတာပဲနော် သား" ဟု ပြောမိ၏။

"ဘယ်သူမှ ပိုက်ဆံမပေးလည်း မေမေက အလုပ် လုပ်ကျွေးမှာပေါ့။ မေမေ လက်နိပ်စက် သင်မှာပေါ့။ ကျောင်းဆရာမ ဝင်လုပ်မှာပေါ့။ အရောင်းစာရေး ဝင်လုပ်မှာပေါ့" ဟု ပြောမိ၏။

တစ်ပတ်ကို ၁၀ ပေါင်လောက်ရရင် နေလို့ရတာပဲ။ အခန်းကျဉ်းကလေး ငှားနိုင်မှာပဲ။ ကြက်ဥနဲ့ ထောပတ်၊ နို့ သည်လောက်ပေါတဲ့ ပြည်မှာ စားစရာ မခက်လှပါဘူး။ ကလေးကျောင်းနေတဲ့အရွယ် မြန်မြန်ရောက်ပါတော့ကွယ်။ ဒါပေမယ့် အခမဲ့ အစိုးရကျောင်းမှာ လမ်းပေါ်က ကလေးတွေနဲ့ ရောနေရတော့မှာနော်။ ကော့ကနီကလေး ဖြစ်သွားမလား။ ခုလို လန်ဒန် တစ်မြို့လုံး ဆိုင်ရှိသမျှ အနှံ့ ရှာဖွေယ်မှ ရလာတဲ့ နွားကလေးသားရေနဲ့ ဖိနပ်ပြာကလေးမျိုး စီးနိုင်မှာ မဟုတ်တော့ဘူး။ ရှက်တလင်း သိုးမွေးဆွယ်တာ ၁၃ ပေါင်တန် ဝယ်နိုင်မှာ မဟုတ်တော့ဘူး။

မြန်နန္ဒာသည် ပထမဆုံးအကြိမ် အလုပ် လုပ်စားဖို့ သတိရမိ၏။ အလုပ် လုပ်စားပြီး နေထိုင်လို့ ဖြစ်သည်။ အလုပ် လုပ်စားနိုင်လျှင် လွတ်လပ်သည်လို့ သူ သိလာ၏။ ငယ်ငယ်က ပညာတွေ ခင်ခဲ့ပြီး သည်အကြံ ဘာဖြစ်လို့ မရပါလိမ့်။ ရန်ကုန်မှာကတည်းက ကျောင်းဆရာမလုပ်ပြီး အခန်းကလေး တစ်ခန်းငှားလို့ ဘတ်စကားဖြင့် အလုပ်သွားနေနိုင်သားပဲ။ အများတကာ သည်လို နေကြသည်ပင်။ ဘယ်လောက် ကျေနပ်စရာ ကောင်းတဲ့ ဘဝလဲ။ လောက၌ ဘာမှ အရေးမကြီးသော ဂန်ပိုလို့ပင်နေသော ချမ်းသာကြွယ်ဝခြင်းဆိုတာကို သူနေနေကျနေပြီး အတ္တစွဲများလှသည့် မိဘလက်မှ ရုန်းထွက်ရမှန်း မသိခဲ့။ မတတ်ခဲ့။ ကံဆိုးလှသည့် မြန်နန္ဒာပါတကား။ မရှိတာထက် မသိတာ ခက်လှသည်မှာ အမှန်ပါတကား။ ယခုတော့ ဘဝ၌ အနေတတ်ပြီ ထင်သည်။ သားကလေး အဖော်ရနေတော့ ပိုပြီး လူ့ပြည်မှာ နေလို့ ပျော်စရာ ကောင်းလာသည်။ မြန်နန္ဒာ သတ္တိရှိဖို့တော့လိုသည်။

ထို့ကြောင့် တစ်လ ပေါင် ၄၀ ဖြင့် လောက်အောင် သူ နေကြည့်သည်။ စရိတ်လျှော့ကြည့်သည်။ ရုပ်ရှင် လုံးဝ မကြည့်ဘဲ နေသည်။ ဂီတပွဲများကိုတော့ အစားအသောက်လိုပင် သူ့ဘဝ၌ အရေးကြီးသည်ဖြစ်၍ ဈေးပေါသော ခုံလက်မှတ်များ ဝယ်၍သွားသည်။ အဲလဘတ်ဟောမှာဆိုလျှင် အလယ်ကောင်၌ ခုံမရှိဘဲ မတ်ရပ်သော်လည်းကောင်း၊ ကော်ဇောပေါ်၌ ထိုင်၍သော်လည်းကောင်း ဂီတနားထောင်နိုင်သည်။ အဲသည်မှာ ကောလိပ်ကျောင်းသား ကျောင်းသူများ လာကြသည်ကို တွေ့ရ၏။ အဝတ်အစား တောက်တောက်ပပ ဝတ်စရာ မလိုပြန်သည်မို့ လွတ်လပ်လှပြန်၏။ တီးမှုတ်ခြင်း ခဏနားသည့်ကြားမှာ ရုံ၏ အလယ် ရေပန်းကလေး၌ သက်တံရောင်များ မီးမောင်း ထိုးပေးသည်ကို သားကလေးနှင့်အတူ ပျော်ရွှင်စွာ ငေးကြည့်ရသေး၏။ ပြီးတော့ ဂီတကို နှစ်သက်၍သာ လာသူများကို ချစ်အားပိုကာ အလိုလို ဝမ်းသာနေတတ်၏။

သစ်ပင်အောက်မှာတောင် နေထိုင်လို့ ဖြစ်သည်လို့ ဟောပြောသော သော်ရို၏ အဘိဓမ္မာကို သက်ဝင်လျက်နေပြန်၏။ အင်္ဂလိပ် စာအုပ်များစွာ ဖတ်မိ၏။ လူ့ဘဝမှာ ပစ္စည်းဥစ္စာ ဆင်းရဲခြင်းဆိုတာ ကြောက်စရာ မရှိဟု သူ သဘောပေါက်လာ၏။ လူ့ဘဝ၌ နေနည်း အမျိုးမျိုး ရှိသည့်အနက် ကိုယ်ကြိုက်ရာ ရွေးချယ်၍ နေနိုင်သည် ဆိုတာလည်း သိမြင်လာ၏။ အေးချမ်းခြင်းကို လိုလားလာ၏။ စုံမက်ခြင်းနည်းပါးလျှင် အေးချမ်းမည်ပင်။

တဖြည်းဖြည်း ခင်မင်လာသော အိမ်နီးချင်း မစ္စမာတင်နှင့်လည်း စကားပြောလို့ ကောင်းလှ၏။ မစ္စမာတင်သည် အသား မစား။ ဘုရားရှိခိုးကျောင်း မသွား။ ချစ်သူနှင့် လက်မထပ်ဘဲ အတူနေ၏။ သားသမီးကို တားဆီးထား၏။ ပြီးတော့ ချစ်သူကို လင်သည်လို့ မပြော။ အတူနေသူယောကျ်ား၏ နာမည်ကို မယူ။ အပျိုကြီး နာမည်ခံပြီး အုပ်ချုပ်ရေး အရာရှိတစ်ယောက်အဖြစ် လုပ်ကိုင်စားကာ တောဘက်မှာ အိမ်ပိုင်ဖြင့် နေ၏။ လန်ဒန်မြို့ပေါ်မှာ အခန်းငှားပြီး တစ်ပတ်မှာ ငါးရက်မျှသာ နေလေသည်။

ထိမ်းမြားလက်ထပ်တယ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် မယုံကြည်တဲ့ သဘောပါတယ်။ ချုပ်ချယ်စိုးမိုးလိုတဲ့ သဘောပါတယ်။ တခြားသူတော့ မသိဘူး။ ကျွန်မတော့ သည်းညည်း မခံနိုင်ပါဘူး ” ဟု မစ္စမာတင်က ပြော၏။ “သည်ယောကျ်ား သည်မိန်းမ တစ်ယောက်ကို တစ်သက်လုံး ချစ်ကြိုက်နေမယ်ဆိုတာလည်း အင်မတန် မဖြစ်နိုင်တဲ့ အလုပ်ပဲ။ လင်မယားတိုင်းဟာ သားသမီးကို ငဲ့နေကြလို့ ဒါမှမဟုတ် စီးပွားရေး၊ ဂုဏ်သရေ ဆိုတာတွေ ငဲ့နေကြလို့သာ လင်နဲ့မယားအဖြစ် မြဲနေကြတယ် ထင်တာပဲ။ ဘယ်နည်းနဲ့မှ လေး၊ ငါး နှစ်ထက် ပိုပြီး ချစ်ခင်နေကြမယ် မထင်ပါဘူး” ဟု ပြော၏။

“ဒါပေမယ့် စိတ်မရှိပါနဲ့။ ရှင်တို့ကတော့ အတူနေတာ ဆယ်နှစ်ကျော်ပြီဆို” ဟု မြန္မာက အားနာသော်လည်း သိချင်သည်တစ်ကြောင်း၊ ဆွေးနွေးချင်သည် တစ်ကြောင်းကြောင့် ခွင့်တောင်းပြီး မေးလိုက်လျှင်...

“ကျွန်မတို့က လင်မယားမှ မဟုတ်တာ။ သူ လာချင်တဲ့အခါ လာနိုင်တယ်။ သွားချင်တဲ့အခါ သွားနိုင်တယ်။ သူ လာတဲ့အခါတိုင်းမှာ ကျွန်မ ရှိချင်လည်း ရှိမယ်။ ကျွန်မ သူ့ကို ချစ်နေသေးသမျှတော့ ရှိနေမှာပေါ့။ ကျွန်မတို့ နှစ်ယောက်ကြားမှာ ချစ်တဲ့စိတ် တစ်ခုပဲ အရင်းခံထားပြီး ဆက်ဆံကြတယ်။ ဒါပေမယ့် သူ့ကို ကျွန်မ ချုပ်ချယ်ခွင့် မရှိတော့ သူဟာ ဓာတ်ပုံ သတင်းထောက်ပီပီ သူ ဂါသနာပါရာ တစ်ကမ္ဘာလုံး လှည့်ပြီး သတင်းယူနေတာပဲ။ စစ်ပွဲတွေ ရှေ့ဆုံးက ပါသွားတယ်။ သူ ပြန်လာမှ မသေသေးဘူးလို့ သိရတယ်။ ကျွန်မ သိပ်ပူတတ်တာ မှန်တယ်။ ဒါပေမယ့် ရှင့်ကလေးတွေကို လုပ်ကိုင်ကျွေးဖို့ လိုသေးတယ်။ မသေပါနဲ့ဦးလို့ ကျွန်မ စာမရေးဘူး။ ကျွန်မတို့ ကလေး မရအောင် တားထားတာကိုး။ ဒါကတော့ ကျွန်မကြောင့်ပါ။ ကျွန်မတို့ ဂုဏ်တို့၊ စီးပွားရေးတို့ ဆိုတာကို ဂရုမစိုက်ပေမယ့် ကလေးတော့ ချစ်တတ်တယ်။ ကလေး ရလာရင်

ကျွန်မဟာ သူ့အပေါ် ခုလောက် ကောင်းနိုင်လိမ့်မယ် မထင်ဘူး။ ကျွန်မဟာ ကလေးအတွက် သူ့ကို ချုပ်ချယ်ချင်လာတော့မယ်။ ဒါကြောင့် သူ့ကို ချစ်တဲ့အတွက် ကျွန်မ ချစ်ချင်တဲ့ ကလေးကိုတောင် မယူတော့ဘူး”

မြနန္ဒာကတော့ ခေါင်းယမ်းမိသည်။ သဘာဂမကျဘူးဟု ထင်သည်။ သို့သော် လူတိုင်းသည် ကိုယ်ကြိုက်သည့် ဘဂကို ရွေးချယ်နေထိုင်ရမည်လို့ သူ ယုံကြည်ခဲ့ပြီ။ မစွက်ဖက်လိုပါ။

“လက်မထပ်ဘဲ နေတဲ့ဘဂမှာ တစ်ယောက်နဲ့ တစ်ယောက် သစ္စာရှိဖို့ရော လိုသေးတယ် ထင်လား” ဟု နန္ဒာ မေးမိသေး၏။

“သစ္စာဆိုတာ အလကား စကားလုံးပါ။ ကျွန်မ ယုံတာက ယောကျ်ားနဲ့ မိန်းမဟာ အနည်းနဲ့ အများ တွေ့တိုင်း မြင်တိုင်း တပ်မက်ကြတယ်လို့ ထင်တယ်။ အဲဒီ လိင်စိတ်ကို တချို့က ချုပ်တည်းတယ်။ တချို့က မချုပ်တည်းဘူး။ ဒါပါပဲ။ ပြီးတော့ ယောကျ်ားဆိုတာက အဖိုဆိုတာက သတ္တဗေဒအရ ကိုယ်ဝန်မဆောင်ရဘူး။ မိခင်စိတ် ဆိုတာမျိုး ကိုယ့်သားမြေးကို တွယ်တာခြင်း မရှိ။ သူ့အဖို့ ဆန့်ကျင်ဘက် လိင်သာ ဘဂမှာ အရေးကြီးတယ်။ အဖို တစ်ယောက်တည်းက အမ များစွာကို တပ်မက်နိုင်တယ်။ လိုက်စားနိုင်တယ်။ အမကတော့ ကိုယ့်ကလေးကို ချစ်ရတယ်။ စောင့်ရှောက်ရတယ်။ ကြီးပြင်းအောင် မွေးမြူရတယ်”

မြနန္ဒာက ရယ်မောကာ "ကဲ၊ ဒါဖြင့် သူက တစ်နိုင်ငံပြီး တစ်နိုင်ငံ လှည့်လည်နေတုန်း၊ အလှအချောတွေနဲ့ တွေ့နေတုန်း ရှင်ကတော့ ကလေးကိုတောင် မယူဘဲ နေတယ်။ ဘယ်လို နေနိုင်သလဲ။ ကျွန်မတော့ သားလေးသာ မရှိရင် ရူးလိမ့်မယ်လို့ ထင်တယ်” ဟု ပြောလေ၏။

“ကျွန်မလား” ဟု မစ္စမာတင်က အပြုံးမပျက်ပြော၏။ "ကျွန်မ ဗုဒ္ဓဘာသာအကြောင်း ဖတ်နေတယ် ” ဟု ပြောလေ၏။

မစ္စမာတင်နှင့် စကားပြောရင်း မြနန္ဒာသည် ကိုကို့ကို မကြည့်ချင်စိတ် ခွဲခွာနေလိုစိတ်များ ပျောက်သွား၏။ ရှက်တာ၊ နာကြည်းတာတွေလည်း ပျောက်သွား၏။ ကိုကိုသည် ဘယ်လိုပင် မိန်းမ ဂါသနာပါ၍ လိုက်စားနေလည်း အိမ်နှင့်ယာနှင့် သားနှင့် မယားနှင့် နေချင်စိတ် ရှိပြန်သည် ဆိုတာကိုလည်း ခွင့်မလွှတ်နိုင်တောင် သဘောပေါက်လာ၏။ ခွဲခွာကြစို့ဆိုလျှင် မြနန္ဒာက စတင် ခွဲခွာရမည်ဖြစ်၏။ မြနန္ဒာက စွန့်ပစ်ခဲ့ရမည်ဖြစ်၏။ ငယ်ငယ်ကတည်းက စတင် လှုပ်ရှားတတ်သည် မဟုတ်သော၊ သူများ စီမံရာ ဘဂ၌ အလိုက်သင့် နေခဲ့သော မြနန္ဒာအဖို့ ဘယ်လိုက စပြီး လုပ်ကိုင်ရမယ်ဆိုတာကို မသိ။ ကိုကိုက စပြီး စွန့်ခွာပါစေဟု ဆုတောင်းပြန်၏။ သူ တကယ် ချစ်တဲ့ မိန်းမနဲ့ တွေ့ပါစေဟု ဆုတောင်းပြန်၏။

သို့သော် ကိုကို၌ မင်္ဂလာဦးဘဂက အယုအယမျိုးသာ ပျောက်ကွယ်သည်။ နန္ဒာ့ကို ချစ်မြဲ နှစ်လိုမြဲ ရှိသည်ဆိုတာ မငြင်းနိုင်။ နန္ဒာကပဲ လောကီမှု နားဂေးတာ ဖြစ်လေသလား မသိ။ ကိုကိုသည် သားလေးကိုလည်း ပွေ့ချီထိန်းကျောင်းနေတတ်ပြန်၏။

"သားသား၊ မေမေနဲ့ ဖေဖေ ဘယ်သူ့ ချစ်သလဲ" ဟု မေးတတ်၏။

"မေမေ့ ချစ်တယ်"

"ဘာဖြစ်လို့"

"မေမေက အပြင်သွားတိုင်း ခေါ်တယ်။ ဖေဖေက ခေါ်ဘူး"

ကိုကိုက သဘောကျကာ သူ့သားကို ဖျစ်ညှစ် နမ်းလျှင် ကလေးက အတင်း ရုန်းထွက်တတ်၏။ ထို့နောက် နှစ်ယောက်သား မီးရထားတွဲနှင့် ကစားကြပြန်၏။ အိမ်ဆောက်ကြပြန်၏။ မြနန္ဒာသည် မျက်ရည် မဆည်နိုင်ဖြစ်ရ၏။ ဘာပဲဖြစ်ဖြစ် သည်လင်ကိုသာ အိုအောင်မင်းအောင် ပေါင်းတော့မည်ဟု စိတ်ကူးမိပြန်၏။

"ဖေဖေက အိမ်လည်း ပြန်ဘူး" ဟု သူ့သားက စွပ်စွဲပြန်၏။

"ပြန်ပါတယ်ကွ၊ အမြဲ ပြန်လာတာပဲ"

"ဟင့်အင်း။ ပြန်ဘူး" ဟု ငြင်းပြန်၏။ ကိုကို ညတိုင်း မပြန်တာတော့ ကလေးတောင် သိတယ်။ သူ ပြန်လာလည်း အိမ်မှာ ဆီးကြိုသော မယားသည် မရှိ။ မြနန္ဒာသည် ညနေတိုင်းလိုလိုပင် သားကို လက်တွဲ၍ တစ်နေလုံး လမ်းထွက်နေတတ်၏။ တစ်ခါတစ်ရံ စိတ်လိုလျှင် ကိုကိုက သူ့သော့ဖြင့် ဖွင့်ဝင်ကာ စောင့်နေတတ်သည်။ ကြည်ကြည်သာသာ ဆီးကြိုသည်။

"ကိုကို စားသောက်ပြီးရောပေ့ါ" ဟုသာ မြနန္ဒာက ပြောသည်။ သို့သော် ကိုကို့ မျက်နှာကို သူ ကြည့်မည် မဟုတ်။

ပြီးပြီဟု ပြောပြီး၊ မေးဖော်ရသည်ကို ကျေးဇူးစကား ဆိုတတ်သည်။

"မစားရသေးဘူး" ဆိုလျှင်တော့ မြနန္ဒာသည် စည်သွတ်ဘူးကို ဖောက်မည်။ မြနန္ဒာသည် ကောင်းမွန်စွာ ချက်ပြုတ် မစားသည်မှာ ကြာပြီ။ ဈေးမသွားသည်မှာ ကြာပြီ။ သစ်သီး၊ ကြက်ဥ၊ နို့၊ ထောပတ်နှင့် ချောကလက်သာ စားနေရသည်။ မြနန္ဒာ တော်တော်လည်း ပိန်သွားသည်။

သူတို့ ပါရီသို့ ပြောင်းခါနီး ကိုကိုလည်း ညစဉ် မှန်မှန် ပြန်လာသည်။ ဆေးရုံတာဂန်ပဲ လျော့ပါးလေသလားဟု မြနန္ဒာက ရယ်မောလိုက်၏။ သူ့သားက ပြန်လာမည်ဆိုတော့ မျှော်သည်။ မျှော်သည့်သံ သူ့ဖေဖေကလည်း ပြန်သည်။ မြနန္ဒာသည် ကလေးအိပ်ခန်းကို သူ့အိပ်ခန်း လုပ်ခဲ့ပြီး၊

ထိုအခန်းထဲက ကိုကို့ သော့ဖွင့်သံ၊ ပြန်ပိတ်သံ၊ ခြေသံများကို နားထောင်နေသည်။ ရင်ထဲမှာ ပူလောင်လျက်ရှိကာ တဒိတ်ဒိတ် ခုန်မြဲ။ ပြီးတော့ ဖအေနှင့်သား နှုတ်ဆက်ရယ်မောကြလျှင် သူ စိတ်အနည်းငယ် အေးချမ်းသွားပြီး သိုးမွေးထိုင်ထိုးမြဲ။ လက်ငြိမ်ငြိမ်ဖြင့် ထိုးနိုင်လာလေ၏။

 သားလေးရဲ့ မျက်စိဖြင့် ကြည့်ရင်တော့ သူ့အဖေဟာ ခင်မင်နေစရာကောင်းမှာပဲ။ အားကိုးစရာ ကောင်းနေမှာပဲ။ အပြင်ဘက်က ကြီးကျယ်တဲ့ ကမ္ဘာကြီးက ပြန်ပြန်လာတဲ့ သူရဲကောင်းတောင် ဖြစ်နေမှာပဲ။ မီးရထားတွဲပျက်ရင် ပြင်ပေးတတ်တယ်။ ဘိုင်စကယ်ဘီးက ဂက်အူချောင်နေတာကို ကျပ်ပေးတတ်တယ်။ သားရဲ့ ဘဝမှာ ကိုကိုဟာ အရေးကြီးလာပြီ။ သူတို့ကို ခွဲပစ်လို့ သင့်တော်ပါ့မလားဟုလည်း မြနန္ဒာ တွေးပြန်၏။

သည်လိုပဲ တွေးတောရင်း၊ တစ်ယောက်တည်း စကားပြောရင်း သူတို့ ပါရီသို့ ပြောင်းဖို့ ဖြစ်လာ၏။ ပါပါက သူ့တူသမက် ကြီးပွားစေလိုပြန်၏။ ပါရီ၌ ပလပ်စတစ် ခွဲစိတ်ကုသခြင်းကို သင်စေလိုပြန်၏။ ငွေအပြင် ရောင်းချသုံးစားရန် မာမာ၏ ပတ္တမြား ဘယက်နှင့် လက်ကောက်များ ပို့လိုက်၏။ ပြီးတော့ မြနန္ဒာလည်း ပိုပြီး တတ်သိနားလည်လိမ့်မည်ဟု မျှော်လင့်၏။ ပြင်သစ် စာ၊ စကားကို ပို၍ ကျွမ်းကျင်ခွင့်လည်း ရလိမ့်မည်တဲ့။

ပြင်သစ်ပြည်သို့ ပြောင်းရွှေ့နေထိုင်ရပြန်တော့ ဟန်းနီးမွန်း ထွက်ရသလို အသစ်ပြန်ဖြစ်သည်။ ကိုကိုက မြနန္ဒာ စိတ်ချမ်းသာအောင် နေမည်လို့ တာဝန်ခံသည်။ မြနန္ဒာက ယုံလိုက်သည်။ လူ့ဘဝ၌ လူတစ်စုံတစ်ယောက်ကိုမျှ မယုံရဘဲ နေလို့မဖြစ်။ အထိန်းမခံရဘဲ နေလို့ မဖြစ်။ ပြီးတော့ ဘာပြောပြော ကိုကို့ကို ချစ်တယ်။ မြနန္ဒာမှာ ချစ်စရာ ကိုကိုသာ ရှိပါသည်။ ကိုကိုကလည်း မချစ်ရတာ မဟုတ်။ ဒါဖြင့်ရင် လင်မယား ဘဝမှာ ဘာလိုသေးသလဲ။ မစ္စမာတင်၏ အဘိဓမ္မာသည် ဒါပါပဲ။ အားလုံး အားလုံးကို မေ့ပြီး ကိုကိုဟာ မြနန္ဒာကို ချစ်သလား။ မြနန္ဒာက ကိုကို့ကို ချစ်သေးသလား ဆိုတာ သတိရ ရမည်။ ကိုကိုက မြနန္ဒာအပြင် ချစ်တတ်သေးသလား ဆိုတာကို မေးရမည်။

သို့သော် မရေးတစ်ချက်၊ ရေးတစ်ချက်ဖြင့် ဈေးစာရင်းလည်းပါသော၊ တစ်ဂက်တစ်ပျက် မှတ်မိသည့် ဂျာမန်၊ ပြင်သစ် ကဗျာများလည်း ရေးချထားတတ်သော သားလေးအတွက် ကာကွယ်ရေးဆေးထိုးရမည့် အချိန်ဇယားကွက်လည်း ပါသော ဒိုင်ယာရီစာအုပ်၌ "မှန်တိုင်းထန်သောနေ့များ" လို့သာ စာလုံးကြီးကြီးနှင့် တစ်မျက်နှာလုံး မကြာခဏ ဖြတ်ရေး မှတ်သားထား၏။

တစ်ညနေကို မှတ်မိသည်။ လုဒ်ပန်းချီပြတိုက်မှ သားကလေးနှင့် ပြန်သည်။ (မြနန္ဒာသားက ပန်းချီဆရာဖြစ်မည် ထင်သည်။ တစ်နေ့ တစ်နေ့ အရုပ်ဆွဲပြီးသာ နေတတ်သည်။ ရေဆေးရောင်စုံ ခြယ်နေတတ်သည်။ ပြတိုက်ထဲမှ ပန်းချီကားများ မပျင်းမရိ ကြည့်တတ်သည်။ ကူးဆွဲချင်သည်ဟု ဆိုလေသည်။)

ကိုကို့ကို ပြင်သစ်သူ တစ်ယောက်နှင့် တွဲ၍ လမ်းဖြတ်ကူးတာ မြင်လိုက်၏။ ကိုကိုက ညပ်နေအောင် ဖက်ထားကာ သူငယ်မနှင့်တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လို့။ မြနန္ဒာ၏ ရင်တွင်းမှာ မနာလိုစိတ်များ အော်ဟစ် ဆူညံကာ တစ်လောကလုံး မုန်တိုင်းထန်နေတယ် ထင်ရ၏။ နန္ဒာသည် သားလေးကို လက်ဆွဲ၍ အိမ်သို့ အပြေးပြန်လာ၏။ လမ်းမှာ လူများက လှည့်ကြည့်ကြ၏။ သားလေးက "မေမေ.... မေမေ" ဟု အော်နေသည်ကို မကြား။ ကလေးသည် လဲပြိုလုလု အမီ ပြေးလိုက်ရရှာ၏။ အိမ်ခန်းသို့ ပြေးတက်ရောက်ခဲ့ပြီး မှန်ရှေ့၌ ကိုယ့်ကိုယ်ကိုယ် ကြည့်မိလျှင် မျက်ကွင်းများ ညို၍ ဆံပင်များ ဖရိုဖရဲ ဖြစ်နေသည်။ အရုပ်ဆိုးလိုက်တဲ့ မြနန္ဒာ ကိုကို့ကို မြင်လိုက်စဉ်က သူသည် ခေါင်းစည်းပဝါကို ခေါင်း၌စတင် စည်းစဖြစ်၍ ကိုကို့ကို မြင်လိုက်ရာ၌ မေ့ပြီး လွှတ်ချခဲ့သည် ထင်သည်။ သူ့၌ ခေါင်းစည်းပဝါ မပါလာတော့။ လေပြင်း၌ သူ့ဆံပင်များသည် လျော့ပြေကာ ဖရိုဖရဲ ပွကုန်တာ ဖြစ်မည်။ လမ်းမမှာ ဖြတ်သန်းခဲ့ရသည့်လူတွေက ဘာထင်မလဲ။ ဆံပင်ကို တိုတို ဖြတ်ပစ်လိုက်ရလျှင် ကောင်းမည်လား။ ဆံပင်နှင့် လိုက်အောင် ဥရောပတိုက်သူလို ဂတ်ရလျှင် ကောင်းမည်လား။ ကိုကိုက သည်လိုမြင်လျှင် အသစ်အဆန်းထင်ပြီး တစ်မျိုး စုံမက်လို့လာမည်လား။

ကိုကို့ကို သတ်ပစ်ရရင် သိပ်ကောင်းမှာပဲ။ ဒါမှမဟုတ် ပါရီသူ တချို့ ထုံးကို လိုက်ပြီး အက်ဖယ်မျှော်စင်ပေါ်ကပဲ ခုန်ချရမည်လား။ လျှပ်စစ်ရထားလမ်းပေါ် ခုန်ချရမည်လား။ ထိုခဏ၌ တစ်ကိုယ်လုံး သွက်သွက်ခါအောင် ယိမ်းထိုး တုန်လှုပ်မိ၏။ သူ့ဘဝသည် ကြမ်းတမ်းလှသည်။ လိုလေသေးမရှိ ပြည့်စုံတယ်လို့ ဂိုင်းဂန်းချီးမွမ်းကြသည့် မြနန္ဒာဟာ ဆင်းရဲမွဲတေလှပါတကား။ သားလေးက "မေမေ... မေမေ" ဟု ခေါ်သည်။ မြနန္ဒာသည် မျက်ရည်များကို သုတ်၏။ ခေါင်းကို သန့်ရှင်းသပ်ရပ်စွာ ဖြီး၏။ မျက်နှာကို ပေါင်ဒါတို့၏။ သူ ပြန်လည် လှပလာသည်။ မေမေ့သားကို စိတ်ညစ်အောင်၊ ကြောက်လန့်အောင် မလုပ်တော့ဘူး။ ခွင့်လွှတ်ပါ သားရယ်၊ သားလေးကို ညင်သာယုယစွာ နမ်းလိုက်၏။ ပြီးတော့ ပြုံးရယ်ကာ "အလကားပါ မေမေ့ကို သရဲခြောက်တယ် ထင်လို့" ဟု ပြောလိုက်၏။ "တကယ်တော့ သရဲဆိုတာ မရှိပါဘူး၊ မကြောက်တတ်ရင် မရှိပါဘူး။ မေမေက အရင်တုန်းက ကြောက်တတ်တယ်။ ခု မကြောက်တတ်တော့ဘူးပေါ့။ ဟော... သရဲလည်း မရှိတော့ဘူး။ ပြီးတော့ သားက မေမေ့သူရဲကောင်းကြီး မဟုတ်လား။ သားက ရန်သူကို သေနတ်နဲ့ ပစ်မှာ မဟုတ်လား။ ကျည်ဆန်အိမ်ကလေး မွှတ်လည်နေအောင် လှည့်လို့ရတဲ့ သေနတ်ကလေး သွားယူပါဦးကွာ။ ကစားရအောင်ပါ"

ပါရီ၌ နေကြသော နှစ်နှစ်လောက်မှာ မြနန္ဒာသည် အရူးပမာ ဖြစ်နေ၏။ သူ့ ဘဝရေပြင်၌ ဂယက်များ ဆူပွက်လှုပ်ရှားကာ နားရသည်သို့ မရှိ။ ကြည်လင်သည်လို့ မရှိ။ ချစ်စဖွယ် သားငယ်ကလေး၏ အရိပ်ပင် ကြာရှည် ထင်လာနိုင်ခြင်း မရှိ။ ကိုကို့ကို အိပ်ရာထဲ၌ မေ့လျော့၍ မျက်နှာချင်းဟပ်နေရာက ဖြုန်းခနဲ ထထိုင်ကာ ဖျန်းခနဲ ပါးရိုက်မိ၏။ ကိုကိုက သူ့ကို တွန်းထိုးလိုက်သည်ကို နာကျင်ရမှန်း မသိဘဲ ရယ်မောသည့်အခါ ရယ်မော၍ ငိုယိုသည့်အခါ ငိုယိုနေလိုက်၏။ နှစ်ယောက်သား အလွန်

တိတ်ဆိတ်ငြိမ်သက်သော ရန်ဖြစ်သည့်အမှု ပြုဆဲမှာလည်း မြနန္ဒာသည် စိတ်မချုပ်တည်းနိုင်ဘဲ ကိုကိုနှင့် အဝေးနိုင်ဆုံး အခန်းထောင့်၌ နေရာမှ ထလာကာ လင်သည်၏ မာကြမ်း၍ ကွေ့လိမ်သော၊ ဆံပင်ထူထဲ နက်မှောင်သော ခေါင်းကို ရင်ခွင်ထဲ ဆွဲယူသွင်းကာ စတင် ချော့မော့မိပြန်၏။

"နန္ဒာ ရှုးသွားရင် သည်တိုင်းတော့ ကြည့်မနေနဲ့နော်။ နန္ဒာ ရှက်တယ်။ မောဖီးယား အများကြီး ထိုးပြီး အိပ်ခိုင်းလိုက်ပါ" ဟု ရယ်ဟဟနှင့် အတည် တောင်းပန် ပြန်၏။ "ခု မရူးခင်ကော မလုပ်ပေးနိုင်ဘူးလား"

ကိုကိုက ယခုတလော နန္ဒာ အမြဲသောက်နေရသော အိပ်ဆေးများကို အရေအတွက် အနည်းငယ်မျှသာ အိမ်မှာ ထားတော့သည်။ သူ နန္ဒာ့ကိုတော့ နမြောသားပဲ။ နန္ဒာ့ကိုလည်း သူ ချစ်တာပဲ။ သနားတာပဲ။ နန္ဒာနဲ့သာ သူ့ဘဝပြည့်စုံနိုင်အောင် ကြိုးစားဟန်လည်း ရှိပါတယ်။ သူ့စိတ်သူ မနိုင်သူ၊ သူလည်း ဒုက္ခပဲ။ တစ်ကိုယ်ကောင်းစိတ်က အမြစ်တွယ်နေပြီး ဂီတသံ ကြားရင် နန္ဒာက ထမင်းမစားဘဲ နေနိုင်သလို မိန်းမမြင်ရင် သူ အသက်ရှုဖို့ မေ့နေဟန်တူပါရဲ့။ ဟား... ဟား။ ကိုယ်ချင်းစာရမည်။ ထို့နောက် ဒိုင်ယာရီ၌ များများ မရေး၊ "မုန်တိုင်းထန်သောနေ့များ" လို့သာ စာတစ်မျက်နှာလုံး စောင်းစောင်း ဖြတ်၍ စာလုံးကြီးကြီးနှင့် ရေးလိုက်တတ်၏။

ကိုကိုသည် ကလေးသူငယ် ခွဲစိတ်ကုသမှု ပညာအတွက် ဂျာမန်သို့ နှစ်နှစ် သွားချင်ပြန်၏။ ပါပါတို့က သဘောတူမြဲ။ ငွေပို့မြဲ။ ဂျာမနီ၌ရောက်လျှင် နေနည်းတစ်မျိုး ပြောင်းနေကြည့်၏။ ပွဲဂင် သုံးချောင်းထောက် ဂရင်းပီယာနိုကြီး တစ်လုံး ဝယ်လိုက်၏။ သီချင်းကြီးများ တက်၏။

ရေးသီချင်း ဓာတ်ပြားများစွာ ဝယ်၏။ သားကိုလည်း သင်ရ၏။ သားလေး ကျောင်းပို့ရ၏။ သားကလေး တက်ခဲ့သော ပြင်သစ်စကား မေ့မသွားစေရန် သားနှင့် ပြင်သစ်စကား ပြောနေရပြီး ကလေးက ပြင်သစ်ရော၊ ဂျာမန်ရော၊ အင်္ဂလိပ်ရော ရောနှောပြောသည်ကို ရယ်မောရ၏။ ကိုကိုကလည်း ပါချင်သည်။ သူလည်း အဖေဖြစ်သည်။ သူလည်း သားကို ပိုင်ဆိုင်ချင်သည်။ မြနန္ဒာသည် အဖေ့ကို ဆန့်ကျင်လိုစိတ် သားကို မသင်ပေးမိရန် ကြိုးစားနေရ၏။ သားရှေ့၌ လင်မယား ရန်မဖြစ်အောင် နေရ၏။ သားရှေ့ လူသူရှေ့မှာ ဟန်ဆောင်ကောင်းစွာ တတ်လာ၏။ သို့သော် ကိုကို မိန်းမလိုက်စားခြင်းကို ဖုံးကွယ်လို့ ရသည် မဟုတ်။ ရောက်လေရာ ပတ်ဝန်းကျင်က မကြာခင်ပင် သိကြလေ၏။

ရိုးသွားတယ် ခေါ်ရမလား။ မြနန္ဒာ၏ ထိခိုက်ကျိုးပဲ့ခဲ့သော မာနသည်ပင် အသစ်တစ်ဖုံဆင်၍ ထလာသည်လား မသိ။ မြနန္ဒာသည် အနည်းငယ် ငြိမ်းအေးလာ၏။ မုန်တိုင်းစဲလေပြီ။ မနက်မိုးလင်းလျှင် ကိုကို စားသောက်ဖို့ မှန်မှန် ချက်ပြုတ်လာ၏။ ကိုကို ဆေးရုံသွားသည်ကို အပေါက်စအထိ လိုက်ပို့၏။ သား ကျောင်းသွားချိန်မှာ ကျောင်းအထိ လိုက်ပို့ ပြန်၏။ ပြီးတော့ တစ်ယောက်တည်း ကျန်လျှင် ပီယာနို တီး၍ နေ၏။ တစ်ရေးနိုးလည်း ထတီးချင် တီးသည်ဖြစ်၍

အိမ်နီးချင်းများက မကန့်ကွက်သာအောင်၊ အခန်းကို အသံလုံအောင် ပြုပြင်ရ၏။ ထူးဆန်းစွာ မြန်မာရေးသီချင်းကြီးများကို သင်္ကေတနှင့် ရေးသည့် သီချင်းစာကို တွေ့ကြုံ တီးခတ်ကြည့်ရ၏။ မြန်မာပြည်က ပြန်ရောက်မှ မြန်မာ သီချင်းကြီးများကို တီးဦးမည်။ လင်းကို ဖျတ်ခနဲ သတိရတတ်၏။ လင်းက စောင်း၊ ပတ္တလား တီးတတ်တယ်။ တစ်ခါပြောဖူးတယ်။ ပတ္တလားတီး သင်ပေးမယ်တဲ့။

အဲဒီတုန်းက သင်လိုက်ရင် ဘယ်လို ဖြစ်မလဲနော်။ ကိုကိုနှင့် အိမ်ထောင် ပြုရသည်မှာ ခုနစ်နှစ်ကျော် ရှစ်နှစ် ရှိလာခဲ့ပြီ။ ကိုကို တစ်ခါမှ ပီယာနိုပင် မခေါက်ကြည့်ဖူးသည်ကို သတိရ၏။ သူ သီချင်းတော့ လေချွန်တတ်သားပဲ ဆိုသည့်အခါ တစ်ပိုင်းတစ်စ ဆိုတတ်သားပဲ။ ကလည်း  ကခဲ့ကြတယ်။ ဒါပေမယ့် သူ့နှလုံးသားမှာ ဂီတကို ဂါသနာပါတာတော့ မပါဘူး။ ဖေဖေ့လို ဆရာဂုန် လုပ်မလားမေးတော့ ရွံ့တယ်တဲ့။ အနုပညာသမားပေါ့။ မြနန္ဒာ သားလေးပေါ့။ ဟုတ်သည်။ သိပြီ။ စိတ်ကို သိမ်မွေ့ယဉ်ကျေးစေရုံမက အထီးတည်းနိုင်စေသော၊ သူတကာနှင့် မရောနိုင်စေသော၊ တစ်ယောက်တည်း ဖယ်ခွာထွက်လာစေသော၊ ထိုအရာသည် သားကိုလည်း မအေလိုပင် ဝေဒနာ ခံစားရာ၌ ပြင်းပြစေဦးမည်။ အကောင်းကိုချည်း၊ အလှကိုချည်း၊ မျှော်မှန်းစေဦးမည်။ ခွင့်လွှတ်ခက်ခဲသော သဘောထားစေမည်။ စိတ်ကူးယဉ်တတ်စေဦးမည်။ ဟုတ်သည်။ သိပြီ။ ကိုကို့အပြစ် မဟုတ်။ မြနန္ဒာ၏ အမှား။ သို့သော် မြနန္ဒာ မပြုလုပ်ခဲ့ရသော အမှားသာ ရှိ၍ ထိုအမှားမှာ ကိုယ့်ကိုယ်ကိုယ် အချိန်မလွန်ခင်က ဘယ်သူမှန်း မသိခဲ့။ ဘဂ္ဂ ဘာလိုချင်မှန်း မသိခဲ့ခြင်းသာ ဖြစ်လေသည်။

ရာသီပွဲများ ကြုံလာလျှင် ကိုကိုနှင့် သားနှင့် လျှောက်လည်ကြ၏။ (ကားငှားပြီး ဥရောပ တောင်ပိုင်း တစ်ပိုင်းလုံး လည်ပတ်လိုက်သေး၏။) ကျော်ကြားသော အောက်တိုဘာ မြူးနစ်ပွဲတော်၌ ရောနှော ဝင်ရောက်ကာ စားသောက်မူးရူး ကြည့်သေး၏။

အထီးတည်းနိုင်သည့်စိတ်နှင့် မျက်နှာများစွာ၌ ကိုယ်နှင့်တူသော အဖော်ကို ရှာကြည့်သေး၏။ တွေ့သည့်အခါလည်း တွေ့၏။ သို့သော် အဖော် မလိုချင်ပြန်ပြီလို့ ထင်လာသည်။ ဘာသာ ကိုယ်တည်းနေတတ်လာပြီ။ လူ့ဘဂ္ဂ အဖန်ဖန်သေ၍ နေ့စဉ် ပြန်လည်မွေးဖွားခဲ့ရာ ညည်းညူးစရာ၊ မကျေနပ်စရာ ရယ်လို့ ရှိသေးသည် မထင်တော့။ ဘာမျှ ပြောပလောက်သည် မထင်တော့။ ပွဲတော် လူလယ်ကောင်၌ တိုးကြိတ်နေကြရင်း ကိုကို၏ တပ်မက်သော လူ့ဘဂ္ဂ လောဘကြီးသော မျက်လုံးများသည် မိန်းမ ကြီး ငယ်တို့၌ ဂဲပုံလျှင် နန္ဒာသည် ဂမ်းနည်းလျက်က အပြုံးမပျက်ပင် တွဲထားသော ကိုကို့လက်ကို လွှတ်လိုက်သည်။ ကိုကိုက "နန္ဒာ နန္ဒာ"  လို့ ခပ်အုပ်အုပ် ခေါ်ရင်း လူချင်းကွဲသွားမည်။ ပြီးတော့ မြနန္ဒာသည် ကလေးကို မထိခိုင်အောင် ကာကွယ်၍ လူအုပ်ပါးရာ ခေါ်လာပြီး ခဏ အမောဖြေမည်။ သစ်ပင်၊ ရေပန်း၊ ပန်းပွင့်နှင့် မီးရောင်စုံများကို ပြမည်။ ပူဖောင်းရောင်စုံ ဝယ်ပေးမည်။ ပြီးတော့ ခပ်သုတ်သုတ် အိမ်ပြန်ကြမည်။ ကိုကို နောက်တစ်နေ့မှ ပြန်လာသလား၊ ပြန်ပဲ လာသေးသလား ဆိုတာကို မစုံစမ်းတော့ချေ။

"ကိုကိုရယ်၊ သည်မှာပဲ တစ်သက်လုံး နေချင်ပါပြီ။ သည်မှာ မြန္နန္ဒာရဲ့ အိမ်ကို တွေ့ခဲ့ပြီ" ဟု သူ ညည်းတတ်၏။

ကဖ်ကာကို ဖတ်၏။ ဘရက်ရှ်ကို ဖတ်၏။ ဘိုးလ်ကို ဖတ်၏။ ရီလကီရဲ့ ကဗျာများကို ပီယာနိုနှင့် အသံသွင်းကြည့်၏။ ခို့အက်ခလာကို နစ်သက်၏။ ဂျာမန် မိတ်ဆွေများကိုလည်း ခင်မင်လှ၏။ သည်မှာမှ စ၍ သူ ဘယ်လို နေထိုင်မည်လို့ သိမြင်လာသည်။

သို့သော် မြန်မာပြည်သို့ ပြန်ချိန်တန်လေပြီ။ ကိုကို ဘွဲ့တစ်ခု ရပြန်ပြီ။ ပါပါ၊ မာမာတို့က ပြန်လာစေချင်ပြီ။ ကိုကိုကလည်း ပြန်ပြီး ထိပ်သီးဆရာဝန်ကြီးအဖြစ် ခံယူရဦးမည်။ သို့သော် ယခုတလော ကိုကိုနှင့် "ချစ်" နေကြသည့် သူနာပြု ဆရာမကလေး အန်းနာ၏ ပြဿနာကို ဘယ်လို ဖြေရှင်းရမည်လဲတဲ့။ အန်းနာသည် ကလေး ရှိလေပြီ။ သားသမီး ချစ်တတ်သော ကိုကိုသည် မပြန်ခင် ကလေး မျက်နှာကိုတော့ ကြည့်ချင်သေးသည်။ ကျန်ရစ်မည့် အန်းနာသည် ကလေးကို တစ်ယောက်တည်း မွေးရဦးမည်ဆိုလျှင် ရက်စက်ရာ ကျလွန်းသည်။

ကိုကိုက ဘာမျှမပြောသော်လည်း မြန္နန္ဒာသည် ကိုကို့ဆေးရုံ၌ အသိမိတ်ဆွေများ ရှိသည်မို့ သတင်း စုံစေ့စွာ ရလေသည်။

ပထမဆုံး ပေါ်လာသော အတွေးမှာ သားကလေးကို နန္ဒာ တစ်ယောက်တည်း ခဲခဲယဉ်းယဉ်း မွေးရပုံဖြစ်၏။ သို့သော် စိတ်ကို ချုပ်တည်းလိုက်၏ အတိတ်နှင့် အနာဂတ်အတွက် မြန္နန္ဒာ အဆင်းရဲ မခံတော့။ မြန္နန္ဒာအဖို့ အရေးကြီးသည်မှာ လောလောဆယ် အသက်ရှူနေသော၊ မျက်တောင်ခတ်နေသော၊ အသက်ရှင်နေရေး ကိစ္စမျှ ဖြစ်သည်။

"ကိုကို ငွေ လိုသလား" ဟု မေးလိုက်၏။

ကိုကိုက အဖြေရခက်သလို မျက်နှာလည်း ပျက်ပျက်နှင့် ဘာမျှမဖြေ။

"ပါပါ့ဆီကတော့ နောက်အပတ်လာမှာပဲ။ ဘဏ်မှာလည်း ချေးနေရတော့ ထပ်ချေးလို့ မကောင်းဘူး ထင်တယ်။ နန္ဒာ့ လက်ထဲမှာတော့ သိပ်မရှိဘူး။ ဒါလေး ရောင်းပစ်လိုက်ပါလား"

မြန္နန္ဒာက ဘာမျှ မရည်ရွယ်ဘဲ လက်စွပ်ကို ချွတ်ပေးလိုက်မိ၏။ ထိုလက်စွပ်မှာ သူနှင့် ကိုကိုတို့ လက်ထပ်ခြင်း အထိမ်းအမှတ် ပလက်တီနမ် ကွင်းသော မျက်ရည်ပေါက်ပုံ စိန်ကွင်း မြလက်စွပ် ဖြစ်သည်။ ထိုလက်စွပ်ကို ကိုကို အမေရိကမှ ဂယ်လာသည်။ မြန္နန္ဒာနှင့် တစ်ခါမျှ မတော်ချေ။ မြန္နန္ဒာလက်ချောင်းကိုက အရွယ်ပြောင်းတတ်လား မသိ။ ပီယာနိုတီးလျှင် ကျပ်နေတတ်၍ ချွတ်ထားရ၏။ အိပ်ရာထလျှင် ချောင်ပြီးလျှောကျကာ အိပ်ရာထဲ၌ လိုက်လံ ရှာဖွေရတတ်သည်။ ကိုကိုက သူ့ကို ရွဲ့စောင်းသည်လို့ ထင်သည်။

ရွှေ့စောင်းသည် မဟုတ်ပါ။ မြက အရည်အသွေးလည်း ကောင်း၊ ဘဲဥပုံမျောမျောနှင့် အကွက်လည်း ညီပေမည့် ဘေးက စိန်များက ခပ်ပြူးပြူး မျက်ရည်ပေါက်သဏ္ဍာန် အပြင်သို့ ချွန်နေကြပြီး ကပ်လျက် လက်ချောင်းများကို ခဏ ခဏ စူးမိသည်။ ကိုကို့ကို စိတ်ဆိုးတိုင်း လက်စွပ်ကို မျက်မှောင်ကြုတ်မိတာလည်း အမှန်။ တစ်ခါက လန်ဒန် သိမ်းမြစ် နဖူးပေါ်မှာ ရပ်ပြီး ရေထဲ လွှင့်ပစ်ဖို့တောင် သူ ကြံစည်ခဲ့သေးသည်။ တကယ်တော့ မစုံမက်တော့သည့် လက်ဂတ်လက်စား တစ်ခုအနေနှင့် သူ ကိုကို့ကို ရောင်းချပစ်ဖို့ ပေးမိခြင်း ဖြစ်သည်။

ကိုကိုက လက်စွပ်ကို မယူ၊ "ပြန်ဂတ်ထားပါ" ဟုသာ ပြတ်ပြတ်ပြောပြီး သူငယ်ချင်း မိတ်ဆွေဆီက ငွေချေးသည် ထင်ပါရဲ့။ နောက်အပတ်မှာပဲ ဘဏ်တိုက်၌ ပါပါပို့သော ငွေများပြည့်လာပြီး ထိုငွေ ပြဿနာ(လက်စွပ် ပြဿနာ) ရှင်းသွားသည်။

ကိုကို့ အချစ်ဆုံး သူငယ်ချင်း ပွေဖော်ပွေဖက် ဂျူး ဆရာဝန်ကလေးကိုတော့ မြနန္ဒာက ရယ်စရာ ပြောမိသေး၏။

"ကိုကိုက အဲ့ဒါ ရှင်တို့ကို လက်စားချေတာသိလား။ ကျွန်မတို့ တိုင်းပြည်မှာ ရာဇဝင်ကြွေး ဆပ်တယ်ခေါ်တယ်။ ကျွန်မကို ကြည့်စမ်း။ မြနန္ဒာ အစစ် မဟုတ်ဘူး။ ဂျာမန်သွေး ပါတယ်။ ကျွန်မတို့ ဘိုးဘေးတစ်ယောက်ဟာ ဂျာမန် အစစ်တဲ့။ အိမ်မှာ ဓာတ်ပုံကြီး ရှိတယ်။ သေးသေးကလေးကို ပုံကြီး ချဲ့ထားလို့ သိပ်တော့ မပီသလှဘူး။ ကိုင်ဇာ နှုတ်ခမ်းမွေးဆိုလား" ကိုကိုနှင့် မိန်းမပွေဘက် ဂျူးဆရာက သဘောကျကာ " တစ်ကမ္ဘာလုံး ဆွေမျိုးချည်းပါပဲ" ဟု ပြောသေး၏။

မြန်မာပြည်သို့ မနက်ပြန်တော့မည် ပြင်လျှင် ညပိုင်းမှာ မြနန္ဒာ တစ်မျိုး နှုတ်ဆက်ချင်သည်။ မိတ်ဆွေ အားလုံးတို့ နှုတ်ဆက်ပြီးပြီ။ နှင်းဆီပန်းများ သွားဂယ်ရင်း ပန်းရောင်းသော ကလေးမကိုပါ နှုတ်ဆက် လိုက်သေး၏။ ဂျာမန် ထုံးစံအတိုင်း နောက် ပြန်တွေ့သည့် တိုင်အောင်လို့ နှုတ်ဆက်ပြီး "နှင်းဆီ အပြာပွင့်တွေ ပေါ်တဲ့ နှစ်မှာ ကျွန်မ ပြန်လာမယ်" ဟု ရယ်စရာ ပြောခဲ့သေး၏။ (အန်းနာကိုပင် ဆေးရုံမှာ သွားကြည့်ခဲ့သည်။ အန်းနာကို သူတကကာ မသိအောင် နာမည်လိမ်နှင့် သီးသန့် ဆေးရုံတစ်ခုမှာ တင်ထားရသည်။ အန်းနာ ဆိုသည်မှာ အသက်နှစ်ဆယ်ပင် ပြည့်တတ်သေးပုံ မရ။ ရိုးအပုံလည်း ရ၏။ လှလည်း မလှ။ မျက်လုံး အပြာရောင်နှင့် ရွှေရောင်ဆံပင်နှင့် ချစ်စရာတော့ ကောင်းသားဆိုရမည်။ အန်းနာ၏ ကလေးကိုတော့ မြနန္ဒာ ကြည့်နိုင်စိတ် မရှိ။ အန်းနာကို ရန်လိုစိတ် မရှိ။ တစ်လေ့တည်း စီးလို့ပင် သဘောထားကာ သနားကြင်နာ လိုက်သေး၏။)

ကိုကိုနှင့် နှစ်ယောက်တည်း သားလေးတောင် မပါဘဲ ပွဲသွားကြမည်။ လက်မှတ် နှစ်စောင် ဂယ်ပြီးပြီ။ ပြီးတော့ အဆင်သင့်ရှိလျှင် ဟိုတုန်းကလို ကပွဲရုံ တစ်ခုမှာ သွားကကြမည်။

ကိုကိုက အန်းနာ ရှိရာ ဆေးရုံမှ လာခဲ့မည်။ မြနန္ဒာက ညနေစာ စားဖို့ ၇ နာရီတိတိမှာ ဇာတ်ရုံနှင့် တွဲထားသော စားသောက်ခန်းကစောင့်မည်။ ကိုကိုသည် ၇ နာရီ ထိုးလည်း မလာ။ ၇ နာရီခွဲလို့လည်း

မလာ။ မြနန္ဒာသည် မှာထားသော အစားအစာများကို ဟန်လုပ်၍ စား၏။ မကြာခဏ နင်သည်ကို ဆိုဒါမျှောချရ၏။ တစ်ယောက်တည်း ညစာ စားနေသော အဖော်စောင့်ဟန်၊ အဖော်မလာဟန် သိသာလှသော မြနန္ဒာ ဖြစ်ပုံကို မျက်စောင်းထိုး စားပွဲမှ ယောကျ်ား တစ်ယောက်က စောင့်ကြည့်နေသည်ကို တွေ့ရ၏။ ဂျာမန်ပဲ ထင်ပါရဲ့။ အသားအရေ ပြေပြစ်ပြီး ဆံပင်နက်တယ်။ မိန်းမ နည်းနည်းဆန်တယ်။ လည်ပင်းမှာ တပ်တဲ့ နက်တိုင်ကလည်း အရောင်လွင်လွင်ပဲ။ ပြင်သစ်များလား။ မြနန္ဒာ သူ့ကို နောက် တစ်ခါ ကြည့်မိရင်တော့ သူ ထလာတော့မှာပဲ။ မိတ်ဖွဲ့တော့မှာပဲ။ ပျက်စီးဖို့ ဘယ်လောက် လွယ်ပါလိမ့်။ မြနန္ဒာက စိတ်နည်းနည်း လျှော့လိုက်ရင် တစ်ခါ ထပ်ကြည့်ရုံမက ပြုံးလို့တောင် ပြလိုက်နိုင်သည်။ ပြီးတော့ လက်မှတ် နှစ်စောင်နှင့် ပွဲအတူ ကြည့်လိုက်မည်။ ပြီးတော့ သူက ကော်ဖီသောက်ဖို့ ဖြစ်စေ ဖိတ်ကြားလိမ့်မည်။ ပြီးတော့...

မြနန္ဒာသည် မျက်တောင်များကို လျင်မြန်စွာ ခတ်လိုက်ရာ မျက်ရည်များ မျက်တောင်၌ ခိုကပ်ကုန်သဖြင့် စီးမကျတော့။ ပိုက်ဆံအိတ်ကို နှိုက်ပြီး နောက် ပွဲလက်မှတ်နှစ်စောင်ကို ပိုက်ဆံအိတ်ထဲမှာပင် ဆုတ်ချေပစ်လိုက်၏။ စားသောက် စာရင်း ရှင်းရန် ငွေစက္ကူ ထုတ်ပေးလိုက်ပြီး ပြန်မအမ်းခင် ခပ်သုတ်သုတ် ထလာခဲ့သည်။ လိုက်ခေါ်၍ ငွေအမ်းမည်ကို ကြောက်သဖြင့် သူခိုးပမာ ပြေးထွက်ခဲ့သည်။ ပြီးတော့ လမ်းမကြီးအတိုင်း ဘယ်လောက်ကြာကြာ လျှောက်နေမိပါလိမ့်။ ငါ ဘာလုပ်ရမလဲ။ ငါ ဘာလုပ်ရမလဲ။ ငါ ဘာမှလဲ မလုပ်တတ်ပါလား။ ဘယ်သူမှလည်း ငါ့ဘက်မှာ မရှိပါကလား။ အားငယ်လှသည့် အဆုံး၌ ကောလိပ်ရောက်မည့် နှစ်က နန္ဒာ့ကို စွဲမက်လှသည့် အိမ်ခြံကပ်လျက်က လူပျိုပေါက်စ ကလေးကို သွားသတိရ၏။ မြနန္ဒာ ကားနောက်က စက်ဘီးနှင့် တကောက်ကောက် လိုက်တတ်၏။ နားရွက်ကားကား၊ မျက်လုံး ပြူးပြူးကလေးဆိုတာပဲ မှတ်မိသည်။ အဲ့သည် ကောင်လေးပဲဖြစ်ဖြစ် ခုနေ တွေ့ရရင် ရင်ခွင်ထဲ မျက်နှာအပ်ပြီး အားရအောင် ငိုမိမည်။ အဲသည် ရုပ်ရည်တောင် ကောင်းကောင်း မမှတ်မိတော့ပြီ ဖြစ်သောလည်း မြနန္ဒာကိုတော့ ချစ်ခင်ကြင်နာမယ်လို့ ထင်ရသူကလေးကိုပဲ အားကိုးချင်လှပြီ။ မြနန္ဒာ၌ သတ္တိကုန်ပြီ ထင်သည်။ တစ်ယောက်တည်း အင်အားနှင့် ဆက်နေလို့ မရတော့ဘူး ထင်သည်။

မြနန္ဒာသည် လမ်းမကြီးအတိုင်း လျှောက်နေရာက ဘယ်လို တွေ့ပြီး ခေါက်တုံ့ခဲ့သည် မသိ။ ဇာတ်ရုံ လှေကားထစ်များသို့ ပြန်ရောက်မှ သတိရလာသည်။ ဇာတ်ရုံတွင်း၌ တီးမှုတ်နေပြီ။ သူ ဝင်ခွင့်ရတော့မည် မဟုတ်။ ဝင်လိုစိတ်လည်း မရှိ။ လေပြင်းတိုက်လာပြီး အပေါ်ရုံ သားမွေးကုတ်အင်္ကျီ ပွင့်ထွက်လွင့်ပါးသည်ကို မနည်း ပြန်ပြီး ကြယ်သီးတပ်ရ၏။ ခေါင်းစည်းကျပ်ကျပ် ပြန်စည်းရပြန်၏။ အလှဆုံး ရွေးချယ်ကိုင်လာသော ငွေရောင်ဖိနပ်နှင့် ဆင်တူ ငွေရောင် ပိုက်ဆံအိတ်ကလေးကို အဓိပ္ပာယ်မရှိ သေသေချာချာ ကြည့်နေမိပြန်၏။

ထိုခဏ၌ ၁၂ နှစ်ရွယ် ရှိမှာပေါ့။ ကလေးတစ်ယောက်က အင်္ဂလိပ်စကား မတတ်တတတ်နှင့် ပိုက်ဆံ လာတောင်းသည်။ ပထမ အဓိပ္ပာယ် မပေါက်။ အိမ်မပြန်တတ်တာတော့ မဟုတ်ပါ။ ပိုက်ဆံ

လိုချင်တာတော့ မုန့်ပါလိမ့်မည်။ "သားရယ် ဘာမှ လိမ်ပြီး မပြောပါနဲ့ကွယ်" ဟု မြနန္ဒာက စတင်လိုက်၏။ "မင်းကို မုန့်ဖိုး ပေးမှာပေါ့။ အိမ်မြန်မြန်တော့ ပြန်ပေါ့နော်" ဟု ဘယ်လောက်မှန်း မသိ ပိုက်ဆံ အိတ်ထဲက ပါလာသော ငွေစက္ကူ သုံးလေးရွက်ကို ပေးလိုက်၏။ " ဒါပေမယ့် မုန့်ဖိုးပေးလိုက်တဲ့ မိန်းမ တစ်ယောက် ကံကောင်းပါစေလို့ ဆုတောင်းပေးပါနော်" ဟု ပြောလိုက်၏။ ကလေးက ခပ်အမ်းအမ်းနှင့် ကံကောင်းပါစေဟု ချက်ချင်း ဆုတောင်း၏။ ပြီးတော့ မိမိကစ၍ ထိုသူငယ်ကလေးအဆုံး တစ်လောကလုံး၌ ရှိသမျှ အားလုံးဟာ အထီးတည်းပဲ။ အကူအညီ မဲ့ကြတယ်။ မိုက်မဲတွေဝေကြတယ်။ လူလာဖြစ်ကြတာ မှားတယ်ဟု တွေး၏။ ပြီးတော့ ကံကောင်းပါစေဟု အားလုံးကို ရည်ရွယ်၍ အရှုးပမာ နှုတ်မှ ရေရွတ်ပြီး လျှောက်လာပြန်၏။ အိမ်ရောက်လို့ ရောက်မှန်း မသိ။ သားကလေးကို စောင့်သူကို ဘာပြောလိုက်၍ ဘယ်လောက် ပေးလိုက်မှန်းလည်း မသိ။ သားကလေး အိပ်ရာဘေး၌ ဒူးထောက်၍ ကလေးလက်ကို နမ်း၍ ကလေးလက်ဖဝါး၌ မျက်ရည်ပြည့်အောင် ဘယ်လောက်ကြာအောင် ငိုမိသည် မသိ။ ကိုကို ပြန်လာမှ သတိရ၏။

ပြီးတော့ သူတို့ ရန်ဖြစ်ကြ၏။ အဲသည်ညမှာပဲ ကိုကို သူ့ကို ရိုက်နက်ထိုးကြိတ်သည်။ အရက်မူးသမား မယားလိုပဲ လင်ရိုက်တာ ခံရတာ။ ငါးစိမ်းသည်မလိုပဲ လင်ရိုက်တာ။ ကိုကိုက ပြော၏။ မင်းနဲ့ ငါနဲ့ ပြော၏။ "မင်းဟာ ဘဂတစ်ခုတည်းအကြောင်းပဲ စဉ်းစားတယ်။ ငါ့ဘဂကို စိတ်ဝင်စားတာ မဟုတ်ဘူး။ ငါ့ဘဂကို သာယာကွက်ကလေး တစ်ကွက်တောင် မပေးဘူး။ ငါ အမြဲ အပျော်ရှာ နေတယ်လို့သာ မင်း ထင်တယ်။ ငါ ဘယ်အချိန်မှာ စိတ်ညစ်နေတယ်။ ဒုက္ခရောက်နေတယ်ဆိုတာ မသိဘူး။ ခွဲစိတ်ခန်းထဲက သွေးသံရဲရဲနဲ့၊ ချွေးတလုံးလုံးနဲ့ ထွက်လာတာလည်း မင်းမမြင်ဖူးဘူး။ မရည်ရွယ်ပေမယ့်လည်း ငါ့ အပြစ်ကြောင့် ဖြစ်စေ၊ ငါ့ အပြစ်လုံးဝမပါဘဲ ဖြစ်စေ ခွဲစိတ်ခန်းမှာ ငါ လူသတ်မိတဲ့အခါမျိုးကို၊ မဖြစ်သင့်တာ ဖြစ်မိတဲ့အခါမျိုး မင်းသိတောင် မသိလိုက်ဘူး။ ငါ ဆောက်တည်ရာ မရလို့ ခြေဦးတည့်ရာ လျှောက်နေတဲ့ အခါမှာ ငါ အလေလိုက်နေတယ်လို့သာ မင်း ထင်တယ်။ ဘာဖြစ်လို့လဲလို့ တစ်ခွန်း မေးဖူးလား"

မြနန္ဒာသည် အံ့အားသင့်မိ၏ ဟုတ်သည်။ ကိုကိုနှင့် ရုစ်နှစ်မျှ ပေါင်းလာသည့် အချိန်အတွင်း ကိုကိုရဲ့ ဆရာဝန် အဖြစ်ကို သူ သတိမရခဲ့။ သူနဲ့ မတူသော၊ ပတ်စပ်နိုင်သော လင်ကို ယူခဲ့သည်လို့ သတိမရခဲ့။ ခွဲစိတ်ခန်းဆိုတာ ချောင်းမြောင်းလို့ပင် မကြည့်ခဲ့။ သွေးမြင်လျှင် မူးချင်သည်။ ဆေးရုံ၏ အနံ့ကို ရှူရလျှင် မူးချင်သည်။ ဆေးရုံထဲက လေကို ရှူရမှာ ရွံသည်။ ဆေးရုံ၏ အနံ့ကို ဖြူဖွေးစင်ကြယ် တောင့်တင်းခြင်းကို မခံမရပ်နိုင်။ အိမ်မှာလည်း ရေခဲသေတ္တာထဲ ကိုကို ထိုးဆေးများ လာထည့်လျှင် ရွံရှာ၍ ရန်ထောင်မြဲ။

"ကိုကို ဘာဖြစ်လို့ မပြောသလဲ" ဟုသာ မေးလိုက်၏။ ကိုကို့ကိုသာ အမြဲ အပြစ်တင်ခဲ့တာတော့ မြနန္ဒာရဲ့ အမှားပဲ ထင်ပါရဲ့။ ကိုကိုကလည်း ဆေးပညာအကြောင်း တစ်ခါမျှ မပြော။

စာအုပ်ယူခိုင်းလျှင်တောင် "အစိမ်းရောင် စာအုပ် လက်တစ်ဝါးလောက် ထူတဲ့ဟာ မဟုတ်ဘူး။ လက်လေးလုံးလောက် ထူတဲ့ဟာ" လို့ ပြောပြတတ်၏။ စာအုပ်ပေါ်က ရှည်လျား၍ မရင်းနှီးသော စာတန်းများကို မြနန္ဒာ ကြိုးစား မဖတ်မိ။ စာအုပ်များ မတော်တဆ ပွင့်ဟနေလျှင် အမြင်မတော်ဘူးလို့ မြနန္ဒာ ထင်သည်။ မိန်းမ၊ ယောကျ်ား၊ ကလေးများ၏ ပုံကို မြင်ရတတ်၏။ သားကလေး လှန်ကြည့်မှာ စိုး၍ အမြဲသိမ်းဆည်းရ၏။ တစ်ခါက လည်ပင်း အကျိတ်ရောဂါကြောင့် မျက်လုံးကြီးပြူးထွက်နေသည့် မိန်းမ တစ်ယောက်၏ ပုံသည် မြနန္ဒာကို အိပ်ရာဝင်တိုင်း သီတင်းပတ်များစွာ ခြောက်လှန့်ခဲ့ဖူး၏။ သားကို မွေးဖွားရသော တိုက်ပွဲ၌ ကိုကို မရှိခဲ့ဘူးဟုဆိုလျှင် လူနာ့ အသက်များစွာကို လုယူရသော တိုက်ပွဲ၌ မြနန္ဒာမရှိဘူးဟု ကိုကိုကလည်း ပြောနိုင်မည်ပင်။ ကိုကိုနှင့် မြနန္ဒာသည် ကောင်းသော အဖော်များ မဟုတ်ကြ။

မြနန္ဒာသည် ကိုကို၏ ဘဝ၌ အလှထားရသော၊ အားမကိုးရသော၊ အသုံးမဝင်လှသော ပစ္စည်းမျှသာ ဖြစ်လိမ့်မည်။ သို့ပေမယ့် ကိုကိုရယ်၊ ဓလေ့ချင်း မတူတဲ့အတွက်၊ သဘောကွဲပြားတဲ့အတွက် ရိုက်နက်ဖို့တော့ မလိုပါ။ သည်လောက် ဗိုလ်ဆန်တဲ့၊ မြန်မာ လုံချည် မဝတ်ဖူးတဲ့၊ မြန်မာစကားတင် မက ရခိုင်လို ဘယ်တော့မှ မပြောတဲ့ ကိုကိုဟာ မယားတော့ ရိုက်တတ်သားပဲ။ ဘာအကြောင်းကြောင့်နဲ့မှ လူလူချင်း မရိုက်သင့်ပါဘူးဟု ခေါင်းမာစွာ တွေးပြန်၏။

ရန်ကုန်ကို ပြန်ရောက်၍ လေး ငါးရက်ကြာမှ ပျောက်ပြယ်သည့် မျက်လုံး၌ သွေးခြည်ဥသော ဒဏ်ရာကို မာမာတို့က မေးတိုင်း လိမ်ပြောရ၏။ သားကလေး ခေါင်းဖြင့် ဆောင့်မိတာပါလို့။ မာမာက အလိုက်မသိဘဲ ကိုကို့ကို မျက်စဉ်း ခတ်ခိုင်းသေး၏။ လင်မယားနှစ်ယောက်သည် ထိုအခါမျိုးမှာ ဘယ်လိုမှန်း မသိ။ အားနာပြီး တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်မိအောင် ရှောင်နေကြရသည်။

xxx

ရန်ကုန်ပြန်ရောက်သော် မြနန္ဒာနှင့် ကိုကိုသည် ထင်ပေါ်ကျော်ကြားသော လင်မယားဖြစ်၍ ငွေလင်ပန်း၌ ထပ်ပုံနေသော ဖိတ်စာများကို နေ့စဉ်ဖတ်ကာ သွားရမည့် ပွဲကို ရွေးချယ်ကြရပြန်သည်။ အိမ်ကြီးကို ရောင်း၍ အိမ်သစ်ဆောက်သည်၌ မြနန္ဒာ အလုပ်များရပြန်သည်။ ပန်းခြံနှင့် အိမ်ကို စိတ်တိုင်းကျ ပြုပြင်ရ၏။ ခန်းဆီး၊ ကော်ဇောကအစ မြနန္ဒာ စိတ်ကြိုက်ချည်းပြင်၏။ ပန်းအိုး၊ ပန်းကန်၊ ဇွန်း၊ ခက်ရင်းက အစ စားပွဲခင်း၊ လက်သုတ်ပဝါကအစ မြနန္ဒာပါရသည်။ ဘဝတစ်ခု အသစ်ဆောက်သလို သူ့အိမ်ကို စိတ်တိုင်းကျ ဆောက်သည်။ မာမာ၊ ပါပါတို့က ချမ်းသာသမျှ မှောက်သွန်၍ ပေးခဲ့သည့် ဇာတ်လမ်း ဆုံးခန်းတိုင်လေပြီ။

မာမာ၌ လက်ဝတ်လက်စားသာ ကျန်တော့သည်။ အိမ်သစ် ဆောက်ရန် အိမ်ကြီးကို ရောင်းခဲ့သည်။ သူတို့ဘာသာ ခြံကျယ်သော်လည်း ပျဉ်ထောင်ဖြင့် ဆောက်သော အိမ်ကလေးတစ်ခု ဝယ်၍ နေကြ၏။

မာမာတို့၌ ရှိသမျှ ပစ္စည်းကို သမီးနှင့် တူသမက်အား ပုံ၍ ပေးကြသည်။ ကျေးဇူးတင်ဖွယ်ပါပဲ။ သို့ပေမယ့် သူတို့ ချစ်ပုံက တစ်မျိုးပဲ။ သူတို့ ပေးပုံက တစ်မျိုးပဲဟု တွေးမိ၏။ အေးလေ သူတို့လိုချင်ပုံက တစ်မျိုးဖြစ်လို့ ရှိမှာပေါ့ဟု စဉ်းစားမိ၏။ နန္ဒာ လိုချင်တာနဲ့မှ မတူဘဲ။ နန္ဒာ လိုချင်တာ ဘယ်သိတတ်ကြမလဲ။ ကိုကို၏ ဂင်ငွေ အလွန်ကောင်းလာ၏။ ကိုကို၌ ယောကျ်ာမ ငွေကို အားကိုးရခြင်းက လွတ်ကာ မာနပြည့်ဖြိုး၍ စိတ်ချမ်းသာတိုးဟန် တွေ့ရ၏။ မြန္နန္ဒာကို လစဉ် လိုသည်ထက် ပိုပြီး ပေးနိုင်လာ၏။ သားကို ပစ္စည်းနှင့် ငွေနှင့် ပို့ချင်ပြန်၏။ သို့သော် မြနန္ဒာ အလိုလိုက်ခြင်းကြောင့်ပဲ ထင်ပါရဲ့။ မြနန္ဒာ၏သားသည် ဘောင်းဘီတို ဂတ်ရမှာ ရှက်သည်။ ၇ နှစ် ရောက်ကတည်းက မြန်မာလုံချည် ဂတ်သည်။ တစ်ခါမျှ ဘောင်းဘီရှည် မဂတ်ဖူးတော့ချေ။ အတန်းထဲမှာ လူတိုင်း လုံချည်ဂတ်ကြသည်လို အကြောင်းပြသည်။ ပြီးတော့ သူ့အခန်းထဲမှာ ပန်းချီဆွဲနေသည်။ ဂတ္ထု၊ ကဗျာ ဖတ်နေသည်။ ပန်းချီကျောင်း တက်ချင်သည်။ ဆယ်တန်းအောင် အောင် မဖြေချင်တော့ဘူးလို့ ဆိုလာသည်။ ကျောင်းစာ မကျက်ချင်။ မြနန္ဒာကပင် ပြန်၍တင်းကျပ် လာရသည်။ ဂျာမန်နှင့် ပြင်သစ်စာကို မမေ့အောင် ကိုယ်တိုင် သင်ရသည်။ ပန်းချီဆရာ အောင်စိုးထံ ပို့ပေးမည်လို့ ဂန်ခံထားရသည်။ ကိုကိုက ဆရာဂန် ဖြစ်စေချင်တာ၊ ဖြစ်ပုံမရ၍ စိတ်ပျက်လေသည်။

အိမ်နှင့် သားကိစ္စဖြင့် အလုပ်များနေရကာ တော်တော်ကောင်းသားပဲဟု မြနန္ဒာတွေး၏။ ပိုပြီး မအားလပ်အောင် နှင်းဆီပင်များ စိုက်ပြန်၏။ သစ်ခွပင်များ စိုက်ပြန်၏။ အိမ်ရှေ့မြက်ခင်းကို ဂျပန်မြက်များဖြင့် ကော်ဇောလို ညီအောင် အကြိမ်ကြိမ် ညှိ၍စိုက်၏။ အလယ်က ဂျာမနီက ဂယ်လာသော ရေမြင်းရုပ်ကလေးဖြင့် ရေပန်း၊ ရေကန် သေးသေးသွယ်သွယ်ကလေး တည်၏။ ကျောက်ဥယျာဉ်ကို တစ်ထောင့်၌ ပြင်ဆင်ရသေး၏။ အိမ်ဘေး၌ သဘော်ပင်များ စီစိုက်ပြီး အိမ်နောက်၌ ဂက်မလွတ် အုန်းပင်၊ မိုးအုပ်သော နေဇာမြက်ခင်း ဖြစ်စေကာ သံပန်း ကြိမ်ခက် ပက်လက်ကုလားထိုင်များ၊ ခွာညိုပန်း ပေါင်းမိုးများဖြင့် ဒန်းဆင်သည်။ ရင်းနှီးသော မိတ်ဆွေများကို အုန်းလက်များအောက်မှာ ဆောင်းရာသီ၌ တရုတ်အိုးပူဖြင့် ဧည့်ခံနိုင်သည်။ ခရစ်စမတ်ကျလျှင်တော့ အိမ်ရှေ့မြက်ခင်း၌ အားးငယ်လှသော မီးပွင့်ပြာကလေးများဖြင့်သာ ထင်းရှူးပင်များ၌ ချိတ်ဆွဲထွန်းညှိ၍ ဖယောင်းတိုင်စိုက်သော စားပွဲများခင်း၍ ဧည့်ခံမည်။ နိုင်ငံခြားသား ဧည့်သည်များကိုတော့ သင်ဖြူးခန်းလုံးပြည့်ခင်းသော စောင်းကောက်၊ ပတ္တလား၊ ငွေယွန်းထည်တို့ဖြင့် အလှပြင်သည့် မြန်မာခန်း၌ ကြာဆံကြီးခေါက်ဆွဲဖြင့် ဧည့်ခံမည်။ (သားက ပတ္တလား တီးတတ်ပြီ၊ စောင်းကောက်ကတော့ အလှဂယ်ထားခြင်းသာ ဖြစ်သည်။)

ပီယာနို၊ ဓာတ်ပြားဖြင့် လူ့ဘဂ၌ အချိန်များစွာ ကုန်ဆုံးနိုင်၏။ ပြီးတော့ စီးကရက် တစ်လိပ်ပြီး တစ်လိပ် ဖွာနေနိုင်၏။ မြနန္ဒာ လက်ညှိုးနှင့် လက်ခလယ်မှာ ဂါညို၍နေသည်။ ရှန်ပိန် မလိုတော့ချေ။ သတိမလစ်တလစ်အနေမျိုး အလို မရှိတော့။ မလိုတော့။ သတိရှိရှိဖြင့် အပြုံးမပျက်ပင် မြင်လာသမျှကို ကြည့်တတ်ပြီ။ ခံယူတတ်ပြီ။ သားကို ကောလိပ်သို့ ပို့ရသည့် နှစ်မှာ သမီးလေး မွေးဖွားခဲ့၏။ လိုလိုချင်ချင်ပင် မွေးဖွားခဲ့၏။ အဲသည်တုန်းက သားကလေး ကြီးသွားသဖြင့် ဟာနေသော ရင်ခွင်၌

ကလေးတစ်ယောက်ထည့်ထားချင်၏။ မာမာ၊ ပါပါက သဘောမကျ။ သူတို့ဂါဒီက တစ်ဦးတည်းသော သားဆိုတာမျိုး ဖြစ်သေးသည်။ ဒါမှ စည်းစိမ်ချမ်းသာကို ဘယ်သူနှင့်မျှ ခွဲဝေစရာ မလိုဘဲ ရနိုင်မည်။ သားသမီး ဆိုတာကအစ သူတို့အဖို့ စီမံကိန်းတစ်ရပ် ဖြစ်သည်။

"တကယ်တော့ နန္ဒာလေ ဒါဇင်ဂက်လောက် လိုချင်တာ။ ခု အသက်ကြီး သွားလို့၊ မမွေးပုံတော့လို့။ ခုသွေးတိုးလည်း နည်းနည်း ဖြစ်ချင်ပြီ မာမာရဲ့" ဟု အမြဲ ပြောကာ တိတ်ဆိတ်သွားသော မိဘတို့ကို ကြည့်၍ ရယ်မောပစ်လိုက်ပြန်၏။ ပြီးတော့ အရေတွန့်လာသော၊ ဆံပင်ဖြူဖွေး ပါးကျဲသော မိဘတို့ကို သနား၏။ ခွင့်လွှတ်ချင်၏။ ပါပါ မြန်မာလုံချည် ဂတ်စပြုသည်ကို အံ့သြပြန်၏။

ဘာဆိုလို့ ဘာမှ လုပ်စရာ မရှိတော့ဟု သူ ထင်လျှင်တော့ မြန်နန္ဒာတစ်ယောက်တည်းကို သုံးဖို့ ကိုကိုဂယ်ပေးသည့် ဖောက်ဂက်ဝွန်ကားကလေးကို လမ်းဖြူးဖြူး၍ မောင်း၏။ ပဲခူးဘက်သို့ ခဏ ခဏ မောင်း၏။ တစ်ခါတစ်ရံ မြန်ဆန်စွာ မသိလိုက် မသိသာ မောင်းမိလျှင် သတိရကာ အရှိန်လျှော့ရ၏။ မြန်မြန် သွားသည်ဖြစ်စေ၊ နေးနေး သွားသည် ဖြစ်စေ သင်္ချိုင်းဆိုတာက တစ်နေ့ ရောက်မှာပဲဟု ပြောမိ၏။ ပြီးတော့ သမီးလေး ငယ်သေးသည်။

ဖဲရိုက်လည်း ကောင်းစွာ တတ်လာသည်။ ကိုကိုက မကြိုက်။ ကိုကိုလည်း တစ်ချပ်မှောက်တတ်၏။ သို့သော် စိတ်မရှည်။ အားလည်း မအား။ ကိုကိုသည် မအားလပ်နိုင်အောင် နေထိုင် အသက်ရှင်ကောင်းဆဲပင်။ ကိုကို့၌ တိတိလင်းလင်း ယူထားသော မယားနှစ်ယောက် ရှိသေးသည်။ တစ်ယောက်က အစိမ်းဂတ် ကရင် သူနာပြု ဆရာမဖြစ်၍ နောက်တစ်ယောက်က တရုတ်ကပြား ကျောင်းဆရာမ ငယ်ငယ်ချောချောကလေး ဖြစ်သည်။ ရုံးတက် လက်ထပ်ကြသည်တဲ့။ မြန်နန္ဒာ အဲဒီတလောက ဖဲချည်း ရိုက်နေတာ တော်တော် ရှုံးနေသဖြင့် ကိုကို့ကို ရန်တောင် မဖြစ်ပုံ။ ကိုကိုက ဖဲရိုက်ဖို့ဆိုပြီး ငွေပိုပေးသည်ကိုပင် ကျေးဇူးတင်ရသေး၏။ မာမာနှင့် ပါပါက ဆူပူသည်။ မြန်နန္ဒာကို အဖိုးတန်အောင် မနေဘူးလို့တောင် ဆိုရက်ကြသည်။ သို့ပေမယ့် နေပါဦး။ မြန်နန္ဒာက ဘာတွေများ အဖိုးတန်နေလို့လဲ။ လှလိုက်တာနဲ့ ပိုက်ဆံရှိတာက လွဲလို့ ဘာမှ မကြွယ်ဂတဲ့၊ အဖိုးမတန်တဲ့ နန္ဒာပါ။

မြန်နန္ဒာ စိန်ရွှေဂတ်လို့၊ ဥရောပဖြစ် ဘရိုကိတ်နှင့် ရွှေခြည်ငွေခြည် ပုလဲထိုး ဂတ်လို့၊ ပွဲထိုင်ကို လင်နဲ့တွဲလို့ ဖြစ်စေ၊ အခါများစွာပင် ကိုကို မလိုက်၍ တစ်ယောက်တည်းဖြစ်စေ၊ သွားသည့်အခါ ကိုယ့်ကိုယ်ကိုယ် အဖိုးတန်လှပြီ ထင်သလား။ အဲဒီ ပွဲထိုင်မှာ သီချင်းဆိုဖို့ လာသော မိန်းကလေးများကို အားကျခဲ့သည်။ မနာလိုခဲ့သည်။ ချီးမွမ်းမိသည်။ သူတို့ဟာ မြန်နန္ဒာထက် လိမ္မာပါးနပ်ကြသော၊ သိမြင်ကြသော၊ သတ္တိရှိကြသော သူများ ဖြစ်သည်လို့ ထင်သည်။ ဖြစ်နိုင်သေးလျှင် ဘဂချင်း လဲလိုက်ချင်သေးသည်။

တစ်ခါတုန်းက မှတ်မိသေးတာပေါ့။ ညစာစားပွဲ တစ်ခုမှာ ဂီတဆရာငြိမ်းကို ဆုံတွေ့ခဲ့ရတာ သတိရ၏။ ငြိမ်းရဲ့ သီချင်းတွေ ကြိုက်လှ၏။ (ယခု မြန်နန္ဒာသည် မြန်မာသီချင်းကြီးများကိုလည်း တီးခတ်တတ်ပြီ။)

ရှိသေကျိုးနွံစွာ ပေါင်းသင်းဆက်ဆံချင်လှ၏။ ထမင်းစားပွဲမှာတော့ ငြိမ်းက သူ့တစ်ဂက်မျှ တန်ဖိုးမရှိဟု နန္ဒာ ထင်သော ဂတ်စားမော်ကြွားလာသူတွေ အရက်သောက်ကြ၊ ညစာစားကြသည်ဖြင့် မလှမ်းမကမ်းက ချောင်တစ်ချောင်မှာ တီးမှုတ်ဖျော်ဖြေနေသည်။ ဘယ်လောက် မခံချင်စရာ ကောင်းလိုက်ပါလိမ့်။ ငယ်ငယ်က ညစာစားပွဲများ အိမ်မှာ လုပ်လျှင် ပီယာနို တီးပြရတာကို သတိရပြီး အရှက်ကြီး ရှက်မိ၏။ ဘယ်သူမှလည်း သူ့ဂီတကို ရှိသေမည့်သူ ပါမည်မထင်။ နားထောင်ချင်ယောင်ဆောင်ပြီး အားနာဟန်ဖြင့်သာ စကားတိုးတိုး ပြောကြ၊ ခပ်ကျယ်ကျယ် ရယ်လိုက်ကြ လုပ်နေ၏။ မြန္နန္ဒာ တစ်ယောက်တည်းပဲ အပြစ်ရှိသည်လို့ ကိုယ့်ကိုယ်ကိုယ်ထင်ပြီး အနေကျုံ့လှ၏။ ရှက်မောလှ၏။ ငြိမ်း၏ အပါးမှာ ကျုံ့ကျုံ့သွားထိုင်လိုက်ချင်၏။ နန္ဒာ့ထက်ကြီးသူမို့ သူ့ဂီတကို ကြည်ညိုသောအားဖြင့် ကန်တော့တောင် ကန်တော့လိုက်ချင်၏။ သို့သော် လူ့ဘဝမှာ လုပ်ချင်တာ ဘာရှိသည် ဆိုတာကို တွေးတောခွင့်မရခဲ့။ လွတ်လွတ်လပ်လပ် မလုပ်ခဲ့ရသူမို့ သည်တိုင်းပင် အရက်သောက်၊ ညစာစားပြီး စီးကရက်သောက်၊ စကားပြောနေသူများနှင့် ရောနေလိုက်၏။ နောက် နှစ်လ သုံးလကြာမှ ငြိမ်း သူ့ကိုယ်သူ သတ်သေသည်ဆိုတာ သတင်းစာ၌ ဖတ်ရ၏။ သူ သတ်သေတာ နန္ဒာ အပြစ်လည်း ပါသည်။

အသက် ၄၀ ပြည့်သည့်နေ့ကတော့ ရွှေတိဂုံသို့ သမီးရော သားပါ ခေါ်၍တက်ခဲ့၏။ ပန်းများစွာ ဝယ်၍ ပန်းအိုး၌ ထိုး၏။ အိမ်မှာ ပုံသွင်း ကျိုချက်သော ဖယောင်းတိုင် ရောင်စုံများ စီ၍ " မြန္နန္ဒာ" ဟု စာလုံး ပုံဖော်ကာ ထွန်း၏။ (ဘုရားတော့ မကန်တော့မိ)။ သည်တစ်ခါပဲ ကိုယ့်နာမည်ကို အရေးတယူ ပြုဖူးသည်။ အရေးတယူပြုတယ်လို့လည်း မဟုတ်ပါဘူး။ ဂတ္တုတစ်ပုဒ်ရဲ့ နာမည်ကို ဖတ်သလိုပါပဲ။ ဒိုင်ယာရီ၌ "မှတ်ချက်အထွေအထူးမရှိ" ဟုသာ ရေးခဲ့၏။ လူ့ဘဝ၌ တစ်ဖန် သေခဲ့ပြန်ပြီ။ တစ်ဖန် မွေးဖွားဦးမည်လား။ တစ်နေ့စီ နည်းနည်းချင်း သေသွားဖို့ရာသာ ရှိတော့သည် ထင်ပါရဲ့။ သည်တော့မှ နေ့စဉ် ဆက်လက်နေထိုင်လို့ ကောင်းသည်။ ရုပ်နာမ်ချုပ်ငြိမ်းသည့်နေ့၌ ကွန္တြေရလိမ့်မည်။ အင်မတန် ချစ်ရသော သားနှင့် သမီးကို အပြုံးမပျက် ထားခဲ့ရလေမည်။ ကိုကိုနှင့် မိဘတို့ကို ခွင့်လွှတ် နှုတ်ဆက်ခဲ့ရလေမည်။ သို့သော် ဆံပင်တစ်ချောင်းပင် မဖြူသေး။ အသားအရေများ ပြည့်တင်း စိုပြည်မြဲ၊ ရေကူးလို့ မောရမှန်း မသိ။ ကူးလို့ ကောင်းမြဲ၊ မြန္နန္ဒာကို ယောကျ်ားများ တပ်မက်မောဆဲ။ ငယ်ရွယ်သော မောင်အရွယ်၊ တူအရွယ်များကပင် သူ့ကို စုံမက်ကြသေး၏။ အသက် ၃၀ အောက်လို့ ထင်ကြ ပြောကြ၏။ သားနှင့်အတူသွားလျှင် မောင်နှမလို့ ထင်ကြ၏။ ဆံပင်ဖြူသဖြင့် ဆိုးဆေးမပြတ် ဆိုးနေရသော ကိုကိုက မနာလို ဖြစ်သေး၏။

မှတ်ချက် အထွေအထူးမရှိတာတော့ အမှန်ပင်။ ဘယ်နနှစ် ပေါင်းစုမိသည်ဖြစ်စေ၊ မြန္နန္ဒာသည် သည်အရွယ် သည်စိတ်သာ ရှိမြဲရှိသည်။ ငြိမ်းချမ်းခြင်းကိုတော့ တစ်နေ့ထက် တစ်နေ့ တွေ့ရှိလာတာ အမှန်ပင်။ နန္ဒာက မိမိရဲ့ နှလုံးနွေးပူတတ်ခြင်းသည် ဒုက္ခ ရှိသည်လို့ ပြော၏။ ပါပါက "မြန္နန္ဒာ ငယ်ငယ်က သိပ်စကားများတာ။ ခု ဘယ်လို တိတ်ဆိတ်မှန်း မသိဘူး" ဟု ပြော၏။ သို့သော် သမီးလေးနှင့်တော့ အတောမသတ်အောင် ပြောချင်သည်။

"သမီး မြသီတာ၊ ကြီးလာရင် ဘာလုပ်မလဲ" ဆိုလျှင်...

"ဆရာဝန်ကြီး လုပ်မယ်"

မြန်န္တာသည် ရင်ထဲထိတ်ခနဲ ဖြစ်၏။ သို့ပေမည့် သမီး မြသီတာက သူ့ကံကို သူ စီမံနိုင်ရမည်။

"သမီး သီချင်း မဆိုချင်ဘူးလားကွယ်။ ဟိုတလောက ရတဲ့ ကဗျာကလေး ဆိုပြပါဦး"

သည်လိုဆိုတော့လည်း ကျကျနန ရွတ်ပြသည်။ အိမ်ထောင်ကျကာ သားသမီး များများ ရနေပြီလို့ သတင်းကြားရတဲ့ လင်းထင်ရဲ့ ကလေးကဗျာများကို မြသီတာ ရတတ်ပြီ။

မမွေးထုံ မမွေးထုံ

ပါးကွက်ကြားနဲ့ နပ်ခါးမှုန်။

မမွေးထုံ ဘာကြောင့်မွေး

ရှင်တောင်နပ်ခါး လိမ်းလို့မွေး။

မမွေးထုံ မမွေးထုံ

စံပယ်ကုံးနဲ့ ဆံထုံးပုံ၊

မမွေးထုံ ဘာကြောင့်မွေး

တောစံပယ်လေး ပန်လို့မွေး။

မမွေးထုံ မမွေးထုံ

နှုတ်ခမ်းပါးနဲ့ ကွမ်းဂါးငုံ၊

မမွေးထုံ ဘာကြောင့်မွေး

စမုံကွမ်းအေး ဂါးလို့မွေး။

မမွှေးထုံ မမွှေးထုံ

နုတ်ချိုအေးတဲ့ မမွှေးထုံ၊

မမွှေးထုံ ဘာကြောင့်မွှေး

လိမ္မာခြားရေး၊ သတင်းပြေး

သမီးမြကျေး၊ ကြာညိုသွေး

စိတ်သည်ကြည်လို့ နာမည်မွှေး... တဲ့။

"ဘာဖြစ်လို့ ဆရာဝန် လုပ်ချင်တာလဲ" လို့ မေးလျှင်တော့...

"မာမာ့ခြေမကြီး ရောင်နေတာ ဖြတ်ပေးချင်လို့" မာမာ့၌ ဂေါက်ခေါ် အဆစ်ရောင်ရောဂါ ရှိလေရာ နာလွန်း၍ အော်ရ၊ ဆေးသောက်ရ။ ထိုးရ၊ ဖျားနာ မဆုံးရသည်ကို မြသီတာ မကျေနပ်ဘူး ထင်သည်။

မြသီတာကို ဆရာဝန် မဖြစ်စေချင်ပေ။ သို့ပေမယ့် မြသီတာသည် ပီယာနို တီးရတာ ကြိုက်သော်လည်း ဖေဖေ့ နားကြပ်ဖြင့် ဆရာဝန် လုပ်တမ်း ကစားရတာကို ပိုကြိုက်၏။ အိမ်သားများရဲ့ နလုံးခုန်သံကို ကလေးမက လိုက်လံ နားထောင်တတ်၏။ စာလည်း အင်မတန်တော်သည်။ ကျောင်းမထားခင် အိမ်မှာ ဆရာမဖြင့် သင်နေဆဲ စာကောင်းစွာ ဖတ်တတ်သည်။ အတွက်အချက် တတ်သည်။ အင်္ဂလိပ်စကား အမြဲ ပြောချင်သည်။ ဂျာမန်၊ ပြင်သစ်လည်း နားရည်ဝကာ နားလည်နေသည်။

ကောင်းပြီ။ မြသီတာ ဖြစ်ချင်တာ ဖြစ်စေရမည်ဟု နန္ဒာက ကတိပေးလိုက်၏။

လူ့ဘဝ၌ တစ်ခုတော့ မကျေနပ်သေး။ မာမာ၊ ပါပါတို့ တနင်္ဂနွေတိုင်း ကိုကိုနှင့် ညစာ လာစားကြတာကို မကျေနပ်။ သူတို့၏ စည်းစိမ်နှင့် သမီးပေး၍ မြှောက်စားလိုက်သော တူသမက်သည် ဘယ်လိုနေနေ၊ မြနန္ဒာ၏ ဘဝကို ဘယ်လို နှောက်နှောက် သူတို့ အစီအမံသည် မှန်ကန်မြဲ မှန်ကန်သည်လို့ ဆိုချင်တဲ့သဘောလို့ မြနန္ဒာထင်၏။

ဘာလုပ်နေနေ တင့်တယ်သော အစ်ကိုလင်ကို ကောင်းချီး ပေးကြဖို့ပေါ့။ တနင်္ဂနွေနေ့မှာ လာကြမြဲ။ ဘာမျှ အပြစ်ပြောစရာ မရှိသလို ချိုပြုံး စကားပြောကြားဦးမည်။ မြနန္ဒာသည် အိမ်ရှင်မပီပီ တစ်အိမ်လုံးကို ပြင်ဆင်သည်။ နှင်းဆီပန်း ရနံ့များဖြင့် ကြိုင်လှိုင်စေသည်။ မာမာ၊ ပါပါတို့၏ ဇာတ်ထုပ်ရည် ဝနေအောင် တိုက်ထားသော ထမင်းစားပွဲ ဇာတ်ထုပ်၌တော့ မြနန္ဒာ မပါဝင်ပါ။ ပါပါ၏ ယဉ်ကျေးဖွယ်ရာအဖြစ်၊ ကိုကို ခွဲစိတ်ကုသသည့် ပညာအကြောင်း၊ အစာအိမ် အနာပေါက်သည်ကို

ဘယ်လောက် သေးငယ်သည် မျိုချရသော ရောင်စုံကင်မရာဖြင့် ရိုက်နိုင်သည့်အကြောင်း မေးမြန်းဆွေးနွေးဟန်ကို မနာခံနိုင်။ ကိုကိုက ပါပါရဲ့ ဗုဒ္ဓအဘိဓမ္မာ အကြောင်းသော်လည်းကောင်း၊ ဇာတိကို ဘယ်လို ဖြတ်နိုင်မည် ထင်ကြောင်း၊ မာမာရဲ့ ခြေမ ရောင်ရမ်းခြင်းအကြောင်းသော်လည်းကောင်း ကျကျနန ပြန်လည် ဆွေးနွေးဦးမည်။ မြန်နန္ဒာပါလျှင်လည်း ပြောစရာ မရှိပါ။ မြန်နန္ဒာနှင့် ဘာသာစကားချင်းတူကြသည် မဟုတ်။ ပိုပြီးမှန်တာက မြန်နန္ဒာ ပြောချင်သည့် အကြောင်းများစွာကို သူတို့ နားထောင်မည် မဟုတ်ပါ။

ထို့ကြောင့် ဖဲမရိုက်တာ ကြာပြီဖြစ်သော်လည်း အိမ်နှင့် နီးသော ဂင်ဒါမီယာက ဦးသန်းတင့် အိမ်သို့ တနင်္ဂနွေနေ့တိုင်း သွားရသည်။ ကိုးနာရီ ထိုးမှ ပြန်ရသည်။ မိဘနှစ်ပါးက ဆယ့်တစ်နာရီလောက်မှ ပြန်လေ့ရှိတော့ နှစ်နာရီမျှ တွေ့ရသည်။ တော်ရောပေ့ါ။

xxx

စိတ်မပါဘဲ လေလွင့် ဂင်ရောက်ခဲ့သော် ခါတိုင်းလိုပင် ဖဲပိုင်းစနေပြီဆိုတာ တွေ့ရ၏။ မြန်နန္ဒာ ငြူစူမြဲ၊ ဒေါ်ယုယုခင်၏ ကြမ်းတမ်းသော ရုပ်ရည် စိတ်ထားနှင့် စကားသံတို့ကို သည်းခံရဦးမည်။ မာနကင်းမဲ့သော ဦးသန်းတင့်၏ ခိုးကြောင်ခိုးပုက် တပ်မက်သော အကြည့်ကိုလည်း သည်းခံရဦးမည်။ ကိုကို့လိုပင် မိန်းမ လိုက်စားရာ၌ နာမည်ကျော်ကြားသော သူဌေးကလေး ကိုလှဦးကိုမူ ဒေါ်ယုယုခင်လိုပင် စိတ်အနှောင့်အယှက် ဖြစ်စေသော ရိုင်းပျမှု ရှိသူလို့ ထင်၏။ ကိုကို့အတွက် ဂင်္ဂခံရခြင်းလို့ ထင်၏။ ရိုင်းပျခြင်းကို မြန်နန္ဒာ ဘယ်လို ဆက်ဆံရမည် မသိခဲ့။ အပြုံးမပျက် သည်းခံခြင်းပင် မမှားဘူးထင်၏။

ဒေါက်တာ ခင်အေးရီကို ခင်မင်နှစ်လို၏။ ကိုကို အင်မတန် ချီးမွမ်းသော ဆရာဂန်မ ဖြစ်သည်။ ကိုကို့ လက်အောက်မှာ လုပ်ဖူးသေးသည် ထင်သည်။ လူ့ဘဂ၌ အဓိပ္ပာယ်ရှိရှိ နေသော၊ ဘာလိုချင်ရမှန်း သိ၍ လိုချင်တာကို ရအောင် ယူတတ်သော မိန်းမပေပဲ။ လင်းကို ရအောင်ယူတာလည်း သတ္တိ ရှိလို့ပေ့ါ။ သူ့လမ်းကို သူထွင်သူ၊ မြန်နန္ဒာလို ကော်ဇောခင်းထားသော လမ်းမှ လျှောက်ပွဲသူ မဟုတ်။

လင်းထင် သူနဲ့ နှစ်ပေါင်းများစွာ ကွဲသွားပြီး ပြန်တွေ့တော့ စိမ်း မသွားဘဲ နှစ်လိုခင်မင်လျက် ရှိသေးသည်။

သူကတော့ ငယ်ငယ်က ဘယ်လို မြန်နန္ဒာဆိုတဲ့၊ လူတိုင်း ပိုးပန်းဖူးတဲ့ မိန်းကလေး တစ်ယောက်ကို ရောနှောရောင်ရမ်း ပိုးပန်းခဲ့ဖူးတဲ့ အကြောင်း သူ့ မိန်းမကို ပြောနေမှာပဲ။

ရယ်မောစရာတော့ လုပ်မယ် မထင်ပါဘူး။

ဘာကြောင့်လဲဆိုတော့ လင်းရဲ့ ကဗျာများဟာ ရယ်မောစရာမှ မဟုတ်တာ။ သူ့ကဗျာများကို မြန်နန္ဒာ ရခဲ့ဖူးတာလည်း အမှန်၊ ယခု ပြန်တွေ့တော့ ခင်မြဲ၊ နှစ်လိုမြဲ၊ စကားပြောလို့ ကောင်းမြဲ။

သို့ပေမည့် ဘဝများစွာကို လျင်မြန်စွာ ဖြတ်သန်းဂင်စားခဲ့ပြီလို့ ခံစားရသည်။

မြနန္ဒာအဖို့တော့ အင်းလျားမှ တစ်မနက်ခင်းလုံး နေ့စဉ်လိုလို အတူ ထိုင်ခဲ့ကြတာ၊ စကားပြောခဲ့ကြတာ၊ လေ့လျှော်ခဲ့ကြတာကို သဘောလောက်သာ မှတ်မိတော့သည်။

ကုန်ဆုံးသွားသော တစ်ဘဝပါပဲ။ သတိရသည့်အခါ ရဆဲ။

လွမ်းစရာ အိပ်မက်ပါပဲ လင်းထင်။

နမမြနန္ဒာရဲ့ မောင်လေး လင်းထင်။

ယဉ်ကျေးလေ့ရှိသည့်အတွက် နေရာက ထပေးလိုက်သည့် ပန်းချီဆရာ ကိုတင်မောင်ရဲ့ ပန်းချီကား များစွာကို မြင်ခဲ့ဖူး၏။ အမေရိကန်မကြီး မစ္စအက်ဖော့ရဲ့ အိမ်မှာ ပန်းချီဆရာ၏ တစ်လက်ရာပြပွဲကို ကြည့်ခဲ့ရ၏။

မှောင်မိုက်သည့် တောအုပ်ဂက မီးတိုင်ကလေး ထွန်းညှိထားသည့် ကားချပ်ဂယ်ဖို့ ကြံစည်ခဲ့၏။ သူများ ဂယ်သွားနှင့်ပြီမို့ ဆုံးရှုံးလိုက်ရ၏။ ပုဂံဆိုသော ကားချပ်ကို ဂယ်ခဲ့ရ၏။ သားကို လက်ဆောင်ပေးလိုက်ရာ သားက ဘော်ဒါဆောင် အိပ်ရာခေါင်းရင်းမှာ ချိတ်ထားပြီး အမြဲကြည့်နေမိတယ်။ "စိတ်သိပ်ချမ်းသာစေတဲ့ ပုဂံပဲ မေမေ" လို့ စာရေးလိုက်၏။

လှေကားထစ်မှာ ထိုင်နေသော ဘင်္ဂါလီမလေး၏။ ခေါင်းပုံကိုလည်း သဘောကျသေး၏။ ပရော်ဖက်ဆာ လှငွေ ဂယ်သွားသည်လို့ဆိုတော့ ခင်မင်သူမို့ အတင်းလိုက်တောင်းဦးမည် စိတ်ကူး၏။

နောက်တော့လည်း ကိုယ့်စိတ်ကို ဆုံးမပြီး လိုချင်တာ မရဘဲ နေတတ်လိုက်သည်။ ကိုတင်မောင်နှင့် တွေ့ဆုံ စကားပြောဦးမည်။ အိမ်သို့ လက်ဖက်ရည်သောက်က စ၍ ဖိတ်ကြားဦးမည်။

ကိုတင်မောင်၏ မျက်လုံးများ၌ အရာရာကို မှန်ကန်စွာ သိမြင်တတ်သော သဏ္ဌာန်ကို တွေ့၏။ ရိုးဖြောင့်ခြင်း၊ ဖြူစင်ခြင်းကို တွေ့၏။ ကြင်နာတတ်ခြင်းကို တွေ့၏။

ယောက်ျားတကာ၏ အပေါ်ယံ အလှသာ စုံမက်တတ်သော မိန်းမဖြစ်သည့်အတွက် ကာမကျူးလွန်လိုသော၊ သည်ထက်ပို၍ မြနန္ဒာ၌ စိတ်မဂင်စားသော စိတ်ထားများကိုသာ မကြာခဏ တွေ့ဆုံရသည့် မြနန္ဒာကတော့ ပန်းချီဆရာသည် မိမိကို လူအဖြစ်၊ ဘဂပြယုဂ်အဖြစ် မြင်လိမ့်မည်ဟု သိရတာ ဂမ်းသာစရာ ကောင်းလှ၏။

အမှန်တရားကို ခြယ်သမြ ခြယ်သချင်လိမ့်မည်။ သူတကာကိုတော့ ကျေနပ်အောင် ရှင်းလင်းရန် လာသည် မဟုတ်။

ပန်းချီဆရာကိုတော့ မြနန္ဒာသည် သူတို့နှစ်ဦး ကောင်းစွာ နားလည်သည့် ဘာသာစကားဖြင့် ပြောစရာ ရှိပြန်သည်။ ပြောပြချင်သေးသည်။

သည်လိုဆိုတော့လည်း အသစ်တစ်ဖန် မွေးဖွားဖို့ မပျင်းရိတော့ချေ။

xxx

(ကြည်အေး)

မှတ်ချက် - ဒုတိယအကြိမ် (ပန်းရွှေပြည်စာအုပ်တိုက် )၊ တတိယအကြိမ် (Comet Books)၊ စတုတ္ထအကြိမ် (စိတ်ကူးချိုချိုစာအုပ်တိုက်) များမှ ပြန်လည်ပုံနှိပ်ထုတ်ဝေရာတွင် စာပေစိစစ်ရေးကြောင့်ဖြတ်တောက်ခံရသည့် စာသားများကို မူရင်း ပထမအကြိမ်အတိုင်းပြန်လည်ရှာဖွေထည့်သွင်းထားပါသည် ။

[ကျေးဇူးစကား X မောင် ကိုကို နှင့် မြနန္ဒာ အတွက် အလုပ်များသည့်ကြားက အားထုတ်ပေးခဲ့ကြသော မစန္ဒာလှိုင် မြတ်သဥ္ဇာ ညီု တို့အား အထူး ကျေးဇူးတင်ရှိပါသည်။]

## ၃

ကိုကို့ နမကတော့ည ချစ်စရာလည်း ကောင်းပါရဲ့ သနားစရာလည်း ကောင်းရဲ့ စိတ်ပျက်စရာလည်း ကောင်းရဲ့ ဟု မြနန္ဒာရဲ့ အကိုလင် သာဦးဂျော်က တွေးလေ့ရှိ၏။ မြနန္ဒာဟာ နေ့ညမခွဲ အိပ်မက် မက်တတ်သူ၊ အိပ်မက်ကို တကယ်မှတ်သူ၊ အိပ်မက်ကိုစုံမက်သူ၊ ခေါင်းမာသူလို့ ထင်သည်။ သည်လိုပြောလျှင် မြနန္ဒာက နီမြန်းလာသောမျက်နှာကို ပုက်လိုဟန် ခေါင်းတဘက်ငဲ့၍ နွဲ့၍ "အို··· .သည်လိုမြနန္ဒာမွေးလာတာ။ ဘယ်သူ့အပြစ်လဲ" ဟု ဆိုပြန်ချေဦးမည်။

ပါပါ့ အပြစ်လား။ ပါပါကဖြင့် လူတို့ကြည်နူးစရာ အလှတရပ်အဖြစ် မွေးလာသော သမီး မြနန္ဒာကို ဘယ်လောက်မြတ်နိုးခဲ့သလဲ။ ဘယ်လောက် ပြုစုပျိုးထောင်ခဲ့သလဲ။ ဘယ်လောက် အဖိုးတန်ကလေး ဖြစ်စေခဲ့သလဲ။ ဘယ်လောက် အထက်တန်းကျစေခဲ့သလဲ။ မင်းမျိုးမင်းနွယ်တမျှပါဘဲကွယ်။

သမီးမြနန္ဒာကို မမွေးခင်ကတည်းက အစီအစဉ်ကြီးသူ ပါပါက အားလုံးစီစဉ်ခဲ့သည်ပင်။ ထိုအစီအစဉ်ထဲတွင် သာဦးဂျော်သည် နေရာကောင်းက ပါခဲ့သည်။ နမတစ်ဂမ်းကွဲကမွေးတာ၊ တဦးတည်းသော သားဖြစ်တာ၊ မြနန္ဒာထက် ၆ နှစ်ခန့်ကြီးတာ၊ ရုပ်ရည်ချောမောသန့်စင်တာ၊ ပညာဉာဏ်တော်တာတွေသည် ပါပါ့ မျက်စိကျစရာ အရည်အချင်းများ ဖြစ်လေ၏။ သမီးမိန်းကလေးမွေးသည်ဆိုသည်နှင့် ပါပါသည် သာဦးဂျော်ကို သူ့အဖေ အမေဆီက တောင်းခဲ့သည်။

ပါပါ့ အစီအစဉ်အရ မြနန္ဒာမွေးသောနှစ်မှာပင် သာဦးဂျော် မေမြို့ကျောင်း ပြောင်းရသည်။ ငယ်ရွယ်သေးလျက်ဖြင့် ဘောင်းဘီရှည်ဂတ်စုံ ဂတ်ရ၏။ အနောက်တိုင်းထုံးစံ ယဉ်ကျေးမှုသာ သင်ကြားရ၏။ ရခိုင် မြန်မာစကား မပြောရတော့။ လန်ဒန်မက်ထရစ်ဖြေပြီး အင်္ဂလန်ပို့ရန် ရည်ရွယ်သေး၏။ မြနန္ဒာနှင့်အတူ ပို့မည်ထင်ရဲ့။ စစ်ဖြစ်သွားသည်နှင့် မြန်မာပြည်မှာ ဆရာဝန်ဘွဲ့ ရလိုက်၏။ ဆေးရုံကြီးမှာ နှစ်နှစ် အလုပ်လုပ်ပြီး အမေရိကန်သို့ သွားရသည်။

မြနန္ဒာ မက်ထရစ်အောင်သည့်နှစ်မှာ သူသည် ဆေးရုံကြီးတွင် နှစ်နှစ် အလုပ်လုပ်ပြီး၊ အသက်နှစ်ဆယ်ငါးနှစ် ပြည့်ပြီး ဖြစ်သည်။ မြနန္ဒာနှင့် ယူမည့်သူမို့ အချစ်စစ်ကို ဘယ်မှာမှ မရှာဘဲ၊ အချစ်များစွာကိုသာ ရှာခဲ့သည်။ လိပ်ပြာပမာ မွေးကြိုင်လှပသော ပန်းတွေ့ရာ၌ နားချင်သော ဂါသနာရှိတာလည်း အမှန်ပဲ။ အဖိုးတန်သမီးနှင့် လိုက်လျောရန် ကောင်းစွာ သုံးဖြုန်းနိုင်အောင် ပါပါက ငွေပို့ထားသည်တစ်ကြောင်း၊ သူသည် ရုပ်ချောသော၊ ပညာတော်သော၊ အထက်တန်းကျကျ ဂတ်နိုင်သော ဆရာဝန်ပေါက်စ ဖြစ်လေရာ၊ လွယ်ကူးရာ ကျောင်းသူ နာ့စ်မတို့၏ အချစ်များစွာကို ခံယူရသည်။ ကျေနပ်စရာကောင်းသော ဘဝလို့လည်း ထင်သည်။

ထိုနှစ်မှာ မြန္နာနှင့် လက်ထပ်ရမလို ဖြစ်လိုက်သေး၏။ သို့သော် မြန္နာက ကောလိပ်သွားချင်သေးသည်မို့ စေ့စပ်ကြောင်းလမ်းရုံပဲ ပြုရ၏။ တော်တော်ကြီးကြီးကျယ်ကျယ် လုပ်လိုက်၏။ ပါပါတို့ ပိုက်ဆံပေါလှချည်လား ထင်လိုက်၏။ မြန္နာ အရွယ်ရောက်မှ လေးငါးခါသာ မြင်ဖူးခဲ့ရာ စေ့စပ်သောနေ့မှာ အလှတရပ်ကို ကောင်းစွာ သုံးသပ်ခွင့်ရလိုက်၏။

လှလိုက်တဲ့ မြန္နာ။ ကိုကို့ မယားဖြစ်မယ့် မြန္နာဟာ ကျေနပ်စရာပါလားကွယ်လို့ ထင်လိုက်၏။ ကြည့်စမ်း။ ပန်းနုသွေးကလေး တကိုယ်လုံးဆင်ပြီး ပုလဲ၊ နီလာ ရတနာများပြင်လို့။ ပွဲဝင်မယ့် မယားမျိုးပေါ့။ ညိုမောင်းတဲ့ ဆံပင်ကြားက ပွင့်မယ်ကြံရွယ်ဆဲ နှင်းဆီဖျော့နှင့် မြန္နာ ဘယ်သူ ပိုလှသလဲလို့တောင် စိတ်ကူးမယဉ်စဖူး ယဉ်လိုက်ချင်၏။ မြန္နာကတော့ သိပ်ရှက်နေသလို မျက်နှာ နီညိုညိုဖြင့်။ မျက်လုံးလှန်ကြည့်ဖော်မရ။ စကားပြောဖော်မရ။ ပြာလဲ့သော မျက်ခွံမို့နှင့် မျက်တောင်ကော့များသာ မြင်ရ၏။ ထိုတညနေလုံး ဧည့်သည်များ ညစာထမင်းစားပွဲများဖြင့် အချိန်ကုန်ရ၏။ မြန္နာနှင့် ပြန်ခါနီးမှ လသာဆောင်မှာ နှစ်ယောက်တည်း တွေ့ခွင့်ရလိုက်၏။ တီးမှုတ်သံ၊ စကားသံ၊ ရယ်သံတွေကြားမှာ သူပြောသမျှကို ခေါင်းငုံ့နားထောင်နေပြီး 'ဟုတ်ကဲ့' နှစ်လုံး သုံးလုံးသာ မြန္နာထံက ရလိုက်သည်။

စေ့စပ်ပြီး မြန္နာတို့အိမ်သို့ ဝင်ထွက်ခွင့်ရှိသော်လည်း သာဦးကျော်၏ အချစ်များစွာတို့သည် စေ့စပ်ခြင်းသတင်းကြောင့် ဂယက်ထသည်ကို ပြေပြစ်အောင် ပြုနေရသည်မို့ စိတ်ကူးထားသလို မကြာခဏ မဝင်ထွက်ခဲ့ရချေ။

ပါပါ ခင်ဗျား

အမေရိကသို့ သွားရမည်ဆိုသည့်အတိုင်း ပညာထပ်သင်ရန် ယခုက ကြိုတင်ပြင်ဆင်ရပါသည်။ နိုင်ငံခြားရောက် လျှင် မျက်နှာမငယ်အောင် စာကျက်ရုံမက လက်တွေ့ခွဲစိတ်ရာ၌ ကျွမ်းကျင်ဖို့လည်း ဆေးရုံမှာသာ အချိန်ကုန်ရပါမည်။

စသည်ဖြင့် စာရေး၍ သူ ခွင့်တောင်းလိုက်ပြီး မြန္နာတို့အိမ်မှာ ဧည့်ခံကျွေးမွေးပွဲများကိုသာ သူ သုံး လေး ခါ ရောက်ရ၏။ နောက်အမေရိကသို့ ထွက်ခွာလာခဲ့သည်။ မြန္နာ လိုက်ပို့သေးတာပေါ့။ သွားခါနီး 'နန္ဒာ ဘာမှာချင်လဲ၊ ရောက်ရောက်ချင်း ဘာပို့လိုက်ရမှာလဲ' လို့ မေးတော့ နန္ဒာနမက ခေါင်းငုံ့ပြီး ကော့ဖြူးသော မျက်တောင်များဖြင့် မျက်လုံးကို ဖုံးအုပ်ပစ်ကာ 'ဟင့်အင်း' တစ်လုံးသာ တိုးတိုး ဆိုလိုက်လေသည်။

xxx

အမေရိက၌ လေးနှစ်မျှ သူ စာသင်အလုပ် လုပ်ခဲ့သည်မှာ အိမ်ထောင်ပြု၍ အနည်ထိုင်ဖို့ ပြင်ဆင်ခြင်းမျှသာ ဖြစ်သည်လို့ သူ ထင်လေသည်။ ရောက်စနှစ်၌ ပင်ပန်းလှ၏။ အမေရိကန်ဆေးရုံ၌

လုပ်ခွင့်ရရန် စာကျက်ရ၏။ စာမေးပွဲဖြေရ၏။ နေ့ နှင့် ည ခွဲခြားလို့မရအောင် လုပ်ရ၏။ စက်လို အလုပ်လုပ်ပြီး ဆေးရုံကပေးသည့် သန့်ရှင်းစင်ကြယ်လှသော အခန်းကျဉ်းကလေး၌ အနားရသည်။ မနက်များမှာ အသေလို အိပ်မောကျရ၏။ နိုးလာပြီး တစ်ညမျှ အားသောညမှာ သူသည် ရေမိုးချိုး အဝတ်အစားလဲ၍ လမ်းထွက်သည်။ လမ်းပေါ်မှာလည်းကောင်း၊ စားသောက်ဆိုင်မှာလည်းကောင်း၊ ရုပ်ရှင်ရုံမှာလည်းကောင်း၊ ကပွဲမှာလည်းကောင်း စုံမက်ဘွယ် မိန်းမတယောက်ကို ကောက်ယူရရှိမြဲ။ အကြင်မိန်းမအားဖြင့် ပင်ပန်းသောဆေးရုံအလုပ် စာတစ်လုံး မလစ်ရ။ ကျက်မှတ်ရသည့် စာအုပ်၊ ခွဲစိတ်ခန်း၏ညှင်းပန်းခြင်းတို့မှ အနားယူမြဲ။ မိန်းမတယောက်ကို တစ်မျိုး သူ ချစ်လို့ရသည်။ စုံမက်လို့ ရသည်။ စိတ်ပင်ပန်းစရာ မရှိပါ။ မိန်းမတို့သည် တံတားအောက်၌ ဖြတ်စီးသွားသော ရေပမာပင်။ ပြီးတော့ လောကရေးရာနံ့ချာလှသည့် ကိုကို့ နှမ မြန္နှာသာ အရွယ်ရောက်သော ယောကျ်ား တစ်ယောက်သည် လူ့ဘဝတွင် အလုပ်နှင့် စာအုပ်ဖြင့်သာ မွေ့လျော်သည်လို့ ထင်စားဂုံ့မည်။ သိတတ် နားလည်သူအပေါင်းကမူ သာဦးဂျော်ကို သဘာဝအတိုင်း နေထိုင်တတ်သော သာမန်ယောကျ်ားတစ်ယောက်ပါပဲ ဆိုတာထက် ပို၍ အပြစ်မြင်လိမ့်မည်မဟုတ်။

မရင်းနှီးရသေးသော်လည်း သူ ချစ်ချင်နေပြီဖြစ်သည့် မြန္နှာ၏ ငွေဘောင်ကွပ်သည့် ဓာတ်ပုံကိုတော့ မှန်တင်ခုံပေါ်တွင် တယုတယ ထောင်မြဲ။ မြန္နှာဖို့ လက်ပွေ့အိတ်နှင့်ဖိနပ်ဆင်တူ လှလှတွေ့ရင် ဝယ်ပို့မြဲ။ တခါ ပုလဲတုနှင့် ကျောက်ပြာခြယ်သသည့် ဇာထဘီစ ဝယ်လိုက်မိ၍ နေ့လည်စာ နှစ်ပတ်မျှ အငတ်ခံနေလိုက်ရသေး၏။ သို့သော် မြန္နှာက ဓာတ်ပြားများသာ မှာသည်။ ဓာတ်ပြားဘိုး ပိုက်ဆံပို့သည်။ ရှေးသီချင်းကြီးများကို သူ နားမလည်သည့်မို့ အရောင်းစာရေးမလေး အကူအညီ ယူရ၏။ ထို အရောင်းစာရေးမလေးနှင့် သိကျွမ်းသွားပြီး ကလေးမအခန်းသို့ပင် တညအိပ် သွားလည်ဖူးသေး၏။ နောက်တော့ ဓာတ်ပြားဆိုင် ပြောင်းဝယ်သည်။ မြန္နှာနှင့် လက်ထပ်ရမည့် သာဦးဂျော်သည် တွယ်ငြိခွင့်မရှိ။ မတွယ်ငြိနိုင်ပါ။

ပါပါ ထံသို့ လစဉ် စာရေးရ၏။ မြန္နှာထံသို့ သုံးလေးလ တစ်ကြိမ် စာရေးသည်။ တစ်ခါတစ်ရံ နန္ဒာ ကိုကို့ ကို ချစ်ရဲ့လား ဆိုတာမျိုး ပါသွားတတ်လျှင် အဖြေပြန်မလာချေ။ သူကလည်း မပူပင်ပါ။ အချိန်များစွာ ရှိပါသေးသည်။ မြန်မာပြည်သို့ပြန်လျှင် တွေ့ဆုံ ယှဉ်တွဲ သွားလာရဦးမည်။ အရင် ခင်မင်ရဦးမည်။ သမီးရည်းစား ဖြစ်ရဦးမည်။ တက္ကသိုလ်တွင် မြန္နှာ၏အလှ ကျော်ကြားပုံတွေ ကြားသိရ၏။ ကျေနပ်ရ၏။ မြန္နှာဖို့ ပြင်သစ်၊ ဂျာမန် ဂတ္တုစာအုပ်များ ပို့ရပြန်တော့ မာနတက်၏။ ပီယာနို၌ တီးဖို့ ဂီတသင်္ကေတ စာအုပ်များ ပို့ရပြန်တော့ သူငယ်ချင်းဆရာဝန်များကိုသာမက ရင်းနှီးသော ကိုယ့်ဆရာကြီးများကိုတောင် ထယ်ဂါတောက်ပသော နှမ မယားလောင်း အကြောင်း ပြောပြမိ၏။ မြန္နှာ၏ သတင်းမျှဖြင့်ပင် နိုင်ငံခြားသားတို့က သူ့ကို အထင်ကြီးလာပြန်သည်။

သို့သော် မြန္နှာ ဘီအေနောက်ဆုံးနှစ်၌ ကဗျာဆရာ လင်းထင်နာမည်ကို ကြားလာရ၏။ ပါပါ က မြန္နှာ မိုက်မဲပြီလို့ပင် ယူဆလိုက်၏။ ကိုကို စာသင်နှစ် ကုန်ဆုံးသည့်လမှာ ချက်ချင်း ပြန်လာဖို့

အမိန့်ပေး၏။ ဘီအေဖြေပြီး ကျောင်းပိတ်ရက်အတွင်းမှာ ကိုကို့ နမကို ပိုင်ဆိုင်ရတော့မည်ပင်။

'လက်ထပ်ပြီးတော့ အင်္ဂလန်နဲ့ ဥရောပကို လည်ကြဦးပေါ့၊ သမီးနန္ဒာ ပြည်အပြင်မှ မထွက်ရသေးတာ၊ ကိုကိုလည်း ရောက်ရာမှာ ပညာထပ်ဆည်းပူးဖို့ပဲ' ဟု ပါပါက စီစဉ်ပြန်လေသည်။

xxx

ကိုယ့်အကြောင်းသာတွေးတတ်သည့်၊ ကိုယ့်ဘက်ကသာ တွေးတတ်သည့် ကိုကို့နမကတော့ လက်ထပ်သည့်နေ့မှာတောင် မျက်လုံးဖြင့် လှန်ကြည့်ဖော်ရသည်မဟုတ်။ ညစာ ထမင်းပွဲမှာ စားစရာ တခန်းပြီး တခန်း ချလာဆဲ။ ပိုင်နီကိုလည်း ကုန်အောင်သောက်၏။ ပိုင်ဖြူကိုလည်း ကုန်အောင်သောက်၏။ ထမင်းပွဲမှာ အထူးသီးသန့်ရွေးဖိတ်သည့် ဆွေမျိုး မိတ်ဆွေများက မြန်နန္ဒာကို အကြီးအကျယ် အကဲခတ်ကြ၏။ ကိုကိုက ခါတိုင်းထက် ရွှင်လန်းပြီးနေသည်။ စကားများစွာ ပြောရသည်။ မြန်နန္ဒာ ကြိုက်တတ်တယ်ရယ်လို့ အသိအမှတ်ပြုဟန်ဖြင့် စားပွဲထိုးကို မျက်ရိပ်ပြလို့ မြန်နန္ဒာ ဖန်ခွက်၌ ဖြည့်စေရပြန်၏။ ထမင်းပွဲပြီး၍ မီးလုံး နီ ပြာ စိမ်း ဝါ ထွန်းသော ပန်းခြံတွင်းမှာ လက်က ဖန်ခွက်ဖြင့် မတ်တပ်ရပ်၍ စကားပြောနေကြသည့် ဧည့်သည်များနှင့် စကားလှည့်လည်ပြောရပြန်တော့၊ မြန်နန္ဒာ ခြေမယိုင်အောင်တစ်ကြောင်း လက်မောင်းကို ပေးအပ်၍ တွဲမ စေရပြန်သည်။

ကိုကိုက သူများမကြားအောင် အသာကလေး ပြောရသည်။ မြန်နန္ဒာ မနာကျင်ရအောင် နူးညံ့စွာ ပြောရသည်။

'ဒါလင် မူးနေတော့မယ်'

'ဟဲ ...... ဟဲ…. မူးနေပြီ ကိုကိုရဲ့' တဲ့။ ခုမှ သူ့ကို ရဲရဲမော့ပြီး ကြည့်လိုက်သော မြန်နန္ဒာသည် ရယ်ပြီးရင်း ရယ်နေသော်လည်း မျက်လုံးထဲမှာ မျက်ရည်များပြည့်လျက်ရှိသည်ကို မြင်လိုက်ရလေ၏။

အားလုံး က ကြပြန်တော့ ကိုယ့်အကြောင်းသာ တွေးတတ်သည့် ကိုယ့်ဘက်ကသာ တွေးတတ်သည့် ကိုကို့နမကတော့ ကိုကို ဘယ်လိုဖြစ်သလဲဆိုတာ စဉ်းစားမိပုံမရ။ သတိရပုံမပေါ်။ ကိုကိုနှင့် ခြေအကွက်ကျအောင်သာ လမ်းလျှောက်၍ လိုက်နေသည်။ ဧည့်သည်တစ်ချို့ က ပြုံးကြသည်။ တစ်ချို့က ကိုကို့ ကို ကြည့်ကြသည်။ ပါပါ မျက်မှောင် အနည်းငယ်တွန့်နေသည်။ မာမာက စကားများစွာ ပြောနေသည်။ ကိုကိုက လသာဆောင်ဘက် ထိန်းခေါ်လာပြီး ခပ်သွက်သွက် ထွက်ခဲ့ရ၏။ 'ဒါလင်ကို ညာခေါ်လာတာ' လို့ ပြောရသေး၏။ ရယ်ပြီးရင်း ရယ်နေသော မြန်နန္ဒာသည် တောင်ထန်းပင်များကြားမှာ စကားပြော၏။ ငိုရှိုက်သံဖြင့် ပြော၏။ တစ်ခါတုန်းကလည်း ဒီလိုဘဲ။ ဘယ်သူ့ကိုပါလိမ့်။ နန္ဒာ ညာခေါ်လာတာတဲ့။ သူကလည်း ကိုကို့ လို မဟုတ်ပါဘူးတဲ့။ သိပ် ဂမ်းနည်းစရာကောင်းတာပဲ ကိုကိုရဲ့ တဲ့။ ဘာပဲဖြစ်ဖြစ် ချစ်ချင်နေသော ကိုကိုကတော့

မခံချင်တစ်ဂက်၊ မကျေနပ်တစ်ချက်၊ ပိုင်ချင်တာတစ်ဘက်နှင့် ခပ်ကြမ်းကြမ်း ပွေ့ယူပြီနမ်းတော့ သူကလေးက ငိုပြန်သည်။ အဲဒီတုန်းကတော့ ဘယ်သူက ဘယ်သူ့ကိုမှ မနမ်းပါဘူးတဲ့။ စကားတွေဘဲပြောနေတာပဲတဲ့။ နမ်းစရာလည်း အကြောင်းမရှိတာတဲ့။ သည်လို ဆိုပြန်တော့လည်း ကိုကိုသည် ကျွဲခိုးပေါ်သော နမအငယ်ကို သနားကြင်နာစွာနှင့် အသာကလေး တစ်ဖန် နမ်းရပြန်၏။

ပြီးတော့ မျက်တောင်များစင်းလာသည့် သတို့သမီးကို ကြည့်ပြီး ရယ်မောမိပြန်သည်။ ပြီးတော့ မြန်န္တာ မမြင်အောင် သက်ပြင်းခိုးချပြီး 'ညော့သည်တွေမပြန်သေးဘူး နန္ဒာရဲ့။ မအိပ်ချင်ပါနဲ့ဦး' ဆိုတော့ ခေါင်းသာ အသာညိတ်ပြသေးသည်။

အင်္ဂလန်သို့မသွားချင် ရန်ကုန်မှာ လေးလလောက် နေကြဆဲ။ မြန်န္တာကတော့ ညစဉ် ခပ်မူးမူးဖြစ်နေသည်။ ညစဉ် ရှန်ပိန်ပုလင်း အိပ်ခန်းထဲသယ်လာသည်။ ကိုကိုက လန်ဒန်သွားဖို့အရေး ဆေးရုံသို့ပြေးရ၊ ရုံးပေါင်းစုံပြေးရနှင့်မို့ ညနေစာအမီ မနည်းပြန်ရ၏။ နှစ်ယောက်အတူ ညစာ စားလျှင် ကိုကိုကသာ ဒိုင်ခံစကားပြောရ၏။ ပြီးတော့ နန္ဒာက ရှန်ပိန်ပုလင်းကိုဖက်၊ ကိုကိုက နန္ဒာကိုဖက်ပြီး အိမ်ပေါ်တက်လာမြဲ။ သူကလေးက အိပ်ယာပေါ်မတက်ခင် ပီယာနို၌ ထိုင်မိလျှင် သီချင်းဖြစ်အောင် မတီး။ လေလွင်သော လက်များနှင့် ကြေကွဲဂမ်းနည်းသော အသံများကို တို့ လို့ နေတတ်လေသည်။

မောမောနှင့် အိပ်ရာထဲလှဲလျှင် တွေ့ရသည်မှာ မြန်န္တာ ပြင်ဆင်ထားသော နှင်းဆီပန်းစိုက်အိုးများက မင်္ဂလာအိပ်ခန်း တစ်ခန်းလုံး မွှေးကြိုင်နေစေ၏။ မြန်န္တာ ညော့ခန်းမှ အိပ်ခန်းတွင်းသို့ ရွှေ့ပြောင်းလာခဲ့သော ရေဒီယိုဂရမ်မှ တီးလုံးဓာတ်ပြားမှ သာယာငြိမ့်ညောင်းသော အသံများလည်း လှိုင်နေ၏။ သတို့သမီးကသာ သူ့ကို သတိရဟန်မတူဘဲ အနောက်တိုင်းသူ ထုံးစံအတိုင်း မှန်သားလို မမြင်ရ မကြည်လင်သေးသည်လည်း ပါးပါးလဲ့လဲ့ ရှိသော နိုင်လွန်ဇာနက် ညဂတ်အကျီရှည်ဖြင့် တဖန်ခွက်ပြီး တဖန်ခွက် ရှန်ပိန်ငုံ့ သောက်နေသည်။ ကြည့်လို့တော့ ကောင်းသားပဲဟု တွေးမိတတ်၏။ ရုပ်ရှင်ထဲမှာလိုဘဲ။

တစ်ညတလေတော့လည်း သူသည် သည်းမခံချင်တော့ပဲ မြန်န္တာရဲ့ ရေးသီချင်းကြီးများကို ရပ်ပစ်လိုက်ပြီး တီးလုံးကို ဖွင့်၏။ နန္ဒာ့ ဖန်ခွက်တိုင်းကို ခေါင်းချင်းတော့၍ ပါးချင်းကပ်ကာ လုသောက်၏။ ရှန်ပိန်များ ဖိတ်စင်ကုန်တတ်လေ၏။ မြန်န္တာ ရယ်မောလာပြီး သူတို့သည် နှစ်ဦးသဘောတူ ရယ်ကြပြန်၏။ ကိုကိုပါလာလျှင် ကော့တေး ကြမ်းကြမ်း သောက်မိတတ်ပြီး နှစ်ယောက်လုံး သိပ်မူးပစ်တတ်သည်။ နောက်ဆုံး နှစ်ယောက်သား ယိမ်းထိုးပြီးနေလျက်က က ကြသေး၏။ နောက်ဆုံး နှစ်ယောက်သား ရယ်ပြီးလျှင် ရယ်ရင်းနှင့် အိပ်ရာထဲ ပစ်လှဲမိလျှင် နမ မြန်န္တာသည် အမူးပြေသွားသလို မျက်လုံးများ ပြူးကျယ်လာပြီး ကိုကို့ ကို စိုက်ကြည့်ပြီး မျက်ရည်လျှံတတ်ပြန်သည်။

ပြီးတော့ မြန်မာကဗျာ ဖတ်ပြီး ငိုသည် တဲ့။

‘သွားစို့ကွယ်’ လို့
ငယ်ချစ်အလှ၊ ပြုံးရုက်မြနဲ့
နှုတ်ရွ ပန်းလျှ၊ သက်ပြင်းချနဲ့
သူ စခေါ်မှ၊ သတိရတတ်
နမနင့်ဂေး၊ ပြန်ပြောင်းတွေးမိ
နထွေးပွင့်ငုံ၊ နှုတ်ခမ်းစုံကို
ကြို့လျက်မနမ်း မွေးမိသည်။

‘သွားတော့မယ်’ လို့
ပြုံးလှယ်မြဲကို၊ မျက်ရည်စိုစွတ်
ရင်ဖိုလှိုက်မော၊ နှုတ်ခမ်းကိုက်ပြတ်
မိုက်မဲလွမ်းခက်၊ ဟန်မပျက်ပင်
နတ်ဆက်ထွက်သွား၊ မောင့်ကိုထားခဲ့
မေ့မှား မတားမြစ်မိသည်။

‘သွားတော့ပြီလား’
ဘယ်ဆီမှာလဲ၊ မဂေခွဲတတ်
သဲသွန်ရေပေါက်၊ ရှာဆဲပျောက်
မှူးနောက်ရမ္မက်၊ ပူပြင်းခက်လို့
နင်းရွက်ညှံ့သိ၊ အလှကြည့်ဆဲ
မြေညှိုနှံ့သက်၊ သဇင်ခက်နွမ်း

သူ့လက်ကြွေလွင့်၊ မဆုံးသင့်ဘဲ

ကြာလင့်တွေးဆ၊ မောင်နောက်ကျခဲ့

နမ အလျင်လိုတော့သည်။

ပြီးတော့ အိပ်မက် မက်ပြီး ငိုသည်တဲ့။

ရှိုက်ကြီးတငင် ငိုသံကြားလို့ တရေးနိုးရသည်။ မြနန္ဒာ အိပ်ပျော်လျက်က မျက်ရည်တွေ စီးကျလျှံဝေလို့ ငိုပြန်တော့ အလန့်တကြား လှုပ်နိုးရပြီး 'နန္ဒာဒါလင် နန္ဒာဒါလင်' လို့ ခေါ်မိရသည်။ ကိုကို့ နမက နိုးလာသော်လည်း မချုပ်တည်းဘဲ ငိုပြန်သည်။ ပွေ့ဖက်ထားတဲ့ ကိုကို့ရင်ခွင်ထဲမှာ မပျော့ခွေဘဲ တောင့်တင်းပြီး ချော့မရအောင် ငိုပြန်သည်။

'ဘာဖြစ်လို့လဲ ဒါလင် ရယ်။ ဘာများ ဂမ်းနည်းစရာ ရှိလို့လဲ' လို့ စိတ်ညစ်ညစ်နှင့် မေးတော့………..

'နှင်းဆီပွင့်ပါတဲ့ အိပ်မက် မက်လို့ပါ' တဲ့။ ဒီအိပ်မက် ခဏ ခဏ မက်တတ်တယ်တဲ့။

နန္ဒာ ဘာ အိပ်မက် မက်သလဲ။ ကိုကို မမေးတော့ပါဘူး။

မေးဘို့လည်း မလိုပါဘူး။ နန္ဒာသာ ညစဉ် အိပ်မက် မက်သူ ဖြစ်သည်။ အိပ်မက်များမှာ ခမ်းနားကြီးကျယ်လှသည်။ အရောင်စုံသည်။ အသေးစိတ် နနယ်သည်။ ဂီတသီချင်းများ အစ အဆုံး ကြားရတတ်သည် တဲ့။ ဂတ္တုတပုဒ် အစအဆုံး ဖတ်နေတတ်သည် တဲ့။ မမြင်ဖူးသောသူများ၊ မရောက်ဖူးသော ဒေသများ ပါလာသည် တဲ့။ မြနန္ဒာရဲ့ အိပ်မက်ထဲမှာ ကိုကို မပါတတ်တာ၊ အမြဲတမ်း မြနန္ဒာ တစ်ယောက်တည်း အားငယ်နေရတတ်တာတွေလည်း မမေးဘဲ ပြောပြတတ်သေးတော့ ကိုကို့နမဟာ ကိုယ့် ကိုသာ စိတ်ဝင်စားပြီး ကိုယ့်ဘက်ကသာ တွေးတတ်တယ်လို့ ထင်ရင်မှားသည်လားကွယ်။

အိပ်မက် ဒီလောက် မက်နေတာ စိတ္တဇ ဝေဒနာဖြစ်နေသလားမှ မသိတာ လို့ တစ်ခါ စတော့ မြနန္ဒာက စိတ်ဆိုးလှသည်တဲ့။

သို့ပေမည့် ဘယ် သတို့သမီးမှ ညားစမှာ သည်လောက် ကိုယ့်စိတ်နှင့် ကိုယ် ဗျာများမယ် မဟုတ်ပါဘူး။ မြနန္ဒာဟာ ကိုယ် ကို ချစ်လာနိုင်မယ့်သူမှ ဟုတ်ပါမလားဒ။ တစ်သက်လုံး စိတ်ကူးယဉ် မိုက်မှားခဲ့သူကလေးများလား။ ကိုကိုနဲ့ ယှဉ်တွဲရတဲ့ အိမ်ထောင်သည်ဘဝမှာ တာဝန် သိပါ့မလား။ ပီယာနိုတီး ဓာတ်ပြားဖွင့်၊ စာဖတ်ပြီး အိပ်မက်များနဲ့ နပမ်းလုံးနေမှာလား။ ကိုကို့ဘဝ၊ ကိုကို့အလုပ် ဆိုတာကိုရော သတိရတတ်ရဲ့လား။

ထိုသံသယများသည် အခွဲအစိတ်၌ ကျွမ်းကျင်လိမ္မာသော ဆရာဂန် လင်သည်ကိုကိုရဲ့ စိတ်မှာ အိမ်ထောင်ဦးလေးလ အတွင်းမှာပဲ ပီပီသသ ပေါ်ခဲ့သည်။ ညိုမောင်းသော ဆံပင် သရဖူနှင့် အေးဆေးကြည်လဲ့သော မြနန္ဒာရဲ့ မျက်လုံးများနှင့် ရင်ဆိုင်ရပြန်တော့ 'အို…. သည်ကလေးသဖွယ် လောကီကိစ္စ မလည်မဂယ်လှတဲ့ နမကလေးဟာ ကြီးရင့်လာမှာပဲ။ သိတတ်လာမှာပဲ။ စိတ်ကူးတို့ အိပ်မက်တို့ဆိုတာ လူ့လက်တွေ့ဘဂကို စိုးမိုးဖို့ မဟုတ်ဘူးဆိုတာ သိလာမှာဘဲ' ဟု ခွင့်လွှတ်ခြင်းနှင့် မျှော်တွေးရပြန်သည်။

ပြီးတော့ အိမ်ထောင်ဦး လေးလမှာ သူတို့ရဲ့ ဘဂကို တကယ် စတင်ရသည်မဟုတ်သေး။ ကိုကိုက ဆေးရုံကြီးမှာ သွားပြီး အလုပ် လုပ်နေလိုက်သေး၏။ အင်္ဂလန်သွားဖို့ ကိစ္စများမြောင် နောက်ကို လိုက်ရသေး၏။ စာတစ်ဘက် ဖတ်ရသေး၏။ လန်ဒန်ဆေးရုံ နှင့် သံကြိုး အပြန်အလှန် ရိုက်ရသေး၏။ စာ အပြန်အလှန် ရိုက်ရသေး၏။ ညနေစောင်းမှာ လက်နှိပ်စက်တစ်လုံးနှင့် အလုပ်များလှဆဲ။ မြနန္ဒာက အိပ်ခန်းထဲမှာ ပြင်သစ် အချစ်ဂတ္တုများ ဖတ်နေသည်။ ပါပါနှင့် ဆွေးနွေးဆဲ။ နန္ဒာက သူ့ကိစ္စ မပါသလိုနေမည်။ သူ့ မာမာနှင့် စကားများ စိတ်ကောက်နေမည်။ ထမင်းစားဖိတ်သော အိမ်များကို နစ်ယောက်တည်း သွားရောက် လည်ပတ်ရလျှင်တော့ သူတို့ လင်မယား တော်တော် ခင်မင်လာသည်။ မြနန္ဒာသည် ယဉ်ကျေးဖွယ်ရာ ဆက်ဆံတတ်သည်။ လူရှေ့မှာ ကိုကို့လက်မောင်းကို ခိုတွယ်လို့ နေတတ်သည်။

ရုပ်ရှင်မင်းသားနှင့် အိမ်ထောင်ကျသည့် တပည့်ဟောင်း ဆရာဂန်မတယောက်၏အိမ်မှာ ညစာ စားရတာကို သတိရ၏။ အိမ်ရှင်မက မြနန္ဒာ၏အလှကို တအံ့တသြ ချီးမွမ်းဆဲ။ သူ့ယောကျ်ား ရုပ်ရှင်မင်းသားက ဂီတအကြောင်း၊ ကဗျာအကြောင်း ပြော၏။ ရုပ်ရှင်မင်းသားရဲ့ မိတ်ဆွေတစ်ယောက်က လင်းထင်အကြောင်း ပြော၏။

အို…. နန္ဒာနဲ့ ခင်တာပေါ့။သူ့ကဗျာဆို အားလုံး ရတာပဲ။ သူ နောက်ဆုံးစပ်တဲ့ ကဗျာကတော့ လို့ ကိုကို့ နမက သိမ်မွေ့စွာ ပြောပြီး ကဗျာတပုဒ် ရွတ်ဆိုလိုက်၏။

စိတ်နွမ်းပါး၍

စကား ဟဟ ဆိုမရဘူး

ဂီတကဗျာ နားမသာဘူး

ပေစာဖတ်မွေ့ မပျော်မေ့ဘူး

တွေ့ချင်နေဆဲ မျှော်လင့်ရဲ့ဘူး

ခွဲခွာလွင့်ပါး ထွက်ခွာသွားရက်

ဆောင်းပါးစာခွေ ပို့လေမလား

စကားဖြောင့်စင်း သနားခြင်းနဲ့

ပြင်းပြအနာ စိတ်ဒဏ်ရာကို

ကြာနှုတ်မွေးထုံ နှုတ်ခမ်းငုံနှင့်

လမ်းကြုံလာလှည့် ဖြေပါဘိကွယ် (လမ်းကြုံတလှည့် နမ်းဖြေတကွယ်

သတိလွတ်ထွေ လျော့ခွေညှိုးပန်း

အိပ်ခန်းကိုယ်တည်း တ သ ညည်းသံ

သန်းယံအိပ်မက် မမက်ဘူးလား

မဖြားယောင်းရက် လွမ်းရခက်ခဲ့

ရော်ပျက်နွမ်းခွေ လေသက်မြေခ

ကြွေရွက်အတူ လူးတော့သည်။

ပြီးတော့ မြနန္ဒာသည် ပီယာနို၌ ထိုင်ကာ လေပွေမွှေသံ မိုးပေါက်ပြေးသံများပါသော မိုးဇတ်ရဲ့ နွေဦးတီးလုံးကို တီး၏။ 'ကိုကို ကရအောင်' လို့ စတင်ဖိတ်ကြား၏။ ထိုည ကကြသော ညှော်သည်တို့အလယ်မှာ မြနန္ဒာရဲ့ မျက်နှာကလေးဟာ အလှဆုံးသာမက အရွှင်လန်းဆုံးလည်း ဖြစ်သည်ကို တွေ့ရပြန်၏။ သည်တော့ ကိုကို့ နမကို ကိုကို နားမလည်သေးပါဘူးလို့ အိမ်အပြန် လမ်းတလျှောက်လုံး စိတ်ကူးဆဲ။

အိမ်ကျတော့ ခါတိုင်း ကိုကိုက မေးနေကျ စကား မြနန္ဒာက မေးလေသည်။

'ကိုကို့ ကို နန္ဒာ မချစ်ဘူးလား' တဲ့။

'ကိုကို နားမလည်ပါဘူး' လို့ မျက်မှောင်ကြုတ်မိလျှင် နန္ဒာက တစ်ချက်ရယ်ကာ 'ကိုကို့ ကို နန္ဒာ မချစ်ဘူးလားလို့ .... ကဲ' လို့ ထပ်ပြောပြန်၏။ နောက်အပတ် လန်ဒန်ရောက်ရင် ကိုကိုနဲ့ နန္ဒာ ပျော်မှာပါ။ နှစ်ယောက်တည်းရှိမှာပါ။ အိမ်အသစ်ဆောက်ရမှာ အသစ်မွေးရမှာလို့ ပြောသည်။

ဟုတ်သည်။ ကိုကိုနှင့် နန္ဒာ နှစ်ယောက်တည်း စတင်ကြဖို့ ကိုကို မျှော်လင့်ခဲ့သည်။ နန္ဒာနှင့် လက်မထပ်ရခင်က တွေ့ခဲ့ရသည့် အချစ်များစွာတို့ကို သတိမရတော့တာ နှုတ်မဆက်ချင်တော့တာ အမှန်ပင်။

လန်ဒန်၌ လေးနှစ်မျှ နေကြသောအချိန်မှာ လင်မယားနှစ်ယောက် အပျော်ရွှင်ဆုံး အချိန်လို့ ဆိုရမည်ပင်။ နန္ဒနှင့် ကိုကိုတို့ လက်ထဲမှာ ပါပါပို့သောငွေနှင့် အပူအပင်မရှိ လည်ပတ်ကြရ၏။ ရန်ကုန်မှာလို ခိုင်းစရာလူ တွေအလယ်မှာ မြန်န္ဒာ ေးမောနေလို့မရ။ ဘတ်စ်ကားပေါ်၊ မြေအောက်ရထားပေါ် တိုးဝှေ့ခုန်တက်သွားလာ ဈေးဝယ်ထွက်ကြရ၏။ ကို့ကို့ဆေးရုံနှင်းနီးသော ရပ်ကွက်မှာ အိမ်ခန်းငှားပြီး နေကြ၏။ နံနက်ခုနစ်နာရီ အမီ အလုပ်သွားရသော ကိုကိုစားမီအောင် မြန်န္ဒာစောစော ထတတ်လာသည်။ ခါတိုင်းဆိုလျှင် သန်းခေါင်သန်းလွဲ စာဖတ်နေတတ်ပြီး နေမြင့်မှ အိပ်ရာထမြဲ။ ခုတော့ နွားနို့ထကြိုရ၏။ ကြက်ဥ၊ ဝက်ပေါင်ခြောက်၊ ကြော်ရ၏။ ပေါင်မုန့်ကင်ကာ ထောပတ်သုတ်ရ၏။ ကိုကို နွားနို့နှင့် ပြောင်းဖူးခြောက်စားဆဲ။ နန္ဒာသည် လင်၏မျက်နှာကို တစိမ့်စိမ့်ကြည့်ကာ အံ့သြစရာတွေ တွေ့တတ်လေသည်။

ကိုကို အလောတကြီး စားသောက်လျှင် စိတ်ဆိုးတတ်၏။

အို သူကလဲ ဆေးရုံ ဘယ်ပြေးမှာလဲ။ ဂအောင်စားစမ်းပါဦး ဟု ဆိုတတ်၏။

ဒီနေ့ကိုကို ခွဲစိတ်ရမယ့်နေ့ နန္ဒာရဲ့။ ၆ နာရီခွဲလောက် ဦးအောင်ရောက်နေမှကောင်းတာ။ နန္ဒာကတော့ တစ်နေ့လုံးပျင်းနေမှာပဲနော်၊ စောစောပြန်လို့ရရင် ပြန်ခဲ့မယ်။

နေ့လယ် ဖုံးဆက်ဦးမလား လို့ နန္ဒာက ရှက်သလိုနှင့် မေးသေး၏။

အားရင်၊ သတိရရင် ဆက်မှာပေ့ါ ဒါလင်ရဲ့။ ဆေးရုံမှာ ဘယ်လောက် ပြေးလွှားလုပ်နေရတယ်ဆိုတာ ဒီကလေးမ မသိပါဘူး။

မဆက်ချင်နေပေ့ါ ဆိုပေမည့် ပြုံးချိုနေသည်။

ကိုကို စာကျက်ရပြန်လျှင် နန္ဒာ စားပွဲနားရစ်ဝဲနေတတ်သည်။ ပြီးတော့ သက်ပြင်းချ၍ စာတစ်အုပ်နှင့် အိပ်ရာပေါ် သွားနေပြန်သည်။ ကိုကို့ကို လှမ်းပြီး ေးမောကြည့်ကာ စကား စ, လိုက်၊ သူ့ဘာသာ ချုပ်တည်းလိုက်နှင့် နေပြန်သည်။ မြန်န္ဒာ တွယ်ငြိလေပြီ - အချစ်ဆိုတာ ဒါပဲ။ အိမ်ထောင်အဖြစ် အဖို, အမ တွဲဖက်နေထိုင်သောဘဝ။ သားသမီး ပွားစီးသောဘဝ။ သည်မှာသာ အချစ်ရှိသည်။

ပြီးတော့ မကြာခင်ပင် နန္ဒာရဲ့သား၊ ကိုကို့ရဲ့သားကို မွေးဖွားရတော့မည်။ ကိုကို အားသော ညများမှာ မြန်န္ဒာကို ခေါ်လို့မရတော့။ သိပ်မလည်ချင်တော့။ ပြဇာတ်နှင့် ဂီတပွဲရုံများကို ဆောင်းဦးပေါက်ရာသီမှာသာ သွားချင်တော့သည်။ ပီယာနို ခပ်လတ်လတ် တစ်လုံးကို ဈေးချိုချိုနှင့် ဝယ်လိုက်ပြီး ထိုင်တီးနေသည်သည်သာ များ၏။ နန္ဒာသည် သူမွေးရမည့်ကလေး၌ စိတ်ဝင်စားကာ ပြင်ဆင်နေသည်မို့ ကိုကို့ကို သိပ်မနှောင့်ယှက်တော့ချေ။ ကိုကိုလည်း ဆေးရုံ ညတာဝန်များ မလစ်ဟင်းလှတော့ချေ။ တစ်ခါတစ်လေ ညတာဝန်မရှိပဲ ဆေးရုံမှာ စာကျက်နေလိုက်သည်။ သူငယ်ချင်း လူပျိုဆရာဝန်များနှင့် ထွက်လည်မိသေးသည်။

ပြီးတော့ အနောက်နိုင်ငံဓလေ့ကို နစ်သက်သည်မှာ အမှန်မို့ သူသည် အနောက်နိုင်ငံဓလေ့အတိုင်း(ယခင်က နေဖူးသောဘဂအတိုင်း) စိတ်လိုသောညများမှာ အပြင်ထွက်နေပြန်သည်။ မယား မြနန္ဒာ ကတော့ မေးမြန်းစုံစမ်းတတ်သည်မဟုတ်။ သံသယ ဖြစ်တတ်သည်မဟုတ်။ ညပြန်မလာလျှင် ဆေးရုံတာဂန် ရှိလို့သာပဲ မှတ်လိုက်သည်။ ကိုကိုသည် ဘာမျှ အလေးအနက် မထားတာမှန်သည်မို့ မြနန္ဒာအပြင် ဘယ်သူမှ မချစ်လျှင် ပြီးသည်ထင်သည်မို့ ညစာကျွေးလို့ရသော နာ့စ်မလေးများ၊ လက်နိပ်စက် စာရေးမလေးများနှင့် ဆက်မိပြန်၏။ သူတို့အခန်းသို့ ညအိပ်ရောက်ပြန်၏။ ပြီးတော့ နန္ဒာကလည်း မွေးဖွားလုပြီပင်။

လူပျိုဆရာဂန်များနှင့် ပါရီသို့ ကူးလူးတတ်ပြန်သည်။ ပါရီဆိုသည်မှာ နံ့အ, တယ်ဆိုရမည့် မြနန္ဒာ အဖို့ အနုပညာဆိုတာ သတိရသော မြို့ပင်။ လုဗ် ပန်းချီပြတိုက်ကိုသာ သွားချင်၏။ ရှောန်ဆဲလီဆီး ကို လျှောက်ချင်၏။ ကလေးမွေးပြီးမှ ကိုကိုနှင့် လိုက်လည်မည်။ တစ်ခါတလေ ကလေးမမွေးခင်ပဲ လိုက်လည်တော့မည်ဟု ပူဆာလျှင် ကိုကိုက အတင်းထားခဲ့တတ်သည်။ သူငယ်ချင်းတွေပါမှာ ဒါလင်ရဲ့။ ဘယ်ကောင်းမလဲ။ ကိုကိုနဲ့ နစ်ယောက်တည်း သွားလို့ရမှ ခေါ်မှာ ကိုကိုသည် သာမန်ယောကျ်ားပီပီပင် မိန်းကလေးများစွာကို တစ်သက်လုံးညာခဲ့သည်ဖြစ်၍ နမ မြနန္ဒာကိုလည်း အလွယ်တကူညာလျက် ရှိသည်။ ဒါကို နောက်မှသိရသည့် နန္ဒက ခွင့်မလွှတ်နိုင်ခဲ့။

သို့ပေမည့် နန္ဒာနားလည်ဖို့ ကောင်းတာက နန္ဒာ က ကိုကိုလက်ထပ်ယူထားတဲ့ မယားပဲ ဆိုတာပင်တည်း။ ယောကျ်ားတစ်ယောက်၏ဘဂ၌ ကြောင်းခြင်းတ များစွာရှိမြဲဆိုတာ နန္ဒာမသိတာ၊ မယုံကြည်တာ၊ လက်မခံတာဟာ အဓိပ္ပါယ်မရှိ မသိသား ဆိုးရွား လှသည်လို့ ထင်၏။ လူ့လောကသည် ယောကျ်ားတို့၏ လောကဖြစ်တာကို ဘယ်သူမှ မငြင်းနိုင်။ ယောကျ်ားတစ်ယောက်သည် အတိုင်းမသိ လွတ်လပ်ခွင့် ရရှိလေသည်။ ကိုကိုသည် လောင်းကစားတတ်သူလည်းမဟုတ်။ ဖဲတောင် အိပ်ပျက်ခံ ရိုက်သူမဟုတ်။ သူ့မှာ အချိန် လည်းမရှိ။ ဂါသနာလည်း မရှိလို့ ဆိုကြပါစို့ ဆက်ဆံရသမျှ မိန်းကလေးတို့ကို ဂီစကီခွက်လဲနှင့် သောက်ရသလိုသာ အောက်မေ့သည်။ သောက်တုန်း မူးတုန်း ခဏပဲ မနက်ကျတော့လည်း ပြေသွားတာပဲ။ အရက်ကမှ လွန်လျှင် နောက်တစ်နေ့ ခေါင်းကိုက်နာ၊ အာရုံကြောနာ ကျန်ရစ်သေးသည်။ သူ ဘယ်အခန်းမှာ အိပ်အိပ် ၇နာရီ ဆေးရုံအမီ ထပြေးမြဲ၊ ခွဲစိတ်ရာ၌ စိတ်အားထက်သန်ခြင်းဖြင့် မျက်လုံးများ ပြောင်လက်မြဲ။ အားလုံးကို မေ့မြဲ။ ပြန်လည် သတိရလျှင် ကိုကို့ မြနန္ဒာကိုသာ ဖြစ်၏။

သားဦးကို မွေးတော့ သူ ပါရီမှာ ရောက်နေခဲ့သည်၊ ဆယ်ရက်စောမွေးတော့ ကိုကို အိမ်မှာ မရှိသည်နှင့် ကြုံနေတာပေါ့။ အဲဒီတုန်းက အီတာလျှံမလေးနှင့် သူပျော်ပွဲစားထွက်ပြီး ပြန်အရောက်မှာ စေးကရက်ဟတ်ဆေးရုံမှ ဖုံးဆက်၍ သံကြိုးစာဖတ်ပြသည်။ အယ်လီနာကို ကမန်းကတန်း တောင်းပန်ထားပစ်ကာ လန်ဒန်သို့ ပြန်ခဲ့ရ၏။ နမအလိမ္မာလေးက

'ကိုကို အလုပ်များနေရင် ဖြည်းဖြည်းမှ ပြန်ခဲ့ပေါ့၊ ရပါတယ်' လို့ ဆိုသေး၏။ ကိုကို့အဖို့ နန္ဒာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ မသိသလိုပဲ။ ပြီးတော့ နန္ဒာ့အပေါ် ကိုကို သစ္စာရှိနည်းကိုလည်း မသိသလိုပဲ။ ဒီတဒင်္ဂမှာ ကိုကိုဟာ မြန်နန္ဒာထံကို လူသတ်ရသတ်ရ မရအရ ပြန်ခဲ့မည်ဆိုတာကို မသိသလိုဘဲ။

နောက်နေ့မနက်မှာ ကမ္ဘာကျော် ပလတ်စတစ် ဆာဂျင်ကြီး ခွဲစိတ်မည်ကို ကူညီခွင့်ရတာလည်း သူလက်လွှတ်လိုက်တာ မြန်နန္ဒာက တန်ဖိုးထားသည်မဟုတ်။

သစ်ခွပန်းအရောင်မျိုးစုံကို တပွေ့ကြီးဂယ်သွားပြီး နန္ဒာရဲ့ ဖျော့တော့သွားသော မျက်နှာကလေးကို မွှေးနမ်းရတော့ ရင်ခွင်ထဲပွေ့ထားသည့် သားဦးလေး မျက်နှာကို ပါ နမ်းရပြန်သည်။ သားကလေးရဲ့ အနံ့ကတော့ ထုံးစံအတိုင်း ဒီအရွယ်မှာ ညှီတီတီပေါ့။

မြန်နန္ဒာက သားဦးကလေးနှင့် ရှုးနေသည်။ ကလေးနှစ်နှစ်ကျော် သုံးနှစ်အထိ အိမ်ထဲမှာ ကုပ်နေသည် လက်တွန်းလှည်းကလေးနှင့် လမ်းထိပ်လောက်ပဲ ထွက်သည်။ ကိုကိုနှင့် ညစာထွက်စားမြဲ မစားတော့။ မလိုက်ချင်တော့။ သာဦးကလေးကို ကလေးစောင့်မည့်သူနှင့် စိတ်မချ၊ မထားခဲ့ရက်။ နန္ဒာသည် သူစိတ်ဝင်စားသော ကိစ္စနှင့် နေပြန်ပြီ။ ကိုကိုတစ်ယောက်တည်း ညစာထွက်စားရသည်။ သည်တော့ ယောကျ်ားတစ်ယောက်တည်း ညစာထွက်စားသည်ဆိုသည်မှာ နောက်ဆက်တွဲ အကြောင်းခြင်းရာများ ပါလာမြဲ။ နန္ဒာသာ သည်ထက်ကြီးရင့်သော မိန်းမဖြစ်လျှင် ဆွေးနွေးဖို့ပင်ကောင်းသေး၏။

သို့သော်နန္ဒာသည် စိတ်ကူးယဉ်တတ်သော၊ အိပ်မက် မက်တတ်သော၊ လောကအကြောင်း နားမလည်သော မိန်းမငယ်သာဖြစ်၏။ ခေါင်းမာသူ ဆိုတော့ အသက်ဘယ်လိုရလာသလဲ။ သားသမီးဘယ်လောက်ရလာလဲ။ စိတ်ကူးယဉ်မြဲ။ အိပ်မက်မက်မြဲ ရှိသည်။ သူ့ဒုက္ခသူရှာမြဲရှိမည်။ ကိုကိုညာသမျှကို ယုံကြည် ပျော်ရွှင်နေတာကိုလည်း မဖျက်ဆီးလိုလှ။ တစ်နေ့မှာ သူသိတတ်နားလည်လာမည်လို့ မျှော်လင့်ချင်သည်။ ညာနေဖို့မလိုသော ကိုကို၊ မိန်းကလေးများကို ထည်လဲဖြင့် တွဲချင်သည်ကိုကို၊ ပြက်လုံးအဖြစ် ရယ်မောကာ ပြောဆိုနိုင်သော ဘဝကို ရလိုသည်။ လိင်စိတ်ဆိုတာ သည့်လူ့ဘဝ၌ အရေးကြီး၍ ယောကျ်ားတစ်ယောက်အဖို့ အလိုရှိလျှင် လွတ်လပ်စွာ အဓိပ္ပါယ်ဖော်နိုင်ခွင့် ရှိတယ်ဆိုတာ မြန်နန္ဒာ သိစေချင်သည်။ အဖိုဆိုသည်က သတ္တဗေဒ သဘောအရ ကိုယ်ဝန်ဆောင်ခြင်းမရှိ။ သားသမီးမွေးမြူ ကြီးပြင်းစေရခြင်းမရှိ။ အမဆိုသည်ကို တပ်မက်ချင်သလောက် တပ်မက်နိုင်၏။ လိုက်စားနိုင်၏။ အချစ်ဆိုသည်မှာ လင်နှင့်မယား မှာသာရှိ၍ ကိုကို့အချစ်သည် မြန်နန္ဒာ၌သာ ရှိသည်ဆိုတာကို နားလည်ကျေနပ်စေချင်သည်။ ပြီးတော့ အိမ်မှထွက်ခွာသွားသည့် တဒင်္ဂ၌ သူသည် တယောက်တည်း မွေးဖွားလာပြီး တစ်ယောက်တည်း သေရမည်ဖြစ်သော၊ ကိုယ့်ဘဝကိုယ် ပိုင်ဆိုင်သော လူပုဂ္ဂိုလ်တစ်ယောက်သာ ဖြစ်သည်ဆိုတဲ့ လွတ်လပ်ခွင့်ကို ပေးစေချင်၏။

ဒါနှင့် အိမ်နီးနားချင်း မစ္စမာတင်နှင့် နန္ဒာကို မိတ်ဆက်ပေးရ၏။ မစ္စမာတင်လို နန္ဒာ တွေးခေါ်တတ်လျှင် ဘယ်လောက်ကောင်းလိမ့်မလဲ။

သို့သော် နန္ဒာသည် ကိုကို ' မျက်နှာ ' များတတ်ဟန်ကို ရိပ်မိသိရှိလာရပြီးကတည်းက ခွင့်မလွှတ်နိုင်တော့။ ကိုကို ဆေးရုံမှ အိမ်သို့ အပြေးပြန်လာလည်း ရှိချင်မှ ရှိမည်။ သုံးနှစ်ကျော် သားကလေးကို လက်တွဲကာ ခြေဦးတည့်ရာ လျှောက်နေသည်တဲ့။ တစ်ညနေလုံး တရုပ်ပဲလဂါးပန်းခြံမှာ ထိုင်နေသည်တဲ့။ ရေပန်းနှင့် မီးရောင်ကို ကြည့်နေသည်တဲ့။ သားလေး အအေးမိမှာ ကိုကိုစိုးလှ၏။ သားလေး အိပ်ပျော်နေလျှင် တက္ကစီဖြင့်ပြန်လာသည်ကို လှမ်းယူပွေ့ချီရ၏။ နန္ဒာစိတ်ပင်ပန်းလှသည်ကိုလည်း သနား၏။ သဘောထားမမှန်သည်မို့ ကိုကို့တာဝန် မဟုတ်ဘူးထင်၏။

မြနန္ဒာသည် ကိုကို့ကို စေ့စေ့ငုငု မကြည့်တော့ပြန်ချေ။ နန္ဒာ ငေးမောနေသည့် အခါမျိုးမှာသာ ညိုညိုအေးအေး မျက်လုံးများကို တိတ်တခိုး မြင်ရ၏။ သို့မဟုတ် မျက်လွှာချသဖြင့် မို့တင်း တုန်ရီသော မျက်ခွံပြာလဲ့ကိုသာ မြင်ရ၏။ ဆုံးရှုံးသွားရသော သူကလေးက ကိုကို့အပေါ် ရင်းနှီး ပိုင်စိုးချင်သော အမူအရာလေးကိုလည်း နမြော တသ နေရ၏။

ပြီးတော့ပြောရက်သည်မှာ " ကိုကိုဟာ မိန်းမလိုက်စားသူသာ ဖြစ်ပါတယ်နော် " တဲ့။ "မုဒိမ်းကောင်တော့ မဟုတ်ပါဘူးနော် " တဲ့။ ရုပ်ရည်နှင့်မလိုက်အောင် ရက်စက်ဆိုးရွားလှသည့် မြနန္ဒာ။ ကိုယ့်မယားကိုယ် ချစ်ချင်တာတောင် မုဒိမ်းကောင် ဖြစ်ရမည်တဲ့။ ကိုကိုက ရန်ဖြစ်ချင်၏။ မြနန္ဒာက တခွန်းကောင်း အနိုင်ယူ ပြောကာ လွတ်ကင်းဝေးလံရာမှာ တိတ်ဆိတ်စွာ နေတတ်သည်။ ပြဿနာကို သည်လိုရင်မဆိုင်ပုံ့လို့ ဖြစ်မည်လား။ ပြေးရှောင်လို့ လွယ်မည်လား။ ကိုကို ရှင်းလင်းပြောပြချင်လှ၏။ အချစ်ဆိုတာ အိမ်ထောင်မှာ၊ လင်မယားမှာ သားသမီးမှာသာ ရှိသည် ဆိုတာ။ အဲဒါရဲ့ အပြင်ပက ကိစ္စတွေမှန်သမျှဟာ တံတားအောက်၌ ဖြတ်စီးသွားသော ရေပမာသာ ဖြစ်သည်ဆိုတာ။ တစ်နေ့တော့ မြနန္ဒာ စိတ်ထားမှန်လာလိမ့်မည်။ နားလည်လာလိမ့်မည်။ စင်စစ်တော့လည်း ခွင့်လွှတ်စရာမရှိတာကို သိလာလိမ့်မည်။

" နန္ဒာ နည်းနည်း ပိန်သွားပါလား" ဟု တယုတယ မေးရ၏။

"ထင်လို့ပါ" ဟု မျက်လွှာချမြဲ ဖြေတတ်သည်။

"ကိုကို ဆေးထိုးပေးဦးမယ်လေ၊ စားမကောင်းဘူးလား၊ အိပ်မက်တွေ မက်သေးလား၊ နန္ဒာက သိပ်အစွဲ အလန်းကြီးတာကိုး"

နန္ဒာ့မျက်တောင်များ၌ တွဲဥလာသော မျက်ရည်များကို လက်ကိုင်ပုဝါဖြင့် အသာသုတ်ရင်း 'ဒါလင်က ကလေးလိုပါပဲလား ' ဟု သနားရပြန်၏။ ပြီးတော့ ညစဉ်မှန်မှန်ပြန်ဖို့ ဆုံးဖြတ်လိုက်၏။

ပြန်လာသည့်အခါ နန္ဒာ မရှိလည်း စိတ်ရှည်လက်ရှည် စောင့်၏။ နန္ဒာ စည်သွတ်ဘူးများနှင့်သာ ပြီးစလွယ် စားနေသည်ကို သိပြီး လမ်းထိပ်မှ ကြက်ကြော်များ၊ ငါးကြော်နှင့် အာလူးကြော်များ ဝယ်လာဖို့ သတိရတတ်ပြန်၏။ တစ်ခါတစ်ရံ နန္ဒာ အပြင်သို့ မထွက်မီ မှီအောင်ပြန်လာပြီး ကလေးနှင့် မီးရထားတွဲဆင်ကာ ကစားနေကြလျှင်တော့ နန္ဒာသည် အိပ်ခန်းတွင်းမှာသာ ဝင်နေကာ ထိုညနေအဖို့ လမ်းမထွက်တော့ချေ။ သားနှင့် အိမ်ဆောက်တမ်းကစားရ၏။ စက်ဘီး ဂက်အူချောင်သည်ကို ကြပ်ပေးရ၏။ နန္ဒာ့မျက်နှာ ကြည်လင်လာတတ်၏။

သည်လိုဖြင့် လန်ဒန်၌ စာသင်အလုပ်ဝင်လုပ်သည့်စခန်း ပြီးဆုံးသွားသော် ပါပါက ပါရီသို့ ပြောင်း၍ ပလတ်စတစ်ခွဲစိတ် ကုသခြင်းကို သင်စေချင်ပြန်သည်။ သမီးမြနန္ဒာလည်း ပြင်သစ်စကားကို ပြင်သစ်သံဖြင့် ပြောနိုင်အောင်ထင်ပါရဲ့။

'နန္ဒာ လန်ဒန်မှာ နေခဲ့နိုင်သားပဲ' လို့ ကိုကို့နမက အေးစက်စက်ပြောလေ၏။

'ဒါပေမဲ့ ကိုကိုက မထားခဲ့နိုင်ဘူး ဒါလင်' ရဲ့လို့ဆိုတော့ ပျော့ပျောင်းလာမည် ထင်သလား။ သူပြောလိုရာ ကိုသာ ပြောတတ်သည်။

'တစ်လ ပေါင် ၄၀ လောက်နဲ့ နေလို့ရပါတယ်။ နန္ဒာ အရောင်းစာရေးမ လုပ်မှာပါ။ စာကြည့်တိုက်မှူး သင်တန်းပဲ တက်ရင်ကောင်းမလား။ လက်နှိပ်စက် လက်ရေးတို သင်ရင်ကောင်းမလား'

'ဒါလင် ဘာတွေပြောနေတာလဲ'

'ကိုကိုချစ်တဲ့သူတစ်ယောက်ယောက်နဲ့သာ ယူလိုက်ပါတော့' တဲ့။

ကိုကိုချစ်တာ မြနန္ဒာပဲ။

ဒါကို သူမသိဘူးလား။ ကိုကို နန္ဒာ့ကို ချစ်တာအပြင် ဘာတွေသတိရစရာ လိုသေးလို့လဲ။ နန္ဒာဟာ ဆန်းပြားသူ တစ်ယောက်လားမသိ။ သူဖတ်သော စာများကလည်း ကိုကိုနှင့် မအပ်စပ်သော စာများပင်။ ကိုကို မတတ်သော ပြင်သစ်စာအုပ်၊ ဂျာမန် စာအုပ်တွေကလည်း ဘီရိုဖြင့်အပြည့်။ ကိုကို နားထောင်ဖို့ ပျင်းရိသော ရေးသီချင်းကြီးများကို တီးမှုတ်နားထောင် တတ်ပြန်သည်။ နန္ဒာ ကြိုက်သော ပြဇာတ်၊ ရုပ်ရှင်ကအစ လေးလေးပင်ပင်ကြီးများဖြစ်သည်လို့ ဆိုရမလား။ လူ့ဘဝကို အလေးအနက် ထားလွန်းသည်။ အစွဲအလန်း ပြင်းထန်လွန်းသည်။

တကယ်တော့ လူ့ဘဝဆိုတာ ခွဲစိတ်ခုံပေါ်၌သာ ရှိသည်ဆိုတာကို နန္ဒာသိမည်မဟုတ်။ ခွဲစိတ်ခန်းတွင်းသို့ ကိုယ်လုံးတီးဝင်ရောက်လာကြကာ အကြိုမေ့ဆေး၊ ထုံဆေးတို့ဖြင့် သတိလစ်လျက် ဘာမျှအဖိုးမတန်သော မိမွေးတိုင်း ကိုယ်စိတ်တို့ ဖြင့် အဖြူဂတ်ပိုင်း ခဏဖုံးလွှမ်း ဝင်ရောက်လာကြသော သေလွယ်သလောက် သေခဲ၍ ရှင်လွယ်သလောက် ရှင်ခဲသော၊ သို့မဟုတ် သေသည် ရှင်သည် ဟူသော ကိစ္စသည် ဖြစ်ချင်သလို ဖြစ်နေသော လူသတ္တဝါအဖို့

တကယ်အရေးကြတော့ ပီယာနိုနှင့် ဓာတ်ပြားတီးလုံးသည် ရိုမီယိုနှင့် ဂျူလီယက်ပြဇာတ်သည် ရယ်စရာ အပရိက ပစ္စည်းမျှသာဆိုတာ မြန္နာရိပ်မိမည် မဟုတ်။ ရိပ်မိအောင်လည်း မကြံရွယ်။ ရေခဲသေတ္တာထဲ၌ ထည့်ထားမှ တန်ဖိုးအာနိသင် တည်မြဲသော ဝိုင်ယိုပင်ပေါ် ပင်နီစလင်အဖိုးတန် တမျိုးကို ဆေးရုံက ပစ္စည်းမို့ ရွံသည်ဆိုပြီး ဘီရိုထဲ ထည့်ထားသတဲ့။ အားလုံးပစ်ရကုန်သည်။ ဆေးရုံကိုလည်း ဘယ်တော့မျှ မလာချင် မဝင်ချင်။ ဆေးရုံတွင်းက လေကို ရှူရတာ ရွံသည်တဲ့။ ဆေးရုံက ပြန်လာသော ကိုကို့အနံ့ကအစ နံသည်----တဲ့။

'ပါရီကို နန္ဒာနဲ့ သားမပါပဲ ကိုကို ဘယ့်နယ်လုပ် သွားမှာလဲ။ ကိုကို သေရင်တော့ ထားခဲ့ရမှာပေါ့' ဟု ပြောမိ၏။ ပြီးတော့ သနားကြင်နာခြင်းများဖြင့် 'ကိုကို မှားတယ်လို့တော့ မထင်ပါဘူး။ ဒါပေမဲ့ ကိုကိုကပဲ အပြစ်တင်ခံပါ့မယ်။ ဒါလင် စိတ်မချမ်းမသာ မဖြစ်စေရပါဘူး' ။ သို့ပေမည့် စိတ်တွင်းက ဆက်ပြောသည်မှာတော့ 'နန္ဒာ ဘာမှ မရိပ်မိစေရပါဘူး၊ မသိစေရပါဘူး'

ကိုကို နမမြန္နာသည် ကိုကိုသိသည်ပေါ့။ အင်မတန် အတွေ့အကြုံနည်းပါး၍ စာအုပ်က ဆိုသမျှ အဟုတ်မှတ်သည့် မြန္နာသည် ဖြုန်းခနဲထလာပြီး ကိုကို့ရင်ခွင်သို့ တိုးဝင်သည်။ နန္ဒာရဲ့ မွေးကြိုင်ညှိမောင်း ဆံပင်များထဲ မျက်နှာအပ်ရင်း၊ ပန်းနုရောင်ဆိုးပြီး ပြောင်လက်ချောမွတ်သည့် လက်ချောင်းများကို ဆုပ်ကိုင်ရင်း၊ ရှားနဲလ် ရေမွှေးသင်းမြသည့် နားရွက် နားထင်စ ကလေးများကို နှုတ်ခမ်းဖြင့် ပွတ်တိုက်ရင်း တစ်လ ပေါင် ၄၇ ဖြင့် နေမည်ဆိုတာ သတိရကာ ပြုံးရယ်ပြီး နမ်းရပြန်၏။ 'နန္ဒာ ရှန်ပိန်လိုသေးလား' လို့ သူက နားလည်ခွင့်လွှတ်ခြင်းဖြင့် မေးလိုက်လျှင်တော့ ကိုကို့နမသည် မျက်တောင်များ ကော့ဖြူးကာ မျက်လုံးအေးအေးညို့ညို့ဖြင့် ပြုံးကျယ်ကြည့်ပြီး အားနာဟန်နှင့် 'သူကလဲ' ဟု ဆိုလေသည်။

ပြင်သစ်ပြည်သို့ ပြောင်းရွှေ့ နေထိုင်ကြသည့်အခါ ဟန်းနီးမွန်းထွက်သလို အောက်မေ့ရသည်။ ကိုကိုသည် သူပြောခဲ့သည့်အတိုင်းပင် သူမှားသည်လို့ တော့ထင်သည်မဟုတ်။ မြန္နာ စိတ်ချမ်းသာအောင်တော့ သူတတ်နိုင်သမျှ ပြုမည်လို့ ရည်စူး၏။ ထို့ကြောင့် ညနေတိုင်း အိမ်ပြန်လာသည်။ ညတာဝန် ကျပြီးနောက် တစ်နေ့အားသော နေ့များကတော့ ကိုကို၏ ကိုယ်ပိုင်နေ့များ ဖြစ်သည်။ မြန္နာကို ဘာမျှပြောပြနေစရာ မလိုပဲ သူပျော်ရွှင်သလို နေနိုင်သော နေ့များဖြစ်သည်။ ထို့ကြောင့် နှုတ်သီးကလေး တစူစူဖြင့် ညုတုတုပြောတတ်သော ပါရီသူကလေးများနှင့် ချစ်ချင်သည့်အခါ ချစ်ခွင့်ကို ရသည်။

တစ်ညနေမှာ လုပ်ပြတိုက်ဘက်ကို သတိမထားမိပဲ ရောက်မိ၏။ သည်လမ်းတလျှောက်မှာ မြန္နာ သွားတတ်တာကို မေ့သွားသည်။ နန္ဒာက သားကို ပန်းချီဆရာ ဖြစ်စေချင်သည်မို့ ထင်ရဲ့ ပန်းချီပြတိုက်သို့ မကြာခဏ သွားပြတတ်၏။ ကိုကိုက ဆေးရုံညွှန်ခံရေးဘက်မှ ပြင်သစ်သူတစ်ယောက်နှင့် ထွက်လာမိတုန်းကပေါ့။ စောစော လှမ်းလှမ်းကပင် နန္ဒာ့ကို သူမြင်လိုက်၏။ နန္ဒာ လမ်းမအလယ်မှာ ကွွဲနွေမရ ဖြစ်မည်ကို သူစိုးလှ၏။ ရှက်စရာတွေဖြစ်မှာကို

စိုးလှ၏။  မျက်နှာချင်းဆိုင် တွေ့ကြတော့မည်ကို ရှောင်ဖယ်လို့လည်းမရ။ ရက်စက်ချင်လို့တော့မဟုတ်။ နန္ဒာမျက်နှာမှ လွှဲ၍ ရအောင် လုပ်မိလုပ်ရာ ပွေ့ဖက်ထားသည့် ပြင်သစ်သူကိုလည်း မျက်နှာချင်း အပ်မတတ် ငုံ့ကြည့်တာ ရယ်မောစကားပြောနေလိုက်၏။ နန္ဒာ သူ့ကို မြင်မှာပါပဲ။ လွန်သွားမှ ပြန်လှည့်ကြည့်သော်  နန္ဒာသည် သားငယ်ကို လက်ဆွဲ၍ လမ်းတလျှောက်လုံး ပြေးသွားသည်ကို မြင်လိုက်၏။ နန္ဒာရဲ့ ဆံပင်သည် လျောပြေ၍ လွင့်ပါး၏။ နန္ဒာ့ ခေါင်းစီးပုဝါ စိမ်းပြာနုကလေးသည် လွင့်ပါးကာ လမ်းမ၌ လျောတိုက် ပြေးနေသေး၏။ နှုတ်ခမ်းမွေးဖြူဖြူနှင့် အဖိုးကြီးတစ်ယောက်က ကောက်ပြီး ဘယ်သူ့ပေးရမည် မသိဖြစ်ကာ ပိုင်ရှင်ကို ဟိုရှာသည်ရှာ ရှာနေသည်။ ကိုကို သွားတောင်းလိုက်မည် စိတ်ကူး၏။ သို့သော် လမ်းမတလျှောက်၌ ပြေးထွက်သွားသော မြနန္ဒာဟာ ကိုကို့မိန်းမပါဆိုတာ ယုံမည်လား။ကိုကို့ရင်ခွင်ထဲက ပြင်သစ်သူကလေးကိုလည်း နားမလည်သလို ကြည့်ဦးမည်။ လောလောဆယ်မှာတော့ အခြေအနေသည် ရယ်စရာကြီးပင်။ ခုလမ်းပေါ်မှာတော့ နန္ဒာနှင့် ကိုကိုသည် တစိမ်းပြင်ပြင်မှုပင်။ သားကလေးကကော ဖေ့ဖေ့ မြင်သည်လား။

သားကလေးကပါ မြင်သည်ဆိုလျှင် တစ်သက်လုံး မမေ့ပျောက်နိုင်သော ပုံလွှာအဖြစ် သား၏ကလေး ဘဝမှာ စွန်းထင်း နေရစ်မည်လား။ သားဟာ ဖေဖေ့ကို ကြည်ညိုပါတော့မည်လား။ နန္ဒာကကော သားနှင့် ဖအေကို ရန်လိုစေမည်လား။

ကိုကိုသည် လမ်းမလယ်၌ရပ်ကာ ကျပ်ကျပ်ပွေ့ဖက်ထားသော လက်များကို လွှတ်လိုက်ရာ လက်မောင်းများကြားက မိန်းကလေးပင် ယိမ်းယိုင်သွားပြီး ဒေါ်ကလေးဖြင့် 'ဘာဖြစ်တာလဲ' မေးသည်ကို ခံရ၏။ ကိုကိုသည် ရင်တွင်း၌ နာကျင်လာပြီး စောစောက ပျော်ရွှင်နေတာတွေ ပျောက်သွားပြီး ကလေးမကိုသာ တောင်းပန်ရ၏။ ကလေးမ ဘာပြန်ပြောသည်၊ ရန်တွေ့သည်ကို သူမကြားတော့။ နားမလည်တော့။ မြနန္ဒာကို သူနာကျည်းစေခဲ့သည် ဆိုတာသာ ဂမ်းနည်းနေပြီး၊ လမ်းမပေါ်တွင် ကလေးမကို ထားခဲ့ပြီး မြနန္ဒာ ပြေးသွားရာသို့ လိုက်ခဲ့၏။ သို့သော် မီအောင်လည်း သူပြေးလိုက်သည်မဟုတ်။ နန္ဒာ အိမ်ပြန်မှာပဲ ထင်ပါရဲ့။ လမ်းချိုးအကွေ့၌ မြနန္ဒာတို့သားအမိ ကွယ်ပျောက်သွားသည်ကို ခဏကြည့်နေပြီး အိမ်ဘက်သို့ မလိုက်တော့ဘဲ သန်းခေါင်ကျော်အထိ ခြေဦးတည့်ရာ လျှောက်နေခဲ့သည်။

အကောင်းဆုံးကတော့ ဆေးရုံကို ပြန်တာပဲ ဖြစ်သည်။ ဆေးရုံသည်သာ သူ့စိတ်ချမ်းသာခြင်းကို ပေးနိုင်သည်။ အလုပ်ခွင်၌ တစ်ဘဝလုံး နစ်နေရတာသာ အကောင်းဆုံး ဖြစ်သည်။

မြနန္ဒာနှင့် ဘာလို့ တွေ့ရတာပါလိမ့်။ မြနန္ဒာသာ လောကမှာ မမွေးဖွားခဲ့ဘူးဆိုလျှင် ဘယ်လောက်ကောင်းလိုက်မလဲ။ ဘယ်သူ့ကိုမှ ယူဖြစ်မည်မဟုတ်။ အလုပ်နှင့် ဆေးစာအုပ်သာ သူ့အဖို့ အရေးကြီးကာ အားလပ်သော အချိန်များ၌ အဆင်သင့်သလို အတွယ်အငြိမရှိ အနားယူနိုင်လိမ့်မည်။

ကိုကိုဟာ သားနှင့် မယားနှင့် နေဖို့ကောင်းသူမဟုတ်ပါဘူး။ လက်ထပ်ခြင်းဆိုတဲ့ အနှောင်အဖွဲ့နဲ့ သင့်မြတ်သူ မဟုတ်ပါဘူး

တစ်ဖန် စဉ်းစားပြန်တော့ ဘယ်ယောက်ျားဟာကော ထိုအနှောင်အဖွဲ့ကို ဂမ်းသာအားရ သိသိမှတ်မှတ် လက်ခံမှာလဲ။

သူသည် ဆေးရုံမှ တယ်လီဖုန်းဖြင့် မြနန္ဒာသို့ ဆက်လိုက်၏။ 'ကိုကို ဆေးရုံမှာ သုံးလေးရက် ဆက်ပြီး အလုပ်လုပ်လိုက်ဦးမယ်။ ညပါ မပြန်နိုင်တော့ဘူး။ ဒါလင်နေပုံတယ် မဟုတ်လား။ သားကိုလဲ ပြောလိုက်ပါဦး ဖေဖေက သတိရနေမှာပါလို့။ ဖေဖေက အများကြီး နမ်းလိုက်တယ်လို့'

'ဟုတ်ကဲ့ကိုကို' ဟု အေးဆေးတိုးတိတ်စွာ ဖြေသံကို ကြားရ၏။

'ပြီးတော့ နန္ဒာ'

'ဟုတ်ကဲ့ကိုကို'

'နန္ဒာတစ်ယောက်တည်း ကိုကိုချစ်တာ'

မြနန္ဒာသည် ဘာမျှပြန်မပြောဘဲ တယ်လီဖုန်းကို ချလိုက်သည်။ ပါရီ၌နေကြသော နှစ်နှစ်လောက်မှာ မြနန္ဒာသည် အရူးပမာ ဖြစ်နေ၏။ မလိုပါဘဲဖြင့် စိတ်ဆင်းရဲကို ရှာသော မြနန္ဒာလေး။ အိပ်ရာထဲ၌ နန္ဒာကို ချစ်သနားခြင်းဖြင့် မျက်နှာချင်းအပ်နေဆဲ ဖြုန်းခနဲ မပြောမဆို ထထိုင်၍ ကိုကို့ပါးကို ဖြန်းခနဲ ရိုက်တတ်သည်။ ရုတ်တရက်မို့ တွန်းလိုက်မိလျှင် ရယ်မောသည့်အခါ ရယ်မော၍ ငိုယိုသည့်အခါ ငိုယိုနေ၏။ သိပ်မွေ့အေးဆေးသော န ဂိုအကျင့်ကို သိပ်မမြင်တော့။ ရေပြင်ဂယက်ရိုက်သလို မနာလိုစိတ်တွေ၊ နာကျည်းစိတ်တွေ နန္ဒာ့ဘဝကို လွှမ်းမိုးနေပြန်၏။ နန္ဒာမသိဘူးလား။ သည်လိုဖြစ်ဖို့ မလိုဘူးဆိုတာ ကိုကို့အဖို့ နန္ဒာသာ အရေးကြီးတယ်ဆိုတာ။ တစ်ခါတရံတော့လည်း နန္ဒာသည် အလွန်တိတ်ဆိတ်သော ရန်ဖြစ်ခြင်းမျိုးနှင့် နေပြန်၏။ ကိုကို၏ မမြင်ကွယ်ရာ၌ ရှောင်နေပြန်၏။ နန္ဒာ့အသံကို ကြားချင်လို့မှ မကြားရပြန်ချေ။ ခြေသံတောင်မမြည်အောင် လျှောက်လေသလားမသိ။ သားကိုပင် ကိုကိုရှိလျှင် အရောဂင်ခြင်းမပြု။ ကိုကိုက သည်လိုအချိန်မျိုးမှာ ဆေးစာအုပ်များနှင့်သာ နေပြန်လျှင် နန္ဒာသည် ဖြုန်းခနဲ ထလာတတ်ပြီး ကိုကို့ရဲ့ ဆံပင်သန်မာ ထူထဲသော ခေါင်းကို ရင်ခွင်ထဲ ပွေ့ယူကာ 'ကိုကို့ကို နန္ဒာ ဘယ်လောက်ချစ်သလဲ' လို့ သူ့ဘာသာ မေးလေသလား ဖြေလေသလားမသိ ထူးဆန်းသော စကားကိုဆိုတတ်သည်။

'နန္ဒာရူးသွားရင် ဒီတိုင်းတော့ ကြည့်မနေနဲ့နော်။ နန္ဒာရှက်တယ်။ မော်ဖီးယားအများကြီးထိုးပြီး အိပ်ခိုင်းလိုက်ပါ' တဲ့။ ရယ်ဟာဟာဖြင့် ပြောသေး၏။

ခဏကြာလျှင် သတိရလာပြန်ပြီး 'ခု--- မရူးခင်ကော မလုပ်ပေးနိုင်ဘူးလား'

ပြီးတော့ နေ့စဉ် သတင်းစာထဲမှာ အက်ဖယ်မျော်စင်ပေါ်က ခုန်ချသေသူ။ လျှပ်စစ်ရထားပေါ် ခုန်လွှဲပစ်ချပြီး သေသူတို့ သတင်းကို ထပ်တလဲလဲ ဖတ်တတ်၏။ 'ရုပ်ပျက် ဆင်းပျက်ကြီးနော် ကိုကို။ ရှက်စရာကြီး။ လူတွေကြည့်မှာ' လို့ပြောတတ်၏။ 'မိုက်လိုက်တာ။ အိပ်ဆေးသောက်ပါလား' လို့ အကြံပေးချင်ပြန်၏။

ကိုကိုသည် အိပ်ဆေးပုလင်းများ ကုန်သလောက် ရှိနေသည်ကို အံ့သြစွာ တွေ့ရ၏။ 'နန္ဒာ သောက်ပစ်နေတာလား' လျှင် 'အိပ်လို့မှမပျော်ဘဲ' ဟု ဖြေ၏။ အိပ်ဆေးပုလင်းများ သူသိမ်းဆည်းလျှင် နန္ဒာက ခေါင်းကို နောက်ပစ်၍ ခပ်တိုးတိုးပင် ရယ်မောလိုက်ကာ 'သားလေး ငယ်သေးတယ်ကိုကိုရဲ့' ဟု ပြောတတ်လေ၏။

ကိုကိုရဲ့ ပလပ်စတစ် ခွဲစိတ် ကုသခြင်းပညာ ပထမပိုင်း ပြီးဆုံးသွားပြီး၊ နောက်ထပ် တစ်နှစ်မျှ ဆက်သင်ချင်သေး၏။ သို့သော် ပါရီ၌ ဆက်မနေချင်တော့။ မြနန္ဒာသည် အစွဲအလန်းကြီးသူ ဖြစ်သည်။ လုဗ်ပြတိုက်သို့ လုံးဝမသွားတော့ချေ။ 'အဲဒီလမ်းကို မလျှောက်ချင်လို့' ဟု ဖြေတတ်လေသည်။ ပါရီမှာ သူနေချင်တော့သည်လည်းမဟုတ်။ ပါရီကို နန္ဒာမုန်းပြီတဲ့။ မိန်းမပေါသော၊ အချစ်ပေါသောမြို့ဟု ခေါ်သေး၏။

'နန္ဒာကော ဆံပင်တွေ ဖြတ်ပစ်ပြီး ဂါဂန်တိုလေးဝတ်ပြီး စိမ်းမြစ်ကမ်းပါး လျှောက်ကြည့်ချင်လိုက်တာ။ အဲဒီလိုဆို အချစ်များစွာနဲ့ တွေ့မယ်လားကိုကို။ ဒါမှမဟုတ် ကိုကို့အချစ်ကို ရမယ်လား' လို့ ရယ်မောနောက်ပြောင်လိုက်သေး၏။ သို့သော် နှုတ်ခမ်းထောင့်များ မဲ့ကာ တုန်ရီနေသည်။

'မမိုက်ချင်စမ်းပါနဲ့ နန္ဒာရယ်' လို့ ဆိုလျှင်

'နန္ဒာ့ကို မိုက်ချင်တယ်ပဲ ပြောကြတာပဲနော်။ နန္ဒာကဖြင့် ဘာမှမလုပ်ရဘဲနဲ့။ သူများလုပ်သမျှသာ နန္ဒာ ခံရပြီးတော့' ဟု ကလေးလို ငိုတတ်သည်။

ထို့ကြောင့် ပလပ်စတစ်ပညာကို ပထမပိုင်းနှင့်ပင် ကျေနပ်ရပြီး သူတို့ ဂျာမဏီသို့ ပြောင်းကြ၏။ ကလေးသူငယ် ခွဲစိတ်မှုအတွက် နှစ်နှစ် သင်ချင်သေး၏။

သဘောတူမြဲ။ ငွေပို့မြဲ ပါပါတို့က လက်ဝတ်ရတနာများပါ ထုခွဲရောင်းချစားဖို့ ပို့ပြန်၏။ မြနန္ဒာနှင့် သူ့မိဘတို့ စာရှည်များ အပြန်အလှန် ရေးဟန်လည်းရှိသည်။ ကိုကို့ အကြောင်းကို တိုင်လေသလားမသိ။ သူ့မိဘကတော့ နားလည်လိမ့်မည်။ အထူးသဖြင့် ပါပါက နားလည်လိမ့်မည်။ လူ့ဘဝ၌ တစ်ခါမျှသာ ငယ်ရွယ်နုပျိုရသည်ဆိုတာ။

ဂျာမဏီ၌ နန္ဒာ လူ့ဘဝမှာ အေးချမ်းစွာ နေတတ်လာသည်ကို နှစ်လိုဖွယ် တွေ့ရသည်။

မနက်မိုးလင်းလျှင် ကိုကို ဆေးရုံသွားသည်ကို အပေါက်ဝအထိ လိုက်ပို့၏။ သားကျောင်းသွားချိန်မှာ ကျောင်းအထိ လိုက်ပို့ပြန်၏။ ပြီးတော့ တစ်ယောက်တည်းကျန်လျှင် ပီယာနို တီး၍နေ၏။ ဂရင်းပီယာနိုကြီးတစ်လုံး ဝယ်ထား၏။ သီချင်းကြီးများစွာ တက်၏။ ရှေးသီချင်း ဓာတ်ပြားများစွာ ဝယ်၏။

'မြန်မာ သီချင်းတွေကို သင်္ကေတနဲ့ ရေးထားလို့ ဝယ်လာတယ်။ ကြည့်ပါဦး ကိုကိုရဲ့' ဟု လာပြတတ်၏။ ပြီးတော့ စမ်းသပ်တီးခတ်နေတတ်သည်။

မြန်မာကဗျာကို ဖတ်လို့တော့ မငိုတော့ပြီ။ ကြီးကြားရောက်လာသော မြန်မာမဂ္ဂဇင်းများဆို ဖတ်၍ ကြိုက်တတ်သောကဗျာကို ပီယာနို၌ အသံသွင်းသည်တဲ့။

ကြင်သူဝေး၍

တွေးတောနွမ်းလျ လွဲခဲ့ရသည်

ပန်းမြနန္ဒာ တစ်စောင်စာမျှ

မလာရောက်ခက် မေ့လျော့ရက်၏

ဝေသက်ပြောင်းညွှတ် စွဲလမ်းတတ်သော

ဆွတ်ပျံ့ရွက်သိပ် အင်းလျားရိပ်မှ

စိတ်စောရသူ တစ်ယောက်သောသူကို

ကူလှာပါဘိ ကြည့်လှည့်ပါဦး

ကြည်းနူးမူးယစ် အချစ်သစ်ဖြင့်

မြစ်ပြင်လယ်ပြာ ချောင်းသစ်ရှာ၍

အိမ်ရာအသစ် ပြောင်းဖြစ်သည်လား

ကျီစားပြက်ရယ် ပြောလွယ်ပြီထင့်

မွှေးရိုင့်လှာ နှင်းဆီရာထောင်

စိမ်းပြာလိမ္မော် ရွှေရော်ညိုညက်

ချောကလက်ပွင့် သက်ပင့်မူးဝေ

ပွင့်ဖူးထွေပြား

လေလွင့်သေဆုံး ဆုံးရှုံးခဲ့သော

ခွေနွဲ့ပျော့ပျောင်း နမအလောင်းကို

လက်မောင်းကြားမှာ ထွေးပွေ့လာရ

မသာအိပ်မက် မက်တတ်သေးသည်။ ။

‘ဘယ်လိုကဗျာလဲ သီချင်းလဲ ဒါလင်ရဲ့’ လို့ မျက်မှောင် ကြုတ်လို့ မေးလျှင်တော့ မြနန္ဒာက ‘အိပ်မက်ပဲ ကိုကိုရဲ့။ မမက်ရဘူးလားလို့ ပြန်ပြောတတ်သည်။ ‘အိပ်မက်ပဲ’ လို့ ‘မမက်ဘူးလား’ လို့ မကျေမနပ်ဖြင့် ပြောပြန်သည်။ ကိုကိုက ရယ်မော၍----

‘မက်ရပါတယ် နန္ဒာရယ်’

ဟုတ်သည်။ မက်ရပါသည် နန္ဒာရယ်။ အိပ်မက် မက်တတ်သူသာ မက်ရသည်ပဲ။ ဒါဟာ နန္ဒာရဲ့ အမှားတော့ ဖြစ်သည်။ သို့သော် နန္ဒာမပြုလုပ်ခဲ့ရသော မွေးကတည်းက ပါသော အမှားဖြစ်သည်။ ထိုအမှားကြောင့် စိတ်သိမ်မွေ့ရသည်။ အထီးတည်းနိုင်ရသည်။ သူတကာနှင့် ရောလို့ မရသည်။ တယောက်တည်း ဖဲခွာထွက်လာတတ်စေသည်။ ဝေဒနာခံစားရာ၌ ပြင်းပြစေသည်။ လောက၌ အကောင်းဆုံးချည်း၊ အလှကိုချည်းမြင်စေ၊ မျှော်မှန်းစေပြီး အကောင်းနှင့်အလှဆိုတာချည်း ဖြစ်နိုင်သည်ဟု ယုံမှားစေသေး၏။ စိုက်ကူးယဉ်စေ၏။ စိတ်ဒဏ်ရာ ရလွယ်စေ၏။ မေ့ပျောက်ခဲစေ၏။

ပြီးတော့ ကိုကို့ နမ မြနန္ဒာအဖို့ ပိုဆိုးသည်မှာ ကိုယ့် ကိုယ် ကို ဘာလိုချင်မှန်း ဘဝ၌ ဘယ်လိုနေရမှန်း မသိခဲ့ခြင်း ဖြစ်လေသည်။

နန္ဒာကို မရယ်မောလိုတော့။ နန္ဒာသာ ပါပါ့ သမီး မဖြစ်ခဲ့လျှင် တစ်လလျှင် ပေါင် ၄၀ ဖြင့် နေကာ လမ်းမပေါ်တွင် ၁၀ ပေါင်မျှဖြင့် ချရောင်းသော ပီယာနိုစုတ်ကလေးကို တီးပြီး ဘဝတလျှောက်လုံး ကျေနပ်နေနိုင်မည် ထင်သည်။ ဥရောပတစ်ပုမ်းမှာ ကျော်ကြားသော ယခုတီးသည့် ပွဲဂင်ဂရင်းပီယာနိုမျိုးကို မင်းပရိသတ်အလယ်မှာ တီးသော ပညာသည်အဖြစ်သို့ ရောက်ချင်လည်းရောက်မည်။ ယခုတော့ အိမ်နီးချင်းများကို အားနာ၍ အခန်းကို အသံလုံအောင် ပြုပြင်ပြီး တရေးနိုးတိတ်ဆိတ်ချိန်မှာ ထပြီး အသာ တို့ခေါက်ရ၏။ မကျေနပ်ပြန်လျှင် အခန်းကျဉ်း၌ ခေါက်တုံ့လျှောက်ကာ ဂျာမန်စာအုပ်များကို ဖတ်နေပြန်သည်။

နန္ဒာကို ကိုကို နားလည်ပါသည်။

ကိုကို့ ကိုလည်း နန္ဒာ ခေါင်းမာမာဖြင့်ပင် အနည်းငယ် နားလည်ရသည်။ အောက်တိုဘာ မြူးနစ်ပွဲတော်၌ တိုးကြိတ်ပျော်ရွှင်ကြသော လူစည်ကားရာသို့ တစ်ခါမျှသာ လိုက်လာပြီး အိမ်မှာ

ကလေးနင့် နေရစ်သည်။ သည်ပွဲတော်မှာ မြန္နာလို အလုကလေး အဖိုးတန်ကလေး ကိုကို့ နမကလေး ပါဂင်သင့်သည် မဟုတ်။ နန္ဒာကို လူတိုးမှာလည်း ကိုကို စိုးလှ၏။

ကိုကိုကတော့ အိပ်မက် မမက်တတ်သူ။ ပန်းပွင့်ကို မြင်လျှင် အလှကြည့်မည့်အစား ခူးဆွတ်မွှေးနမ်းလိုသူမို့ ပန်းပွင့်တွေသာမက တေးသံ စကားသံ လူသံ လူနံ့ ရောထွေး မူးရီသော ပွဲတော်၌ လုံးထွေးပါဂင်ရသည်။ နန္ဒာက ကိုကို့ ကို အပြစ်တင်ဦးမည်လား။ ခွဲစိတ်ကုသခြင်းဖြင့်သာ ဆေးရုံမှ အဂတ်မကပ်သော လူ့ဘဂ ဖုံးအုပ် ကွယ်ပုက်ခြင်းမရှိသော အကြောအခြင် အသွေးအသားတို့သာ မြင်ရသည့် ဘဂ၌သာ နစ်မူး၍ ရူးစေချင်သည်လား။

ထို ပွဲတော်မှာ အန်းနာနင့် ချစ်ရသည်။

နဂိုကတော့ ကိုယ့် ဆေးရုံက ခင်မင်နေသည့် သူနာပြုမလေးပါပဲ။ စင်စစ်တော့ နဂိုက တော်တော် ခင်ခဲ့သည်အမှန်။ ခွဲစိတ်ခန်း၌ ကူရသော သူနာပြုမကလေး ဖြစ်သည်။ သူနာပြုပညာကို ၇ နှစ်ကြာမျှ သင်ယူပြီးမို့ ခွဲစိတ်ခုံပေါ်၌ အလုပ်များစဉ် ကျွမ်းကျင်သော စိတ်ချရသော အားကိုးရသော အဖော် ဖြစ်သည်။ သွေးကြောများကို ကျွမ်းကျင်လှသော လက်များဖြင့် ကြိုးမမြင်ရအောင် အလွန် လျင်မြန်စွာချည်စဉ် သွက်လက်စွာ အမီ ကူညီတတ်၏။ တစ်ခွန်း မပြောရ။ လိုသမျှ ကိရိယာကို အသင့် လက်ထဲ ထည့်တတ်၏။ ခွဲစိတ်နေစဉ် လူနာ၏သွေး ပြာလာလျှင် မေ့ဆေးဆရာကို မျက်လုံးဖြင့် ကြည့်၍ သတိပေးတတ်သည်။ အန်းနာ အကူအညီဖြင့် ခွဲစိတ်ရသည်ကို သူ စိတ်တိုင်းအကျဆုံး။

ခွဲစိတ်ခန်းမှ ထွက်လာလျှင် မောတာချင်း အတူတူ အန်းနာက ကော်ဖီကျကျ တစ်အိုး လာချပြန်၏။ သူ ကြိုက်တတ်သည့် စားစရာ မုန့်များကို မရအရ ရှာဖွေပေးတတ်၏။ ပန်းသီးများ ခွဲစိတ်ပေးတတ်၏။

အမောပြေလျှင် ခွဲစိတ်ခန်းက နောက်ဆက်တွဲကိစ္စများအကြောင်း ပူစရာမရှိ။ ရေးမှတ်စရာများ၊ အိုင်အော့ပစ်လုပ်ရသည့် အသွေး၊ အသား၊ အရိုး၊ အကြိတ် စစ်ဆေးခန်းသို့ ပို့စရာများ၊ လူနာ သွေးအား၊ နလုံး အခြေအနေ သတိရ မရ အသေးအဖွဲ အားလုံး စစ်ဆေးပြီးပြီ။

ခွဲစိတ်ခဲ့ရာ၌ တွေ့ဖူးသမျှထဲမှာ အန်းနာသည် ကျေနပ်စရာအကောင်းဆုံး အလုပ် လုပ်ဖော်ဖြစ်သည်။

အန်းနာသည် မြန္နာလို မလှပ သော်လည်း အထက်တန်းစားအမူအလေ့ မရှိသော်လည်း စကားပြောလို့ လွယ်သော မိန်းကလေးဖြစ်သည် ဆိုတာ အောက်တိုဘာပွဲတော်မှာ သိရ၏။

မမျှော်လင့်ဘဲ အန်းနာကို ညစာစားဘို့ ခေါ်မိလျက်သား ရှိ၏။ ခါတိုင်း တောင့်တင်းဖြူဖွေးထူထဲသော ဂတ်စုံဖြင့် စင်ကြယ်သော လက်ချောင်းများ၊ စင်ကြယ်သော မျက်နာဖြင့် တွေ့ရမြဲ အန်းနာကို ခရမ်းနရောင် ဂါဂန်ဖြင့် နှုတ်ခမ်းဆိုးဆေး ခြယ်သသော ခေါင်းစွပ်ဖုံးအုပ်ခြင်း မရှိသဖြင့် ရွှေဂါရောင်ဆံပင်နများ ဂေဆိုင်းကာဖြင့် မြင်ရတော့ တစ်မျိုး ကျေနပ်မိ၏။

အန်းနာလို မိန်းကလေးမျိုးနှင့်ရလျှင် သူ့ဘဝ တစ်မျိုးအဆင်ပြေမှာ အမှန်ပဲ။ ဘာသာစကားချင်း တူသောလူမျိုးဖြစ်၏။ နန္ဒာကဆိုလျှင် ဆေးစာအုပ်ကအစ နံသည်တဲ့။ ကြဲကြဲဖန်ဖန် ပြောတတ်သည်။ ဆေးစာအုပ်အဖုံးများပေါ်က နာမည်တောင် ဖတ်မကြည့်။ ကိုကို ဖတ်လျက်တန်းလန်းမို့ စာအုပ်ကိုဖွင့်လျက်ထားခဲ့လျှင် အပြေးအလွှား လာပိတ်တတ်သည်။ ရုပ်ပုံတွေကို စိတ်ညစ်သည်တဲ့။ မကြည့်ချင်တဲ့။ သားကလေးမြင်မည်စိုးသည်တဲ့။ သားကလေး ဆရာဝန် မဖြစ်ဘူးပေါ့နော်။ ကိုကို့ ပညာကို အထင်ကြီးဖို့ လေးစားဖို့ ဆိုသည်ကို စိတ်ကူးထဲ ထည့်မိဟန်မရှိ။ သတိပင်မရ၊ တွေးပင်မတွေးမိ။ တကယ်တော့ ကိုကို၏ ဘဝ၌ အရေးကြီးဆုံးသော ဆေးပညာကိစ္စရပ်များမှာ မြနန္ဒာသည် စိုးစဉ်မျှ မပါဝင်လို့ချေ။

အောက်တိုဘာပွဲတော်မှာ ယောက်ျား မိန်းမ အပျို အအို တို့ လမ်းမပေါ်မှာ ရှုးမူး ရောထွေးကာ နမ်းကြ ဖက်ကြ သီချင်းဆိုကြ ခုန်ပေါက်ကြတာက စ သည်။ အန်းနာ သာ အန်းနာ မဟုတ်လျှင်တော့ ကိုကို့အဖို့ ဘာမျှ ထူး၍ ပြောစရာ စကား ရှိလာမည်မဟုတ်။ ဘဝ၌ တွေ့ကြုံခဲ့သော နှစ်ဦးသဘောတူ နားလည်သဘောတူခဲ့သော အချစ်များစွာတို့လိုပင် တံတားအောက်၌ ဖြတ်စီးသွားသည့် ရေပမာ ဖြစ်စဉ်တရပ်သာ ဖြစ်လိမ့်မည်။ ခုတော့ နဂိုက လေးစားခဲ့သော အထင်ကြီးခဲ့သော ခင်မင်ခဲ့သော အန်းနာမို့ သူသည် ပွဲတော်တချိန်လုံး အသစ်အသစ် မရှာတော့ဘဲ အန်းနာနှင့်သာ သွားလာပျော်ရွှင်နေခဲ့သည်။ အခန်းတခန်း ငှားပြီး အန်းနာကို ထားလိုက်သည်။ ကိုကို့ သောတွဲမှာ တချောင်း ပိုလာသည်။ အန်းနာ၏အခန်းသည် ကိုကို တခါမျှ မရဖူးသော စိတ်သက်သာ အေးချမ်းသော ကိုကို နားနေရာ အိမ်တအိမ်လည်း ဖြစ်သည်။

အန်းနာသည် ရဲ့ရင့် သတ္တိ ရှိလှသည်ကိုလည်း တွေ့ရ၏။ ကိုကိုရဲ့ ကလေးကို သူ မွေးချင်သည်တဲ့။

ထိုကြောင့် အန်းနာသည် ကိုကို့ ကလေးမွေးရလေသည်။ ကိုကို့ ကို သူ မပိုင်ဆိုင်နိုင်သော်လည်း ကိုကို့ကလေးကို သူ ပိုင်ဆိုင်ရလျှင် ကိုကို့ ရဲ့ တစိတ်တဒေသကို ပိုင်ဆိုင်ရတာဘဲလို့ ယူဆဟန်ကို ပြောပြလေတော့ မြနန္ဒာမှာ သည်လို စွန့်စားတတ်သော အချစ်မရှိပါဘူး။ အနာခံသော အချစ် မရှိပါဘူး။ ကိုယ်လိုချင်ရာသာ တောင်းခံတတ်သော မြနန္ဒာပါပဲ ဟု သူတွေးတောလာမိတာ အမှန်ပင်တည်း။ ( မြနန္ဒာကတော့ ကိုကို့ ကို နန္ဒာ့ တစ်ဘဝလုံး အဆုံးခံပြီး ပေးထားပြီ မဟုတ်လားလို့ ပြောသည်။ သူပေးပုံကတော့ တမျိုးပဲ။ ကိုကို လိုချင်တာကို ပေးသည်လည်းမဟုတ် )

အန်းနာ ကိုကို့ ကလေးကို မွေးခါနီးလောက်မှာ ကိုကို့ ပညာသင်ခြင်း ပြီးဆုံးသွား၏။ ဘွဲ့တခုရပြန်ပြီ။ မြန်မာပြည်သို့ ပြန်ချိန်တန်လေပြီ။ ပါပါ မာမာတို့က ပြန်လာစေချင်ပြီ။ မြန်မာပြည်သို့ ပြန်ပြီး ထိပ်သီးဆရာဝန်ကြီးအဖြစ် ခံယူဦးမည်။ ကိုကို့ နှမ မြနန္ဒာကလည်း ပါရဂူဘွဲ့ရ ဆရာဝန်ကြီးကတော် မြနန္ဒာဂျော်ပေါ့။ မြန်မာပြည်သို့ ပြန်၍ တင့်တယ်စွာ နေသောဘဝ။ ကိုကို့အဖို့တော့ ခွဲစိတ်ခန်း၌ သေမင်းနှင့် အပြိုင် နပမ်းလုံးသော ဘဝ။ ( သို့သော် ထိုဘဝ ကို ကျေနပ်ပါသည် ) ပြန်လည် ယူရဦးမည်။

'မြန်မြန်ပြန်ရင်လည်း ပြန်ပါစို့ ကိုကိုရယ်' ဟု မြနန္ဒာက ပြော၏။

'အစကတော့ ဒီမှာ နန္ဒာ့ အိမ်ကို တွေ့ပြီဆို။ တသက်လုံးနေချင်ပါပြီဆို။ ပီယာနိုတီးပြီး၊ စာအုပ်ဖတ်ပြီး၊ ပြဇာတ်သွားပြီး နေမှာပေါ့ဆို။ ဒါတွေရှိရင် နန္ဒာမှာ လုံလောက်တာပါပဲ။ ကိုကိုကတော့ နန္ဒာရဲ့ ထမင်းစားလက်မှတ်ပါပဲ။ မြောက်ကျွန်းသူမြခနောက်ပါပဲ' ဟု အနည်းငယ် ဂမ်းနည်းသလိုလိုဖြင့် ပြောမိ၏။

'ကိုကို ညှော်ခန်းမှာ နန္ဒာကလည်း ညှော်သည်ကြည့်စရာ ချိတ်ထားတဲ့ ပြက္ခဒိန်ရုပ်ကလေးပဲ မဟုတ်လား' ဟု ကိုကို့ နမက ရန်ဖြစ်ဖို့ အသင့်ပြင်သည်။

သို့သော် ကိုကိုသည် ရန်မဖြစ်အားသေးချေ။ သူ့မှာ ငွေလိုနေသည်။ အန်းနာ ကလေးမွေးပြီးမှ ပြန်ချင်သည်။ ပွဲတော်မှာ အန်းနာနှင့် သုံးပစ်မိသောကြောင့် ငွေပြတ်သွားပြီ။ ဘဏ်ကငွေချေးနေရသည်။ ပါပါ့ထံမှ ငွေလာဖို့ တပတ်လိုသေး၏။ လောလောဆယ် အန်းနာကို သီးသန့်ဆေးရုံတခုမှာ နာမည်လိမ်ဖြင့် တင်ရဦးမည်။ ( သို့ပေမည့် သူ့ကလေးကိုတော့ ဖအေ့ နာမည် အမှန်ပေးခဲ့မည်ဖြစ်၏။ သာဦးဂျော်ပင် တွင်စေမည်ဖြစ်၏ )

ကိုကို ငွေလိုသလား ဟု မြနန္ဒာက မေးဖော်ရသဖြင့် အားလည်းနာ ကျေးဇူးလည်း တင်ရသည်။ သို့သော် ဆိုးရွားသော ကိုကို့ နမသည် လက်ထပ်ခြင်းအထိမ်းအမှတ် လက်စွပ်ကို ချွတ်၍ ပေးလေသည်။ နန္ဒာနဲ့ တော်လည်းမတော်ဘူး ဟု ပြောရက်တတ်၏။ တကယ်တော့ ကိုကို ငွေစု၍ အစားလျှော့၍ အမေရိကမှ ဝယ်လာသော စိန်ခြယ် မြလက်စွပ်ဖြစ်သည်။ နန္ဒာရဲ့ မျက်လုံး အေးအေးညိုညို ဖြင့် လိုက်မယ့်အရောင်ပဲလို့ သူ တွေးတော တ, သ ပြီး ဝယ်လာသော လက်စွပ် ဖြစ်သည်။ ကိုကို အဖိုးထားလှသော လက်စွပ်ဖြစ်သည်။ ရွဲစောင်းရက်သော မြနန္ဒာပင်။

'ပြန်ဂတ်ထားပါ' ဟုသာ ခပ်ပြတ်ပြတ် ပြောမိပြီး အိမ်မှ ထွက်လာကာ မိတ်ဆွေ ဂျူးဆရာဝန်ထံမှ ငွေချေးရသည်။

မြန်မာပြည်သို့ အန်းနာ ကလေးမွေးပြီးမှ ပြန်မည်လို့ သူ တင်းတင်းမာမာပင် ကြေငြာလိုက်၏။ ကိုယ့်ဘက်က တွေးတယ်ဆိုဆို၊ သည်လောက်တော့ မြနန္ဒာ သိတတ်ဘို့ကောင်းသည် ထင်၏။ တကယ်တော့ ဘယ်တော့မှ ပြန်တွေ့ဖို့ မမျှော်လင့်နိုင်သည့် အန်းနာနှင့် ကိုကို့ ကလေးကို သည်တခဏမှာတော့ ကြင်နာနိုင်သမျှ ကြင်နာရမည်ပင်။

အန်းနာ ဆေးရုံတက်သည့် တချိန်လုံး သူသည် အိမ်၌ ငြိမ်ငြိမ် မနေနိုင်ခဲ့။ အန်းနာရှိရာ ဆေးရုံးသို့ ပြေးလိုက်၊ ကိုယ့်ဆေးရုံက လိုရာစာအုပ်၊ စာရွက်စာတမ်း ကိရိယာတန်ဆာပလာများကို သယ်လိုက်၊ မြို့ထဲထွက်၍ မြန်မာပြည်တွင် သုံးရမည့် ခွဲစိတ်ကိရိယာများ ရှာလိုက်နှင့် တော်တော် အလုပ်များသည်။ မသိတတ်သော မြနန္ဒာက အလျင်စလို လေယာဉ်ပျံလက်မှတ်ကို ဝယ်ပြီးလေပြီ။ အထုပ်အပိုး

သိမ်းဆည်းပြီးလေပြီ။ အန်းနာသာ နောက်ကျပြီး မွေးလျှင် ကိုကို့ ကလေးရဲ့ မျက်နှာကိုပင် မြင်လိုက်ရတော့မည် မဟုတ်။ ခုတော့ အန်းနာက စောပြီး မွေးအောင် လေ့ကျင့်ခန်းကြမ်းကြမ်း လုပ်သည်တဲ့။ ဂမ်းနှုတ်ဆေး စားသည်တဲ့။ အန်းနာသည် မှန်းသောရက်မှာ ကိုကို့ ကလေးကို မွေးသည်။ ပြီးတော့ သွေးလွန်သည်မို့ သွေး လေးပုလင်းပင် သွင်းရသည်။

ကိုယ့်အကြောင်းသာ တွေးသော မြနန္ဒာက ရန်ကုန်မှာ သုံးဖို့ နိုင်လွန်လိုက်ကာ ခန်းဆီးများသာ ဂယ်သည်။ ဖွန်း၊ ခက်ရင်း၊ ဓားများ၊ ပန်းကန်များ၊ ဝိုင်ဖန်ခွက်များ ဂယ်သည်။ သားဖို့တဲ့ ပန်းချီဆေးများ၊ စုတ်များ ဂယ်သည်။ ဓာတ်ပြားများ ဂယ်သည်။ ပီယာနိုကို သယ်ယူဖို့ စီစဉ်သည်။

'ပြီးတော့ ကိုကို-နန္ဒာ တမျိုး နှုတ်ဆက်ချင်တယ်။ နန္ဒာတို့ ဂျာမဏီ ရောက်စတုန်းကလိုလေ။ ကိုကိုနဲ့ နန္ဒာနဲ့ နှစ်ယောက်တည်း ညနေစာ အပြင်မှာ စားမယ်။ သားကို အိမ်မှာ ကလေးအစောင့်နဲ့ ထားမယ်။ ၇ နာရီတိတိ ရောက်အောင်လာနော်။ ပြီးတော့ ပွဲကြည့်မယ်။ လက်မှတ်နှစ်စောင် ဂယ်ပြီးပြီ။ ပြီးတော့ အဆင်သင့် ခဏ က ကြတာပေါ့'

ကိုကိုသည် စိတ်လေးလေးဖြင့် ခေါင်းညိတ်လိုက်သည်။ စိတ်ထဲမှာ အန်းနာအကြောင်း စဉ်းစားနေသည်။ အန်းနာကို ငွေများလည်း မပေးခဲ့နိုင်။ သွေးသွန်ထားသဖြင့် နွမ်းနယ် ဖျော့တော့ တာကိုလည်း စိတ်မချ။ ထပ်သွန်တတ်တာလည်း သတိရ၏။

သတိရသည့်အတိုင်းပင် ပြန်ကြရမည့် နောက်ဆုံးညမှ အန်းနာ သွေးထပ်သွန်သည်။ သွေးပုလင်းများ လေးပုလင်းပြိုင် ခြေနှစ်ဘက် လက်နှစ်ဘက်မှ သွင်းရသည်။ သေမင်းနှင့်အပြိုင် တိုက်ခိုက်ရပြန်၏။

သို့သော် ကိုကို့ နမကတော့ ဒီတညအတွက် ဘယ်တော့မှ သူ့ကို ခွင့်မလွတ်နိုင်တော့။

ထိုည အိမ်သို့ တနာရီကျော်မှ ပြန်ရောက်ရ၏။ နန္ဒာနှင့် အပြင်းအထန် ရန်ဖြစ်ကြ၏။ နန္ဒာကို ရိုက်နက်ပစ်လိုက်မိ၏။

'ငါဟာ အန်းနာဆီက ပြန်လာတာတင်မကဘူး။ သွေးသွန်နေတဲ့ လူနာတယောက်ဆီက ပြန်လာတာကွ။ ဟုတ်တယ်။ ငါ့ကြောင့် သွေးသွန်ရတဲ့ ဘဂရောက်ရတာဆိုတော့ကော ဘယ်ပြောချင်သေးလဲ'

'နန္ဒာ့ ကိုရိုက်တယ်' ဟုသာ မျက်လုံးတဘက်ကို လက်ဖြင့်ဖုံးပြီး နန္ဒာက ပြော၏။ မျက်စိကို ထိမိသွားလားမသိဘူး။ နန္ဒာကို ကိုကို လက်လွန်မိသည်။ ပါးစပ်ကတော့ ဆက်ပြောမိ၏။

'မင်းဟာ…. မင်းဘဂ တခုတည်း အကြောင်းပဲ စဉ်းစားတယ်။ ငါ့ဘဂကို စိတ်ဂင်စားတာ မဟုတ်ဘူး။ ငါ့ဘဂကို သာယာကွက်ကလေး တကွက်တောင် မပေးဘူး။ ငါ အမြဲ အပျော်ရှာနေတယ်လို့သာ မင်း ထင်တယ်'

ပြန်းကနဲ တခါတုန်းက ဗိုက်ကို သေနတ်ပစ်ခံရသော ဒဏ်ရာဖြင့် ရောက်လာသည့် လူနာတယောက်ကို သတိရ၏။ ထိုလူနာကို မြနန္ဒာလို စိတ်ကူးယဉ်တတ်မယ့် ချစ်သူ မိန်းကလေးက သေနတ်ဖြင့် ပစ်သည်။ သစ္စာမဲ့လို့တဲ့။ သေနတ်ဖြင့် ပစ်သည်။ ထိုလူနာကို ကမန်းကတန်း ခွဲစိတ်ရ၏။

ဗိုက်ထဲ ကြေမွနေသည်ကို ရှာဖွေ ချုပ်လုပ်ရ၏။ အဲသည်တုန်းက သေသေချာချာ ကြည့်တာပဲ။ ရှာတာပဲ။ ကျောက်ကပ်မှာ ဘာဒဏ်ရာမှ မတွေ့ပါဘူး။ ချုပ်လုပ်ပြီး ဗိုက်ခွဲတာ ပြန်ပိတ်ပြီးတော့လည်း လူနာက ကောင်းနေတာပဲ။ သွေးတိုးနှုန်း သွေးချိန်မှန်နေတာပဲ။ သတိရလာပြီး စကားတွေပြောလို့ ကိုယ်က နိုင်ခဲ့ပြီ ထင်တာ၊ ကိုယ့်ဘက်ပါလာပြီ ထင်တာ။ ဒါပေမယ့် နောက်နေ့ကျတော့ သေရော။ အလောင်းခွဲကြည့်တော့ ကျောက်ကပ်က သွေးသွန်လို့ သေရတာကို သိရတယ်။ ကိုယ့် ကို ပေါ့လျော့မှုနဲ့ ဆရာကြီးတွေက ကြိမ်းတယ်။ ရှင်းလင်းထုချေစာကို ရေးရတယ်။ ရက်အကြာကြီး စိတ်ဆင်းရဲရတယ်။ ရှက်ရတယ်။ ဒါတွေ နန္ဒာ သိသလား’

‘ငါ ဘယ်အချိန်မှာ စိတ်ညစ်နေတယ်၊ ဒုက္ခရောက်နေတယ် ဆိုတာ မသိဘူး။ ခွဲစိတ်ခန်းထဲက သွေးသံရဲရဲ နဲ့ ချွေးတလုံးလုံးနဲ့ ထွက်လာတာ မင်း မမြင်ဖူးဘူး’

စိတ်ထဲကတော့ ပြောလိုက်၏။ 'အဲသည်အချိန်မျိုးမှာ အန်းနာကသာ ငါ့ကို ယုယတယ်၊ ဂရုစိုက်တယ်၊ အလိုက်သိတယ်၊ ကြင်နာတယ်’

‘ မရည်ရွယ်ပေမယ့် လည်း ငါ့အပြစ်ကြောင့်ဖြစ်စေ ငါ့အပြစ်မပါဘဲဖြစ်စေ ခွဲစိတ်ခန်းမှာ ငါ လူသတ်မိတဲ့အခါမျိုးကို မဖြတ်သင့်တာ ဖြတ်မိတဲ့အခါမျိုး’

ဘယ်ဆရာဝန်သည် မမှားဖူး၊ မသေဖူးပါသလဲ။ သို့သော် မှားဖူး သေဖူးတာမှန်လည်း စိတ်ဆောက်တည်ရာမရ တပတ်မျှ လေလွင့်ရမြဲ။

‘မင်း သိတောင် မသိလိုက်ဘူး။ ငါ ဆောက်တည်ရာမရလို့ မင်းဆီ ပြန်လည်ညလး မထူးလို့ နင်းတောထဲ ခြေဦးတည့်ရာ လျှောက်နေတဲ့အခါမှာ ငါ အလေလိုက်နေတယ်လို့သာ မင်းထင်တတ်တယ်။ ဘာဖြစ်လဲလို့ တခွန်းမေးဖူးသလား’

မြနန္ဒာသည် အံ့အားသင့်ကာ 'ကိုကို ဘာဖြစ်လို့ မပြောသလဲ’ ဟု ဖြည်းညင်းစွာ ပြော၏။ ပြီးတော့ နာသွားရှာမည့် မျက်လုံးတဘက်ကို အုပ်ထားသည့် လက် ဖြန့်ကြည့်ပြန်ကာ…..

‘ဘာအကြောင်းကြောင့်နဲ့မှတော့ လူလူချင်း မရိုက်သင့်ပါဘူး’ ဟု ခပ်အေးအေး ပြောပြန်သည်။

ရန်ကုန်ပြန်ရောက်လျှင် အသစ်တဖန် ပြန်စတင်မည်လို့ ကိုကို မျှော်မှန်းထား၏။ သို့သော် ရန်ကုန်ရောက်၍ ၄-၅ရက်ကြာသည်အထိ နန္ဒာ့မျက်လုံးထဲက သွေးချေအုခြင်း မပျောက်ပေ။

ပြီးတော့ နန္ဒာသည် သူ့စိတ်တံခါးကို ကိုကို မဝင်နိုင်အောင် ပိတ်ထားသည်ကို တွေ့ရလေ၏။ ပါပါ မာမာတို့ ဝယ်ပေးသော ခြံမြေ၌ ပါပါ မာမာတို့ ပေးသောငွေဖြင့် အိမ်ဆောက်သည့်ကိစ္စကို မအားလပ်အောင် လုပ်လေ၏။ ကိုကိုကလည်း ဝင်ငွေကောင်းလာပြီး ငွေကို ရေလို သုံးနေတတ်သော မြနန္ဒာအား ချက်လက်မှတ်စာအုပ် အပ်ရ၏။

'ဒီလို မအားဘဲနေရတာ တော်တော်ကောင်းသားပဲ' ပြောကာ နှင်းဆီပင်များ စိုက်၏။ သစ်ခွပင်များ စိုက်၏။ အိမ်ရှေ့မြက်ခင်းကို ဂျပန်မြက်များဖြင့် ကော်ဇောလို ညီအောင် အကြိမ်ကြိမ်ညှိ၍ စိုက်၏။

မြက်ခင်းအလယ်တွင် ဂျာမနီက ဘယ်တုန်းက ရှာဖွေဝယ်လာမှန်းမသိ။ ဝယ်လာသည့် ရေမြင်းရုပ်ကလေးဖြင့် ကျောက်ရေကန်သေးသေးလေး တည်၏။ ခြံထောင့်၌ ကျောက်ဥယျာဉ် ပို ပြင်ဆင်သည်။

ပြီးတော့ ကိုကို့ ဧည့်သည်များကို ဖိတ်ကြားဧည့်ခံသည်။

ကျန်သော အချိန်မှာတော့ ရှန်ပိန်မသောက်တော့ဘဲ စီးကရက် တစ်လိပ်ပြီးတစ်လိပ် ဖွာကာနေသည်။ မြနန္ဒာ၏ လက်ညှိုး လက်ခလယ်များ ဝါညိုနေသည်။

အပြုံးမပျက်နေသည်။

သို့သော် ကိုကို့ကို အမှတ်မထား သူနေသည်။ ကိုကိုအိမ်ပြင်၌ ဘာလုပ်သည် သူမသိ။ ကိုကိုရဲ့ ဆေးရုံတာဝန်စာရင်းကို မြနန္ဒာ ဘယ်တော့မှ ကြည့်သည်မဟုတ်။ ဖတ်သည်မဟုတ်။ မှတ်သားသည်မဟုတ်။ ကိုကို သည်ညအဖို့ အိမ်မှာ ရှိမယ် မရှိမယ်ကို သူမသိချင်းဘူးဟု ပြောင်ပြောင်ပြောသည်။ ကိုကို့သဘောကျနေပါလို့ ခပ်အေးအေးပင် ခွင့်လွှတ်သည်။ ပြီးတော့ ဇော့စ်ဂက်ဂွန်ကားဖြင့် လည်ပတ်ကာနေသည်။ ဆရာဝန် ကတော်အချင်းချင်းအိမ်သို့ ဖဲလည်ရိုက်သည်တဲ့။

အိမ်မှာ နေပြန်လျှင် ဂီတခန်းလို့ သူ့ဘာသာ နာမည်ပေးထားသော ဧည့်ခန်းနှင့် ကပ်လျက် အခန်း၌ သန်းခေါင်သန်းလွဲ ပီယာနိုတီးကာ နေပြန်သည်။ အိပ်ခန်းသို့ တက်မလာဘဲ ဂီတခန်းက လဲလျောင်းစရာ ခုံရှည်၌ အိပ်ချင်အိပ်တတ်ပြန်သည်။ အတူနေထိုင်သော်လည်း တစ်ခါမှာ ကိုကိုနှင့် ရောဝင်ရင်းနှီး စကားမပြောတော့။ သူကလည်း ခပ်ချွဲချွဲ ကလေးသဖွယ် ပြောတတ်တာကို မကြားရတာကြာပြီ။ ယခုတလော နိုင်ငံခြားသူများနှင့်တွဲကာ ပေလီသို့၊ မြစ်ကြီးနားသို့၊ ရှမ်းပြည်သို့ ပုဂံသို့၊ ထားဝယ်သို့ လည်ကာ နေပြန်သည်။

ကိုကိုက ရန်ဖြစ်ချင်လည်း ဖြစ်လို့ မရ။

'လင်မယားဆိုတာ ရန်ဖြစ်ရမှာပဲ ဒါလင်ရဲ့' ဟု သူ အစချီဖူး၏။

‘လူသူစိမ်းနှစ်ယောက် အတူနေတာ တိုက်မိခိုက်မိမှာပဲ။ ရန်ဖြစ်နည်း ကိုကိုဖတ်ဖူးတာတစ်ခု ပြောပြမယ်။

‘နန္ဒာ ရန်မဖြစ်ချင်တော့ပါဘူး’ လို့ ဆိုဦးမည်။

‘ကိုကိုက ဖြစ်ချင်တယ်။ လင်မယားဆိုတာ ရန်ဖြစ်ရတယ်။ ဒါပေမယ့် နာကြည်းအောင် မပြောရဘူး။ မတရား အနိုင်မယူချင်ရဘူး။ နှုတ်ပိတ် လက်ပိုက်ပြီး မာနနဲ့ မနေရဘူး။ ရန်ပွဲက ထွက်ပြေးပြီးလည်း အခန်းတံခါးပိတ်မနေရဘူး’

‘နန္ဒာက ကားသွားမောင်း နေတာပါ။ တစ်နာရီ မိုင်ခြောက်ဆယ်တည်းပါ။ ဒါပေမယ့် တစ်နေ့တော့ ဒီလမ်းမှာပါပဲ မြန်မြန်သွားသွား နေးနေး သွားသွား’

‘နန္ဒာဟာ ဘာဖြစ်လို့ ကိုကို့အတွက် စိတ်တံခါး ပိတ်ထားရတာလဲ’ ဟု ဖွင့်ဟ၍ အတင်းမေးလျှင်တော့--

‘ကိုကိုက တံခါးခေါက်လို့လား’

‘အခု တံခါးခေါက်နေတယ်’

‘နန္ဒာ မောသေးတယ်ကိုကိုရယ် ထ, မဖွင့်ချင်သေးဘူး’ ဆိုပြီး မျက်တောင်များဖြင့် သူ့မျက်လုံးကို ဖုံးအုပ်ပစ်ဦးမည်။ကိုကိုက ပခုံးကို လှမ်းဖက်လျှင်တော့ တောင့်တင်းပြီး သူအလိုမရှိလျှင် ဆိုမြဲ ရက်စက်သော စကားကို ဆိုဦးမည်။

“ ကိုကိုဟာ မိန်းမလိုက်စားသူသာ ဖြစ်ပါတယ်နော်” ။ “မုဒိမ်းကောင်တော့ မဟုတ်ပါဘူးနော်”

မာနကို သည်လို မကြာခဏ ထိခိုက်ပြန်တော့ ကိုကိုသည် မမျှော်လင့်ဘဲ ငယ်ငယ်က တွဲဖူးသည့်၊ ယခု အစိမ်းဂုတ်သူနာပြု ဖြစ်နေသည့် အီမလ်ဒါကို ရုံးမှာ လက်ထပ်ယူသည်အထိ လုပ်ချင်ရာ လုပ်လိုက်မိ၏။ အီမလ်ဒါကို အိမ်ခန်းငှားပေးထားပြီး ကားပေါ်တင်ကာ လည်ပတ်နေလိုက်သည်။

အဲသည်နှစ်မှာ မြနန္ဒာ သည် မေမြို့၌ အိမ်နှင့်ခြံ ဂယ်ပြန်သည်။ မာမာတို့ ဆွေစဉ်မျိုးဆက် သိမ်းဆည်းခဲ့သော အဖိုးတန် ပတ္တမြားလက်စွပ်ကို ရောင်း၍ ဂယ်သည်တဲ့။ မာမာကပင် ဆုပူစိတ်ဆိုးကြ၏။ နန္ဒာကတော့ အိမ်ပြုပြင်မည်ဆိုပြီး ရှမ်းပြည်တက်သွားသည်မှာ တစ်နှစ်ကျော် ကြာလေသည်။ သူ့သားကိုပါ ခေါ်သွားပြီး မေမြို့ကျောင်း၌ ထားသည်။

နှစ်လတစ်ခါလောက် စာရေးလိုက်၏။ လွမ်းလွမ်းဆွေးဆွေး ရေးတတ်ပြန်၏။ စိတ်ကူးယဉ်ဆဲပဲ ရှိသေး၏။

ကိုကို---

တစ်ခါတုန်းက ကိုကို ပြောဖူးသလိုပဲ၊ ကိုယ့်ကိုယ်ကို မှားတယ်မထင်ပေမယ့် အားလုံးဟာ နန္ဒာ့ အပြစ်ပဲလို့ ထားလိုက်ပါ။ လောလောဆယ်တော့ နန္ဒာ စိတ်အေးချမ်း လှပါတယ်။ ရာသီကလည်း သာယာတယ်။ နွေဦးပေါက်မို့ နွေးလာပေမယ့် နေရောင်ထဲ လမ်းလျှောက်ရင်တောင် ဆွယ်တာဂုတ်ထားရတုန်းပဲ။

ဂျာမနီမှာ နေခဲ့ကြတာတွေ သတိရတယ်။ အဲဒီမှာ နန္ဒာနဲ့ သားနေခဲ့ရင်ကောင်းမှာ။ အန်းနာနဲ့ ကိုကို့ကလေး လေးလည်း ဆင်းရဲနေကြသလား၊ ကောင်းစားနေကြသလား တွေးမိတယ်။ သူတို့ဆီက စာမရဘူးလား။ နန္ဒာနဲ့ တစ်လှေတည်းစီးတွေမို့ ကံကောင်းပါစေလို့ ဆုတောင်းရတယ် ကိုကိုရဲ့။

နန္ဒာလည်း ပီယာနိုတစ်လုံး ထပ်ဝယ်ပြီး ဒီမှာထားရင် ကောင်းမလား၊ ငယ်ငယ်ကတီးတဲ့ ပီယာနိုအဟောင်းပဲ ဒီရွှေ့ထားရင် ကောင်းမလား စဉ်းစားတယ်။ ကိုကို ပိုက်ဆံတတ်နိုင်ရင်တော့ အသစ်ဝယ်မှာပေါ့။ မတတ်နိုင်သေးရင်တော့ ပီယာနိုအဟောင်းပဲ ပြန်ပြင်ရမှာပဲ။ လက်ဂုတ်လက်စား ထပ်ရောင်းရင် ပါပါတို့ပါ နန္ဒာ့ကို ရိုက်မလားမသိဘူး။

ညက လသာတယ်။ ထင်းရှူးနံ့တွေကလည်း မွှေးလိုက်တာ။ ထင်းရှူးရွက်တွေ ကတော့ တလက်လက်နဲ့။ ဇာပန်းခက်တွေလိုလှလို့။

တစ်ခါလောက် ကိုကိုလည်း နန္ဒာ့နားလာပြီး ထင်းရှူးခက်တွေ လရောင်မှာ လှနေကြတာကို ကြည့်စေချင်တယ်။ ပီယာနိုခေါက်စေချင်တယ်။ ညက ကိုကို့ကို သိပ်သတိရတယ်။

ကိုကိုကလည်း နန္ဒာ့ကို သူနာပြု အဂုတ်အစားနဲ့ ဆင်ကြည့်ဖူးမှာနော်။ ဒါပေမယ့် နန္ဒာက သွေးမြင်ရင် မူးချင်တယ် ကိုကိုရဲ့။ ဆေးရုံကြီးရှေ့က ဖြတ်သွားတဲ့အခါ ရတဲ့အနံ့တောင် သိပ်သည်းခံရတယ်။

အော်--- ကိုကို မယားအသစ်နဲ့ ဟန်းနီးမွန်းထွက်တုန်း ဒီစာဖတ်ရရင် နှောင့်ယှက်မိတာ ခွင့်လွှတ်ပါ။ နန္ဒာ ရန်မထောင်ပါဘူး။ တကယ်သဘောရိုးနဲ့ တောင်းပန်တာပါ။

သားကတော့ အဖေ့ကို လွမ်းသားပဲ။ နန္ဒာ နေ့တိုင်း ကျောင်းလိုက်ပို့ လိုက်ကြိုတယ်။ သူက အခု ခြေထောက် မီပြီမို့ ကားမောင်းသင်ချင်တယ်တဲ့။ သင်ပေးရမလား။

ဒီမှာ အိမ်လည်းပြင်၊ ခြံလည်းပြင်နေလို့ တော်တော်နဲ့တော့ ပြန်မလာနိုင်သေးဘူးထင်တယ်။ သည်မှာ ပန်းစိုက်ရတာ သိပ်ပျော်စရာ ကောင်းတာပဲ။ ဘာပန်းပင်ဖြစ်ဖြစ် အရမ်းထ, ပွင့်တာပဲ။ ရေလည်းမလောင်းရဘူး။ မာလီကလည်း သိပ်အလုပ်နားလည်တာပဲ။

ကိုကိုပြောလို့ စီးကရက် လျှော့သောက်ပါတယ်။ ဒါပေမယ့် ရှန်ပိန်သောက်နေတာထက် မသက်သာဘူးလား။

နေ့လယ်ဆိုရင်တော့ ရေကူးမိတာများတယ်။ ကိုကိုကော ရေကူးမသင်ချင်သေးဘူးလား။ ဘယ်တော့မှ ကိုကို ရေကူးတတ်မှာ မဟုတ်ဘူးထင်ပါရဲ့။

ခုတလော ဟိုဘက်အိမ်က ဂီတဆရာတစ်ယောက်နဲ့ အသိဖြစ်နေတယ်။ သူက မွန္တလေးသားပဲ။ ရှေးမြန်မာသီချင်းကြီးတွေ တတ်တယ်။ နန္ဒာတောင် တစ်ပုဒ် နှစ်ပုဒ် စ,တက်နေပြီ။ သားပါသင်တယ်။ သားက ပတ္တလား လိုချင်တယ်တဲ့။ ဒါနဲ့ အရွက်ကောင်း အိမ်ကောင်း တစ်ခုမှာထားတယ်။ သားက ကိုကို့လို ဆရာဝန်ဖြစ်မှာ မဟုတ်ဘူး။ နန္ဒာနဲ့ တူနေသလား မသိဘူး။ ဒီအတွက် နန္ဒာ့ကိုတော့ အပြစ်မတင်သင့်ပါဘူး။ ဖြည်းဖြည်းတော့ ကိုကို့လို ဆရာဝန်ဖြစ်မယ့် သမီးလေးတစ်ယောက် မွေးသေးတာပေါ့။ တကယ်ပြောတာ။

စသည်ဖြင့် စာရှည်ကြီး ရေးလေ့ရှိသည်။

ဘယ်လောက် နလုံးအေးစက်တဲ့ နန္ဒာပါလိမ့်။ ဘယ်လောက် ရက်စက်နိုင်ပါလိမ့်။ နန္ဒာဟာ ကိုကို့ကို မေတ္တာ သည်လောက် ခန်းခြောက်နေပြီလား။ သူစိမ်းပြင်ပြင်လို သဘောထားနိုင်ပြီလား။ ပြီးတော့ မွန္တလေးက ဂီတဆရာနဲ့ သီချင်းတက်သတဲ့။ အနုပညာသည်ဆိုရင် ဘုရားလောင်းချည်း အောက်မေ့နေတာ။ မယား နန္ဒာအလှကို ဘယ်သူချမ်းသာပေးပွဲမလဲ။ လောကအကြောင်း မသိတတ်တဲ့ နန္ဒာ။ လူကိုယုံတတ်တဲ့ မြနန္ဒာ။

လင်မယားနှစ်ယောက် စာအပြန်အလှန်ရေးပြီး ရန်ဖြစ်ကြ၏။ ကိုကိုသည် ဘယ်တော့မှ စိတ်ရှည်လက်ရှည် စာရေးလိမ့် မရှိ။ ဖောင်တိန်ပင် ကိုင်လေ့မရှိ။ တိုက်ပရိုက်တာသာ ရိုက်လေ့ရှိသော်လည်း နန္ဒာက လက်နှိပ်စက်ဖြင့် ရေးသောစာကို ဖတ်မည်မဟုတ်ဆိုသဖြင့် ပီသအောင် လှအောင် ကြိုးစား၍ ရေးရပြန်သည်။

နန္ဒာ မသိဘူးလား၊ လောကမှာ ဘယ်ယောကျ်ားမဆို မိန်းမအများကို တပ်မက်တာ၊ ပြစ်မှားတာ၊ မိန်းမဟူသမျှကို အချောင်ရရင် ကြံစည်မှာ။ အနည်းဆုံး နီးစပ်ရင် ဖြစ်တတ်တာ နန္ဒာ မသိဘူးလား။

ပြီးတော့ လူ့ဘဝမှာ ဘယ်မှ မည်မည်ရရ အလုပ်ဆိုတာ လက်ညှိုး ထောက်ပြစရာ မရှိတဲ့လူမျိုးကို နန္ဒာ အထင်ကြီးတတ် ပေါင်းသင်းတတ်တာ အံ့သြလို့မဆုံးဘူး။ ကိုကိုဖြင့် တနေ့ တနေ့မှာ ၂၄ နာရီနဲ့ မလောက်လို့ အိပ်ချိန်လျှော့ပြီးရင် လျှော့နေရလို့ ပိန်တောင် ပိန်နေပြီ။ ခုတလော ကိုယ့်ဘာသာ ဆေးတောင် ထိုးနေရတယ်။ အိပ်ရေးပျက်လွန်းတော့လည်း ခွဲတဲ့စိတ်တဲ့ အခါ လက် နည်းနည်း တုန်ချင်တယ်။

နန္ဒာက ရန်ဖြစ်ရမည်ဆိုလျှင် စာသွက်သွက် ပြန်ရေး၍ ပို့တတ်၏။

ကိုကို နန္ဒာ အနုပညာသည်ဖြစ်ဖို့ မွေးလာလျက်နဲ့ အညွှန့်ချိုးခံရလို့ လောင်းရိပ်မိနေလို့ မဖူးရ မပွင့်ရတဲ့ အနုပညာသည် မဖြစ်ရတဲ့သူလို့ ကိုယ့် ကိုယ် ကို ထင်နေတာ။ လူတထောင်တသောင်းကို

စာကုန်းကျက်ရင် ဆရာကောင်းနဲ့သင်ပေးရင် ဆရာဝန် အကုန်ဖြစ်တယ်။ အင်ဂျင်နီယာ အကုန်ဖြစ်တယ်။ ပန်းချီဆရာ၊ ကဗျာဆရာ၊ ဂီတဆရာ ဖြစ်အောင် သင်ပေးလို့ မရဘူး။ စာကုန်းကျက်လို့မရဘူး။ သူ့ဘာသာ ပါရမီနဲ့ မွေးလာတာ။ အနုပညာသည်ဆိုတာကတော့ အနုပညာကလွဲရင် ကျန်တာဟူသမျှ မြေမှုန်မျှသာ ထင်တာ ကိုကိုရဲ့။ မာနကြီးတယ် ဆိုချင်ဆို။

ပြီးတော့ မိန်းမနဲ့အိပ်ရာထက် မွေ့လျော်ခြင်းဆိုတာ ယောကျ်ားတိုင်းအဖို့ အရေးကြီးလှတဲ့ကိစ္စ ဟုတ်ချင်မှ ဟုတ်မှာ။ အနည်းဆုံး ကိုကို့လောက် အရေးကြီးချင်မှ ကြီးမှာ။

ရှင်းရှင်းပြောရရင် နန္ဒာ့ သား ပန်းချီဆရာဖြစ်မယ်ဆိုရင် နန္ဒာ ဂမ်းအသာဆုံးနေမှာ။ သားက ခု ၁၂ နှစ် ပြည့်တော့မယ်။ အဝတ်အစားလည်း ဂရုမစိုက်ဘူး။ ဘာမှလည်း စိတ်မဝင်စားဘူး။ ခဲတံတချောင်းနဲ့ လူပုံပဲ ဆွဲနေတာပဲ။ နိမ့်လိုက်မြင့်လိုက်နဲ့ လျှောလိမ့်နေတဲ့ ရှမ်းမြေပြင်ကိုပဲ ဆွဲနေတာပဲ။ ဟိုနေ့က နန္ဒာ နှင်းဆီပန်းတွေ ပန်းအိုးထဲ ပြင်နေတာကို ဘယ်လောက် မြန်မြန် ကူးဆွဲခြစ်လိုက်တယ် မသိဘူး။ လက်ချောင်း လှုပ်ရှားတာ၊ နှင်းဆီရွက်ကလေးတွေ လှုပ်ခါသွားတာ အရအမိ ဖမ်းလိုက်တယ်။ သားကိုတော့ ဆရာဝန် မလုပ်ခိုင်းပါနဲ့ နော်။ သူ ဖြစ်ချင်တာ ဖြစ်ပေါ်စေ။ မဖြစ်ချင်တာ အတင်း မဖြစ်ခိုင်းပါနဲ့။ သားကို ချစ်ရင်……

အိပ်မက်ကမ္ဘာက မထွက်ချင်တဲ့ မြနန္ဒာဟာ တကယ်တော့ ချစ်စရာလည်းကောင်းရဲ့၊ သနားစရာလည်းကောင်းရဲ့၊ စိတ်ပျက်စရာလည်း ကောင်းရဲ့ ။

တနှစ်ကျော်မျှ မြနန္ဒာ ပြန်မလာသောအချိန်တွင်းမှာ ကိုကို ဘယ်လိုနေရသည်ဆိုတာတော့ သူ မစဉ်းစား။ အီမယ်လ်ဒါကို လက်ထပ်ယူလည်း မြနန္ဒာနဲ့ လို သားသမီး မပွားစီးစေဘူး ဆိုတာ ကိုကို့ နမ နားလည်ပါစ။ ဘယ်မိန်းမနှင့်မှ သားသမီးဆိုတာ စဉ်းစားလို့ မရတာကို ကိုကို့ နမ သိပါစ။ ဘယ်သူမှ ကိုကို့ မယားမဟုတ်ကြသည်ကို နန္ဒာ မသိဘူးလား။ ဘယ်မိန်းမမှ ကိုကို့ အပေါ် နန္ဒာလို မနိုင်နင်း မဖိစီးနိုင်ဘူး ဆိုတာ နန္ဒာ မသိဘူးလား။ နန္ဒာကို ကိုကို နမြောသလို ဘယ်မိန်းမကိုမှ မနမြောနိုင်ဘူး ဆိုတာ မသိဘူးလား။ တလုံးတည်းပြောရလျှင် ကိုကို့ နမလို ဘယ်သူ့ကိုမှ မချစ်ဘူးဆိုတာ မသိဘူးလား။

မြနန္ဒာ စာရေးလိုက်ပြန်သည်။

ကိုကို ချစ်တတ်တာလည်း အဆန်းပဲ။ နန္ဒာကိုချစ်တုန်း ထွေရာလေးပါး စိတ်ကူးနိုင်သေးတယ်နော်။ ( သည်တခါပဲ ယဉ်ယဉ်ကျေးကျေး ပြောလိုက်သည်ကို ကိုကို သတိထားမိ၏ )။ နန္ဒာတို့ ချစ်တယ်ဆိုတာကတော့ စိတ်ထဲက ဘာမှ မကူးမိအောင် မအားလပ်အောင် ကိုယ်ချစ်တဲ့သူကို တွေးနေတာ။ လန်ဒန်တုန်းက ကိုကို ဆေးရုံမှာ သွားလုပ်နေပေမယ့် နန္ဒာ စိတ်က လိုက်ပြီး ကိုကို့ ဆံပင်ကို နမ်းမိတယ်။ ကိုကို့ ပခုံးကို ဖက်မိတယ်။ ပီယာနိုတီးလည်း ကိုကို့ ကိုချစ်လို့ သတိရလို့ တီးတာ။

ခုလည်း လှမ်းမြင်နေရတဲ့ ပန်းရောင်တိုက်ပန်းပွင့်နွယ်တွေပေါ် လိပ်ပြာဆင်တူလေးတသိုက် ရှုပ်ပွေလုံးထွေးပြီး အတောင်တွေ ခတ်နေတော့ မဆီမဆိုင် ကိုကို့ ကို ချစ်ခင်လာပြန်တယ်။ သတိရလာပြန်တယ်။ ဒါပေမယ့် ကိုကို့ ကိုချစ်တာနဲ့ အမျှ စိတ်ဆင်းရဲရမှာ ကြောက်တော့ နောက်ဆုတ်နေလိုက်တယ်။ ချုပ်တည်းနေလိုက်တယ်။ အသေလို နေလိုက်တယ်။ သေပစ်လိုက်တယ်။ ကိုကိုကြောင့် နန္ဒာ ခဏခဏ သေရတယ်။ သားလေးအနားရောက်လာရင် ခဏ ပြန်ရှင်လာပြန်ရော။ သီချင်းတပုဒ်တက်ရင် ခဏ ပြန်ရှင်လာရော။

ဒါပေမယ် ့ အသစ်တကယ်ပြန်ပြီး မွေးဖွားလာဖို့ကတော့ အင်အားလိုတယ် ကိုကိုရဲ့။ ဒီအင်အားကို ကိုကိုကတော့ ဘယ်တော့မှ မပေးနိုင်တော့ပါဘူး ထင်ပါရဲ့။

ထိုနောက် နန္ဒာထံက စာ လုံးဝ မလာသည်မှာ အကြာကြီး ဖြစ်သည်။ ကိုကိုက စာနစ်စောင် သုံးစောင် ထပ်ရေးလည်း မပြန်။ သံကြိုးရိုက်လည်း မပြန်။ ဒါနှင့် တယ်လီဖုန်းဆက်ပြန်တော့ စကားကောင်းစွာ ပြောလို့မရ။ တယ်လီဖုန်းကလည်း ပြတ် ပြတ် သွားသည်။ တယောက်နှင့် တယောက် 'ကိုကို' 'နန္ဒာ' လို့သာ ခေါ်နေကြပြီး အချိန်စေ့တော့မည်ဖြစ်ရာ 'နန္ဒာ၊ ဒါလင်…. ကိုကို့ ဆီ ပြန်လာပါ…. ပြန်လာခဲ့ပါတော့' ဟုသာ နောက်ဆုံး ပြောလိုက်ရသည်။

သို့သော် နန္ဒာ ပြန်မလာချေ။

နန္ဒာ တကယ်ပင် ကိုကို့ ကို စွန့်ခွာတော့မည်လားဟု ပြင်းထန်စွာ ပူပင်ရ၏။ ဘယ်နည်းဖြင့်မျှ သူ နန္ဒာကို လက်လွှတ်နိုင်မည်မဟုတ်။ နန္ဒာနှင့် ကွဲကွာရလျှင် သူ့ဘဝ၌ လုပ်စရာ ဘာမျှ ကျန်တော့မည်မဟုတ်။ နန္ဒာ စိတ်ထားပုံ ပြင်းထန်လှတယ်လို့ တဘက်က စိတ်ဆိုးပြန်၏။

ကိုကို့ ကို ချုပ်ချယ်လွန်းလှတယ်လို့ ထင်ပြန်၏။ နန္ဒာကို ဘာမှ နစ်နာစေသည် မဟုတ်ဘဲဖြင့် နစ်နာသည် ထင်ရက်ပါတကား ဟု တွေးပြန်၏။ နန္ဒာနှင့် ကိုကိုတို့၏ အိမ်ထောင်ကို ဘာမျှ မထိခိုက်နိုင်သော၊ နန္ဒာနှင့်စာလျှင် ဖွဲမျှသာဖြစ်သော မိန်းမအပေါင်းအတွက် ကိုယ့်ဒုက္ခ ကိုယ်ရှာနိုင်လွန်းလှသည် ထင်ပြန်၏။

သို့သော် နန္ဒာကို ခဏဖြစ်စေ အလျှော့ပေးမှ ဖြစ်တော့မည် ထင်သည်။ နန္ဒာ ပြန်လာဖို့ သူ အရင်ဆုံး လုပ်ရမည်။

ထိုကြောင့် ခွင့်တလ တောင်းရသည်။ ခွင့်မပေးနိုင်ဟု ဆိုပြန်သည်မို့ စကားများရပြန်၏။ ဘယ်တုန်းကမှ ခွင့်မယူခဲ့ဘဲ သည်တလ အရေးကိစ္စအတွက် ခွင့်တောင်းသည်ကို မပေးသည့်အတွက် ဒေါသဖြစ်ရပြန်၏။ ယခုတလော သူ စိတ်တို ဒေါသ ကြီးသည်မှာ အမှန်။ သူ့ကို မနာလိုသော ပြိုင်ဘက် အလုပ်လုပ်ဘက်များကလည်း မမှန်သတင်း လွှင့်ကြသေးသည်။ နန္ဒာနှင့် ကွဲကြသလိုလို။ နန္ဒာပဲ နောက် လင်ယူတော့မလိုလို။

အီမယ်လ်ဒါနှင့် သူ ရန်ဖြစ်၏။ အီမယ်လ်ဒါက ပိုင်စိုးသည်ကို လုံးဝ သည်းခံလို့မရ။ မြန္နွာနှင့် ဘာတခု ယှဉ်လို့ရသည်မို့လဲ ဟု ရက်စက်စွာ တွေး၏။ အီမယ်လ်ဒါကိုတော့ 'မင်းမကျေနပ်ရင် ကြိုက်သလိုလုပ်။ လက်ထပ်စာချုပ်ကို မီးရှို့လိုက်၊ ပျော့ကြေးပေးရအုန်းမလား။ ပြော ... ဘယ်လောက်လဲ' စသည်ဖြင့် ပြောနိုင်၏။ စိတ်ထဲကလည်း ပါ၏။ သူတို့ကြောင့် ကိုကို့ နမလေး စိတ်ဆင်းရဲရသည်လို့ တာဝန်ချလိုက်ချင်းသေး၏။ လက်ထပ်စာချုပ် ချုပ်ချင်လိုက်ရတာ။ ချုပ်တော့ကော ကိုကို့ ကို ပိုင်နိုင်သည်လား။ ကိုကို့ ကို ပိုင်ဆိုင်သူမှာ မြန္နွာတယောက်သာ ဖြစ်သည်။

ဒါတွေကို ဘယ်သူမှ သိသည်မဟုတ်။ နန္ဒာလည်း မသိ။ သိအောင်ပြောလို့လည်း မယုံကြည်။

အီမယ်လ်ဒါတော့ မပြောတတ်။ ကိုကိုကတော့ နဂိုကလည်း အဖိုးမထား။ အီမယ်လ်ဒါ နားပူလွန်း၍ လုပ်ရသည့် လက်ထပ်စာချုပ်ကို ပွ နေသော စားပွဲ အံဆွဲထဲက ထုတ်ကာ အပိုင်းပိုင်း ဆွဲဆုတ်၍ အမှိုက်တောင်းထဲ ပစ်ထည့်လိုက်ပြီး ....

ပြီးတော့ သားထံ စာရေးရ၏။

ဖေဖေ့သား

သားနဲ့ မေမေကို ဖေဖေ အောက်မေ့လို့ လာခေါ်မလို့ ခွင့်တလ ယူလိုက်တယ်။ သားက ကျောင်းတဂက်တပျက် ထွက်လာရမှာမို့ စိတ်မကောင်းဘူး။ ဒါပေမယ့် ဒီနှစ် အလဟဿ မဖြစ်ရအောင် ဖေဖေ ရန်ကုန်ကျောင်းမှာ မရ ရအောင် ပြန်သွင်းပေးပါ့မယ်။ ဒီနှစ် မရရင်တောင် သား စိတ်ပါတဲ့ ပန်းချီသင်တန်းဖြစ်ဖြစ် တက်နိုင်တာပေါ့။ ဒါမှ မဟုတ် သားမေမေက ဒါမျိုး နားလည်တော့ သင့်တော်မယ့် ပန်းချီဆရာ တယောက်ဆီ မေမေ့ကို အပ်ခိုင်းတာပေါ့။

သား အခု ရေကူး သိပ်တတ်နေပြီဆို။ ကားလည်း မောင်းတတ်နေပြီ ဟုတ်လား။ ဖေဖေ သိပ်သဘောကျတာပေါ့။ သားက မကြာခင် လူကြီး ဖြစ်တော့မှာပေါ့။ ဒါပေမယ့် ဘောင်းဘီရှည်နဲ့ နက်တိုင်နဲ့ ကျကျနန ဂုတ်စားတတ်ဖို့လည်း လိုတယ်သားရဲ့။ ပုဆိုးစိမ်းကလေး ဂုတ်ပြီး ကျောင်းသွားတာ ဖေဖေ ကြည့်လို့မရဘူး။ ဘုန်းကြီးကျောင်းသားလေးနဲ့ သိပ်တူတာပဲ။ ပြီးတော့ ဖေဖေ မနှစ်က အင်္ဂလန် ခဏသွားတုန်းက ဂယ်လာတဲ့ သားရေဂျာကင်တို့၊ နိုင်လွန်ဂျာကင်တို့လည်း မဂုတ်ဘဲ ပစ်ထားတယ်ဆို။ သိပ်မိုက်တဲ့ သားပဲ။ ဘယ်လောက် အဖိုးတန်တဲ့ကောင်းတဲ့ အကျီတွေလဲ တော်ကြာ တိုကုန်တော့မယ်။

မင်းမေမေ ခုတလော အလုပ်များနေသလား။ ဘာတွေများ လုပ်နေသလဲ။ မြန်မာသီချင်းကြီး ဆိုတာကော တက်နေသေးသလား။ သားကော တက်နေသေးသလား။ သားကော လိုက်သေးသလား။ စာ ပြန်ရေးပါဦးကွ။

ဖေဖေ ဘယ်နေ့ ရန်ကုန်က ထွက်ဖြစ်မယ်ဆိုတာ သေချာတော့ စာ ထပ်ရေးလိုက်ဦးမယ်။ ခု ခွင့်ရတော့မယ်။ စာနဲ့ပေနဲ့ မကျလာသေးလို့ စောင့်နေရတာ။

မေမေ့ကို ဖေဖေက နှုတ်ဆက်လိုက်ကြောင်း ပြောပါ။

ဩော် သား ပန်းချီဆရာ ဖြစ်ချင်တာ ဖေဖေ မကန့်ကွက်တော့ပါဘူး။ ဒါပေမယ့် ဘီအေ ဒီဂရီ ရအောင် အရင် စာကျက်ပါဦး။ ဘီအေ အောင်တော့ အင်္ဂလန် ပို့ပေးမယ်။ အဲဒီမှာ အနုပညာ မျိုးစုံ သင်ပေးတဲ့ ရှိုင်ရယ်ကောလိပ် ဆိုတာတွေရှိတယ်။ ပို့ပေးမယ်။

ဒါပေမယ့်ကွာ၊ ဆရာဝန်သားက ဆရာဝန် မဖြစ်တောင် အင်ဂျင်နီယာလောက်တော့ ဖြစ်သင့်တယ်ထင်တာပဲ။

စသည်ဖြင့် သားကို ကိုယ်နှင့် တန်းတူထား၍ စာရေးလိုက်မိ၏။ သားထံက စာပြန်မလာဘဲ တယ်လီဖုန်း ဆက်သည်။ တုန်ရီသောလက်များဖြင့် ရင်တဒိတ်ဒိတ် ခုန်ကာ တယ်လီဖုန်းကို ကောက်ကိုင်ရသည်။ နန္ဒာများလေလားလို့။ နန္ဒာပဲ ဖြစ်ပါစေလို့ ဆုတောင်း၏။ သားအသံကို ကြားတော့ ဂမ်းသာပြန်လည်း ဂမ်းနည်းရရဲ့။ သား ဖုန်းဆက်တော့ သူ့ အမေက ဘေးမှာ ရပ်နေမည်လား။ အပြုံးအေးအေးဖြင့် ငေးမောနားထောင်မည်လား။

‘ဖေဖေ့ စာကို ရတယ်။ မေမေ့ကိုတောင် ဖတ်ပြသေးတယ်’ ဟု သားက ပြောလေ၏။

‘ဟုတ်လား မေမေ နေကောင်းလား’

‘ ကောင်းပါတယ် ဖေဖေ ဘယ်တော့ လာမလဲ’

‘ တပတ်အတွင်းပဲ။ ဖြစ်နိုင်ရင် ဒီစနေနေ့ကို နားလည်အောင်ပြောပြီး ထွက်ခဲ့မယ်။ ဖေဖေ့ လက်ထောက်က ကျေနပ်ရင် နှစ်ရက် ကြိုထွက်လို့ ရမှာပေါ့။ စနေနေ့ ခွဲရမယ့် လူနာတွေ လျှော့ပါ ပြောရမှာပေါ့။ ဖေဖေ့ တာဝန်တော့ ပျက်တာပေါ့’

သူတို့သားအမိ စကားပြောနေဟန် မပီမသ အသံများ ကြားလိုက်၏။ တစိုးတစိ ကြားရသော နန္ဒာ၏ အသံကလေးကို အငမ်းမရ နားစွင့်ရ၏။

‘ဟလို ... သား မေမေနဲ့ ဘာတွေ ပြောနေတာလဲ’

‘ မေမေက လေယာဉ်ပျံနဲ့ လာမှာလားလို့ မေးခိုင်းတယ်။ မေမေ လာကြိုမယ်တဲ့။ ကားမောင်းပြီး…..’

‘ ကျေးဇူးပဲလို့ ပြောလိုက်ပါ။ လေယာဉ်ပျံနဲ့ လာမှာပဲ၊ မင်းမေမေကို ခေါ်လိုက်ပါဦး၊ စကားပြောရအောင်’

အနည်းငယ် ဂမ်းနည်း၏။ သားဘေးမှာ ရပ်ပြီး လင်သည်ကို စကား တိုက်ရိုက်ပြောဖို့ သတိမရတာ။

'ကိုကို နန္ဒာ ပြောနေတယ်' ဟူသော ကိုကို တမ်းတခဲ့ပြီး ဖြစ်သော အမြဲကြားချင်တော့ အသံကို ခုမှ ကြားရလေ၏။

' ကျေးဇူးပဲ နန္ဒာရယ်၊ စကားပြောဖော်ရတယ။ ကိုကို စနေ့နေ့ လာဖြစ်အောင် လာခဲ့မယ်။ နန္ဒာ လာကြိုမယ်လား။ ကားမောင်းရတာ ပင်ပန်းနေမလား။ တောင်ကြီးမှာတော့ ကိုကို့ တပည့် ဆရာဂန်တယောက် ရှိတယ်။ သူ့ကို ကြိုခိုင်းလိုက်မယ်လေ'

' နန္ဒာ လာမှာပေါ့'

သည်လိုဆိုတော့လည်း နန္ဒာ လိမ္မာသားပဲ။ သိတတ်သားပဲ။ ကိုကိုသည် ကိတ်မုန့်များ သကြားလုံးများ ပြေးဂယ်ရပြန်၏။ နန္ဒာ၏ ဂျာမန်မိတ်ဆွေ တယောက် လာပို့ထားသော ဓာတ်ပြားထုပ် ယူသွားဖို့ သတိရပြန်၏။ တီးမည့်သူ မရှိသဖြင့်ပ အသံလျော့ကုန်သော ပီယာနိုကို တလလုံး အချိန်ယူ၍ ပြင်စေဖို့ စီမံခဲ့ရပြန်၏။ နန္ဒာ ပြောသလို ကိုယ့်လင် ကိုယ့် မယား ကိုယ့် သားသမီးအပြင် ဘယ်သူမှ အဂင်မခံတာ အကောင်းဆုံးပါပဲ ဟု တွေးလိုက်မိသေး၏။

မေမြို့မှာ တလလောက် အနားယူစဉ် သူတို့ လင်မယားသည် တော်တော် သင့်မြတ်လျက်ရှိသည်။ သားကို အတူတူ ကျောင်းသွားပို့ကြ၏။ အတူ သွားကြိုကြ၏။ မိုးလင်းလျှင် မိုးရွာပုံမပေါ်လျှင် လက်တွဲ၍ လမ်းလျှောက်ကြ၏။ မြို့ပြင် ကွင်းပြင်များကြားသို့ သွားကြ၏။ သစ်ရိပ် ရေစပ်ရောက်လျှင် နန္ဒာက နားချင်တတ်၏။ 'ကိုကို ငှက်ကလေးတွေ အသံစုံပဲ အော်နေတာ ကြားလား။ နန္ဒာ မမြင်ဖူးတဲ့ ငှက်ကလေးတကကောင်ရှိတယ်။ ငုံး လို့ ပြောကြတယ်။ ဟုတ်လားမသိဘူး။ ကိုကိုသိလား' စသည်ဖြင့် စကားများစွာ ပြောတတ်၏။

' ဒီမှာ လူတွေနဲ့ ဝေးဝေးမှာ အေးအေးပဲ နေချင်ပါပြီ ဟု ညည်းတတ်၏။

ကိုကို အငြိမ်းစား ယူဖို့ကလည်း အဝေးကြီး လိုသေးတယ်နော်။ အလုပ်ကထွက်လိုက်ပါလား ကိုကိုရဲ့ ဟု ပြောလိုက်တော့ မသိတတ် နားမလည်လှပါကလားလို့ သနားရပြန်၏။

'နန္ဒာကလည်း မာရီအင်တွိုင်းနက်လို ပြောနေပြန်ပြ'ဓ လို့ စကား စ မိတော့….

'ဘာလဲ ကိုကို' လို့ နမ နန္ဒာက ပထမ သတိမရ။

' ပြင်သစ်တိုင်းသူပြည်သားတွေ ဆင်းရဲလွန်းလို့ ဆူပူကြွေးကြော်ကြတော့ ဘုရင့် မိဖုရား မာရီအင်တွိုင်းနက်က မေးတယ်တဲ့။ ဘာဖြစ်လို့ ဆူကြတာလဲဆိုတော့ ပေါင်မုန့် စားစရာမရှိလို့ တော်လို့ပါဘုရားလို့ ဖြေတော့ အော် မိုက်လိုက်တဲ့လူတွေ ပေါင်မုန့်စားစရာမရှိရင် ကိတ်မုန့် စားပါလားတဲ့'

နန္ဒာက တချက်ရယ်ပြီး 'အို တက်နိုင်တော့ တက်နိုင်သလို နေတာပေါ့။ ပြီးတော့ နန္ဒာ တကယ် စုံမက်တာ မများလှပါဘူး ကိုကိုရဲ့။ ရှိပြီးသား ပီယာနိုရယ်၊ ဓာတ်စက် ဓာတ်ပြားတွေရယ်၊ စာအုပ်ရယ်၊ သားဖို့ ပန်းချီပစ္စည်းရယ်၊ဒါပါပဲ။ ဒီလောက်တော့လည်း နန္ဒာ ကျောင်းဆရာမ လုပ်စားနေတောင် ရပါတယ်'

'ဟုတ်ပါတယ်။ ဒါပေမယ့် ကိုကိုကလည်း ပိုက်ဆံလိုချင်လို့ သက်သက် အလုပ်လုပ်နေတာမှ မဟုတ်တာ။ ကိုကို တသက်လုံး သင်ခဲ့ရတဲ့ ပညာကို အသုံးချနေတာဘဲ ဒါလင်ရဲ့။ ကိုကို့လက်တွေ ဓားမကိုင်ရဘဲ အချည်းအနှီး ဖြစ်နေမှာ စဉ်းစားလို့မရဘူး'

သည်တော့ နန္ဒာက ကိုကိုရဲ့ လက်ကို တောင်း၍ နီကြမ်းနေသော လက်ချောင်းများကို ကိုင်ကြည့်ပြီး မွေးညှင်း နုစိမ်းတဲ့ ပါးပြင်ကလေးများမှာ ကပ်သည်။ ပြီးတော့ ပိရိသေသပ်လွန်းလှတဲ့ အနည်းငယ် ပါးလွှာလွန်းသော နှုတ်ခမ်းများဖြင့် ထိသည်။ မျက်တောင်များ ကော့ ဖြူးလာပြီး မျက်လုံးညို့ညို့ ဝင်းလက်လာသည်။

ခွဲစိတ်ရာမှာ ကျွမ်းကျင်တဲ့ လက်ချောင်းများမို့ နန္ဒာ နမ်းချင်တာတော့ ဟုတ်မယ်မထင်။ ခွဲစိတ်ရာမှာ ကျွမ်းကျင်တာကို ခွင့်လွှတ်တဲ့ သဘောမျှသာ ဖြစ်သည် ထင်ရဲ့။

နန္ဒာသာ လှရုံဖြစ်၍၊ ပီယာနိုကို ဂုဏ်ရှိရုံတီးသည် ဖြစ်၍၊ ဆရာဂန်ကြီး သာဦးဂျော်၏ ပွဲလယ်မှာ တင့်တယ်သော မယားသာ ဖြစ်လျှင် အားလုံးသော ပြဿနာ ရှင်းသွားလိမ့်မည်။ မိန်းမ ဂါသနာ ပါသော ဆရာဂန်ကြီး၏ ဂုဏ်ရှိစွာနေရလျှင် ကျေနပ်တတ်သော မိန်းမမျှသာ ဖြစ်လျှင် ဘယ်လောက်ကောင်းမလဲ။ ဒါမှမဟုတ် ကိုကိုကပဲ နန္ဒာ့လို စာအုပ်ကဗျာ ဖတ်ကာ လက်ချောင်းများကို လူ့အသက်ဖြင့် မကစားဘဲ ပီယာနိုခုံ၌သာ ကစားတတ်လျှင် ဘယ်လောက်ကောင်းမလဲ။

'ဒါပေမယ့် ကိုကိုက ဘာကြောင့် နန္ဒာကို တစ်ယောက်တည်း အကြာကြီး ထားရသလဲ။ နန္ဒာ စာအုပ်တွေ အများကြီးဖတ်ဖို့ အချိန်ပေးခဲ့သလဲ။ ညညမှာ အထီးတည်း အိပ်မပျော်ဘဲ တွေးတောနေဖို့ ဖန်တီးခဲ့သလဲ။ ပါပါကတော့ နန္ဒာ့ကို ဘာကြောင့်စာတတ်အောင် သင်ပေးခဲ့သလဲ။ 'သည်လောက်တတ်ပြီ၊ ဒီနေရာမှာ ရပ်တော့' လို့တားထားလို့ မရဘူး။ လူကိုသာ သော့ခတ်လို့ရမယ်။ စိတ်ကို တားဆီးလို့ မရနိုင်ကောင်းဘူး' လို့ နန္ဒာ ပြန်ပြောလိမ့်မည်။

ကိုကိုသည် စကားနည်း ရန်စဲနေဖို့ တွေးတောလာ၏။ အနည်းဆုံး မေမြို့တွင် တစ်လနေကြသော အချိန်မှာ ပျော်ရွှင်နေကြဖို့သာ စိတ်ကူးသည်။

'ကိုကိုကတော့ နန္ဒာ့ကိုချစ်တယ်၊ နန္ဒာနဲ့ အိမ်တောင်ဆောက်ပြီး နေကြတယ်။ သားသမီး ဖြစ်ရတယ်။ ပြီးတော့ နန္ဒာ့ကို ငွေအကုန်အပ်တယ်။ ပွဲထုတ်တဲ့မယားလည်းဖြစ်တယ်။ နန္ဒာရှိရာသာ

ကိုကို့အိမ်ဖြစ်တယ်။ အဲဒီလိုနေနေပြီဟာ။ ယောကျ်ားမို့ လေလွင့်တယ်ပဲထားပါ။ ကိုကိုလုပ်တာတွေဟာ အရက်ထွက်သောက်သလို ဘာမှမပြောလောက်တဲ့ ကိစ္စမဟုတ်ဘူးလို့ ထင်တာပဲ' ဟု ရှင်းလင်းမိလျှင်တော့---

'ပြောမှ ပြောရက်တယ် ကိုကိုရယ်။ ချစ်တတ်တဲ့ မိန်းမတစ်ယောက်ဟာ ကိုယ်ချစ်တဲ့ လင် အလုပ်သွားနေတဲ့ တစ်နေ့လုံး ညနေ ပြန်လာမှာကိုပဲ မျှော်နေတယ်။ လင် နေ့လယ်ပိုင်း အလုပ်မရှိလို့ လုံးတီး ကျန်နေရတယ်ဆိုတာ မသိဘူးလား။ ကိုကိုမရှိတဲ့ ညများမှာ နန္ဒာ ပူလောင်ရတယ်။ မနာလိုစိတ်နဲ့ ရူးမတတ် ဖြစ်ရတယ်။ မာန ကျိုးပဲ့ရတယ်။ ကိုကိုကတော့ မဆီမဆိုင်လို့ ပြောဦးမှာပေါ့။ ဆီဆိုင်တယ် ကိုကိုရဲ့။ ကိုကိုလုပ်ပုံက နန္ဒာ့ကို မစုံမက်ရာ ရောက်တယ်။ အဖိုးမထားရာ ရောက်တယ်။ နန္ဒာ ဘယ်လောက်ရှက်ရတယ် ထင်လဲ။ ယောကျ်ားပဲ ဆိုပြီး ကိုကို့အဖို့ အရေးမကြီးတဲ့ ကိစ္စဟာ နန္ဒာ့အဖို့ မိန်းမမို့လားမသိ အရေးကြီးတယ်။'

'လောကမှာ ဒီလိုပဲ ဖြစ်နေမှာပဲ ထင်ပါရဲ့။ ပြီးတော့နန္ဒာ စိတ်ထင်လို့လားတော့မသိဘူး။ နန္ဒာ့ကို မြင်ရင် မိန်းမတွေက သနားသလို ကြည့်ကြတယ်။ ရယ်ချင်သလို ကြည့်ကြတယ်။ စိတ်ထားညံ့သူတွေက ဂမ်းသာအားရ ရှိကြတယ်။ ယောကျ်ားတွေက ရော အရိုအသေနည်းချင်တယ်။ နန္ဒာ့ကို အပြစ်ရှာလာကြတယ်။ လင်ပစ်မလို့ သဘောထားပြီး စ,ချင်ကြဦးမယ်။ နန္ဒာ စိတ်ကူးယဉ်တာလား။ ပြောပါဦးကိုကို'

'နန္ဒာက ဒီလိုလူစားတွေနဲ့ တွေ့တဲ့နေရာ သွားချင်တာကိုး'

'ဖဲလည်းရိုက်တာကိုးလို့ ပြောပါ။ ဒါပေမယ့် ကိုကို။ ဒီလောက် ပီယာနိုတီး၊ ဓာတ်ပြားဖွင့်၊ စာဖတ်၊ အိမ်ကိုပြုပြင်လုပ်နေပေမယ့်လည်း စိတ်ဟာ အားကွက်ရသေးတယ်။ စိတ်ထဲက စကားမပြတ် ပြောနေသေးတယ်။ ရှုန်ပိန်သောက်ပြီး ခပ်မူးမူး ဖြစ်နေတာမျိုးလည်း မလုပ်ချင်တော့ဘူး။ ကိုယ့်ကိုယ်ကို ရှက်တယ်။ ဖဲရိုက်ရတာ စိတ်တော်တော်ငြိမ်တယ်။ ကိုကိုတောင် ရိုက်ကြည့်ပါလား။'

'သတ္တဗေဒသဘောအရ အဖိုဆိုသည်မှာ အမများစွာကို မှီဝဲနိုင်သည့် သဘာဝသာ ဖြစ်သည်ဆိုတာကို သိပ္ပံပညာရှင်မို့ လားမသိ။ ကိုကိုက ယုံကြည်ကျင့်ကြံ နေပြီး သူတကာထက် အိပ်မက်မက်တတ်သော၊ အိပ်မက်ဖြင့် ငိုတတ်သော မြနန္ဒာ လက်မခံနိုင်သည်မှာတော့ သူတို့ဘဂကို မပြေလည်စေနိုင် သည့် ကိစ္စပဲဟု ကိုကိုထင်သည်။ ဘယ်သူ့အပြစ်ရယ်လို့ မရှာဖွေချင်တော့ပါဘူး။ ကိုယ့်ကိုယ်ကို မှားသည်ဟုပင် မထင်နိုင်လေတော့ ကိုကိုသည် နန္ဒာကသာ အလျှော့ပေးစေချင်သည်။

အမှန်မြင်စေချင်သည်။ တစ်နေ့သိမြင်လာရမည်ဟု မျှော်လင့်သည်။

ပြီးတော့ နန္ဒာကို ပစ်ထားမိတာလည်း များသည်ထင်သည်။ လက်ထပ်ခါစက အချိန်များကို မိန်းမဆိုတာတွေက သတိရနေတတ်ကြသည် ထင်သည်။ လက်ထပ်ခါစက ကိုကိုသည် နန္ဒာ့ကို

လူကြည့်တောင် မခံနိုင်တာလည်း သတိရ၏။ သူတို့ကပွဲသွားလျှင် ခင်မင်သော သူငယ်ချင်း မိတ်ဆွေနှင့်တောင် က, ဖို့ ခွင့်မပေးနိုင်။ ကိုကိုချည်းသာ နန္ဒာနှင့် ကချင်သည်။ သွက်လက်သော တီးလုံးဓာတ်ပြားများကို ဖွင့်ကာ အနည်းငယ် က,ကြသေး၏။ 'ဟုတ်တယ်။ ရန်ကုန်ပြန်ရောက်ရင် ကိုကိုနဲ့ ဒါလင်နဲ့ ညပိုင်းထွက်က, ကြဦးစို့' ဟု အကြံရလျှင် 'သိပ်မကချင်တော့ပါဘူး။ တကယ်တော့ နန္ဒာက ကိုယ့်ကို ဘယ်သူလာထိတာမှ မကြိုက်တော့ဘူး။' ဟုပြောတတ်သည်။သို့ပေမယ့် နန္ဒာသည် သားကို အကသင်ပေးသည်။ သားနှင့်အမေ က, နေကြလျှင် ကိုကိုသည် ဂေဆိုင်းသော မျက်လုံးများဖြင့် ငေးမော၍ ကြည့်ကာ 'မောင်နှမလိုပဲ။ သားကလည်း ထွားလာတယ်။ နန္ဒာကလည်း နုနယ်လိုက်တာ။ လောကမှာ စုံမက်ကြတဲ့ ပိုက်ဆံတို့၊ ဂုဏ်သရေတို့ ဆိုတာတွေအတွက် မပူပင်ရလို့လား။ သူနှစ်လိုတတ်တဲ့ ပန်းပွင့်၊ ကျေးငှက်၊ ကဗျာ၊ ဂီတတို့နဲ့ စိတ်နူးညံ့ရလို့ပဲလား' တွေးမိ၏။ ကိုကိုကတော့ ဆံပင်များအသက်ဖြင့်မလိုက် ဖြူသည်မို့ နေ့စဉ် ဆေးဆိုးနေရသည်။ ပြီးတော့ ဆရာဝန်များ၊ အထူးသဖြင့် ခွဲစိတ်ကုသရသည့် ဆရာဝန်များသည် သူများထက် ပို၍ အိုလွယ် ကျလွယ်သည်မှာ ထုံးစံဖြစ်လေသည်။

မေမြို့မှာ မြနန္ဒာနှင့် သားနှင့် အနားယူပြီး နန္ဒာ အလိုကျ တစ်ဘဝနေလိုက်သည်မှာ ပျော်စရာ မှန်ပေမည့် ခွင့်ရသည့်လကုန်၍ ဆေးရုံရှိရာ၊ အလုပ်ခွင်ရှိရာ ပြန်ရမည်ဆိုတော့ ကိုကိုသည် လက်များတုန်ရီအောင်ဂမ်းသာသည် အားလပ် ပျင်းရိနေသော သူ့လက်ချောင်းများသည် အလုပ်လုပ်ချင်ခြင်းအားဖြင့် ယားလှပြီ။ သူ့ဘဝမှာ နာခေါင်းယဉ်၍ မွှေးသည်ဟုပင်ထင်သော၊ ဆေးရုံကစင်ကြယ်သော၊ ပိုးမွှားကင်းသော အနံ့တို့ကို မွှေးယောင်လာသည်။ ဘာမျှ စဉ်းစား တွေးတောနေချိန်မရအောင် တဒင်္ဂမှ နောက်တဒင်္ဂသို့ လျင်မြန်စွာကူးပြောင်း၍ အကြောင်းခြင်းတများစွာ ဖြစ်ပေါ်နေသော ခွဲစိတ်ခန်းသို့ သူပြန်ချင်ပြီ။ အီမလ်ဒါကို သူပစ်ပစ်ခါခါ လုပ်ခဲ့တာလည်း အားနာသည်။ ပြန်တောင်းပန်ရဦးမည်။ အတွယ်အငြိတော့ မခံနိုင်။ ဆရာ ဆရာဖြင့် သူ့ကို ခရာကြကုန်သော နာ့စ်မများ၊ ကျောင်းသူများရဲ့ အသံတို့ကို လည်း သတိရတာ အမှန်ပင်။

ရန်ကုန်မှာ သူတို့ ပျော်ရွှင်စွာ နေကြသေး၏။ နန္ဒာက ပီယာနိုတီး၊ ဓာတ်ပြားဖွင့်ပြီးနေမြဲနေသည်။ အိမ်ထွက်မလည်တော့ချေ။ ပြင်သစ်၊ ဂျာမန်စာ၊ စကားတွေ မေ့မည်စိုး၍ နိုင်ငံခြားသားများကို မကြာခဏ ဖိတ်ကြားကျွေးမွေးလေ့ရှိ၏။ ကိုကိုဆေးရုံက ပြန်လာလျှင် အသက်ဝင်လှုပ်ရှားနေသော အိမ်ရှင်မဖြင့် သာယာသော အိမ်၏ အသံဗလံကို ကြားရ၏။

ကိုကို့ဧည့်သည်နှင့် မြနန္ဒာ၏ ဧည့်သည်များသည် ဖက်စပ်လို့မရ၊ စကားစရာမရအောင် ခြားနားကြပြန်သဖြင့် ကိုကို့ဧည့်သည်သည် တစ်နေ့၊ နန္ဒာ့ ဧည့်သည် တစ်နေ့ ဖိတ်ကြားရ၏။ နန္ဒာ့ ဧည့်သည်များကြားမှာ ကိုကိုပျင်းရိကာ အိပ်ပျော်သလို၊ ကိုကို့ဧည့်သည်များကြားမှာ နန္ဒာ ငိုက်မျဉ်းကာ မသမ်းဝေမိအောင် အံကြိတ်လို့ နေရသည်။

ပြီးတော့ 'နန္ဒာ တစ်နေ့လုံး တစ်ခါမှ မအားလိုက်ဘူး' လို့ ပြောတတ်ချေသေး၏။ ပီယာနိုတီးရတာ၊ စာအုပ်ဖတ်ရတာ၊ ဓာတ်ပြားဖွင့်ရတာကို နန္ဒာက အလုပ်လုပ်သလို ကြည်ကြည်ညိုညို လုပ်ပေသည်ကိုး။

ဘာပဲဖြစ်ဖြစ်၊ ကိုကို့ အပြစ်ပဲထားပါ။ ကိုကိုက တံတားအောက်၌ ရေမျောစီးသွားသည်ကို ကြိုက်သည်။ ကိုကို့ကို ချစ်ချင်လှသော မိန်းမတို့ကလည်း ကုန်ခမ်းမသွားနိုင်။ ရုပ်ချော၊ ပညာကြီး၍ တန်ခိုးရှိသည့် ဆရာဝန်ကြီး သာဦးဂျော်၊ အနောက်နိုင်ငံသားတို့၏ မိန်းမကို အရေးပေး ချော့မြူတတ်သော အကျင့်ပါသည့် သာဦးဂျော်၊ မိန်းကလေးကို ရမည်ဆိုလျှင် ထမင်းစားဖိတ်တတ်၊ ကားစီးခေါ်တတ်သော သာဦးဂျော်အဖို့ လက်ဆောင်လိုချင်၍၊ ဂုဏ်ရှိသည်ထင်၍၊ တကယ်ချစ်မည်ထင်၍ အမျိုးစုံသော ရည်ရွယ်ချက်တို့ဖြင့် ခေါ်လျှင် လိုက်လာသည့် မိန်းကလေးတို့ကို သိပ်ပြီး ရှာစရာလို။ ပေါ်များလှသည်။

လီလီနှင့် တွေ့ပုံကတော့ တစ်မျိုးပါပဲ။ တရုတ်ကပြား ကျောင်းဆရာမလေး လီလီ၏အမေမှာ ကိုကို၏လူနာဖြစ်သည်။ ဆရာဝန်သာဦးဂျော်ကို တစ်အိမ်လုံး ကြည်ညို ရိုကျိုးလို့ မဆုံး။ လက်ဆောင် ပူဇော်လို့ မဆုံး။

နောက်ဆုံး လီလီနှင့် ကိုကိုတို့ ထုံးစံအတိုင်း ချစ်ကြသည့်အခါတောင် လီလီတို့ တအိမ်လုံး မငြူစူ။ သာဦးဂျော်ကို တရုတ်နာမည်ပင်ပေးကာ တရုတ်လို အိမ်မှာ မင်္ဂလာဆောင်သတဲ့။ တရုတ်၊ မြန်မာ၊ အင်္ဂလိပ် သတင်း စာထဲ ထည့်ကြော်ငြာသတဲ့။

ကိုကိုသည် အိမ်မပြန်ဂ့ပဲ တစ်လလောက် လီလီတို့အိမ်မှာ သောင်တင်နေသည်။ လီလီတို့ကလည်း တသက်လုံး တင်ထားမည်မှာ အမှန်။ ကျေနပ်မှာအမှန်။ သို့ပေမည့် မြနန္ဒာကိုသာ ချစ်ချင်သော ကိုကိုသည်၊ သည်တခါတော့ကိုယ့်ကိုယ်သာ အပြစ်မြင်မိသည် ဖြစ်သောကိုကိုသည် မြနန္ဒာနှင့် သားဆီကိုသာ ပြန်လိုသည်မို့ မျက်နှာအောက်ချခြင်းဖြင့် တစ်ညပြန်လာသည်။

ခါတိုင်းလိုပင် ပီယာနိုခုံ၌ ထိုင်၍ ဂမ်းနည်းကြေကွဲဖွယ်ရာ ဂီတသံကို တီးခေါက်လျက်ရှိသည့် မြနန္ဒာကိုတွေ့ရပြီး၊ နန္ဒာရဲ့ ပေါင်ပေါ် မျက်နှာပုက်၍ ငိုကြွေးလိုက်ချင်၏။ ကိုကို့အားနည်းလှတဲ့ ဒီတချက်ကို နန္ဒာလက်ဖြင့်ပဲ ကုပေးပါဦးဟု ပြောချင်၏။

သို့ပေမည့် နန္ဒာသည် လှည့်မကြည့်ဘဲ မျက်လုံးညို့ညို့များကို ကော့ဖြူးသော မျက်တောင်များဖြင့်သာ ဖုံးကွယ်ပစ်ပြီး ပီယာနို ဆက်လက်တီးနေသေး၏။ ပြီးတော့မှ တိုးတိတ်စွာပင် 'ကိုကို ထမင်းစားပြီးပြီလား' ဟုသာ မေးလေသည်။

ဒါကတော့ ကိုကို ဘာလုပ်လာသည်ဖြစ်စေ၊ နန္ဒာ၌ ပြောစရာ စကားတခွန်းမရှိပါလို့ ဆိုလိုမြဲ ဖြစ်သော အမူအရာ ဖြစ်၏။ 'ကျေးဇူးပဲနန္ဒာ၊ ကိုကို စားပြီးပြီ' လို့ ပြောလိုက်ပြီး၊ တကယ်တော့ သူညစာတွင်

မက နေ့လယ်စာပါ စားခဲ့သည်မဟုတ်။ တစ်ညနေလုံး နန္ဒာ့ထံ ပြန်လာချင်သဖြင့် လီလီနှင့် စိတ်ဆိုးရ၏။ လီလီ့မိဘများကို ကြေရာကြေကြောင်း ပြောရ၏။ တရုတ် စိတ်ပေါက်လှသော လီလီ့မောင်လေး ယောက်ဖကလေးက ဒေါနှင့်မောဖြင့်၊ မောင်းချခားဖြင့် စားပွဲကို ပစ်နေ စိုက်နေသည်ကို မမြင်ဟန် ပြုနေခဲ့ရ၏။ တစ်နေ့မှာ အသေဆိုးဖြင့် သေမည်လားလို့ စိတ်တွင်းက ချဉ်ချဉ်ဖြင့် ရယ်မောပစ်လိုက်၏။

အိမ်ခန်းတွင်း၌ လိုက်လံ ရှာဖွေသော် နန္ဒာ့ စာအုပ်ဗီရိုထဲမှာ ရှန်ပိန်ပုလင်းကို တွေ့ပြန်သည်။ 'နန္ဒာကော' လို့ မေးတော့ 'မသောက်ချင်ပါဘူး၊ ကျေးဇူး' လို့ အေးအေး ဖြေပြန်သည်။ ရှန်ပိန်ကို သောက်ရင်း တစ်နေ့ခင်းလုံးလည်း ဆေးရုံ၌ မောလာသည်မို့၊ ခွဲစိတ်ရသော နေ့မို့ အိပ်ရာပေါ်၌ ကန့်လန့်ဖြတ်လှဲ၍ အိပ်ပျော်သွား၏။

အိပ်မက် မမက်တတ်ပါပဲလျက် အိပ်မက်မက်၏။ ပီသလှသည်တော့ မဟုတ်။ နန္ဒာ့ကို ကိုယ်တိုင် ခွဲစိတ်ကုသရ၏။ နန္ဒာ၏ အသည်းနှင့် ကျောက်ကပ်များ အကုန်ထုတ်ပစ်လိုက်ရ၏။ သို့သော် နန္ဒာ၏ နှလုံးခုန်သံကို နန္ဒာ့ရင်ခွင်၌ နားတစ်ဘက်အပ်၍ သူနားထောင်နေပြီး 'မသေပါဘူး၊ ကောင်းသွားမှာပ'`ဟု ကြေညာနေသည်။ အိပ်မက်ထဲတွင်လား၊ တကယ်ပဲ နန္ဒာဆက်လက် တီးခေါက်နေသည်လားမသိ။ ကြေကွဲစရာ ဂီတသံသည်တော့ တစ်ခန်းလုံး ဝေနေသည်။

တစ်ရေးနိုးလာတော့ သူသည် အနည်းငယ် လန်ဆန်းနေပြီး၊ ဖျပ်ခနဲ ထရပ်ကာ ကြည့်လိုက်ရာ အိမ်ခန်း၌ မီးလင်းမြဲ လင်းနေပြီး၊ နန္ဒာသည် ပီယာနိုခလုတ်များပေါ်တွင် ခေါင်းချပြီး အိပ်ပျော်နေသည်။ အသာကလေးသွား၍ ပွေ့ယူ လျှင်တော့ ပီယာနိုက အသံကြောင်များ ထွက်လာဆဲ။ နန္ဒာက 'မထိနဲ့၊ နန္ဒာ့ကိုမထိနဲ့' ဟု ငြင်းဆိုသံကြားရလေ၏။

'ဒါလင် ညောင်းနေမှာစိုးလို့၊ လိမ့်ကျမှာ စိုးလို့ လာခေါ်တာ။ အိပ်ရာထဲမှာ လာအိပ်ပါ' ဆိုပေမည့်မရ။

'နန္ဒာ့ကို မထိပါနဲ့၊ ကိုကိုက သွားပါ၊သွားပါ' လို့သာဆိုသည်။

နန္ဒာဘေးမှာ မတ်တပ်ရပ်နေမိ၏။ သည်မျှ နီးစပ်နေသည်ကိုပင် သည်းမခံနိုင်ဟန်ဖြင့် နန္ဒာ ထသွားပြီး နှစ်ယောက်ထိုင် ဆိုဖာရှည်၌ ခွေအိပ်သည်။ သိုးမွေစောင်ဖြင့် ခြုံပေးလျှင်တော့ မငြင်းဆန်တော့ချေ။ထိုကြောင့်ရဲတင်းလာပြီး ပါးချင်းအပ်၍ 'နန္ဒာ' ဟု ခေါ်လျှင် 'ကိုကို မုဒိမ်းကောင်လား' ဟု ပြန်မေးလိမ့်မည်။ နန္ဒာကလည်း တစ်မျိုးရက်စက်တတ်သည်ပင်။

'အားလုံး ကိုကို့ကြောင့်' တဲ့။ ထားပါ။ ကိုကို့အပြစ်ပါလို့ ဆိုလျှင်တော့ နန္ဒာသည် မျက်လုံးများပြူးကျယ် လှန်ကြည့်ပြီး မောပန်းဟန်ဖြင့် မျက်လွှာပြန်သိမ်းကာ အိပ်ပျော်သလို ဆိတ်ငြိမ်နေသည်။ ကိုကိုသည် ဘာမျှ မလုပ်တတ်တော့ပဲ မနက်ကျမှ နန္ဒာဖဲရိုက်

ပိုက်ဆံများပေးလိုက်မည် တောင်စဉ်ရေမရ တွေး၏။ ခုတလော နန္ဒာ ဖဲလည်ရိုက်နေပြန်ပြီဟု ကြားရ၏။

သားကို ကောလိပ်ပို့သည့်နှစ်မှာ သမီးလေးကို မြနန္ဒာ မွေးဖွားခဲ့၏။ လိုလိုချင်ချင်ပင် မွေးဖွားခဲ့၏။ သားကလေး ကြီးသွားသဖြင့် ဟာနေသော ရင်ခွင်မှာ ကလေးတစ်ယောက် ထည့်ထားချင်သည်ဟု နန္ဒာ ကဆိုသည်။ ဒါကိုပဲ ကိုကိုက မရွှင်မလန်း ရယ်မောလိုက်၏။ ပါပါ မာမာက သဘောမကျ။

'တကယ်တော့ နန္ဒာက ဒါဇင်ဂက်လောက် လိုချင်တာ။ ခု အသက်ကြီးသွားလို့၊ မမွေးပွံ့တော့လို့။ သွေးတိုးလည်း နည်းနည်းဖြစ်ချင်ပြီ မာမာရဲ့။' ဟု ပြောကာ ရယ်မောလိုက်ပြန်၏။

သို့သော် သမီးလေးမွေးပြီးသည်ကစ၍ လေးနှစ်ရှိပြီ။ နန္ဒာသည် သူအကြိုက်ဆောက်ခဲ့သော အိမ်၏ သူ့အကြိုက်ဖွဲ့ခဲ့သော အိမ်ခန်းမှ ထွက်ခွာသွားသည်။ ဘော်ဒါဆောင်၌ သွားနေသော သား၏အိမ်ခန်းနှင့်ကပ်လျက် စာကြည့်ခန်းသို့ ပြောင်းသွားသည်။ စာအုပ်များကို အောက်ထပ်သို့ ရွှေ့ပြောင်းလိုက်သည်။ သမီးလေးကမူ ကိုကိုနှင့်နန္ဒာတို့ရဲ့ အရင်က အတူနေခဲ့သည့် အခန်းနှင့် ကပ်လျက် ကလေးခန်း၌ နေသည်မို့ မေမေ ဖေဖေကြားမှာ ကူးသန်းလျက် ရှိသည်။နန္ဒာနှင့် ကိုကိုသည် ယဉ်ကျေးသူများမို့ ပါပါ မာမာနှင့် သားသမီးများရှေ့မှာ ရန်ဖြစ်လေ့မရှိ။

မြန်မာပြည်ပြန်ရောက်ပြီး ဆယ့်နှစ်နှစ်မျှကာလပတ်လုံး မာမာနှင့် ပါပါတို့ တနင်္ဂနွေနေ့တိုင်း အိမ်မှာ ထမင်း လာစားမြဲ ကျင့်ဂတ်သည်ဘယ်တော့မှ မပျက်။

ကိုကိုသည် ဘယ်မိန်းကလေး၏ အိမ်ခန်း၌ စံမြန်းနေလည်း တနင်္ဂနွေညတွင်တော့ အိမ်မှာအိမ်မြဲ။ (အရင်တလောက လီလီတို့အိမ်မှာ တစ်လမျှ သောင်တင်လို့ ကိုကို ထိုဂတ္တရား ပျက်ကွက်ခဲ့သည်။) ပါပါနှင့်မာမာတို့သည် မြနန္ဒာကို ကိုကို့လက် အပြီးအပိုင် လွှဲပြီးသည့် နောက်၌ ဘာမျှ အိမ်တွင်းရေးမှာ စွက်ဖက်ကြသည်မဟုတ်။ နန္ဒာကို စကားတစ်ခွန်း တိုးတိုးမေးလေ့မရှိ။ ကိုကို့ကိုလည်း အပြစ်တင်လိုသော သဘောမပြ။

နန္ဒာကတော့ ထိုဂတ္တရားပျက်စပြုလာ၏။ တစ်နေ့လုံး ညနေစာ စားပွဲအတွက်တော့ စီမံ ပြင်ဆင်လေသည်။ ခြံထဲမှာ ရာသီမပြတ် ပွင့်သော နှင်းဆီပန်းရနံ့ဖြင့် ဧည့်ခန်းကို ကြိုင်လှိုင် စေသည်။ ရာသီအလိုက် သစ်ခွ၊ သဇင်၊ နှင်းပန်း၊ သစ္စာပန်း တို့ဖြင့် အလှဖြည့်ဦးမည်။ မြနန္ဒာသည် ဧည့်ခန်း ပန်းအိုး ကောင်းစွာ စိုက်နိုင်ဖို့ နောက်ခံသစ်ရွက်ကို တောဖြစ်အောင် စိုက်ခဲ့၏။ ပြီးတော့ ကြမ်းပြင်၊ ကော်ဇော၊ ခန်းဆီး၊ လိုက်ကာကို သ, သည်။ အိမ်ဖော် ဒါဇင်ဂက်ကမူ စနေနေ့ညကတည်းက ကြိုတင်၍ လုပ်ကိုင်ကြပြီ။

တနင်္ဂနွေညနေ ဂနာရီမှာ ထမင်းပွဲ စပြီ။

'ဒါပေမယ့် ပါပါလို့' 'မြနန္ဒာကခေါင်းကို ငဲ့၍ နွဲ့၍ နန္ဒာက တနင်္ဂနွေညဆို ဂအောင် မစားဘူး ဟင်းရည်နဲ့ ပေါင်မုန့်ပဲ စားမှာ'

ပါပါ မာမာနှင့်ကိုကိုတို့က---

'ကောင်းသားပဲ သမီး'

'ကောင်းတာပေ့ါ သမီး'

'ကောင်းတာပေ့ါ ဒါလင'' လို့ တစ်ပြိုင်တည်း ထောက်ခံကြသည်။

ဆိုလိုသည်မှာ နန္ဒာသည် ထမင်းပွဲ၌ ပါဂင်သည်မဟုတ်။ အိမ်ခန်းတွင်းသို့ ဟင်းရည်နှင့် ပေါင်မုန့်သာ ပို့ခိုင်းပြီးစားသည်။ သစ်သီးစားချင် စားဦးမည်။ နို့သောက်သည့်အခါ သောက်သည်။ ပြီးတော့ ခပ်သုတ်သုတ် ဂတ်စားပြင်ဆင်၍ ၆နာရီ မထိုးမီ အိမ်မှ ထွက်သည်။ ကိုကို့ကို နှုတ်ဆက်တတ်သေး၏။

'ကိုကို တနင်္ဂနွေညနေဆိုရင် နန္ဒာက ဖဲမရိုက်ရ မနေနိုင်ဘူး။ မစ္စစ် သန်းတင့်အိမ်မှာ လူစုထားပြီးပြီ။ နန္ဒာမလာရင် စောင့်နေကြမှာ။ ၉နာရီထိုးမှ ပြန်လာမှာ။ ကော်ဖီပိုင်းကျမှ နန္ဒာဂင်မှာ'

'ခုတလော သည်လိုချည်း နန္ဒာ လုပ်နေတာပဲ။ နန္ဒာ့ပါပါတို့ကို ကိုကို သိပ်အားနာတာပဲ။'

'အားနာစရာ ဘာအကြောင်းရှိလို့လဲ ကိုကိုရဲ့။ သူစိမ်းမှ မဟုတ်တာ။ ဆွေမျိုးပဲ ဟု နန္ဒာက ရယ်ရွှန်းလိုက်သေး၏။ ညှော့ခံမယ့်သူ ကိုကို တစ်ယောက်လုံး ရှိတာပဲ။ ကိုကိုနဲ့ သူတို့နဲ့က စကားပြောလို့ သိပ်မြိန်တာ မဟုတ်လား။ နန္ဒာနဲ့က ဆွေးနွေးတိုင်ပင်စရာ ဘာမှလည်းမရှိ။ ပြီးတော့ တစ်သက်လုံး နန္ဒာ့ကွယ်ရာမှာ ဆွေးနွေးတိုင်ပင်နေကျမဟုတ်လား။'

'နန္ဒာ ငယ်တော့တာလည်းမဟုတ်ဘဲနဲ့။ ဒီလိုပြောတုန်းပ'` ဟု စိတ်ပျက်လျှင်

'ဘယ်ငယ်မှာလဲ။ အသက်လေးဆယ်ပဲ ပြည့်ခဲ့ပြီ။ သူများတွေကတော့ သုံးဆယ်တောင် ပြည့်မယ်မထင်ဘူးတဲ့။ ဟား ---ဟား၊ လူ့ပြည် အကြာကြီးနေဦးမှာထင်ပါရဲ့။ လေးဆယ်ပြည့်တုန်းက ကိုကိုတောင် မသိလိုက်ဘူး မဟုတ်လား။ အဲဒီနေ့ညကတော့ ကိုကို ပြန်လာပါတယ်။'

'နန္ဒာ့အကြောင်း ကိုကို့ကို ဘာအသိပေးလို့လဲ'

'နန္ဒာ၏မျက်လုံးများ ခက်ထန်သွားပြီးမှ စိတ်ကို ဆုံးမလိုက်သည့်သဖွယ် ပြန်လည်အေးငြိမ်းသွားကာ အဲဒီနေ့က သားရော သမီးပါ ခေါ်ပြီး ရွှေတိဂုံဘုရားသွားတယ်လေ။ နန္ဒာ ဖယောင်းတိုင်ရောင်စုံတွေ ကြိုက်တယ်လေ။ မမှတ်မိဘူးလား'

ဟုတ်သားပဲ။ ကိုကိုသည် နန္ဒာ့မွေးနေ့များကို နင်းဆီမဂ်ဃယ်ပေးခဲ့တာကြာပြီ။ ပြီးတော့ ယောကျ်ားအများတို့ထုံးစံအတိုင်း မွေးနေ့ဆိုတာ တယ်ဂရုစိုက်တာ၊ သတိရတာမဟုတ်။ နှစ်ပေါင်းများစွာ ပေါင်းလာပြီးသော မယားအတွက် ပိုပြီးမေ့တတ်သည်။

'ရွှေတိဂုံဘုရားလည်း မရောက်တာကြာပြီ။ ဘုရားမရှိခိုးတာလည်း ဘယ်လောက်ကြာမှန်းမသိလို့ ကလေးတွေခေါ်ပြီး သွားတာ။ စနေဆိုတော့ ကိုကိုခွဲစိတ်နေ့ မဟုတ်လား။ ကိုကိုလည်း လိုက်နိုင်မယ် မဟုတ်ပါဘူး။'

'နောင်ဘဂမှာ လည်းမတွေ့ချင်ဘူးပေ့ါ'

ကိုကို့နမက အားနာဟန်ဖြင့် တစ်ချက်ရယ်ပြီး---

'ဖယောင်းတိုင်တွေဖြင့် မြန်နန္ဒာလို့ နာမည်ဖော်ပြီး ပူဇော်ခဲ့တယ်။ ဘုရားမရှိခိုးဘဲ ဆုတောင်းခဲ့တယ်။ဒီအတွက်တော့ မြတ်စွာဘုရားက ခွင့်လွှတ်မှာပါနော်။ မြန်နန္ဒာ လောင်မြိုက်ခြင်းဟာ ဒါနောက်ဆုံးဖြစ်ပါစေလို့'

သည်လို ဖွဲ့နွဲ့ပြောပြန်တော့ ကိုကို့မှာ ပြောစရာမရှိ ဖြစ်ရသည်။ သို့သော် နန္ဒာကို သေသေချာချာ ကြည့်မိ၏။ ဆံပင်တစ်ချောင်း မဖြူသေး။ အသားအရေများ ပြည့်တင်းစိုပြေမြဲ။ ရေကူးသွားမြဲ။ ပွဲလမ်းရှိရာ အတူသွားကြလျှင် ဘေးမှာ ကိုကိုရှိလျက်ဖြင့် မြန်နန္ဒာကို ငယ်ရွယ်သော မောင်အရွယ်၊ တူအရွယ်များက စုံစုံမက်မက် ငေးမောကြသေး၏။

'မှတ်ချက်တော့ အထွေအထူးမရှိပါဘူးကိုကိုရဲ့။ ၄၇ ပြည့်ပေမယ့်လည်း ဒီလိုပါပဲ။ ထူးပြီးပြောစရာ ဘာမှမရှိတာ ကြာပြီပဲ။'

နန္ဒာ တစ်မျိုးပြောင်းသွားပြန်ပြီဟု ကိုကို ထင်သည်။အခန်းပြောင်း အိပ်ကတည်းကပဲလား။ သားဘော်ဒါ ပို့ကတည်းကလား။ သမီးလေး စကားပြောစကလား။

သမီးနှင့် စကား ပြောနေကြပြန်တော့ နန္ဒာပြောင်းလဲသည်လို့ ထင်မှတ်နိုင်ဖွယ်မရှိ။

ဆရာဂန်လုပ်မယ်လို့ ကြွေးကြော်လေ့ရှိသော မြသီတာလေးကို ရွှင်ပြုံးနေသော နန္ဒာက ကဗျာရွတ်ခိုင်းတတ်၏။

'မင်းကုသရဲ့ နမ ပဘာ

ဖယောင်းတိုင် တစ်တိုင်တောင်မလိုပါ။

မြဇာကြာခြည် ခုနစ်ခန်း

ပဘာ ကိုယ်ရောင်နဲ့ လင်းစတမ်း။

အူဂါကလေးနမ ပဘာ

နို့စို့ရင်းလည်း သူလင်းမှာ။

အမေခများ အနေခက်

မျက်စိကျိန်း အိပ်ပျက်

ကြိမ်းလည်း မကြိမ်းရက်။'

ပြီးတော့ မြသီတာက နန္ဒာပေးထားသော ပုလဲကုံးရှည်ကြီးကို ဆွဲကာ လက်ညှိုး၌ ချိတ်ကာ မေးထိုးလို့ က,တတ်သေးသည်။

'ကဲဆိုပါဦး သမီးရယ်။ မေမေနားကြပ်ကလေး ဂယ်ပေးမယ'' ဆိုတော့ ကိုကိုရင်ထဲထိတ် ပြီးမှ စိတ်အေးချမ်းရသည်။ နန္ဒာ မဆိုးလှပါဘူး ဟု တွေးထင်လာသည်။

သူငယ်ချင်းရေ ထထ

သူငယ်ချင်းရေ ထထ

မနက်လင်းစ နင်းစီစီ

ငှက်ကျားပလီနိုးတတ်ပြီ။

တအီအီ လိုမ့်မဆုံး၊

စားကောင်းသောက်ဖွယ် အိပ်မက်တုန်း။

သူငယ်ချင်းရေ ထထ

သူငယ်ချင်းရေ ထထ။

သစ်ခွထင်းရှူး ရွက်သစ်မှုန်

နှုတ်သီးနက်ချိတ် ကိုက်ဆိတ်ငုံ။

စောင်ခြုံကြားမှာ မျက်နှာပုက်၊

သားအိပ်သိုးမှ သူနိုးရက်။

သူငယ်ချင်းရေ ထထ

သူငယ်ချင်းရေ ထထ။

ညမှောင်သေးတယ် ငှက်ထွေးငယ်၊

ပခုံးသိုင်းချိတ် သပိတ်လွယ်။

မြို့လယ်လမ်းဖြူး ဆွမ်းခံဦး၊

ထချင်သေးဘူး သားဂူးဂူး၊

နေထန်းချိတ်တောင် အိပ်ချင်မူး။

သမီးမြသီတာသည် မအေလို ပီယာနို တီးချင်သော်လည်း ဖေဖေ့ နားကျပ်ဖြင့် ဆရာဝန်လုပ်တမ်း ကစားရတာကို ပိုကြိုက်၏။ အိမ်သားများရဲ့ နှလုံးခုန်သံကို လိုက်လံ နားထောင်တတ်၏။ ဂေါက် ခေါ် အဆစ်ရောင် ရောဂါဖြင့် မာမာ့ခြေမ ပူလောင် ယောင်ရမ်းနာကျင်သည်ကို ဖြတ်ပေးလိုလှသတဲ့။ သမီးလေး မြသီတာကြောင့် ကိုကို့မှာ တအားတက်ရသည်။ မြနန္ဒာကလည်း မြသီတာ ဆရာဝန်ဖြစ်ချင်တာ ဖြစ်စေရမည်ဟု ကတိပေးခဲ့၏။ သို့သော် အိမ်မှာ ကိုကိုကြားနေရသော ကဗျာတို့သည် ငယ်ငယ်က ခင်မင်ခဲ့ဖူးသော လင်းထင်၏ ကဗျာများဖြစ်သည်ကို သိရပြန်သည်။

'ကြာပြီ ကိုကိုရဲ့။ မစွစ်သန်းတင်တို့အိမ်က ဖဲဝိုင်းကို သူလာလာနေတာ။ ကိုကို အင်မတန်ချီးမွမ်းတဲ့ ဒေါက်တာခင်အေးရီနဲ့ ရတယ်လေ။ တော်တော် သတ္တိကောင်းတဲ့မိန်းမ။ နန္ဒာလည်း ခင်ပါသေးတယ်။ မတွေ့တာ အနှစ်နှစ်ဆယ်ကျော်ပေမယ့် စိမ်းမသွားပါဘူး' ဟု အေးစက်စက် ပြောပြန်သည်။

ကိုကိုသည် ဘာမျှ မပြောဘဲနေဖို့ ကြိုးစားသော်လည်း မရ။

'လူတွေက ဘာပြောမလဲ ဒါလင်ရယ်' ဟု ပျော့ပျော့ပျောင်းပျောင်း ပြောသည့်အခါ

'မသိဘူးလေ' ဟု ခပ်ပေါ့ပေါ့ ဖြေလေ၏။

'စဉ်းစားကြည့်မှပေါ့ ဒါလင်ရဲ့။'

'မစဉ်းစားကြည့်ချင်ပါဘူး။ နန္ဒာ လူလာဖြစ်တာ ရှင်းလင်းဖို့ မဟုတ်ဘူး။ သူတကာ ကျေနပ်စေဖို့ မဟုတ်ဘူး။ ဒီအရွယ်ရောက်လာမှတော့ နန္ဒာလည်း နားလည်လာပါပြီ။ နန္ဒာ့အတွက်လည်း နန္ဒာ အသက်ရှင်နေဦးမယ်။ ကိုကိုပြောသလိုပဲ နန္ဒာက တော်တော်ခေါင်းမာတာ။ ခဏခဏ သေပါရက်ဖြင့် အသစ်ပြန်ပြီး မွေးနေတာပဲ။ တစ်ဘဝမှာ အသက်ကိုးခါ ပြန်ရှင်တတ်တယ်ဆိုတဲ့ ကြောင်သတ္တဂါထက် ဆိုးသေးတယ်။'

တစ်ခါတစ်ခါတော့လည်း ကိုကို့နမကိုပဲ ကိုကိုနားမလည်နိုင်ဖြစ်ရသည်။ ထူးဆန်းသော စိတ်ကူးနှင့် ထူးဆန်းသော စကားကို ထပ်တလဲလဲဆိုတတ်သည်။ စိတ်မရှည်တဲ့အခါမျိုးမှာ 'သေတယ်ဆိုတာ ကိုကိုသိသမျှတော့ ရင်ခွဲရုံက ကိစ္စပဲ ဒါလင်ရဲ့' ဟုပြောလိုက်ချင်သည်။ နန္ဒာ နည်းနည်းမှ

မသေပါဘူး။ အရှင်ကြီးရှိသေးတယ်။ ပြီးတော့ လင်းထင်ကို ယူကြည့်စမ်း။ ကိုကို့လက်ထဲမှာလို လ,ရောင်မှာ လွမ်းနေနိုင်မယ်ထင်လား။ ပီယာနိုတီးပြီး၊ ဓာတ်ပြားဖွင့်ပြီး၊ စိန်၊ ရွှေ၊ ပိုးဖဲ ဂတ်ပြီး ညစာစားပွဲ သွားနေနိုင်မယ် ထင်လား။ ဖောက်စ်ဂက်ဂွန်ကားဖြင့် အလကား လျှောက်မောင်းနေနိုင်မလား။ ပုဂံ၊ ပေလီ၊ ရခိုင်၊ ရှမ်းပြည်၊ ထားဂယ် လည်ပြီး နေနိုင်မလား။ တကယ်တော့ လွမ်းရေးထက် ဂမ်းရေးခက်တာ အမှန်ပဲ။ ပြီးတော့ ဘယ်ယောက်ျားတစ်ယောက်ဟာကော နန္ဒာကို ကိုကို့လို ချစ်နိုင်မှာလဲ။

မိန်းမတစ်ယောက်ဟာ ကိုယ့်လင်က ကိုယ့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ တစ်ခုသာ စဉ်းစားနေဖို့ ကောင်းတာ။ အဲဒါကလွဲလို့ ဘာမှမတွေးဘဲ နေဖို့သင့်တာကို အမြဲတမ်းတွေးတော ငေးမောနေခြင်းဖြင့် ပြီးရပါတယ်ဆိုတဲ့ မြနန္ဒာဟာ သဘောမပေါက်မိဘူးလား။

ဒါမှမဟုတ် နန္ဒာ ဟာ ကိုကိုနဲ့ နန္ဒာတို့နှစ်ယောက် ဇာတ်လမ်းဟာ ပြီးဆုံးသွားပြီလို့ ပြည်ဖုံးကား ချသွားပြီ ထင်ပါရဲ့။

ကိုကိုကတော့ ပြည်ဖုံးကားကို ပြန်တင်နေသေးတယ်။ နန္ဒာ့ မာမာတို့  ထမင်းလာစားတဲ့ တနင်္ဂနွေညများမှာမှ တမင်ထွက်ပြီး ဖဲရိုက်လည်း၊ ည ၉ နာရီမှ ပြန်လည်း  ကိုကိုကတော့ ကော်ဖီဝိုင်းမှာ နန္ဒာ့ကို ထိုင်ပြီး ညှော်ခံစေဦးမယ်။

ရက်စက်တယ်ဆိုဆို၊ မြသီတာလေး နိုင်လွန်ဇာ ညဂတ်အကျီလေးဖားလျားဖြင့် အိမ်ပေါ်က ပြေးဆင်းလာတဲ့အခါ ၊ သမီးလေးဆံပင်ရှည်မှာ နန္ဒာ မျက်ရည်သုတ်တာ မြင်ရရင် ကိုကို ကျေနပ်တယ်။ နန္ဒာ့မှာ မျက်ရည် မခန်းတော့ဘူး။ နန္ဒာ နလုံး အေးစက်သော်လည်း မခဲသေးဘူး။

နန္ဒာပြောတဲ့ ပန်းချီဆရာ ကိုတင်မောင်ဆိုတာလည်း အိမ်ဖိတ်နိုင်ပါတယ်။ သားကို အပ်နိုင်ပါတယ်။ ကိုကိုကတော့ နန္ဒာ့အနားကို ကပ်လာတဲ့ ယောက်ျားမှန်သမျှကို မယုံနိုင်ဘူး။ အကဲခတ်ရမှာပဲ။ ကြည့်နေရမှာပဲ။ အနုပညာသည် ဖြစ်တာနဲ့ပဲ ဘုရားအလောင်းလို မယုံကြည်နိုင်၊ မကြည်ညိုနိုင်ဘူး

နန္ဒာသည် ကိုတင်မောင်၏ ပန်းချီပြပွဲများကို သည်နှစ်တနှစ်လုံး လိုက်လံကြည့်ရှု နေခဲ့သည်။ အမေရိကန်မကြီး မစ္စစ်အက်ဖော့ရဲ့ အိမ်မှာ ကိုတင်မောင်ရဲ့ တစ်လက်ရာပြပွဲကို ကိုကိုပါ အတင်းခေါ် သဖြင့် လိုက်ရသေး၏။ မောင်မိုက်သည့် တောအုပ်ဂက မီးတိုင်ကလေး ထွန်းညှိထားသော ကားချပ်ကို လိုချင်သည် ဟု ဆို၏။ သူများဂယ်သွားပြီမို့ ဆုံးရှုံးလိုက်ရသည်ကို မကျေနပ်နိုင်ဘဲ တ, သနေသည်မို့ ကိုကိုပင် အံ့ဩကာ ကိုယ့်နမကိုယ် ငေးကြည့်နေမိသေး၏။

နန္ဒာသည် ပုဂံဆိုသော ကားချပ်ကို  ဂယ်လိုက်၏။ လှပသော ပန်းချီပဲဟု ကိုကို အကြမ်းဖျင်းပြောတတ်သည်။ ပန်းချီကား၌ အနုစိတ်လက်ရာများပါပြီး စိတ်ဂင်စားစရာ၊ ကြည့်စရာ အကြောင်းအရာ အပြည့်အစုံပါသည်လို့ နန္ဒာက ပြော၏။

သူများနှင့်မတူသော အရောင်စပ်ဟန်တွေ့ရသည်လို့ နန္ဒာကပြော၏။ ဟုတ်သည်။ မရမ်းနရောင်၊ စိမ်းပြာရောင်များ မမျှော်လင့်ဘဲ များစွာသုံးထားသည်ကို သတိထားမိ၏။

ပုဂံကို အိမ်မှာ မချိတ်ဘဲ သားကို လက်ဆောင်ပေးလိုက်၏။ ပန်းချီဆရာ ဖြစ်ချင်သည်ဆိုသော နန္ဒာရဲ့သား။ သာဦးဂျော်ရဲ့သားလို့ ပြောရမှာတောင် ရှက်သည်။ သားက သွေးကိုမြင်လျှင် မူးချင်သည်တဲ့။ ဆေးရုံနံ့ကို သည်းမခံနိုင်တဲ့။ သားငါး ကြက်ဥ အစားနည်းပါးမကြိုက်သဖြင့် ပိန်ရှည်ကြီး ဖြစ်နေသော သားကို လက်ဆောင်ပေးလိုက်၏။ ပြီးတော့ သားအမိနှစ်ယောက် ထိုပန်းချီကားကို ချီးမွမ်းခန်း ဖွင့်နေတတ်ကြပြန်သည်။

ပြပွဲမှာ နန္ဒာက သိလိုက်ပုံမရ။ ကိုကိုက ပန်းချီဆရာ ကိုတင်မောင်ကို မြင်ခဲ့သည်။ လူပျိုကြီးဖြစ်၍ အလွန် သန့်ရှင်းဖြူစင်စွာ နေခဲ့သည်လို့ မစ္စအက်ဖော့က ရယ်ဟဟဖြင့် ပြောပြသည်။ မိတ်ဆက်ပေးဦးမည်ဆိုတာကို ယဉ်ကျေးစွာ ရှောင်ခဲ့ရသည်။ ရိုးပုံတော့ရသားပဲ။ လူကောင်း သူကောင်းနှင့် တူပါတယ်ဟု သူထင်မြင်ခဲ့၏။

နန္ဒာကတော့ ပန်းချီကားကို နှစ်သက် ယုံကြည်တာဖြင့်ပဲ ပန်းချီဆရာကို ယုံကြည်ပြန်ပြီ။ လက်ဖက်ရည်သောက်ဖိတ်ကြားပြီး  မိတ်ဖွဲ့ဦးမည်။ ဆန်းကြယ်သော ဘာသာစကားကို ပြောကြဦးမည်။

ကိုကိုကတော့ မဖက်စပ်မိသည်ဖြစ်လည်း နန္ဒာကို လက်မလွှတ်နိုင်ပါဘူး။ နန္ဒာကို အဖိုးတန်တုန်း၊ နမြောတုန်းပဲ။ အသက်ဘယ်လိုရတာလည်း လောကအကြောင်း နားမလည်တဲ့၊ ကလေးလို တွေးတတ်တဲ့၊ တကယ်တော့ စုန်းပြူးသာ ဖြစ်တဲ့ မြနန္ဒာဟာ ကိုကိုရဲ့ နောက်ဆုံးအချစ်သာ ဖြစ်တယ်။

နန္ဒာ့လိုပဲ တစ်ခါလောက်တော့ နန္ဒာ့စကားမျိုး ပြောလိုက်ဦးမယ်။ နနယ်ပျိုမျစ်ဆဲ၊ အလိုရှိဖို့ကောင်းဆဲ မြနန္ဒာဟာ အချိန်မလွန်ခင် ကိုကို့အတွက် အသစ်မွေးဖွားရဦးမယ်။ ဘယ်တော့မှ ထပ်မသေရတော့တဲ့ မွေးဖွားခြင်းမျိုးဖြင့် မွေးဖွားရဦးမယ်။ လောကအားလုံးကို ကတိပေးလိုက်တယ်။ နန္ဒာဟာ ကိုကိုပိုင်တဲ့ပစ္စည်းပဲ နမမြနန္ဒာရေ့။ လို့ ကြုံးဝါးလိုက်ရင်တော့ နားလည်သိမြင်လာရမယ့် လုလို့မဆုံး သေးတဲ့ နန္ဒာဟာ မျက်ခုံး၊ မျက်တောင်ကော့တွေပင် လှန်လို့  ကြည့်ပြီး၊ မျက်လုံးအေးအေး ရွှန်းလဲ့လာပြီး ဆံမြိတ်ပခုံးပေါ် ဝေဖြာကျအောင် ခေါင်းကိုလှည့်လို့ နွဲ့ပြီး ‘သူကလည်း’  လို့ ခပ်ချွဲချွဲ ပြောလိမ့်မယ်။

ဒီတော့မှ အိမ်တိုင် အိမ်ထုတ်တန်းတွေကို လက်သမားတတွေဖြင့် မိုးထိအောင် မြှင့်ရလိမ့်မယ်။ ကိုကိုရဲ့ သတို့သမီးကို မင်္ဂလာခန်းမထဲ မဂင်ခင် ပွေ့ချီ မြောက်ကစားဖို့ပေ့ါနန္ဒာရဲ့။ ။

(ကြည်အေး)

မှတ်ချက် - ဒုတိယအကြိမ် (ပန်းရွှေပြည်စာအုပ်တိုက် )၊ တတိယအကြိမ် (Comet Books)၊ စတုတ္ထအကြိမ် (စိတ်ကူးချိုချိုစာအုပ်တိုက်) များမှ ပြန်လည်ပုံနှိပ်ထုတ်ဝေရာတွင် စာပေစိစစ်ရေးကြောင့်ဖြတ်တောက်ခံရသည့် စာသားများကို မူရင်း ပထမအကြိမ်အတိုင်းပြန်လည်ရှာဖွေထည့်သွင်းထားပါသည် ။

[ကျေးဇူးစကား X မောင် ကိုကို နှင့် မြနန္ဒာ အတွက် အလုပ်များသည့်ကြားက အားထုတ်ပေးခဲ့ကြသော မစန္ဒာလှိုင် မြတ်သန္တာ ညို တို့အား အထူး ကျေးဇူးတင်ရှိပါသည်။]